
www.burmeseclassic.com

# လမင်းဝဝ

လိုအပ်ခဲ့သည့်မှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## လိုအပ်ခဲ့သည်မှာ

စာမူခွင့်ပြုချက်အမှတ် - ၁၇၆၃/ ၂၀၀၃ (၀၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၀/ ၂၀၀၄ ( ၁ )

၂၀၀၄ ခုနှစ်၊ ဇွန်လ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-ပိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

# လမင်းမိုမို

## လိုအပ်ခဲ့သည်မှာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ၁

BURMESE CLASSIC .com

"ငွေ ဘုရားရှိခိုးနေတယ် သား"

အိမ်ရှေ့ခန်းမှ မေမေ အသံကို ဘုရားရှိခိုးနေရင်း တန်းလန်းက ကြားလိုက်ရတာမို့ ငွေသည် ရုတ်တရက် ဘုရားရှိခိုး ရပ်မိမတတ် ဒေါသတွေ ပွလာမိပါသည်။ ကုသိုလ်ရေး လုပ်နေတုန်း အကုသိုလ်စိတ် ပေါက်လာရတာကို သတိပြုမိလျှင် စိတ်ကိုမနည်း ကြီး ပြောင်းကာ ဘုရားရှိခိုးထဲ စိတ်ကို ပြန်အာရုံသွင်းလိုက်ရပါ သည်။

"ဘုရားတွေ ဘာတွေ ဒီလောက် ကြာကြာရှိခိုးနေပုံထောက် ရင် တစ်ခုခုပဲ အန်တီ၊ နက်ဖြန်များ အလုပ်အင်တာဗျူး တွေ ဘာတွေ ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



ငွေ့မေငပ ဒေါ်သင်းမွန်သည် သဘောကောင်း ကောင်းလေး ပြုံးရယ်ကာ ...

"အစစ်ပေါ့ကွယ်"

"ဟုတ်လား ... နက်ဖြန် အင်တာဗျူးလား အန်တီ"

"အေး ... သားရဲ့၊ နက်ဖြန်ဖြေဖို့ အင်တာဗျူးအတွက် အကြောင်းကြားစာက ဒီနေ့မှရတာ။ အဲဒါ ငွေ တစ်ယောက် စာပို့သမားကို မေတ္တာတွေ ပို့နေလေရဲ့၊ ရက်စွဲပြည့်လိုက်တော့ စာထည့်လိုက်တဲ့ရက်က လေး,ငါးရက် ရှိနေပြီဆိုလား"

"ဘယ်ကုမ္ပဏီကလည်း အန်တီ"

"ရွှေအင်းဝကုမ္ပဏီတဲ့ သားရဲ့"

"ဟာ... ဟက်ဇီးပါလား အန်တီ၊ မိုက်တာပေါ့၊ ဘာရာထူး ခေါ်တာလဲ"

"ကိုယ်ရေး အတွင်းရေးမှူးပဲလေ"

ဂုဏ်သည် ဖိနပ်ငုံ့ချွတ်ရင်း စကားပြောနေရာမှ ဖိနပ်ချွတ်ပြီးသွားပြီမို့ အိမ်ထဲ လှမ်းဝင်လာပါသည်။ ဒီဘက်ဧည့်ခန်းမှာ မထိုင်ဘဲ ကျွန်းပါတေးရှင်း အလှကလေးနောက်ကွယ်မှ တီဗီထားရှိရာ မိသားစုဧည့်ခန်းလေးဆီ တန်းဝင်လိုက်ပါသည်။





တီဗီရှေ့မှာ ငွေ့ဖေဖေ ဦးကျော်သွေးက ယူဘီစီစလောင်းမှလာသော အားကစားချယ်နယ်လ်တစ်ခုမှ ဘောလုံးပွဲကို ထိုင်ကြည့်နေရာမှ လှည့်ကြည့်ရင်း ...

"လာဟေ့ ...၊ ဂုဏ် ...၊ မင်း မနေ့ကပွဲ ကြည့်လိုက်သေးလား"

"မကြည့်လိုက်ရဘူးဦး၊ ကျွန်တော် ညက အိမ်မှာမရှိလို့၊ ဒီမနက် Delayပြန်လာတာ ရုံးမှာဖွင့်ထားတာပဲ တစ်ချက်တစ်ချက် ကြည့်လိုက်ရတယ်"

ဦးကျော်သွေးနှင့် ဂုဏ် ဆုံလျှင်တော့ ဘောလုံးပွဲအကြောင်း၊ တင်းနစ်ပွဲအကြောင်းတွေသာ စကားလက်ဆုံကျမြဲဖြစ်တာမို့ ခုလည်း စကားဝိုင်းက ထိုခေါင်းစဉ်အောက်မှာပဲရှိကာ လောလောဆယ် ပြနေသော Manchester City နှင့် Aston Villa ပွဲကို တစ်ယောက်တစ်ပေါက် ဝေဖန်ရင်း အတူတူကြည့်၊ အတူတူမြင်လိုက်တာတွေကိုပဲ တစ်ယောက်က တစ်ယောက်ကို ပြန်ပြောရင်း နှစ်ယောက်တည်း စည်ကားနေပါသည်။

"ဂုဏ်သာ" ဆိုတဲ့ ကောင်ကလေးကို သမီးဖြစ်သူနဲ့ သူငယ်ချင်းဖြစ်ကြတဲ့ ဆယ်တန်းအရွယ်ကတည်းက ဦးကျော်သွေး ဒေါ်သင်းမွန်တို့က တူနှယ်သားနှယ် ခင်ခင်မင်မင်နှင့် အိမ်ကို ဝင်ထွက်ခွင့် ပြုထားတာပါ။ သူငယ်ချင်းအဖြစ်နဲ့ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲကြပြီးမှ ဘွဲ့ရပြီးကြတဲ့အခါ ချစ်သူတွေအဖြစ် ပြောင်းလဲပတ်သက်သွားခဲ့တော့လည်း ငွေက အိမ်ကို ဖွင့်ဟအသိပေးထားသည်ဖြစ်ရာ သမီးရှင်မိဘအနေနှင့် "ဂုဏ်သာ့"အပေါ် မကြည်ဖြူမနှစ်သက်လောက်စရာ ဘာမှမတွေ့တာကြောင့် ကန့်ကွက်တားဆီးခြင်း မရှိဘဲ လက်ခံကြည်ဖြူ သဘောတူထားခဲ့တာပင်။

ဂုဏ်တို့အိမ်ဘက်ကလည်း ဒီအတိုင်းပင်။ ငွေ့ကို သမီးကလေးလိုပဲ ချစ်ခင်ကြပါသည်။ ကိုယ့်မျက်စိအောက်က အချင်းချင်းမို့ လိုလိုလားလား ကြည်ကြည်ဖြူဖြူ ရှိခဲ့ပါသည်။ သူငယ်ချင်းဘဝက တက်လာတဲ့ ဂုဏ်နှင့်ငွေ၊ ချစ်သူနှစ်ဦးဟာလည်း နေပုံထိုင်ပုံ ဆက်ဆံပုံတွေကအစ ခုထိ သူငယ်ချင်းတွေလိုသာ ရိုးရိုးသန့်သန့် ဖြူဖြူစင်စင်ကလေးတွေမို့ နှစ်ဖက်မိဘတွေ မျက်စိနောက်ချင်စရာမျိုး မရှိပါ။

ဂုဏ့်ကိုလည်း အရွယ်ရောက် ယောကျ်ားပျိုတစ်ယောက် ရှိသင့်သည့် အရည်အချင်းမျိုးတွေရှိ၍ စာရိတ္တလည်း ကောင်းမွန်သူလို့ ငွေ့မိဘနှစ်ပါးက သဘောကျသလို၊ ငွေ့ကိုလည်း အရွယ်ရောက် မိန်းမပျိုတို့ တတ်အပ်သည့် အရည်အချင်းတွေ ပြည့်ဝတဲ့အပြင် ထက်မြက်သွက်လက်ပြီး ဣန္ဒြေလည်းရတဲ့ ကောင်မလေးရယ်လို့ ဂုဏ့်မိဘတို့က ကျေနပ်နှစ်သက်ပါသည်။





သူတို့နှစ်ဦး အကြားမှာ သူတို့အချင်းချင်း တစ်ခါတစ်ရံ ရန်ဖြစ်မှုမျိုးမှလွဲလျှင် ဘာပြဿနာမှ တခြားမရှိပါ။

"မေမေ ... ဂုဏ်ရော"

အပေါ်ထပ်မှ ဘုရားရှိခိုးအပြီး ဆင်းလာသည့်ငွေက ထမင်းစားခန်းထဲမှ မေမေ့ကို လှမ်းမေးလိုက်ပါသည်။

"ညည်းအဖေနဲ့"

"ငါ ဒီမှာ ငွေ"

ဂုဏ်ကလည်း လှမ်းအသံပြုလိုက်သည်။

"ဂုဏ် ... လာဦး"

"နင် လာခဲ့လေ၊ ဒီမှာ ဘောလုံး ..."

"ငါ မလာဘူး၊ နင်ပဲလာ"

ဂုဏ်က ငွေ့ အသံ စွာစွာကြောင့် ခေါင်းကို လိုတာထက်ပိုပြီး ကုတ်ကာ တီဗီရှေ့က ထ,ထွက်လာပါသည်။ ငွေက ဒီဘက်ဧည့်ခန်းထဲမှာ ရှိနေတာမို့ သူပါ ဒီဘက်ဧည့်ခန်းထဲ ရောက်လာရင်း ...

"ဟိုမှာ ဦးနဲ့ ဘောလုံးပွဲ ကြည့်နေတာကို"

"ဘောလုံးပွဲက အမြဲကြည့်နေရတာ၊ မကြည့်နဲ့ဦး"

ငွေသည် တီရှပ်ဖြူပေါ်က ရှပ်အင်္ကျီ အနီအစိမ်းကွက်ကို ရင်ဘတ်ဖွင့်ကာ လက်တံတောင်ဆစ်ထိ ခေါက်ဝတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီ မီးခိုးရောင်နှင့် ဂုဏ့်ကို လှမ်းကြည့်လိုက်ပါသည်။ ဒါဟာ ဂုဏ်သာ ဆိုတဲ့ ကောင်လေးရဲ့ မူပိုင်စတိုင်ပဲ။ တီရှပ် ပေါ်က ရှပ်အင်္ကျီကွက်ကို ရင်ဘတ်ဟကာ လက်ခေါက်ဝတ်လျက် ဂျင်းဘောင်းဘီတစ်ထည်နှင့် ...။

အရောင်တွေသာ ပြောင်းသွားသည်။ စတိုင် မပြောင်း။ ဂုဏ့် ဆံပင်တို့သည် ခပ်တိုတိုနှင့်ပင် ဖိုဖတ်ဆန့်ဆန့်စတိုင် ဖြစ်သည်။ အမြဲတမ်း ဂျဲလ်နှင့် ဆွဲထောင်ထားသော ဆံပင်တို့က မိုးကိုမျှော်နေကျ။ မေးရိုးတလျှောက်နှင့် မေးစေ့မှာ အမွေးအမှင်ရိတ်သင်ရာတွင် မည်းရိပ်ရိပ်ကလေးလောက် ထင်နေအောင် မသိမသာ ချန်ထားတတ်တာလည်း သူ့စတိုင်။ ပြောင်အောင် မရိတ်။

နှုတ်ခမ်းမွေးတော့ မထားပေ။ မျက်ခုံးမွေးက ထူမည်းမည်း၊ မျက်တောင်စင်းစင်းတွေကလည်း ထူမည်းမည်း။ အသားဖြူဖြူနှင့် ဂုဏ့်ပုံသဏ္ဌာန်သည် လူကြားထဲတွင် အလွယ်တကူ မြင်သာရှင်းပြတ်သော ရုပ်ရည်လည်း ရှိပါသည်။ ညာလက်ကောက်ဝတ်မှာ ကြိုးမည်းနှင့် နာရီလေးထောင့် ပြားပြားပါးပါးကို ပတ်တတ်သည်မှာလည်း အမြဲမပြောင်းလဲတဲ့ ဂုဏ့် စတိုင်တစ်ခုပင်။ ဂုဏ်သာ့ ပုံစံက ကုမ္ပဏီတစ်ခုက စာရင်းကိုင်တစ်ယောက် ပုံစံထက်စာလျှင် မိုဒယ်ဘွိုင်းတစ်ယောက်ပုံစံနှင့်တောင် ပို၍တူနေတတ်သည်။





"ကဲ ... ပြော ... ငွေမက်မ၊ လခဘယ်လောက်ရမှ လုပ်မှာလဲ"

"ခင်ငွေခက်" ဆိုတဲ့ ငွေ့ကို ဂုဏ်က "ခင်ငွေမက်" လို့ နာမည်ဖျက်ခေါ်တတ်သလို "ဂုဏ်သာ" ဆိုတဲ့ သူ့ကိုလည်း ငွေက "ဂုဏ်ဆာ" လို့ နာမည်ဖျက်တတ်မြဲပင်။

"အဲဒါ အသာထားစမ်းပါနော်၊ ခုန နင် ဘယ်သွားနေတာလဲ ဂုဏ်၊ ငါ နင့်အိမ်လာသေးတယ်၊ အန်တီသက်ကလည်း ဘယ်သွားလဲ မသိဘူးတဲ့"

"ဒီလိုပါပဲဟာ၊ ဟိုဒီပေါ့"

"ဘာဟိုဒီလဲ"

"ကိုသန့်တို့နဲ့ လက်ဖက်ရည်ဆိုင်"

"လက်ဖက်ရည်ဆိုင်ကလည်း နင့်မှာ ညနေစောင်းလည်း ထိုင်ရ၊ ညကြီးမင်းကြီးလည်း ထိုင်ရလား၊ ဟုတ်လား၊ ခုတလောကို ညဘက်အိမ်ကို မကပ်ဘူး"

ဂုဏ်သည် ခေါင်းကိုကုတ်၍ ...

"ဘာလဲဟာ ... နင်ကလည်းဟာ ... နားညည်းလိုက်တာ"

"ညည်းပစေ၊ နင် ဟိုးတုန်းက ဒီလိုသိပ်ညဥ့်နက်အောင် အပြင်မထွက်ပါဘူး၊ တဖြည်းဖြည်း ခုနောက်ပိုင်းမှာပြန်



www.burmeseclassic.com

www.burmeseclassic.com



ချိန်သိပ်ညနက်တယ်နော်။ ဒီနှစ်ထဲမှာ ပိုဆိုးလာတယ်၊ ညတိုင်းလိုပဲ”

“ညတိုင်းတော့ မဟုတ်ပါဘူးဟာ”

“ဟုတ်တယ်”

“မဟုတ်ဘူး ... စနေ တနင်္ဂနွေ မပါဘူး”

“ဘာလို့ အဲလိုအတိအကျ ဖြစ်နေရတာလဲ၊ စနေ တနင်္ဂနွေကျ ဘာဖြစ်လို့လဲ”

ဂုဏ်က ဟိုလိုလို ဒီလိုလိုနှင့် မဖြေဘဲ ရှုံ့မဲ့နေသည်။

“နင့်ဘော်ဒါတွေ မအားလို့ပဲ နေမှာပေါ့၊ နင် မအားလို့တော့ မဖြစ်နိုင်ဘူး”

“အဟဲ ဟဲ”

“နင် ရယ်မနေနဲ့နော်၊ ဟိုတလောက ငါပြောတာ ဆောဆော ပြန်ပါ့မယ်ဆို”

“ကိုးနာရီခွဲ ဆယ်နာရီ ဆိုတာ ဒီလောက်လည်း နောက်မကျပါဘူးဟာ၊ နင်ကလည်း ...”

“ကျတာပေါ့ဟဲ့၊ ဒီအချိန်မျိုးတွေ နင့်အဖေလည်း အိမ်မှာ၊ ငါ့အဖေလည်း အိမ်မှာလေ၊ ဒါ လူကြီးလုပ်ကောင်းတွေ အိမ်မှာရှိရမဲ့ အချိန်”





“အေးပါဟာ ... နားညည်းလိုက်တာ”

“နင်လေ ... အဲဒီ သီချင်းရေးတဲ့ ကိုသန့်တို့၊ အော်ဂင်တီးတဲ့ ကိုပုတုတို့နဲ့ပဲ တွဲတွဲပြီး အရေမရ အဖတ်မရ သူတို့စကားတွေ နားထောင်နေရရင် အကြိုက်တွေကျပြီး ကျေကိုနပ်လို့”

“အဲဒါ ဘာဖြစ်လဲဟာ”

“ကျောင်းပြီးခါစက ငါ ဖွတ်ပြောဖြစ်ပေလို့ နင် အလုပ်လေး ဘာလေး ဝင်ဖြစ်တာ၊ ငါသာဘာမှ မပြောဘဲ ပျော့စိစိ အီညက်ညက် ကြည့်နေရင် နင် ခုထိ ဟိုယောင်ယောင် ဒီယောင်ယောင် ဂစ်တာတီးမလိုလို သီချင်းရေးမလိုလို လုပ်နေဦးမှာ”

“ဟာ ... အဲဒီစကားတွေ ငါ ကြားဖူးပြီးသားတွေလေဟာကျွတ်၊ အသစ်လည်း မဟုတ်ဘဲ ထပ်ခါ ထပ်ခါ ပြောမနေနဲ့တော့ဟာ၊ ကဲ ... ကဲ ...၊ အခု ဘာတွေမကျေနပ်လဲပြော။ အိမ်ပြန်ရောက်တာနဲ့ အန်တီသက်က ငွေ့အိမ်သွားလိုက် သွားလိုက်၊ စိတ်ဆိုးနေမလား မသိဘူး ဆိုပြီး တွန်းလွှတ်တာ၊ အိမ်ပေါ်ကိုတောင် မတက်ခဲ့ရဘူး”

ငွေက ဂုဏ့်ကို မျက်စောင်းထိုးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ငါက ရည်းစားရယ်လို့ အဖော်ရမလား အားကိုးရမလား လာခေါ်ပါတယ်၊ နင်က မရှိတော့ စိတ်တိုတာပေါ့၊ စိတ်တိုနေတာက မနက်ကတည်းကပဲ၊ မနက်ဖြန် အင်တာဗျူးခေါ်စာကို ဒီမနက်မှ ရတယ်လေ၊ ဟိုက စာထွက်တဲ့ ဒိတ်နဲ့ဆို ငါးရက်လောက်ရှိပြီ"

"တစ်ခါတလေ ဖြစ်တတ်ပါတယ်ဟာ၊ ဒါ စိတ်ကိုနေစရာလား၊ တိုတော့ ဘာထူးသွားလို့လဲ"

"ထူးထူး မထူးထူး တိုတာပဲ၊ ငါ့မှာ ယတြာလေး ဘာလေးမှ ခြေချိန်မရဘဲ နေမှာစိုးလို့ တစ်ချိန်လုံး ပြေးရတော့တာ"

"ဪ ... ဟော် ... ဟော်"

ဘာတွက်မဆို ဗေဒင်လေးမေးရ ယတြာလေးခြေရ ဝါသနာထုံလှတဲ့ ငွေ့ အကြောင်း အသိမို့ ဂုဏ်က တမင်တကာ ရယ်ကျဲကျဲ လုပ်ပြလိုက်ပါသည်။

"နက်ဖြန် အင်တာဗျူးသွားဖြေရင် ဝတ်သွားဖို့ အင်္ကျီအရောင်က ငါ့မှာမရှိလို့ အရေးထဲ ပြေးဝယ်ရသေးတယ်၊ ပိုက်ဆံအိတ်ထဲ ထည့်သွားဖို့ ကသစ်ညွန့်ကလည်း ရှာလိုက်ရတာသေတော့မယ်၊ ညဘက် ဘုရားမှာ ယတြာချေဖို့ရှိတာကို နင့်ကို အဖော်ခေါ်သွားဖို့ လာခေါ်တာ၊ ထုံးစံအတိုင်းမရှိဘူး





နင်က၊ ငါတစ်ယောက်တည်း ညကြီးမင်းကြီး ဘုရားသွားရတယ်"

"ကိုယ့်ကားနဲ့ကိုယ် သွားတာပဲဟာ၊ ဘာကိစ္စရှိလို့လဲဟာ"

"ဪ ... အဖော်ပါတော့ အားရှိတာပေါ့ဟဲ့"

ငွေက ဂုဏ့် မျက်နှာကို မျက်လုံးလေးပြူးကာ စူးစူးစေ့စေ့ ကြည့်နေပြီးလျှင် ...

"နေစမ်းပါဦး၊ နင်တို့ရုံးဆင်းချိန်က လေးနာရီလေ၊ အဲဒီကနေ ညဆယ်နာရီလောက်ထိ လက်ဖက်ရည်ဆိုင် ထိုင်တယ်ဆိုတာ မလွန်လွန်းဘူးလားဟင် ... ဂုဏ်ရဲ့"

"တစ်ရက်တလေလောက်ပဲ အိမ်မပြန်တာပါဟာ၊ ကျန်တဲ့ရက်တွေက အိမ်ပြန်ရောက်ပြီးမှ ညနေမှ ခြောက်နာရီ ခြောက်နာရီခွဲလောက်မှ ပြန်ထွက်တာပါဟာ၊ နင်က သိပ်ပိုပြောတယ်"

"တစ်နေ့တစ်နေ့ လက်ဖက်ရည်ဆိုင်မှာ ဘာစကားတွေ ဒီလောက် ထိုင်ပြောနေရတာလဲ၊ မပျင်းဘူးလားဟင်"

"ပျင်းစရာလားဟ"

"လက်ဖက်ရည်ဆိုင်ချည်းပဲ ဟုတ်ရဲ့လား၊ ဘီယာဆိုင်တို့ ကာရာအိုကေတို့လည်း ရောက်ရင် ရောက်နေမှာပေါ့ ... ဟွန်း၊ အယုံအကြည်ကို မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်ပဲရောက်ရောက်ပါဟာ၊ နင် မယ်ကြည်လောက် စရာတော့ ဘာဆိုဘာမှ မလုပ်ဘူး၊ အဲဒါတော့ နင်စိတ်ချ"

ဂုဏ်က လေသံကို တိုးနှိမ့်ကာ ...

"နင့်ကို ငါ ဒီလောက်ချစ်တာ၊ မဟုတ်တာတော့ ဘယ်သော အခါမှ မလုပ်ဘူးသိလား၊ နင်သာ တစ်ခါတစ်ခါ လုပ်ချင်ရာ လုပ်တာ"

"ဘာလုပ်လို့လဲ"

"စိတ်ကူးတည့်ရာလေ၊ ငါ့ကို ယတြာချေပြီး တစ်ပတ်မခေါ်လိုမခေါ်၊ ငါ့ကို စိတ်ဆိုးလို့ ဆံပင်ညှပ်လိုညှပ် ကောက်လိုကောက်"

"အဲဒါတွေနဲ့ ဘာဆိုင်လဲ၊ ဒါတွေက နင့်ကို မုန်းလို့ အမြင်ကတ်လို့ လုပ်တာမဲဟာ၊ ငါအခုပြောနေတာက နင် ခုတလော ညနက်မိုးချုပ်နဲ့ ခြေလှမ်းတွေ ပျက်ချင်နေတာ ကို ပြောနေတာ"

"ဘာမှ ခြေလှမ်းမပျက်ဘူး၊ နင်သာ ငါ့ကို မုန်းတာတွေ အမြင်ကတ်တာတွေ ရှိတာ၊ ငါက နင့်ကို အမြင်ကတ်တာ လည်း မရှိဘူး၊ မုန်းတာလည်း မရှိဘူး၊ ငါက အချစ်စစ်နဲ့ ချစ်တာ"





"အေးပေါ့ ... ငါက အတုပေါ့"

"ဘယ်သိမလဲ၊ နင်က ငွေခပ်မက်မက်ရယ်၊ အပေါင်းအသင်း ဆိုလည်း ပိုက်ဆံရှိမှ ပေါင်းချင်တာ၊ လခတွေ ဘာတွေလဲ စကားထဲ သိပ်ထည့်ပြောတာ၊ ငါက ကုမ္ပဏီတစ်ခုက သာမန် အကောင့်တန်လေ၊ ငါ့ထက်ချေးတဲ့ ဘော်ဇာကြီး တွေ့ရင် နင် ပါရင်ပါသွားမှာပေါ့"

"ခအောင်မာ"

ငွေသည် ဟုတ်သင့်သလောက်လည်း ဟုတ်နေ၍ ဘယ်လိုပြန်လည် ချေပရမလဲ စကားရှာမရဘဲ စူပွပွနှင့်သာ မကျေမနပ် ဖြစ်နေပါသည်။ သူ လိုအပ်လို့ သွားခေါ်တုန်း ဂုဏ် မရှိရှု တစ်ပွဲတိုး စိတ်တိုနေတာမျိုးသာရှိလျက် ဂုဏ့်အပေါ် မယုံ သင်္ကာရှယ်လို့ သိပ်မရှိတာတာ သဝန်တွေ ဘာတွေလဲ မတိုတတ် တာ ကိုယ့်ဘာသာ သိသည်၊ ဂုဏ့်အချစ်ကို ကိုယ့်အချစ်ထက် ဘောင်မှ ပိုပြီး ယုံယုံကြည်ကြည် ရှိသေးတာလည်း ကိုယ့်ဘာသာ အသိဆုံးပင်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

ဘိုမင်းထွဋ်သည် ဒီတစ်ကြိမ် အခန်းတံခါးပွင့်ကာ ဦးမင်းသိန်း အခန်းထဲ သွင်းပေးလိုက်သော အင်တာဗျူးဖြေမည့်သူကို မြင်လျှင် ဖျတ်ခနဲ အကြည့်တစ်ချက်လောက်နှင့် မလုံလောက်ဘဲ ခပ်ကြာကြာကလေး စိုက်ကြည့်မိသွားလျက် ဓိတ်ထဲမှာလည်း ချက်ချင်းပဲ သဘောကျတတ ဖြစ်သွားရပါသည်။

တစ်မနက်လုံး အင်တာဗျူး ထိုင်လုပ်နေတာ၊ ခုနစ်ယောက် ရှစ်ယောက် ရှိခဲ့ပြီ။ စိတ်တိုင်းကျစရာကို ရှာမတွေ့ခဲ့။ အလုပ်ခေါ်တုန်းက ကျားမ,မခွဲလိုက်မိ၍ ယောက်ျားလေးတချို့ပါ ပါလာပါသည်။ သူအခုခေါ်မည့် စက္ကထရီရာထူးအတွက် ယောက်ျားလေးမခန့်ဖို့ ကြိုတင်ဆုံးဖြတ်ပြီးဖြစ်၍ “အမျိုးသမီးသာ” လို့ သူခွဲခြားမခေါ်လိုက်မိ၍ ရောယောင်ပါလာသော ယောက်ျားလေးတို့ကို အားနာသမှုနှင့် နည်းနည်းပါးပါးတော့ မေးမြန်းလိုက်ရပါသေးသည်။





ယောက်ျားလေးနှစ်ဦး သုံးဦးကို သဘောလောက်သာ ပြောဆိုမေးမြန်း ပြန်လွှတ်ရပြီး မိန်းမတွေကိုသာ ခပ်ကြာကြာ စကားပြောဆိုဖြစ်ခဲ့သည်။ သူ့အင်တာဗျူးက မေးခွန်းတွေချည့်ပဲလည်း မဟုတ်ပါ။ အပြန်အလှန် စကားပြောဆိုပုံ သက်သက်မျှသာ ဖြစ်သည်။

ခေါ်ကာတည်းကတော့ စက္ကတရီ အတွေ့အကြုံရှိသူလို့ ထည့်ကြော်ငြာထားခဲ့သည်။ သို့ပေမဲ့ သူ ရွေးချယ်မည့်အရည်အချင်း၊ အချက်အလက်တို့ထဲမှာတော့ လုပ်သက်အတွေ့အကြုံများကာ အလုပ်ဆော်ဖို့ ကျွမ်းကျင်ဖို့က အနည်းအကျဉ်းမျှသာ လိုအပ်ချက်ပါ။

အဓိက,ကတော့ သူ့ မျက်စိအမြင်တွင် နှစ်ခြိုက်သဘောကျနိုင်တဲ့သူ ဖြစ်ဖို့ပဲ။

ဝင်လာသော မိန်းကလေးသည် အသက်က သူလိုချင်သလောက် အစိတ်နှင့် သုံးဆယ်ကြား ကွက်တိ။ အတော်



www.burmeseclassic.com

www.burmeseclassic.com



အတန် မြင့်မားသော အရပ်ကြောင့် ပိန်လည်းမပိန် ဝလည်းမဝသော သူမခန္ဓာကိုယ်က အနည်းငယ် သွယ်လျတဲ့အာက် နွယ်သည်။ သူမကို ရုတ်တရက် ကြည့်လိုက်လျှင် ထင်ရှားပေါ်လွင်နေကာ ရုတ်တရက် မှတ်ချက်ချမိစေမည့် စကားဟာ "ခေတ်ဆန်၍ သွက်လက် ထက်မြက်သော မိန်းကလေး" ဆိုတာပါပဲ။

ဇစ်ဇက်(Zig-Zag)လို့ ခေါ်တဲ့ ဆံပင်ကောက်ပုံမျိုး ပြေပြေကောက်ထားတဲ့ ဆံပင်ဟာ အုံမထူလွန်းလှ၍ အုပ်ဖားဖားကြီး ဖြစ်မနေဘဲ အဆင်ပြေပြေ ခပ်ဆဆနွယ်နွယ်လေးနှင့် ကျောဟစ်ဝက်လောက်ကျော်တဲ့အထိ ရှည်သည်။ ဆံပင်ကောက်ထားတဲ့ မိန်းမတစ်ယောက်ဟာ ခါးအလျားရှည်ရမည်။

ပခုံးနှင့် ခါးထိ တိုနေတတ်တဲ့ မိန်းမဟာ ဆံပင်ကောက်နှင့် လုံးဝမလိုက်။ ဆံပင်ကောက်ဟာ အရပ်ရှည် ခါးရှည် ခြေတံရှည် မိန်းမတွေနှင့်ပဲ လိုက်သည်ဆိုတာ သူ ဖက်ရှင်စာအုပ်တစ်အုပ်ထဲ အမှတ်တမဲ့ ဖတ်ဖူးလိုက်သည်။

မှန်သည်။ ဤမိန်းကလေးရဲ့ အရပ်ရှည်ပုံ ခါးလျားစန့် ပြေပြစ်ပုံ၊ ခြေတံရှည်ပုံတို့ဟာ ဤဆံပင် Zig-Zag ကောက်နှင့် အလွန်ကို လိုက်ဖက် အံဝင်ခွင်ကျ ဖြစ်နေတော့တာပဲ၊ ဘဲဥပုံမျက်နှာလေးတွင် နဖူးကို လုံးဝရှင်းအောင် အပြောင်သိမ်းကာ





ငယ်ထိပ်ပေါ်မှာ လက်သုံးလုံးလောက် အပြားရှိသည့် ကြိုးဆန်ကာကွက် ဟဲဘဲင် ဖက်ဖူးစိမ်းရောင်ကို တပ်ဆင်ထားရာ နဖူးစပ်ဆံပင်တွေဟာ ပိပြားလျက် နားထင်နှစ်ဖက်နှစ်ချက်ကျမှ တြိဂံချိုး Zig-Zag ကောက်နွယ်ကာ စင်းကျလာကြသည်။

ဤနဖူးသိမ်းထားပုံနှင့် စင်ရော်တောင် မျက်ခုံးကလည်း လိုက်ဖက် နေသားလှပေသည်။ မျက်ဝန်းတွေ ရဲတင်းထက်မြက်၍ သောင်ရုံ့ငုံ့မခံတတ်သော သတ္တိရှိပုံကလည်း ပေါ်လွင်ကာဖြတ်သားနေသေးသည်။ အလှနှင့် ပတ်သက်ပြီး ပြောရလျှင်တော့ မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းတို့ တစ်ခုချင်းရော စုစည်း၍ပါ အစွမ်းကုန် လှပသည့်ကြားတွင် ထူးခြားစွာ သူမရဲ့ ပါးရိုးမြင့်မြင့်ကလေးကလည်း ဝင်၍လှနေပါသေးသည်။

မျက်လုံးတို့ရဲ့အောက် ဖက်နှစ်ဖက်မှာ ပါးရိုးရှိသည်။ နိုင်ငံခြားမှာတော့ ထို Cheek bone ရဲ့ အလှဟာ ထည့်သွင်းမပြောမဖြစ် ပြောရတဲ့ အလှကစ်ပါးပင်။ အရှေ့တိုင်းမှာတော့ ထိုပါးရိုးမှာ ပြေပြစ်၍ မပေါ်လွင်တတ်ကြတာ များတာမို့ စကားလုပ် ပြောနေလေ့ မကြားဖူးတော့ပါ။

ထို Cheek bone ဟာ ထိုကောင်မလေး မျက်နှာပေါ်မှာ ကျကျနန အဆင့်မြင့်စွာ လှရုံကလေး ပေါ်နေသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



Check bone ကြောင့်ပင် ကောင်မလေးရုပ်ဟာ အဆင့်အတန်းမြင့်ခြင်း၊ မဟာဆန်ခြင်း၊ ထက်မြက်ပုံရခြင်း၊ ဆင်ခြင်ဉာဏ်ရှိပုံရခြင်း စသည့် ကောင်းသော အရည်အချင်း အချက်အလက်တို့နှင့် ပြည့်ဝသွားကာ မျက်ဝန်းအကြည့်ကလေးဟာလည်း အပေါ်စီးဆန်သွားခဲ့တာပင်။

ထိုမိန်းကလေးရုပ်ဟာ ရှိန်ရမည့်ရုပ်မျိုး ဖြစ်သည်။ ယောကျ်ားတို့ တစ်ခါထက်ပို၍ ခိုးကြည့်ရမည့် ရုပ်လည်းဖြစ်သည်။ နောက်မှာ လည်ပင်းထောင်ကာ ရှေ့ကို ဗီပုံဆန်ဆန် ဆင်းသည့် လည်ပင်းပေါက်နှင့် ဖက်ဖူးရောင်လက်ပြတ် အင်္ကျီခါးတင်ကလေးဟာ ပွလည်းမပွ၊ ကိုယ်၌လည်း မကပ်၊ အချိုးကျ၍ သပ်ရပ်နေသည်။ ဖက်ဖူးရောင် တောက်တောက်ကို ဝတ်ရဲလောက်အောင်လည်း ကောင်မလေး အသားရောင်က လင်း၍ ဖြူနေပါသည်။

"ထိုင်"

ဘိုမင်းထွဋ်က ခပ်ပြတ်ပြတ်ပဲ ပြောလိုက်သည်။ လောက၌ သူ စိတ်မရှည်ဆုံးထဲမှာ မိန်းမတွေပါသည်။ အဘွားကိုလည်း စိတ်မရှည်။ အမေကိုလည်း စိတ်မရှည်။ သူချစ်သော မိန်းမအပေါ်၌ပင် စိတ်မရှည်ပါ။

"နာမည် ပြောပါဦး"





"ခင်ငွေခက်ပါ"

ဘိုမင်းထွဋ်က လျှောက်လွှာတင်ထားသော စိစီ စာရွက်တွေကို ဝတ္တရားကျေ ဟိုလှန် ဒီလှန် လုပ်နေရင်း ...

"လုပ်သက် ဘယ်လောက်ရှိလဲ၊ စက္ကူထရီ လုပ်ဖူးတာကိုပဲ ပြော့တာ"

"နှစ်နှစ်"

သူက ခပ်ပြတ်ပြတ်မေး၍ ကိုယ်ကလည်း ခပ်ပြတ်ပြတ်ပဲ ငွေက ဖြေတော့သည်။ သူ့ကို ကြည့်ရတာ ရန်အောင် အထက်တန်းစား သူဌေးကြီးခန်းကို Grand ကျကျ ရုပ်ရှင်ရိုက်ပြနေတဲ့ အတိုင်းပဲ။ ကွာခြားတာက ရန်အောင် လောက် သူကမလှတာရယ်၊ ရန်အောင်ထက် မျက်နှာပုပ်တာရယ်။

"ဘယ်လုပ်ငန်းလဲ၊ ဘယ်သူ့ဆီလဲ"

"ပရိဘောဂနဲ့ ဒက်ကိုရေးရှင်းလုပ်ငန်း၊ ဘော့စ်က ဦးစိုးကျော်"

တိုတုတ်စွာ ဖြေနေသော ငွေ့ကို ဘိုမင်းထွဋ်က တစ်ချက်ကြည့်ကာ ...

"ပြောရရင် ဒီအင်တာဗျူးက မင်း ဖြေဖူးတဲ့ တခြားအင်တာဗျူးတွေနဲ့ တူချင်မှ တူလိမ့်မယ်၊ ငါက မေးချင်ရာမေးမှာ၊ ဘာကြောင့်လဲဆိုတော့ တခြားအလုပ်ရှင်လိုလားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ ယိုလားတာ တူမှာ မဟုတ်လို့ပဲ၊ ပုဂ္ဂလိက ဆန်ချင် ဆန်မယ်၊ ဒါ အလုပ်နဲ့ ပတ်သက်လို့လား ဘာလား အထွန့်မတက်နဲ့၊ ပတ်သက်သက် မပတ်သက်သက် ငါသိချင်တာ မေးမှာပဲ”

ငွေက မျက်နှုံးလေး တစ်ချက်တွန့်ကာ ဦးဘိုမင်းထွဋ်ကို သေချာစိုက်ကြည့်မိသည်။ ဘယ့်နှယ်လူကြီးပါလိမ့်။ မာရေတင်းရေနဲ့။ ရုပ်ကြီးကိုက ဗိုလ်ကျမဲ့ရုပ်ကြီးဟု ကောက်ချက်ချလျက်၊ ဒီလူကြီးရဲ့ စက္ကတရိုလုပ်ရဖို့ အရေးဆိုလျှင် လုပ်သက်ကြာကြာ ခံပါ့မလားလို့ ရင်မောသွားပါသည်။

“မင်း ကိုယ်ရေးကိုယ်တာတွေလည်း ပါချင်ပါမယ်၊ ကုမ္ပဏီကြီး မီးလောင်နေတယ် ဆိုပါစို့ မင်း ဘာလုပ်မလဲဆိုတဲ့ မေးခွန်းမျိုးတော့ ပါမှာမဟုတ်ဘူး၊ မင်းအရင် ကုမ္ပဏီမှာ ဘာအရည်အချင်းတွေ ပြသခဲ့သလဲလည်း မသိချင်ဘူး၊ ငါ သိချင်တာ မင်း တစ်ကိုယ်ရေအကြောင်း၊ ဘာလို့လဲဆိုတော့ မင်း ဒီအခန်းထဲ ဝင်ဝင်လာချင်းကိုက ငါ မင်းကို သဘောကျလို့ပဲ၊ ငါလိုချင်တဲ့ ပုံစံထဲက ဖြစ်နေလို့”

စကားပြောတာ ရှင်းပေမဲ့ ပြတ်ပေမဲ့ ရင့်တဲ့သဘောလည်း ပါနေသည်။ ဒီအပြောအဆိုတွေကို သည်းခံရတော့မှာလား။





အရင်က ဆရာဦးစိုးကျော်ဟာ နူးညံ့၍ သဘောကောင်းသူဖြစ်သည်။ ဆရာက စင်ကာပူမှာ ပရိဘောဂဆိုင်သွားဖွင့်ဖို့ ထွက်ခွာသွားကာ ဒီမှာ ဆရာ့အစ်မ အပျိုကြီး အုပ်ချုပ်သွားလို့သာ။ ထိုအပျိုကြီးက သူ့မှာ စက္ကတရီ မလိုဘူးတဲ့။ ဒါကြောင့် ငွေ အလုပ်ပြုတ်ခဲ့ရတာ နှစ်လလောက်ပင် ရှိခဲ့ပြီ။

ဆရာကတော့ သူ့တပည့်မ ငွေ့အတွက် နောက်ဆံတင်းကာ ကြည့်ရှုစီစဉ်ပေးခဲ့ဖို့ ကြိုးစားပါသေးသည်။ သို့ပေမဲ့ ဆရာ အပ်ပေးခဲ့မဲ့ ဆရာရဲ့ဘော်ဒါ စင်ကာပူတရုတ်လူမျိုးသူဌေးဟာ ရုပ်ကြည့်ရုံနှင့် ဣန္ဒြေမရှိ၊ သူ့လက်၌ ကိုယ့်ဘဝ လုံခြုံဖွယ်ဟု စိတ်ချရလောက်သော အသွင်မရှိ၍ ထိုသူထံ ငွေက အလုပ်ကိစ္စ မဆွေးနွေးတော့ပါ။

အခု ရွှေအင်းဝကုမ္ပဏီကတော့ တကယ့် အထင်ကရ ကုမ္ပဏီတစ်ခု ဖြစ်သည်။ နာမည်ကြီး လုပ်ငန်းကြီး ဖြစ်ပါသည်။ ဒီသူဌေး ဦးဘိုမင်းထွဋ်ကို ခုမှ လူချင်းဆုံဖူးပေမဲ့ နာမည်တော့ ကြားဖူး သိဖူးပြီးသားပါ။ ဒီလိုကုမ္ပဏီကြီးမျိုးမှာဆိုရင် လခလည်း ကောင်း၊ လူလည်းဂုဏ်ရှိ၊ အတွေ့အကြုံလည်း အများကြီးရ၊ ကောင်းဖို့ဘက်ကချည်းမို့ ဤအလုပ်ကို ငွေက မျှော်လင့်ဆုတောင်းထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ... သူက ငွေ့ကို အခန်းထဲ ဝင်ဝင်လာချင်းကိုက သဘောကျသတဲ့။ ဒီစကားဟာ ရိုးရိုးလား၊ အဓိပ္ပာယ်နှစ်ခွ ပြောဆိုရိုးသဲ့တတ်သူလား၊ စကားကိုရှင့်ပြီး ပြောတတ်တဲ့ ဝသီမို့လား။ အကဲခတ်ကြည့်တော့ အလယ်တစ်ချက်တော့ဖြင့် ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ရိုးရိုးပြောတာ ဖြစ်ရင်ဖြစ်၊ တမင် စကားပြောရင် ခပ်ရှင့်ရှင့် ပြောတတ်သူမို့ ဖြစ်ရင်ဖြစ်။

သူ့မျက်နှာ၌ ကလီကမာ အငွေ့အသက် တစ်စက်မှ ရှိမနေ။ အလုပ်တွေ များလွန်း၍ လူတကာအပေါ် စိတ်မရှည်တတ်တော့ကာ စကားကိုလည်း တတ်နိုင်သမျှ တန်ဆာဆင်ဖွဲ့နွဲ့ ချိုသာမနေအားတော့တဲ့ပုံပဲ ပေါက်နေသည်။ ဒါပေမဲ့ ပထမအမြင်၌ပင် သူသည် ငွေ့ရင်၌ စိတ်ပျက်စရာကြီး။

"အသက်"

"နှစ်ဆယ့်ခြောက်နှစ်ခွဲပါ"

"ဘာနဲ့ ကျောင်းပြီးလဲ"

"အီကိုပါ"

စီဗီထဲပါသည့်ဟာတွေချည်း သူ့ဟာသူ မဖတ်ဘဲ မေးနေသဖြင့် ဖြေနေရပါသည်။

"ကဲ ... ကဲ"





ဘိုမင်းထွဋ်က စီဗီစာရွက်တွေကို တွန်းရွှေ့ဖယ်ထားလိုက်ကာ အရေးပါပါ ပြောတော့မည့်ဟန် ပြင်လိုက်၍ ငွေ့ကလည်း ကိုယ်နေဟန်ထားလေးပါ ပြင်လိုက်မိပါသည်။

"မင်းမှာ သည်းညည်းခံနိုင်တဲ့ အရည်အချင်း ရှိလား"

ဟင် ...။ ငွေ့မှာ အံ့ဩရကာ တစ်ခဏ စဉ်းစားပြီးမှ ...

"ထိုက်သင့်သလောက် ရှိပါတယ်၊ လိုအပ်ရင် သည်းခံပါတယ်"

"အင်း ... ဒါဟာ လိုအပ်တဲ့ အချက်တစ်ခု ဖြစ်လာမှာ၊ လိုအပ်ရင် သည်းခံတယ် ဆိုတော့ လိုအပ်မှာဖြစ်တဲ့အတွက် သည်းခံတတ်ရမယ်၊ ညီအစ်ကိုမောင်နှမ ရှိလား"

"မရှိပါဘူး"

"Only child ပေါ့၊ ဒီလို တစ်ဦးတည်းသော သားသမီးတွေဟာ နည်းနည်း တစ်ကိုယ်ကောင်း ဆန်တတ်တယ်၊ သူများကို သိပ်မတွက်ပေးတတ်ဘူး၊ မိသားစုထဲမှာ မိဘက ကိုယ့်တစ်ယောက်ကိုပဲ ဖြည့်ဆည်းအလိုလိုက်ထားမှာဆိုတော့ ကိုယ့်အတွက်ကိုယ်ပဲ သိတတ်ကြတယ်။ တခြားတစ်ယောက်ကို အစ်ကိုလို အစ်မလို သဘောထားတတ်ဖို့ ခဲယဉ်းကြတယ်"

"သိပ်မဆိုင်ဘူး ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမဆိုင်တာလဲ"

"ကျွန်မကတော့ အစ်ကိုအစ်မ၊ မောင် ညီမတွေတောင် ဖြစ်နိုင်ရင် လိုချင်ပါတယ်၊ အထူးသဖြင့် အစ်မကြီး ခပ်လှလှတွေ တွေ့ရင် ကိုယ့်အစ်မလို ချစ်မိတတ်ပါတယ်၊ စိတ်ကောင်းရှိတဲ့ အစ်မကြီးတွေဆိုရင် ငါ့အစ်မ ဖြစ်လိုက်ပါတော့လို့တောင် စိတ်ထဲမှာ လိုလားမိပါတယ်"

"အစ်မကြီးတွေကို အစ်မလို ချစ်တယ်၊ ဟုတ်လား၊ ကောင်းတယ် … ကောင်းတယ်၊ အဲဒါ ကောင်းတယ်"

ဟင် …။ ဘယ့်နှယ်ကြီးပါလိမ့်။ သူက ဘာတွေ ကောင်းနေရပါလိမ့်။ ငွေသည် သူ့အင်တာဗျူးကိုသူ အူကြောင်ကြောင် ဖြစ်နေရပါသည်။

"ရည်းစားရှိလား"

"ရှင်"

ငွေသည် မျက်မှောင်လေး တွန့်ခနဲ ဖြစ်ရသည်။ သူကတော့ ဘာမှမဖြစ်ဘဲ …

"ရည်းစားလေ၊ ရည်းစားပဲခေါ်ခေါ်၊ ချစ်သူခေါ်ခေါ်၊ ဘာခေါ်ခေါ်ပေါ့၊ ဒီထဲမှာ အိမ်ထောင်ရေး အခြေအနေ အပျိုဆိုတော့ အိမ်ထောင်တော့ မရှိတာ သိတယ်လေ၊ ဒီတော့ ရည်းစားတွေ ဘာတွေရှိလား"





"ဒါ … အလုပ်နဲ့ ဆိုင်လို့လားရှင်"

"မင်းကို ကြိုပြောပြီးပြီလေ၊ အလုပ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် အထွန့်မတက်နဲ့လို့၊ ငါမေးချင်တာ မေးမှာပဲ၊ မင်း ကြိုသိထားဖို့က မင်းကို အလုပ်ခန့်ချင်စိတ် များနေတယ်၊ ဒါကြောင့် နိုက်နိုက်ချွတ်ချွတ် မေးနေတာ"

ငွေသည် စိတ်ရှုပ်ရှုပ် သက်ပြင်းချပြီး …

"ရှိတယ်ရှင့်"

ခပ်တိုးတိုး ဖြေလိုက်ပါသည်။

"ရည်းစားက ဘယ်လိုမျိုးလဲ၊ ဘာလုပ်လဲ၊ သဘောထားပြည့်ဝသလား"

ကဲဟယ် … မေးချင်တာသာ မေးတော့။ စိတ်ပျက်တယ်။

"(-----)ကုမ္ပဏီမှာ အကောင့်တဲန့် လုပ်ပါတယ်။ စိတ်သဘောထားလည်း အထိုက်အလျောက် ပြည့်ဝပါတယ်၊ ရိုးသားအေးချမ်းတဲ့ လူတစ်ယောက်ပါ"

"ရည်းစား … အဲ … ချစ်သူပေါ့နော်၊ ကိုယ့်ချစ်သူ အပေါ်မှာ ကိုယ်ဟာ သစ္စာရှိသင့်တယ်လို့ မင်း ခံယူသလား၊ သစ္စာရှိတာ ကောင်းသလား၊ သစ္စာမရှိတာ ကောင်းသလား၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရဲ့ သာယာမှုနောက်ကို မိန်းမတစ်ယောက်ဟာ စိတ်အလိုလိုက်သင့်သလား၊ မင်းရင်ထဲက အမှန်ရှိတာကို ဖြေပါ။ ကိုယ့်မှာ ချစ်သူရှိပေမဲ့ နောက်တစ်ယောက်ကို ရင်ခုန်သာယာတာ စိတ်ယိုင်တာ ရှိတတ်တယ်၊ မင်းသာ ဆိုရင် ဒီကိစ္စမျိုးမှာ ဘယ်လို ဆုံးဖြတ်မလဲ"

ငွေသည် ယောင်နနနှင့် ရုံးခန်းကိုပင် လှည့်ပတ်ကြည့်လိုက်မိပါသေးသည်။ ဒါဟာ ရွှေအင်းဝကုမ္ပဏီ အစစ်ပါနော်။ လိပ်စာမှားပြီးတော့ အချစ်ကိစ္စနဲ့ ပတ်သက်သည့် အောင်သွယ်ကုမ္ပဏီတို့ Wedding planningကုမ္ပဏီတို့များ ဝင်လာမိရော့လား။

ဦးဘိုမင်းထွဋ်က သူ့အဖြေကို စောင့်နေ၍ ငွေသည် မျက်ခုံးလေးတွန့်တွန့်နှင့်ပင် ...

"မိန်းမတစ်ယောက်ဟာ ကိုယ့်ချစ်သူကို ကိုယ်မရွေးခင်က သေချာဆုံးဖြတ်၊ ရွေးချယ်ပြီးမှတော့ ဒီတစ်ယောက်ကိုပဲ သစ္စာရှိသင့်တာပေါ့၊ သာမန်အားနည်းချက် ဆိုတာမျိုးက တော့ မဆုံးဖြတ်ခင်က ထည့်စဉ်းစားသင့်တယ်၊ ချစ်သူဖြစ်ပြီးမှတော့ ဟိုအရင်ကလည်းရှိတဲ့ အားနည်းချက်မျိုးကို ထောက်ပြီးတော့ပဲ ဖြစ်ဖြစ်၊ ကိုယ့်ဘက်က သစ္စာမဲ့တဲ့လုပ်ရပ်နဲ့ဖြစ်ဖြစ်၊ ချစ်သူကို သစ္စာမဖောက်သင့်ဘူး၊ ဒါ ကျွန်မ





ရဲ့မိန်းမတစ်ယောက် အနေနဲ့ ခံယူချက်ပဲ၊ ဒီတိုင်းလည်း လက်ခံကျင့်သုံးပါတယ်၊ ဒါပေမဲ့ ကိုယ့်ချစ်သူက ကိုယ့်ကို သစ္စာမဲ့ခဲ့ရင်တော့ ချွင်းချက်ပါ၊ ဒီလိုလူစားကိုတော့ ကိုယ့်ဘက်က သစ္စာတရားတွေ ခိုင်ကျည်နေလည်း အလကားပဲ လေ"

"ရိုက်ထိ၊ ကြိုက်တယ်၊ ကြိုက်တယ်"

ကြိုက် ...။ ကြိုက် ...။

ငွေသည် သူ့ကို စိတ်ခပ်ပျက်ပျက် ခပ်အုံ့ညြညြ ထူးဆန်းဆန်းနှင့် စိုက်ကြည့်နေမိကာ စိတ်ထဲက အရွဲ့တိုက် ဖြေနေမိပါသည်။ ဘယ့်နှယ်တော် ...။ စက္ကူတရီရာထူး လာလျှောက်ပါတယ်။ အစ်ကိုကြီးဖတ်ဖို့ အချစ်ဒဿနတွေစာအုပ် ထုတ်ဝေရတော့မည့်နှယ် ဖြစ်နေပါရော့။

"အရင်အလုပ်မှာတုန်းက ညအိပ်ညနေ ခရီးထွက်ရတာတွေ သွားလာဖူးသလား"

"သွားဖူးပါတယ်၊ ဆရာရယ် ကျွန်မရယ်၊ မန်နေဂျာအန်တီရယ်ပါ"

"ဘယ်သူနဲ့ သွားတာ ကိစ္စမရှိပါဘူး။ တစ်ခါတစ်ရံ ညအိပ်ညနေ ရမရသာ"



www.burmeseclassic.com

www.burmeseclassic.com



ငွေ မျက်မှောင်ကုတ်မိသည်။ ဘယ်နှယ် ကိစ္စမရှိရမှာလဲ။ ရှိတာပေါ့။ ဘယ်သူနဲ့သွားသည်ဆိုတာ ကိစ္စရှိသမှ သိပ်ရှိ။ ကိုယ့်ရှေ့က အလုပ်ရှင် လူလတ်ပိုင်းမျိုးနှင့် နှစ်ယောက်တည်း ခရီးထွက်ရမှာမျိုး ဘယ်ဖြစ်ပါ့မလဲ။ အဖော်အမျိုးသမီးထဲက ပါရဦးမှာပေါ့။

"မင်း လစာ ဘယ်လောက်မျှော်မှန်းလဲ"

ငွေသည် ရင်တစ်ချက် ထိတ်သွားပါသည်။ အရင်က ဆရာဦးစိုးကျော်က သူ့ကို လစာငါးသောင်း ပေးပါသည်။ ငွေက ရင်တုန်တုန် ခပ်တိုးတိုးနှင့် ...

"ခြောက်သောင်း"

ငွေစကား ပြောရသောမို့ မရဲရင့်နိုင်ဘဲ မြေအပြီး မျက်လွှာချထားမိပါသည်။ ခဏကတိတ်နေ၍ ဦးဘိုမင်းထွန်း သူ့ကို အကဲခတ်နေသည် ထင်သည်။ ငွေက မျက်လွှာလေး ပြန်ဝင့်ကာ စားပွဲပေါ်က စာချက်တွေကို ခိုးကြည့်နေလိုက်ပါသည်။

"မင်းပုံစံ သက်ထက်မြက်မြက် ချက်ချက်ချာချာနဲ့ လစာ ခြောက်သောင်း တန်ပါလိမ့်မယ်၊ ခြောက်သောင်းတန်တဲ့ အရည်အချင်းရှိရင် တော်ပြီ၊ ဒါပေမဲ့ ငါက မင်းကိုလစာ ဒီထက် ပိုပေးမှာ"





"ရှင်"

ရူးများနေရော့သလား။ ခြောက်သောင်းရရင် ကျေနပ်မည့်သူကို ခြောက်သောင်းထက် ပိုပေးဦးမတဲ့။

"ဘာကြောင့်လဲ ဆိုတော့ မင်းဟာ ဒီအလုပ်ကို လက်ခံလိုက်ရင် အလုပ်ရှင်က နှစ်ယောက်ဖြစ်နေမှာမို့ပဲ"

"ရှင်"

"မင်းကို အလုပ်ခန့်တဲ့သူက ငါ၊ ဒီတော့ မင်းရဲ့အလုပ်ရှင်အစစ်က ငါပေါ့ကွာ၊ မင်းက လကုန်ရင် လစာကို ဒီရုံးမှာ လာထုတ်ရမယ်"

"ဒါဖြင့် ကျွန်မက ဒီရုံးမဟုတ်တဲ့ တခြား ..."

"ဟုတ်တယ်၊ မင်း ဒီရုံးမှာ တာဝန်ထမ်းဆောင်ရမှာ မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် မင်း ငါ့စက္ကတရီ လုပ်ရမှာ မဟုတ်ဘူးကွ၊ ငါ့မှာ စက္ကတရီရှိပါတယ်၊ ဦးမင်းသိန်း၊ မင်းတို့ကို ဒီအခန်းထဲ စနစ်တကျ သွင်းပေးနေတဲ့သူ၊ ငါက မိန်းမတွေကို သိပ်စိတ်မရှည်ဘူး၊ ဒါကြောင့် ငါ့စက္ကတရီဟာ ယောကျ်ားပဲ၊ မင်းကို အလုပ်ခန့်ရင် ငါခန့်မယ်၊ ငါ လစာပေးမယ်၊ မင်းအလုပ်ရှင်နံပါတ်တစ်ဟာ ငါ၊ ဒါပေမဲ့ မင်းက တခြားတစ်ယောက်ရဲ့ စက္ကတရီလုပ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မရှင်းဘူး"

ဦးဘိုမင်းထွင့်က သူနှင့် ငွေ့အကြားက ကျွန်းစားပွဲကြီးပေါ်မှာ သူ့ဘက်လှည့်၍ ထောင်ထားသော ဓာတ်ပုံမှန်ဒေါက်ကလေး တစ်ခုကို ဆတ်ခနဲ ငွေ့ဘက်လှည့်ပြလိုက်ပါသည်။ ဓာတ်ပုံထဲတွင် မိန်းမတစ်ယောက်ရဲ့ မျက်နှာခပ်ကြီးကြီးပုံ သုံးချိုးနှစ်ချိုး ရိုက်ထားသောပုံကို မြင်လိုက်ရပါသည်။

ချစ်စရာလေး၊ ချောချောလေး။ မပြုံးမရယ်နှင့် ခပ်တည်တည်လေးပေမဲ့ ဆွဲဆောင်မှုရှိသော စိတ်ဝင်စားစရာ မိန်းမငယ်တစ်ယောက် ဖြစ်သည်။

"မင်းရဲ့ အလုပ်ရှင် နံပါတ်နှစ်က သူ၊ သူ့စက္ကတရီ လုပ်ရမှာ"

"ဟင် ... ကျွန်မက သူ့စက္ကတရီ လုပ်ရမယ်၊ ကျွန်မအလုပ်ရှင်ပေါ့၊ ငယ်ငယ်လေးနော်"

"မငယ်ပါဘူး၊ အခု သုံးဆယ့်တစ်နှစ်ရှိပြီ"

"ဟုတ်လား"

ငွေ တကယ် အံ့အားသင့်မိသည်။ ရှယ်တူရင်တူ၊ မတူရင် ထိုမိန်းကလေးက ငယ်မည်လို့ ထင်နေတာ။ အသက်သုံးဆယ့်တစ် တဲ့။ နလိုက်တာ။ ရုပ်လေးက နရတဲ့အပြင် ဆံပင်





ပုံက တိုတိုလေး။ Ghost ဓာတ်ကားထဲက Demmy more ဆံပင်ပုံမျိုး ဖြစ်သည်။ ဘိုကေ မဟုတ်ရုံတစ်မယ်နှင့် ဘိုကေအတိုင်းခေါင်းခွံမှာကပ်၍ တိုနေသော ဆံပင်ပုံ ဖြစ်သည်။

"သူက ဒေါ်မီးမီးတဲ့"

ဟင် ... နာမည်ကအစ ကလေးနာမည်။ ချစ်စနိုးအခေါ်အဝေါ်မျိုးကို အမည်ရင်း မှည့်ထားတာမို့ သူ နနယ်တုန်းတော့ တော်ပါရဲ့။ အိုကြီးအိုမကျမှ နာမည်က မီးမီး ဆိုရင်တော့ အတော်ခွကျလိမ့်မည်။

"ငါနဲ့ အိမ်ထောင်ပြုမဲ့ အမျိုးသမီးပဲ၊ စေ့စပ်ထားတယ်ပေါ့လေ"

ဘာကြောင့် တစ်ခါတည်း မယူကြပါလိမ့်။ တစ်ယောက်က သုံးဆယ့်တစ်။ ကျန်တစ်ယောက်ကတော့ လေးဆယ်နား ကပ်နေနိုင်တဲ့အရွယ်။ သင့်တော်ရုံမက အရွယ်တွေက လွန်တဲ့ဘက်တောင် ရောက်ပြီ။ စီးပွားရေးအားဖြင့်လည်း ပြည့်စုံကြွယ်ဝကြလျက်နှင့် ...။

အင်း ... ဒါတော့လည်း ငွေနဲ့ ဂုဏ် အတိုင်းပေါ့လေ။ ဘာရယ်မဟုတ် အပျိုလူပျိုဘဝနှင့် တလွတ်တလပ် လှုပ်ရှားအလုပ်လုပ်နေကြရတာကို ပျော်ရွှင်ကျေနပ်နေကြသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမယ်မယ်ရရ မရှိဘဲ အလိုအလျောက် လက်မထပ်ဖြစ်ကြသေးတာ။ သူတို့စုံတွဲကျတော့လည်း ငွေတို့ထက် လွန်ပါသည်။ နှစ်ဦးလုံး သုံးဆယ်ကျော်ကြပြီဆိုရင်တော့ဖြင့် ပယ်လိုက်တော့ပါတော့လား။

"အလှကုန်တင်သွင်းပြီး ဖြန့်ဖြူးတဲ့ ကုမ္ပဏီပေါ့၊ နာမည်ကြီးအလှကုန်တွေပဲ၊ (----)နဲ့ (---)၊ မင်းလည်း သိပါလိမ့်မယ်"

"ဩော် ... ဟုတ်ကဲ့ပါ၊ နာမည်အကြီးဆုံး Brand တွေပါပဲ"

"အေး၊ အဲဒါ သူ့လုပ်ငန်း၊ သူ့မှာ ခုချိန်ထိတော့ စက္ကတရီ မထားသေးဘူး၊ ဒီတော့ သူ့အတွက် စက္ကတရီကို ငါက ရွေးချယ်ရှာဖွေခန့်ထားပေးတဲ့ သဘောပဲ"

"ဟုတ်ကဲ့ ... ရှင်းပါပြီ"

"ခုခေတ်အခေါ်အဝေါ်နဲ့ စက္ကတရီပဲ ခေါ်ခေါ် Personal assistant (P.A)လို့ပဲခေါ်ခေါ်၊ ဘာခေါ်ခေါ် အရေးမကြီးပါဘူး၊ မင်းက သူ့ရဲ့လုပ်ငန်းခွင်ရော ကိုယ်ရေးကိုယ်တာပါ တာဝန်ယူ ကူညီရမဲ့ အနီးကပ်ဆုံး လက်ထောက်ပဲ၊ မင်းကိုလစာပိုပေးမယ် ဆိုတာက မင်းမှာ အလုပ်ရှင်နှစ်ဦး





ဖြစ်နေတဲ့သဘောမို့လို့ပဲ၊ အလုပ်ရှင်တစ်ဦးဆိုရင် မင်းတစ်ဦးစာ ခေါင်းစားမယ်၊ နှစ်ဦးဆိုရင် နှစ်ဦးစာ ခေါင်းစားမယ်လေ၊ ဒါပဲပေါ့"

ငွေ့မှာ နည်းနည်းလန့်သွားရကာ ...

"နှစ်ဦးဖြစ်နေတဲ့အတွက် ကျွန်မမှာ ဘယ်လိုထူးခြားချက်တွေများ ..."

"ဘာမှ သိပ်မထူးခြားပါဘူး၊ နှစ်ဦး ဆိုပေမဲ့ မင်းက ငါ့လုပ်ငန်းပိုင်းနဲ့ ပတ်သက်တဲ့ ဘာအလုပ်ကိစ္စကိုမှ လုံးဝမကူရပါဘူး"

ဒါနဲ့များ ဘာကြောင့် သူကပါ အလုပ်ရှင်နေရာတစ်နေရာကို ဝင်ယူထားပါသနည်း။ လခကို သူက ပေးတာကတော့ထားပါတော့။ သူ့ဇနီးလောင်းအတွက် သူ့ရဲ့ကူညီဖြည့်ဆည်းပေးမှုတစ်ခု ထားလိုက်ပါတော့။ ခန့်ပြီးသွားရင်တော့ ငွေဟာ ဒေါ်မိုးမိုးရဲ့ စက္ကတရီ၊ ဒေါ်မိုးမိုးဟာပဲ ငွေ့ရဲ့ ဘော့စ် ဖြစ်ရတော့မည်မဟုတ်လား။

"ဒါဖြင့် ငါကပါ ဘာကြောင့် အလုပ်ရှင် ဖြစ်နေရလဲဆိုရင် ..."

"ဟုတ်ကဲ့ ... ဒါကို ကျွန်မလည်း စဉ်းစားနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အလုပ်လုပ်တာကတော့ မီးမီး ... အဲ ... ဒေါ်မီးမီး ဆီမှာ၊ ဒါပေမဲ့ ငါ့ဆီကို တစ်ပတ်တစ်ရက် အမြဲဆက်သွယ်နေရမယ်၊ တစ်ပတ်စာ Report တစ်စောင်ကို ငါ့ဆီကို တနင်္ဂနွေနေ့တိုင်း တင်ရမယ်"

ထူးထွေတည့်အံ့ရာသော်။ လက်စသတ်တော့ ဒီလိုကိုး။

"သူနဲ့မင်းဟာ ကော်နဲ့ ကပ်ထားသလို အမြဲကပ်နေရမယ်၊ သူသွားရာ မင်း ပါရမယ်၊ သူ့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အားလုံးဟာ မင်း သိရှိပါဝင်ပတ်သက်ကူညီလိုက်နိုင်တာချည်း ဖြစ်ရမယ်၊ မင်း တစ်ပတ်တစ်ကြိမ် ငါ့ဆီ Reportတင်တဲ့အခါ တစ်ပတ်အတွင်း သူ့အလုကုန်တွေရဲ့ အဝင်အထွက် အရှုံးအမြတ် ငါ မသိချင်ဘူး၊ တစ်ပတ်အတွင်း သူ ဘယ်သွားတယ်၊ ဘာစားတယ်၊ ဘယ်သူနဲ့ လက်ခံတွေ့ဆုံတယ်၊ ဘာတွေ ဆွေးနွေးတယ်၊ ဘာလုပ်တယ်၊ ဘာကိုင်တယ်၊ အဲဒါတွေ နေ့စဉ်အတွက် အချက်အလက်စုံ ပါရမယ်"

အင်း ... လက်စသတ်တော့ ဒီလိုကိုး ... လို့သာ သဘောပေါက်လာရင်း ငွေက သူ့ကိုယ်သူ နှာခေါင်းရှုံ့မိပါသည်။





"ဒီတော့ ကျွန်မက စက္ကတရီတစ်ယောက်ထက် အဲဒီ ဒေါ်မီးမီးရဲ့ ဘော်ဒီဂါတ်တစ်ယောက်လို သူ့ကို Watch (စောင့်ကြည့်) လုပ်ရမှာမျိုး ဖြစ်မနေဘူးလားရှင့်"

"မဖြစ်ပါဘူး၊ မင်းက သူ့ဆီမှာတော့ စက္ကတရီ စစ်စစ်တစ်ယောက်ပါပဲ၊ ငါ့ဆီမှာသာ စပိုင်တစ်ယောက် ဖြစ်ရင်ဖြစ်နေမှာ"

"ဟင် ... ဒါတော့ ... Fairမဖြစ်ဘူးထင်တယ်ရှင့်၊ ကျွန်မက ကျွန်မရဲ့ အလုပ်ရှင်ကို သစ္စာမရှိဘဲ သူ့အချက်အလက်တွေ ရှင့်ဆီပို့ရမယ် ဆိုတာက ..."

"Fairဖြစ်တယ်၊ သိပ်ကို ဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ မင်းက ငါ့ရဲ့ဝန်ထမ်းလေ၊ ငါ လစာပေးထားတဲ့ ဝန်ထမ်း၊ သူက မင်းရဲ့ ဒုတိယဆင့် အလုပ်ရှင်၊ တကယ့်အလုပ်ရှင် အစစ်က ငါလေ၊ ငါက သူ့ဆီလွှတ်လို့ မင်း သူ့ဆီရောက်ရတာ၊ ပြီးတော့ ... မင်း ငါ့ကို ပြန်ပေးနေရမဲ့ Report ဟာလည်း သူ့ရဲ့ ဝင်ငွေထွက်ငွေ အရှုံးအမြတ် စတဲ့ စီးပွားရေးဆိုင်ရာ လျှို့ဝှက်အပ်တာတွေ ဘာမှမလိုအပ်ဘူး၊ သူ့ရဲ့ တစ်နေ့တာ အချိန်စာရင်းပဲ၊ ဘယ်အချိန် ဘာလုပ်တယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ... ကျွန်မ အခုရမဲ့ အလုပ်က ကျွန်မရှာခဲ့တဲ့ အလုပ်နဲ့ တလွဲဖြစ်နေတယ်ရှင့်၊ ကျွန်မက စက္ကူတာရီ လား လျှောက်တာ၊ ကျွန်မ ရတာက စပိုင်အလုပ် ဖြစ်နေတယ်"

"တလွဲမဖြစ်ပါဘူး၊ မင်းကလည်း ဝေးနေပြန်ပါပြီ၊ သေချာ စဉ်းစားကြည့်ဦးလေ၊ မင်းရှာတဲ့ စက္ကူတာရီ အလုပ်ကို စပိုင်အလုပ်နဲ့တွဲပြီး အလုပ်နှစ်မျိုး တစ်ပြိုင်တည်း ရတာပါ၊ ဟဲ ဟဲ"

ငွေက ချက်ခုံးလေးကုတ်၍ ဦးဘိုမင်းထွန်းကို ကြည့်နေမိသည်။ လူလည်ကြီး။ ရယ်နေပုံက အခြင်တတ်စရာ။ အင်း... သူပြောတော့လည်း ဟုတ်တာပဲ။ ကိုယ်လုပ်ရမဲ့ အလုပ်အပြင် နောက်တာဝန်တစ်ခုပါ တွဲရတာဆိုမှ ပိုမှန်တာပါ။ ဒီတော့ ငွေ စဉ်းစားဖို့က ငွေဟာ ခေါမီးမီး အပေါ် Fair ဖြစ်ရဲ့လား။

မဖြစ်ဘူးလို့ တွေးလျှင် ကာနွန်းပြည့် မမှန်ပြန်။ ငွေ့ အလုပ်ရှင်၊ ငွေ့ကိုလခပေးမည့်သူဟာ ဒီရှေ့ကလူကြီးလေ၊ ကိုယ်လခစားနေတဲ့ ဒီလူကြီးအပေါ် ငွေက ပိုတာဝန်ကျေဖို့ လိုအပ်နိုင်တာပေါ့။ သို့ပေမဲ့ ရှုပ်ရှုပ်ယှက်ယှက် နိုင်မနေလှဘူးလား။

ခုတော့ဖြင့် ငွေသည် ဒီအလုပ်ကို ရအောင် ကြိုးပမ်းရ ဆုတောင်း မျှော်လင့်ရမည့်သူဘာဝ မဟုတ်တော့ဘဲ ကိုယ့်ကိုလာ





ရွေးချယ်လိုက်ပြီဖြစ်သည့် ဒီအလုပ်ကိုလုပ်ဖို့ မလုပ်ဖို့ ပြန်စဉ်းစား ရမည့် အနေအထား ဖြစ်သွားပြီ။

ဦးဘိုမင်းထွန်းက နာရီတစ်ချက်ကြည့်ရင်း ...

"ကဲ ... မင်းက ရက်နဲ့ချီပြီး အချိန်ယူ ပြန်စဉ်းစားနေရဦးမှာလား၊ အဲသလောက်တော့ ငါ အချိန်မပေးနိုင်ဘူးနော်၊ မင်းအနေနဲ့ အလုပ်တစ်ခုလည်းရ၊ တာဝန်တစ်ခုလည်း ပူးတွဲပြီး လက်ခံရ ဒီလောက်ပါပဲ။ မင်းတောင်းတဲ့လစာက ခြောက်သောင်းနော်၊ ငါက နောက်ထပ် လစာဝက်ထပ် ဆောင်းပြီး ကိုးသောင်းပေးမယ်၊ မင်း လက်ခံရင် ငါ့အင်တာဗျူးကို ဒီမှာရပ်မယ်၊ မင်း လက်မခံရင် ရှေ့မှာကျန်တဲ့လူထဲက ထပ်ခေါ်တွေ့ရဦးမှာ၊ မင်းနဲ့တင် တစ်နာရီနီးပါးကြာနေပြီ၊ သိပ်ပြီးတော့ ..."

"ကျွန်မ လုပ်မယ်"

ဦးဘိုမင်းထွန်း စကားကို ငွေကဖြတ်၍ ဖြေလိုက်ပါသည်။ သူက ချက်ချင်း "အိုကေ" ဟု ခေါင်းဆတ်ကာ ဘဲလ်လေး တစ်ချက်နှိပ်၍ ဝင်လာသော ဦးမင်းသိန်းကို ...

"ကိုမင်းရေ ... ရှေ့ကလူတွေ ဖြတ်ပလိုက်တော့၊ ကိုယ် သူ့ကို ရွေးလိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဆရာဘို"

တံခါးက ချက်ချင်း ပြန်ပိတ်သွားသည်။ ငွေက ထရပ်တော့မည်ပြုဆဲ ဦးဘိုမင်းထွန်းက ကိုယ်ကို ရှေ့သို့ကိုင်းလာကာ လက်ညှိုးတစ်ချောင်းကို ထောင်၍ ရှေ့နောက် တဆတ်ဆတ် လှုပ်ရင်း ...

"မင်း အလုပ်ရှင်က ငါပဲ ဆိုတာကိုသာ ခေါင်းထဲထည့်ထားပါ ခင်ငွေခက်၊ မင်းကို သူ ဘယ်တော့မှ အလုပ်ဖြုတ်လို့ မရဘူးနော်၊ ငါ ဖြုတ်မှ ရတာယ်"

ငွေသည် ရင်ထဲ အောင့်သွားကာ အတော်ရင့်တဲ့ အလုပ်ရှင်သစ်ကြီးကို မေတ္တာတစ်စက်မှ မရှိဘဲ ပြန်ခွင့်ပြုဖို့ နှုတ်ဆက်လိုက်ရသည်။





၃

"နှင့်မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ"

ဂုဏ်ကို ငွေက မျက်စောင်းထိုးလိုက်ရင်း ...

"ပထမဆုံး အလုပ်ဝင်မဲ့နေ့ စိတ်လှုပ်ရှားနေတာပေါ့ဟဲ့"

နိမိတ်က သိပ်မကောင်းလှဘူး ထင်သည်။ ပထမဆုံး အလုပ်စခင်းရမဲ့ရက်မှာ ကိုယ့်ဘက်က နောက်ကျတာ မဖြစ်ချင်၍ အိမ်က စောစောထွက်ပါမည် ဆိုမှ ဒီမနက်မှာ ကားက စက်နိုးမလာဘဲ ပျက်နေတော့သည်။ သပ်သပ်ရပ်ရပ် ပြင်ဆင်ထားသမျှ စိတ်အိုက်၍ ချွေးဒီးဒီးကျလာတဲ့အထိ ကားကို ဖေဖေနှင့် ငွေ တတ်သလောက် မှတ်သလောက် အပြစ်ရှာမရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဖေဖေနှင့်ပဲ လိုက်ခဲ့တော့ဖို့ ပြောနေတုန်း ဟိုဘက်ခြံထဲက ရုံးသွားခါနီး ထွက်လာသော ဂုဏ်ကမြင်ကာ သူပဲ ငွေ့ကို ဝင်ပို့ခဲ့တော့မည်ဟု ဆို၍ ဂုဏ်နှင့်ပဲ လိုက်ပါလာခဲ့တော့တာပါ။

"ဘာစိတ်လှုပ်ရှားစရာရှိလဲ၊ ကျောင်းပြီးကတည်းကနဲ့ တွက်ရင် နင့်ရဲ့အလုပ်လုပ်သက်က လေးနှစ်တောင် ကျော်ပြီပဲ"

"ကျော်ကျော်လေ၊ ခုဟာက တစ်မျိုးကြီးဆိုတာ နင်သိသားနဲ့၊ ခါတွေ့တာ အင်တာဗျူးလုပ်တာ ခန့်တာက တစ်ယောက်၊ တကယ်သွား အလုပ်ဝင်ရမှာက တစ်ယောက်"

ငွေ့ရတဲ့ စက္ကူတာရီ အလုပ်ဟာ ရွှေအင်းဝမှာ မဟုတ်ဘဲ ရွှေအင်းဝကုမ္ပဏီပိုင်ရှင်နှင့် လက်ထပ်မည့် အမျိုးသမီးရဲ့ ကုမ္ပဏီမှာဆိုတာကိုသာ အားလုံးကို ငွေ့က အသိပေးထားပါသည်။ ငွေ့ ပူးတွဲလက်ခံလိုက်ရတဲ့ စပိုင်အလုပ်ကိုတော့ ဖေဖေနဲ့ မေမေ့ကိုရော၊ ဂုဏ်ကိုပါ ငွေ့က ဖုံးအုပ်ထားပါသည်။

လခကလည်း မက်စရာ ဖြစ်နေ၍ ငွေ့က လုပ်ချင်သည်။ တော်ကြာ သူတို့က ရှုပ်ရှုပ်ယှက်ယှက် နိုင်သည်ဟု ကန့်ကွက်နေကြမှာကို စိုးရိမ်ကာ ဖွင့်ပြောမနေတော့တာပင်။ ထူးခြားမှုကလည်း တစ်ပတ်တစ်ကြိမ် Report ရေးတင်ရုံပဲ ဥစ္စာ။ ဒီ Reportကကော ဘာတွေပါမှာမို့လဲ။ အရေးပါလှတဲ့ အကြောင်းအရာတွေ သိပ်မပါနိုင်တာ ရှင်းနေတာပဲ။ ဘယ်သွားတယ် ဘယ်လာတယ်တဲ့။ ဘယ်သူနဲ့တွေ့တယ် ... ဘာလုပ်တယ်တဲ့။





သူ့ယူမဲ့ မိန်းမကို ချက်ကင်လိုက်တဲ့သဘော ဆိုတော့ ထိုမိန်းမမှာ မယုံကြည်နိုင်စရာ မရိုးသားမှုတွေများ ရှိလို့လား။ ဒါတွေ စဉ်းစားကာ ဟိုလိုထင် ဒီလိုထင်နှင့် စိတ်ထဲရှုပ်တုတ်တုတ်မို့ ငွေ့ မျက်နှာက တစ်မျိုးဖြစ်နေတာ နေပါလိမ့်မည်။

"အမျိုးသမီးတစ်ယောက်ရဲ့ စက္ကူတာရီ ဆိုတော့ ပိုကောင်းတာပေါ့"

"မေမေကလည်း နင့်လိုပဲ ပြောတာပဲ ဂုဏ်ရဲ့' ဒါပေမဲ့ မဆိုင်ပါဘူးဟာ၊ အမျိုးသမီးနဲ့ အမျိုးသား ဘယ်ဆီမှာ ကောင်းတယ်လို့ ပြောမရဘူး၊ လူပေါ်ပဲ တည်တာ၊ ဆရာဆိုရင် ဘယ်လောက် ကောင်းထားလဲ"

"အေး ... အဲဒီ ဦးစိုးကျော် ကတော့ တော်တော် သဘောကောင်းတာပဲ"

"မိန်းမဖြစ်တော့ ပစိပစပ် ပိုများရင် များမှာပေါ့"

"နင် ပြောတော့ အသက်သုံးဆယ်ကျော် ဆိုတော့ ဒီလောက်ကြီးလည်း ပစိပစပ် များဦးမယ် မထင်ပါဘူး၊ အဘွားကြီးမှ မဟုတ်တာ"

"ဘယ်ပြောနိုင်မလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ကဲ ... ဒါ ဒီနားပဲ ကပ်ရပ်လိုက်တော့မယ်နော် ငွေ၊ လမ်းကြည့်ကူးနော်၊ ဂွဒ်လပ်ခ်”

ငွေက ဂုဏ် ကားရပ်ပေးလိုက်သော လမ်းမတော်ပလာဇာရဲ့ တစ်ဖက်ခြမ်းမှာ ကားပေါ်က ဆင်းလိုက်ပါသည်။ ဂုဏ့်ကား ထွက်သွားမှ လမ်းမတော်ပလာဇာကြီးကို လှမ်းမော်ကြည့်လိုက်လျှင် ငွေ ဦးတည်ရာဖြစ်သည့် ကုမ္ပဏီအမည် ဆိုင်းဘုတ်ကို အပေါ်ဘက် တစ်နေရာမှာ လှမ်းမြင်လိုက်ရပြီမို့ လမ်းကို ဖြတ်ကူးလာခဲ့ပါသည်။ လှေကားထစ်များမှ တက်လာခဲ့ပြီး ကုမ္ပဏီ ရှိရာအထပ်သို့ ရောက်ကာ ဆိုင်းဘုတ်ကို တွေ့ရပြီဆိုလျှင်တော့ ဘာကြောင့်မှန်းမသိ ရင်နည်းနည်း ခုန်လာရသေးကာ မှန်ချပ်ညိုညို တံခါးကြီးရှေ့ တစ်ခဏ ရပ်မိသည်။

ထို့နောက်မှ ဘဲလ်ကို နှိပ်လိုက်ပါသည်။ ဖွင့်ဝင်သွားလည်း ရသည်သာ။ သို့သော် ဒီတိုင်းဝင်ချသွားတာထက် တစ်ဦးတစ်ယောက်က တံခါးဖွင့် ဝင်ခွင့်ပြုလိုက်တာကို လိုချင်၍သာ။ အမျိုးသမီး လတ်လတ်တစ်ယောက် တံခါးလာဖွင့်ကာ ...

“ဝင်ပါ ... ဘယ်သူနဲ့ တွေ့ချင်လို့လဲ”

“ဒေါ်မီးမီးနဲ့ တွေ့ချင်လို့ပါ၊ ကျွန်မ ခင်ငွေခက်ပါ၊ ဒေါ်မီးမီး အတွက် ဦးဘိုမင်းထွဋ် ...”





“ဪ ... ခင်ငွေခက်၊ လာပါ ... ဝင်ပါ”

ဝန်ထမ်းတွေထဲကပင် ငွေ့အမည်ကို သိပြီးပြီဖြစ်၍ စိတ်ကျေနပ်မှု အနည်းငယ်ရကာ ငွေက လှမ်းဝင်လိုက်သည်။ ကျောက်ပြားနက်တွေ စေ့နေအောင် ခင်းထားသော ကြမ်းခင်းပေါ် ဖိနပ်မချွတ်ရပါ။ ခုန အမျိုးသမီးက ခန်းမကျယ် ခေတ်မီမီလေးရဲ့ နေရာတစ်ဝက်နီးပါးကို ပိုင်း၍ မှန်ချပ်နှင့် အခန်းဖွဲ့ထားရာဆီ ရှေ့က လျှောက်သွားသဖြင့် ငွေ လိုက်ပါလာသည်။

ငွေသည် အပြာနုလွင်လွင် အထက်အောက် အဆင် အယင်နှင့် နက်ပြာရောင် လည်သာအိတ်ကလေး လွယ်လာသော ကိုယ့်ကိုယ်ကိုယ် ထိုမှန်ခန်းရဲ့ မှန်ချပ်ပေါ် အရိပ်ထင်လာတာကို ကြည့်နေဆဲ ...

“ခဏနော်”

အမျိုးသမီးကို ပြုံး၍ ခေါင်းညိတ်ပြလိုက်ရသည်။ အမျိုးသမီးက တံခါးကို နှစ်ချက်ခေါက်၍ ဟာစိကလေးဖွင့်ကာ ခေါင်းဝင်လိုက်ပြီးလျှင် ...

“မမီး ... ခင်ငွေခက် ဆိုတာ ရောက်ပါပြီ”

အထဲက ဘာသံမှ မကြားရ။ အမူအရာပဲ ပြသည် ထင်သည်။ အမျိုးသမီးကပင် ငွေ့ကိုလှည့်ကြည့်ကာ ဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လက်ပြလိုက်ရင်း သူကတော့ နောက်ဆုတ်ရပ်လိုက်၍ ငွေ လှမ်းဝင်လိုက်လျှင် တံခါးကို ချပ်ခနဲ ပြန်လည်ဆွဲစေ့ပေးလိုက်ပါသည်။

ငွေသည် အခန်းထဲရောက်လျှင် ခဏာမင်သက်မိနေသည်။ ချစ်စဖွယ် ရှင်းလင်းသပ်ရပ်သော ထိုအခန်းသည် အပြင်ခန်းထက် အအေးအစိမ့်ပိုနေ၍ တစ်ခန်းလုံးသည် ပြာနှမ်းနေသည်။

အသုံးအဆောင် ပရိဘောဂတွေသည် ကြိတ်သားလိုခေါ်တဲ့ အသားပွတစ်မျိုးနှင့် ပြုလုပ်ထား၍ သစ်ရောင် မဟုတ်ဘဲ ဆေးရောင်ခြယ်ထားသော ပရိဘောဂတွေ ဖြစ်ရာ အပြာနု အပြာရင့် အပြာထိန် အပြာရဲ အပြာမှိုင်း အပြာလက်တို့နှင့် တစ်မျိုးစီ ပြာကာနေသည်။

ခန်းဆီးစက အပြာပွင့်။ စားပွဲနက်ပြာပေါ်ကမိုင်လ်၊ ဘောလ်ပင်ခွက်၊ စာခြင်း၊ တယ်လီဖုန်း စသဖြင့် အားလုံးအပြာရောင်။ ရေခဲသေတ္တာပုလေးသည် အပြာပေါ် ခွေငါးရုပ်တို့နှင့်။ အို ... အားငါးအပြာ။ ထိုပြာပြာတွေ ကြားတွင် အနက်ရောင်ဝမ်းဆက်နှင့် အသားဆွတ်ဖွေးသော မိန်းမတစ်ယောက်ကို မြင်ရသည်မှာ ဆန်းကြယ်၍ လှပနေသည်။

ဒေါ်မီးမီးက စားပွဲ၌ ထိုင်ရာက မထပါ။ အပြာရောင်လည်သာဆုံလည်ကုလားထိုင်မှာ ခပ်အေးအေး မှီထိုင်ရင်း ငွေ့ကို





အေးစက်စက် စိုက်ကြည့်နေသော မျက်ဝန်းတို့သည် လုံးဝနွေးထွေးဖော်ရွေမှုမရှိ။ ငွေက ခေါင်းတစ်ချက်ညွတ်၍ ပြုံးကာ ...

"ကျွန်မ ခင်ငွေခက်ပါ မမီး"

ခုန အစ်မကြီး ခေါ်သလို ခေါ်ဝေါ်သုံးနှုန်းလိုက်ပါသည်။ ဒေါ်မီးမီးက ခေါင်းမညိတ် ခေါင်းမခါဘဲ ငွေ့ကို စိုက်ကြည့်နေသည်။ ကြည့်ပုံမှာ မြင်ဖော မြင်ရရဲ့လား သံသယဝင်စရာပင်။ ဗူးငေးငေးကြီး။ ဒေါ်မီးမီး မျက်လုံးများသည် ဝိုင်းစက်၍ အနက်ဆံကြီး၍ ကော်ပတ်ရုပ် မျက်လုံးများပင်။

အပြင်တွင် ခေါက်ပုံထဲကထက်ပင် ပိုပြီး နုငယ်နေပြန်၍ အသက်အစိတ်လောက်ပေဘင် မှန်းချင့်စဖွယ် မရှိပါ။ ဝါးလုံးသော ရှုတ်ခမ်းတွင် သပြေသီးမှည့်ရောင် ဆိုးထား၍ အသားဖြူဖြူတွင် သူမ သဏ္ဍာန်မှာ စုန်းကားထဲက စုန်းမကို ခြယ်သထားပုံနှင့် တူသည်။

ငွေသည် ခပ်ကြာကြာ ခြေစုံရပ်နေရတာကို အောက်သလို ခံစားလာရလောက်တဲ့ထိ ကြာလျှင် အနည်းငယ် ကိုယ်ကိုလှုပ်ရှားလိုက်သည်။ ထိုအလှုပ်အရှားက ဒေါ်မီးမီးကို ခြောက်လှန့်လိုက်သလို သူမက ဆတ်ခနဲ ခုမှ အသက်ဝင်လာကာ ...

"ကိုဘို ဘာမှာလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဩော် ... ဦးဘိုမင်းထွဋ် မင်းကို ဘာမှာလိုက်လဲ"

"တခြား ထူးထူးခြားခြား မမှာပါဘူး မမီး၊ မမီးဆီမှာ မမီးရဲ့ စက္ကတရီ အဖြစ် အလုပ်ဝင်ရမယ် ဆိုတာပဲ သိခဲ့ပါတယ်၊ ဒီနေ့ကို အလုပ်စဝင်ဖို့ ပြောထားလို့ ကျွန်မ အလုပ်စ,ဝင်တာပါ"

ဒေါ်မီးမီးက ဝတ္တရားကျေပုံစံ ခေါင်းညိတ်လိုက်ရင်း အခန်းရဲ့ထောင့်က လစ်လပ်နေသော စားပွဲတစ်လုံးကို လက်ညှိုးညွှန်ပြလိုက်သည်။

"ဟိုမှာ ... မင်းစားပွဲတဲ့"

ပြောပုံက တစ်မျိုးပဲ။ ငွေသည် အီလည်လည်နှင့် "မင်းစားပွဲတဲ့" ဆိုရာကို လှမ်းလာ၍ အိတ်ကို တင်လိုက်ရပါသည်။ ဒီစားပွဲမှာလည်း အပြာရောင်တွေချည်းပဲ။ ကိုယ်ပါ အပြာရောင် ဝတ်လာမိ၍ ငွေက မှုးပင် မှုးနောက်ချင်လာသည်။

ငွေ ကုလားထိုင်မှာ မထိုင်မီ ဒေါ်မီးမီးက ထရပ်လိုက်၍ ငွေလည်း မထိုင်ဖြစ်တော့ဘဲ ဆက်ရပ်နေလိုက်သည်။ ဒေါ်မီးမီးက သူ့နောက်က ခန်းဆီးနှစ်စကို ကြိုးတဆုံးဆွဲ၍ ဘေးသို့ ဟ,ပစ်လိုက်သည်။





ဘုရားရေ ...၊ မျက်နှာလေးသာ ကလေးနဲ့ တူသည် မဟုတ်။ အရပ်ကလေးကလည်း ပုပုလေး။ ငါးပေတစ်လက်မ အလွန်ဆုံးပေါ့။ ဒေါက်အမြင့် ဖိနပ်အနက် လှလှလေး စီးထားသည် ပင် ပုသေးနေတုန်း။ ဖြူဖြူပိန်ပိန် သွယ်သွယ်သေးသေး တကယ့် ကလေးလေး၊ ကောက်ချိထွေးပွေ့ထားချင်စရာ အရပ်ကလေးတစ်ရပ်နှင့် တူနေသည်။

"မင်းက အပြာရောင် ကြိုက်တာလား"

ငွေသည် စဉ်းစားပြီးမှ ...

"ကြိုက်တာထက် ဒီလိုပဲ ဝတ်ဖြစ်တာပါ၊ မမီးကတော့ အပြာရောင် ကြိုက်တယ်ထင်တယ်နော်"

"မကြိုက်ဘူး၊ အပြာရောင်ကို သိပ်တောင်မုန်းတာ၊ အပြာရောင်ပစ္စည်း တစ်ခုခု အသစ်ထပ်တွေ့လိုက်ရင်ကို ရူးချင်သလို ဖြစ်တယ်"

ငွေသည် ပါးစပ်လေးဟ,မနေအောင် သတိထား၍ ..ူမကို စိုက်ကြည့်နေမိပါသည်။

"မင်းကော ... ဒီအခန်းထဲ ဝင်လိုက်ရတာ ရူးချင်သလိုလို မဖြစ်ဘူးလား"

ရူးချင်သလို မဖြစ်တဲ့တိုင် မူးချင်သလိုတော့ တကယ် ..ိုဖြစ်တာပါ၊ ဒါပေမဲ့ ငွေက မဖြေမိ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အပြာရောင်နဲ့ လာတော့ ကိုဘိုက မင်းကို ဘာရောင် ဝတ်ဆိုတာတောင် ညွှန်ကြားသလား ထင်လိုက်တာ"

"သူ ဘာမှ မမှာပါဘူး၊ ကျွန်မ ဘာသာ တိုက်ဆိုင်ပြီးဝတ်မိတာပါ"

"ဒါဖြင့်ရင် ကျေးဇူးပြု၍ နောက်ကို အပြာရောင် ဘယ်တော့မှ ဝတ်မလာပါနဲ့လား၊ ပြာနှမ်းထူပူနေတဲ့ သူတစ်ယောက်အတွက် အပြာရောင်ပစ္စည်း ဆီးနေလောက်လေး ထပ်တွေ့ရင်တောင် အနှောင့်အယှက် ဖြစ်လွန်းလို့ပါ"

မျက်နှာတည်တည်နှင့် ပြောနေသော ဒေါ်မီးမီး စကားဟာ ငွေ့ လွတ်လပ်ခွင့်ကို တားဆီးပိတ်ပင်လိုက်တာ ဖြစ်ပေမဲ့ ငွေက လိုက်နာဖို့ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ပါသည်။ ငွေ ကိုယ်တိုင်လည်း မုန်းချင်နေသည်လေ။ ဘာကိုကြည့်ကြည့် အပြာရောင် ဖြစ်နေ၍ ကိုယ့်မျက်စိတွေ ကာလာဘလိုင်း ဖြစ်သွားပလားလို့တောင် ထင်ချင်သည်။

"ကျွန်မ နောက် ဘယ်တော့မှ မဝတ်တော့ပါဘူး၊ ကျွန်မ လည်း နည်းနည်း မျက်လုံးပြာချင်နေပြီ၊ ဒီအခန်းက ဘာဖြစ်လို့ ဒီလောက် ပြာနေရတာလဲဟင်၊ ဓမ်းလည်း မကြိုက်ဘဲနဲ့"





"တို့ မကြိုက်ပေမဲ့ သူ ကြိုက်လို့တဲ့"

သူ ဆိုတာ ဦးဘိုမင်းထွဋ်ပဲ ဖြစ်မှာဟု ငွေ ချက်ချင်းနားလည်သည်။

"သူ့ရုံးခန်းကျတော့ ..."

"အေးလေ ... သူ့ရုံးခန်းကျတော့ ရိုးရိုးပဲ၊ သူကျတော့ ရုပ်အပြာ ဝတ်တာလောက်၊ ကားနက်ပြာစီးတာလောက်၊ ဗိုင်အပြာ ကိုင်တာလောက်ပဲပေါ့၊ သူ့လောက် အပြာရောင် ကြိုက်တဲ့လူတောင် ဒီအခန်းမျိုးထဲတော့ မနေနိုင်ပါဘူး၊ ဒါပေမဲ့ သူက အပြာရောင်တွေ မွန်းထားတဲ့ အခန်းလေး တစ်ခန်း ပြင်ချင်တယ်လေ၊ သူ့စိတ်တိုင်းကျ အပြာရောင်တွေ သုံးချင်တယ်၊ သူ့အတွက် အပျော်ပေါ့၊ သူအပျော်လုပ်ပြီး သူကိုယ်တိုင် အဲလိုအခန်းထဲ မနေနိုင်မှာ သေချာတော့ တို့ရုံးခန်းကို လာခြယ်လှယ်တာ၊ သူ့စိတ်တိုင်းကျ လျှောက်လုပ်သွားတာ၊ ပြီးလည်းပြီးရော ဒီအခန်းထဲ တို့က ရုံးထိုင် ... ဒါပဲ"

"ဟင်"

ငွေ့ထံက မကျေနပ်သံတစ်ချက် ထွက်လာပြီးမှ ဘာမှဆက်ထိုး မပြောသင့်ကြောင်း ဆင်ခြင်၍ အသော်အောင့်အည်း လိုက်ရကာ မပြောဘဲလည်း မနေနိုင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မမီး စိတ်တိုင်းကျ ပြန်ပြောင်းလို့ ရတာပဲ၊ မမီး ရှုံးခန်းပဲ"

"မရဘူး၊ မရဘူး၊ ဒီလောက်ကြီးကြီး အဖြစ်အပျက် မပြောနဲ့ သေးသေးကလေးတောင် သူ လုပ်ချင်တာပဲ အတည်ပါ၊ သူ အမြဲ လုပ်ချင်တာ လုပ်တာ၊ သူ့ကိုယ်သူကို မဟုတ်ဘူး၊ တို့ကို၊ တို့အပေါ်ကို၊ တို့ဘဝကို၊ ခုလည်း တို့စက္ကတရိ ခေါ်ဖို့ လုံးဝစိတ်ကူးထားတာ မရှိဘူး၊ လိုလည်း မလိုဘူး၊ စက္ကတရိ ထားဖို့ လိုအင်လောက်အောင်လည်း တို့လုပ်ငန်းက မှတ်စရာ သားစရာ ရှုပ်ထွေးအလုပ်များမနေဘူး၊ အေးအေးဆေးဆေးပဲ၊ အလုပ်နှစ်မျိုးသုံးမျိုး တွဲလုပ်နေတာလည်း မဟုတ်ဘူး၊ တစ်မျိုးတည်း၊ ဒါ့အပြင် တို့သွင်းတဲ့ ကော့စ်မက်တစ်တွေက ဈေးကြီးနေကြမို့ ဈေးကွက်မှာ သိပ်တွင်ကျယ် အဝယ်လိုက်ပြီး အနုတ်အသိမ်း များနေတာလည်း မဟုတ်ဘူး၊ အလုပ်နိုင်တယ်၊ စက္ကတရိ မလိုပါဘူး၊ ဒါပေမဲ့ သူက ထားရမယ်ဆိုပြီး အခု မင်းကို ခွတ်လွှတ်လိုက်ပြီ"

ငွေသည် အလုပ်ရှင် မလိုလားသော ကိုယ့်အဖြစ်ကိုယ် အစော်စိတ်ပျက်သွားပါသည်။ ဒါဟာ အလုပ်ရှင်ပဲ။





ဦးဘိုခင်းတွင်က သူသာအလုပ်ရှင်လို့ ဘယ်လိုဆိုဆို ငွေ တွဲလုပ်ရမှာ ခေါ်မီးမီးနဲ့ ...၊ ဒါကမှ လက်တွဲရမဲ့ အလုပ်ရှင်။

သူတို့ချင်းကြားက ပတ်သက်မှုတွေ ပဋိပက္ခတွေ ကိုယ်နဲ့ မဆိုင်ပေမဲ့ ငွေ့ကို ခေါ်မီးမီး လိုလားပုံကိုတော့ ငွေ ချော့လင့်သည်။ ခုတော့ ... ငွေ့ကို လိုက်မလိုချင်တဲ့ သူတစ်ယောက်ရဲ့ စက္ကတရီ ဘဝနှင့် ဘယ်လိုရှေ့ဆက် အလုပ်လုပ်ရမလဲ။ ငွေ အစော်စိတ်ပျက်သွားကာ ကိုယ့်အတွက် စားပွဲမှာ အားလျော့လျော့ ဝင်ထိုင်လိုက်ပါသည်။

"မင်းလည်း စိတ်ညစ်သွားမှာပဲ၊ တို့ မင်းကို ငြင်းလို့မရပါဘူး၊ ဒီတော့ မင်းက တို့စက္ကတာရီပဲပေါ့ကွာ၊ အဲဒီအတိုင်းသာ နေလိုက်တော့ပေါ့"

ငွေသည် အစော်ခံအောင့်သက်ခါ သီးသွားပါသည်။ ဆိုးလိုက်တဲ့ဘဝ။ ငယ်ငယ်က ကအေးတုန်းက ထမင်းထုပ် ဟင်းထုပ်ဘဝ ကျနေတာပဲ။ ကစားတဲ့ပဲ ခွတ်တော့ ပါနေပေမဲ့ ဘယ်သူမှ ထည့်မတွက်၊ ကိုယ်နိုင်လည်း အမှတ်မရ၊ ကိုယ်ရှုံးလည်း အမှတ်မလျော့။ အစော်အောက်ဘန်းကျတဲ့ ဘဝ။

"အဲသလိုကြီးတော့ ကျွန်မ အလုပ်လုပ်ရတာ ဘာအဓိပ္ပာယ်မှ မရှိဘူး ဖြစ်နေပြီ၊ ကျွန်မက လခရရင် ပြီးတာပဲ၊ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေရရင် ပိုသက်သာတယ်ဆိုတဲ့ အစားထဲက မဟုတ်ပါဘူး မမီး"

"ဒါဖြင့် နေပါဦး၊ တို့စက္ကတရီ ဆိုတော့ မင်းက ဘာတွေ လုပ်ရမယ်တဲ့လဲ"

"မမီး နားမှာ ကျွန်မက အမြဲရှိနေပြီး လူမှုရေး စီးပွားရေး ပေါင်းသင်းဆက်ဆံရေး အစစ အဆင်ပြေအောင် ကျွန်မက ကြားခံ ဖြစ်နေရမယ်၊ မမီးရဲ့ လူမှုရေး စီးပွားရေးဝန်းကျင်နဲ့ မမီး အဆင်ပြေ ချောမွေ့နေအောင် အစစ အရာရာ ကျွန်မ ကူရမယ်၊ မမီး လိုအပ်တာမှန်သမျှ အားလုံးကူဖြည့်ဖို့ပဲ"

ဒေါ်မီးမီးက မျက်ခုံးကိုတွန့်၍ ငွေ့ကို စိုက်ကြည့်နေပါသည်။ ဒါမျိုးတွေ သူ့အတွက် လိုအပ်ပုံ လိုလားပုံ မရပါ။ သူ့မျက်လုံးများမှာ ခုလို ငွေ ရောက်လာတာကိုက သူ့အတွက် နာကြည်းစရာလို ဖြစ်နေတဲ့ပုံပင်။

ရုတ်တရက် စားပွဲပေါ်မှ ဖုန်းပြာကလေး မြည်လာပါသည်။ ငွေက အကျင့်ပါကာ သွက်လက်စွာ ထ,ကိုင်မည်ပြုလျှင် ဒေါ်မီးမီးက လက်ကာလိုက်၍ ငွေ့မှာ ကိုယ်ရှိန်သတ်ရသည်။ ဒေါ်မီးမီးက ကောက်ကိုင်ရင်း ...





"ဟယ်လို"

"အင်း ... ရောက်ပြီ"

"သူကတော့ ကိုင်မယ်လို့ ထ,သားပဲ၊ မီး ဘာသာ ကိုင်လို့လည်း ရတာပဲ"

"ပေါင်မုန့် စားလာတယ်၊ အင်း ... သောက်တယ်"

"အနက်ရောင်၊ လက်ပြတ်"

တစ်ဖက်တည်းက ကြားနေရတဲ့ ဒေါ်မီးမီး စကားတွေကို ရိုင်းချင်လည်းရိုင်း၊ ငွေက အံ့အားသင့် နားစွင့်နေပါသည်။ ကာစားလာလဲ၊ ဘာဝတ်ထားလဲတွေ မေးနေတာ ရိပ်မိတာမို့ အံ့အားသင့်နေရတာပင်။ ဒါဟာ ဦးဘိုမင်းထွင့် မှန်းလည်းသိသည်။ ငွေနဲ့ ဂုဏ်လည်း ချစ်ခဲ့ကြတာ လေးနှစ်ရှိပါပြီ။ အပြင်ဖြစ်နေရာကနေ ငွေ ဘာဝတ်ထားလဲ၊ ဂုဏ် တစ်ခါမှ မမေးဖူးပါ။ စိတ်ဝင်စားပုံလည်း မရပါ။

"မဟုတ်ဘူး၊ ပုတီးစေ့ထိုးတဲ့ အနက်ရောင် မဟုတ်ပါဘူး၊ ရိုးရိုး အီတလီပိုးအနက်ရောင် လက်ပြတ်"

ဒေါ်မီးမီး မျက်နှာသည် စိတ်ရှုပ်ထွေးပုံ ပေါက်နေသည်။ သို့ပေမဲ့ လေသံ၌ ကလန်ကဆန်ရိပ် မပါပါ၊ ရိုရိုသေသေ ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ၊ ပိတ်လိုက်မယ်၊ ပိတ်လိုက်မယ် ဆိုမှ"

ဒေါ်မီးမီးသည် ငွေ့ဘက် ရုတ်တရက်လှည့်ကာ ...

"ခင်ငွေခက် ... အဲကွန်း ပိတ်လိုက်စမ်းပါ"

ငွေသည် ရီမုတ်ကွန်ထရိုးကို ကောက်ယူကာ မယုံနိုင်သလိုနှင့်ပင် အဲကွန်းကိုလှမ်း၍ ပါဝါအော့ဖ် လိုက်ရပါသည်။ ကြည့်စမ်း ... သူ့နေရာကနေပြီး သူများနေရာမှာ သူများဘာသာဖွင့်ထားတဲ့ အဲကွန်းကို ခွတ်ပိတ်ခိုင်းတာ။ ဒီဘက်က သူများပူသလား ချမ်းသလား သူ ဘာသိလို့လဲ။

"ပိတ်ပြီးပြီ"

ဒေါ်မီးမီးရဲ့ အဖြေသည် တိမ်နေသည်။ ငွေသည် ဒေါ်မီးမီးကို ယူကျုံးမရ ကြည့်နေမိပါသည်။ ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်။

"အင်း ... စားပါ့မယ်၊ ဆေးလည်းပါတယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဒေါ်မီးမီး ဖုန်းအချတွင် ငွေ့ သက်ပြင်းပါ ရောကျသွားရပါသည်။

"ခင်ငွေခက် ... ခန်းဆီးတွေဖွင့်ပြီး အဲဒီမှန်ပြတင်းတွေ အားလုံး ဖွင့်လိုက်ပါ"





ညွှန်ကြားသူသည် ညွှန်ကြားပြီးသည်နှင့် ကုလားထိုင်ပေါ် အားပြတ်သလို ထိုင်ကျသွားသည်။ ငွေက ညွှန်ကြားတဲ့အတိုင်း ခပ်သွက်သွက် ဆောင်ရွက်လိုက်ပြီးသည့်တိုင် မအောင့်နိုင်ဘဲ ပါးစပ်ထဲ စကားတွေ ပြည့်လာသည်။ ငွေ့ စရိုက်ကအသာ ငြိမ်နေသည့် စရိုက်မှ မဟုတ်ဘဲ။

"မမီး ... ဒီမှာ အဲကွန်း ဆက်ဖွင့်ထားလည်း သူ မသိနိုင်ဘူး ထင်ပါတယ်"

ပထမနေ့၌ပင် အလွန်စွက်ဖက်သော စကားကို ဆိုလိုက်မိသော ငွေသည် သူ့ကို လှမ်းကြည့်လာတဲ့ ဒေါ်မီးမီးရဲ့ အေးစက်စက် မျက်လုံးတို့ကို အားနာ၍ ရှိန်းသွားပါသည်။

"မင်း ဘာမှ မသိဘဲနဲ့"

"ဟုတ်ကဲ့ပါ၊ ကျွန်မ ဘာမှတော့ မသိပါဘူး၊ ဒါပေမဲ့ ..."

"မသိရင် သိအောင် ပြောထားမယ်၊ သူ တို့ကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တာ ခုမှမဟုတ်ဘူး၊ မွေးကတည်းက၊ သိပ်အကျင့်ပါနေပြီ၊ တို့မိဘတွေရှိတုန်းကတည်းက တို့မိဘတွေကအစ သူ့စကား နားထောင်စေခဲ့တယ်၊ သူကတော်တယ်၊ ထက်တယ်၊ ကောင်းတယ်၊ သူ့ကိုအတုယူရမယ်၊ သူ့စကား လိုက်နာရမယ်၊ သူ စီမံပေးတာ လုပ်ရမယ်၊ အဲဒါ တို့ဘဝပဲ၊ တို့ဘဝ တို့အနေအထား တစ်ခုလုံးက သူ့ပါးစပ်ထဲမှာ၊ ဒါဟာ အရိုးစွဲနေပြီ ခင်ငွေခက်



www.burmeseclassic.com

www.burmeseclassic.com



ခုမှ တွေ့တဲ့လူ တစ်ယောက်ကို ဒါတွေ ဖွင့်ပြောလို့လည်း မအံ့ဩနဲ့၊ တို့ လူတိုင်းကို အားလုံးကို ဖွင့်ပြောတယ်၊ ရုံးကလူတွေ အားလုံးလည်း သိကြတယ်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက အားလုံး သိကြတယ်၊ ဒါကို တို့ ခံစားရကြောင်း၊ မနှစ်သက်ကြောင်း၊ မလိုလားကြောင်း၊ ကြုံရာလူကို ဖွင့်ပြောပြနေတာ တစ်ခုပဲ တို့ အခွင့်အရေးပဲ၊ တစ်ဖက်မှာ နာခံရသမျှ ပါးစပ်ကပဲ မကျေနပ်တာကို သူ မဟုတ်တဲ့ တခြားသူတွေဆီ ပြောဖို့ တတ်နိုင်တယ်၊ ဒါ အစွမ်းကုန်ပဲ၊' ဒါကြောင့် ပြောတာ ...

တို့အကြောင်းတွေကို တို့နားရောက်လာတဲ့သူတွေ အားလုံးကို ပြောပြဖို့ ဝန်မလေးဘူး၊ သိမှာလည်း မစိုးရိမ်ဘူး၊ ကြုံသလောက်ပေါ့၊ ရက်ရှည်ကြာလာတော့ မင်း တဖြည်းဖြည်း ပိုသိလာမယ်၊ အားလုံး သိလာမယ်"

"ရက်ရှည်ကြာလာတော့ ဆိုတော့ ... ကျွန်မက ဒီမှာ အလုပ်ဆက်လုပ်နေရမှာလား"

"ဆက်လုပ်နေရမယ်လေ၊ သူ မင်းကို အလုပ်ခန့်ထားတယ်လေ၊ သူ မဖြုတ်သရွေ့၊ မင်းဘာသာမင်း မထွက်သရွေ့ပဲ"





"ကျွန်မကတော့ ကျွန်မဘာသာကျွန်မ အလုပ်ထွက်လိုက်ချင်လာပြီ၊ ဘာကြောင့်လက်တွဲလုပ်ရမှာ မမီးနဲ့ပါ၊ ကျွန်မဟာဦးဘိုမင်းထွင်က မမီး အပေါ် ဖွတ်လပ်တဲ့ အစီအမံကြီးတွေထဲက အသက်ငှာတ်တုတ်နဲ့ သားကောင်ကြီးလို ဖြစ်နေပြီလေ၊ မမီးက ကျွန်မ မျက်နှာကြည့်တိုင်း တစ်စက်မှ စိတ်ကျေနပ်မှု မရှိမှာ သေချာနေပြီ"

လက်ဝါးလေး ဖြန့်ကာ ဖြန့်ကာ ပြောနေသော ခင်ငွေခက်ကို ဒေါ်မီးမီးက လက်ပိုက်ရင်း ကြည့်နေမိသည်။ မှန်တာပေါ့။ ဟုတ်ပ။ သူ့မြင်တိုင်း ကိုဘို သူ့အပေါ် ဖွတ်အနိုင်ကျင့် စီမံခန့်ခွဲမှုများရဲ့ သက်သေကြီးတစ်ခုအဖြစ် မြင်နေရမှာလေ။ ဒါပေမဲ့ ဒီကောင်မလေး မသိတာက သူ မရှိတော့တာနဲ့ပဲ ဒီလိုအဖြစ်အပျက်တွေက လွတ်မြောက်ပြီးဆုံးသွားမည် မဟုတ်တာကိုပါပဲ။

"ဘယ်လိုလဲဟင် မမီး၊ ကျွန်မ အလုပ်ထွက်လိုက်ရင် ကောင်းမယ် မဟုတ်လား"

"မဟုတ်ဘူး၊ မကောင်းပါဘူး"

"ဘာလို့လဲ"

"မင်း ဒီနေ့သွား နောက်တစ်ပတ် နောက်တစ်ယောက်လာမှာပဲ၊ တို့အတွက် ဘာထူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ..."

ဒေါ်မီးမီးက ခေါင်းကို ခါယမ်းကာ စားပွဲပေါ် တံတောင်ဆစ်ထောက်လျက် လက်ဝါးနှစ်ဖက်ကြားထဲ သူ့ခေါင်းကလေးကို ညှပ်ထားလိုက်သည်။ ခေါင်းတွေ တရိပ်ရိပ် မူးချင်လာကာ မျက်စိမှိတ်၍ ငြိမ်သက်နေလိုက်ရပါသည်။ ဒေါ်မီးမီး အမူအရာကိုကြည့်၍ ငွေက အံ့သြစိုးထိတ်သွားမိကာ ...

"မမီး ဘာဖြစ်လို့လဲ"

"ခေါင်းနည်းနည်း မူးလာလို့ပါ၊ မကြာ မကြာ ဖြစ်တတ်ပါတယ်၊ ရတယ်၊ မင်း နေတတ်သလို နေပါ"

"ကျွန်မ ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း ... မလိုဘူး"

"ဒီပြာပြာနှမ်းနှမ်းတွေကိုက အလကားနေရင်း ကျန်းမာနေတဲ့ ကျွန်မတောင် ခေါင်းကြောတက်ချင် မူးနောက်ချင်လာအောင် ဆိုးနေတာ၊ မမီး ဒီအခန်းထဲမှာ ရက်တွေ လတွေ ဘယ်လောက် ကြာနေပြီလဲ၊ ကြာရင်ရူးသွားလိမ့်မယ်၊ တစ်နေ့တာမှာ ရှစ်နာရီကြာလောက် ကိုယ်နေရတဲ့ အခန်းကိုတော့ ကိုယ့်အတွက် သက်သောင့်သက်သာရှိအောင် ကိုယ်ပိုင်ပြင်ဆင်ခွင့် ရှိသင့်ပါတယ် ...





ဒီမှာ မမီး ... ကျွန်မက အရင်က ပရိဘောဂထုတ်လုပ်ရောင်းချတာနဲ့ အိမ်အလှဆင် ဒက်ကိုရေးရှင်းလုပ်တဲ့ ကုမ္ပဏီတစ်ခုမှာ ပိုင်ရှင်ရဲ့ စက္ကူတရီ လုပ်လာတာပါ၊ ဒက်ကိုရေးရှင်းနဲ့ ပတ်သက်လို့ ကျွန်မ နားလည်ကျွမ်းကျင်ပါတယ်၊ ဒီအခန်းထဲကို ခေါင်းကိုက်နေတဲ့သူ ဝင်လာရင်တောင် ဝေဒနာ ပျောက်သွားအောင် ကျွန်မ ပြင်ဆင်ပေးနိုင်တယ်"

ဒေါ်မီးမီးက ခေါင်းကို မတ်လိုက်ကာ ပထမဆုံးအကြိမ်အဖြစ် ငွေ့ကို ရွှန်းရွှန်းစားစား ပြုံးရယ်လိုက်ပါသည်။ ငွေ့စကားကို စိတ်ဝင်တစား ဆိတ်ပါသလို နားစွင့်ထောင်နေတာမြင်ရတော့ ငွေ အားတက်ကာ ...

"မမီး ပိုက်ဆံ အထိုက်အလျောက် ထပ်ကုန်မယ်၊ ဒါပေမဲ့ စိတ်ကြည်လင် ချမ်းသာပြီး စိတ်သက်သောင့်သက်သာ ရှိစေရမယ်၊ ကျွန်မ ရာနှုန်းပြည့် ဂရန်တီပေးတယ်၊ ပြင်ဆင်လိုက်ပါလား မမီး"

"မင်း စကား နားထောင်ရတာ အားရှိစရာပဲ၊ ဒါပေမဲ့ သူ့ကိုဆန့်ကျင်လိုက်တဲ့အတွက် ထပ်ကြုံရမဲ့ ခေါင်းကိုက်စရာက ခုထက် ဆိုးနိုင်တာ မင်း မသိလို့ပါ၊ ကျော်ပူခံနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နားပူမခံနိုင်ဘူး ဆိုတာ မင်း ကြားဖူးတယ် မဟုတ်လား၊ တို့ အရာရာကို လျစ်လျူရှုတန်သလောက် ရှုနိုင်တယ်၊ စိတ်ဆင်းရဲတော့ မခံနိုင်ဘူး၊ မင်း အလုပ်မထွက်ပါနဲ့၊ ဒီခဏလေးအတွင်းမှာတောင် မင်းက တို့ကို အားတက်စေနိုင်တယ်၊ ရုံးက တခြားလူတွေဆိုတာ တို့တောင်ကြောက်ရတဲ့ ကိုဘို့ကို ဝေတောင် ဝေဖန်ရဲဘာ မဟုတ်ဘူး၊ မင်းက ကိုဘို လုပ်ထားတာတွေကို ဆန့်ကျင်ဖို့ စိတ်ကူးရဲတဲ့သူ၊ တောင်းဆိုရဲတဲ့သူ ဖြစ်နေတယ်၊ ကိုဘို့ကို ဆန့်ကျင်ဝေဖန်ရဲတဲ့သူတစ်ယောက် တို့အနား ရှိနေတာ တို့အားရှိတယ်၊ ဒါကြောင့် မင်း ရှိနေပါ၊ အလုပ်မထွက်ပါနဲ့"

ငွေသည် မျက်ခုံးလေးရှုံ့ရှုံ့နှင့် ဘာလုပ်ရမှန်း မသိအောင် ဇဝေဇဝါ ဖြစ်နေပါတော့သည်။





၄

ငွေသည် Report ဆိုတာမျိုးကြီးကို တစ်ကြိမ်မှ ရေးဖူးတာ မဟုတ်၍ ဘယ်လိုရေးရမည်မသိ ခေါင်းခြောက်နေတာ၊ မနေ့ညကတည်းကပင်။ ဒီနေ့ တနင်္ဂနွေနေ့။ နံနက်စောစောကြီးထပြီး စိတ်ပေါက်ပေါက်နှင့် တတ်သလို မှတ်သလို ရေးချင်သလို ရေးချလိုက်တော့ကာ ပါးစပ်က ပွစိ ပွစိ လုပ်နေမိပါသည်။

ကြီးကိုကျယ်တယ်။ သူနဲ့တွေ့ပြီး ပါးစပ်က ပြောပြလည်း ရတဲ့ကိစ္စ၊ စာရွက်နဲ့ပဲ ရုံးအလုပ်သဘော သက်ဝင်တဲ့ Report ရေးရမတဲ့။ မရှုပ်ရှုပ်အောင်။ မမီးဆီမှာ တစ်ပတ်စာ အလုပ်ဝင်ပြီးဖြစ်၍ တစ်နေ့ တစ်နေ့ မမီးကို အဆေးက လှမ်းပြီး ဘာတွေ ဘယ်လို ခြယ်လှယ်နေလည်း မြင်တွေ့နေရပြီ။



www.burmeseclassic.com

ငွေ့ထံ ဖုန်းဆက်၍ ရေခဲသေတ္တာထဲတွင် မပြတ်ရှိရမည့်တို့ကို ညွှန်ကြားထားသည်။ နွားနို့ဘူးနဲ့ သစ်သီးတွေ ဘယ်တော့မှ မပြတ်စေရတဲ့။ နေ့လယ်ခင်း နှစ်နာရီ နှစ်နာရီခွဲလောက်မှာ ဖုန်းဆက်၍ နွားနို့သောက်ခိုင်းတတ်သူ ဖြစ်သည်။ ထမင်းချိန် ထမင်း၊ နွားနို့ချိန်၊ ဆေးချိန်၊ သစ်သီးတစ်မျိုးမျိုး စားချိန်။

ဒါကို ဂရုစိုက်တာ ချစ်တာလို့ ငွေ အားမကျနိုင်သလို မမီးလည်း ဂုဏ်ယူနိုင်ပုံ မပေါ်ပေ။ နွားနို့သောက်ဖို့ ပြောပြီးရင် ခဏကြာ ဖုန်းပြန်ဆက်၍ သောက်ပြီးသလား စစ်ဆေးသေးသည်။ တကတဲ သူ့မှာ စွက်ဖက်လွန်းအားကြီးသည်။

"မသောက်နဲ့ မမီး"ဟု မြောက်ပေးချင်လှတာကို လျှာကိုက်ထားရတဲ့အထိ။ မမီးသည် နာကျင်သော မျက်လုံးကြီးတွေ ကြောင်တောင်တောင်နှင့် ဖွတ်မှိတ် မှိုသောက်ကာ ငို့နေတတ်သေး၏။

"ဒါတွေ ဟိုအရင်ကတည်းက ငါ တစ်ချိန်လုံး သတိထားဂရုစိုက်လာတာတွေပဲ၊ ခုဆို မင်းလည်း အတော်သိနေပြီ၊ ခုဆိုရင် ငါ သတိလှမ်းမပေးလည်း မင်း အစ်အစဉ်နဲ့မင်း အချိန်ကိုက် လုပ်ပေးတတ်နေရမယ်၊ အပြင်သွားစရာရှိခဲ့





လို့ သွားကြရရင် သူ့စားချိန်သောက်ချိန်တွေကြားမှာ ဖြစ်နေရင် ပါအောင်ယူသွားပါ၊ မင်း သတိရထားဖို့က သူ့မှာ နှလုံးအားနည်းတဲ့ရောဂါ ရှိတယ်၊ ကင်စိတ်ထရစ်လည်း မကြာမကြာ ထ,တယ်၊ သူက သေတယ်၊ ကျောက်ကပ်က ငယ်ငယ်က အနာဖြစ် ပြည်တည်ဖူးတယ်၊ ရေတ်သီးနဲ့ တညင်းသီးကို သူ လုံးဝမစားစေပါနဲ့။ တစ်ကြိမ်တည်းလည်း စဲအောင် မမှားနိုင်ဘူး၊ မင်းလုပ်သက်ရင့်လာတာနဲ့ တဖြည်းဖြည်း သိလာမှာပါ၊ သူ့အတွက် ကောင်းတာဆိုးတာတွေ အားလုံး ပြည့်ပြည့်စုံစုံ သိလာအောင် လုပ်ပါ"

ဖုန်းထဲကနေ ငွေ့ကို သြဝါဒရှည် ခြွေတတ်သည်။ လျှာဘယ်လိုဖြစ်နေပါလိမ့်။ မနေနိုင် မထိုင်နိုင်။ ဂရုစိုက်လွန်းအားကြီးနေတာ လွန်လွန်းတော့ အနှောင့်အယှက်တွေ ဖြစ်နေသည်။ ငွေက မအောင့်နိုင်ပဲ ...

"ဒီတော့ ကျွန်မက သူ့ရဲ့ Nurse တစ်ယောက်နဲ့လည်း တူနေပြန်ပြီနော်၊ အလုပ်ကိစ္စက နည်းနည်းပဲရှိတာ၊ ကျွန်မက တစ်နေ့ထက်တစ်နေ့ လမ်းကြောင်းသွေသွေလာသလိုပဲ"

"မသွေပါဘူး ... မင်း တပ်ချင်တဲ့နာမည်တပ်၊ မင်းက သူ့ရဲ့ အနီးကပ် အစစအရာရာ တာဝန်ရှိသူလို့ပဲ မှတ်ထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးထိန်းနဲ့လည်း တူနေပြန်တယ်"

"ဟော့ ... မင်းမှာ သွက်လက်ချက်ချာတာလေး ကြိုက်စရာ ရှိနေပေမဲ့ မင်း သိပ်အထွန့်တက်တတ်တယ်၊ စကားလည်း ရှည်တယ်၊ အဲဒါကို နည်းနည်းဆင်ခြင်လိုက်စမ်းပါ"

ဦးဘိုမင်းထွဋ် ရုံးကို ရောက်လာသည့် တစ်ရက်မှာတော့ တစ်ရုံးလုံး ကြောက်ပြီးပျာနေတာကို မြင်ရသည်။ မျက်နှာ တင်းတင်းပုပ်ပုပ်ကြီးနှင့် ရောက်လာသော ဦးဘိုမင်းထွဋ်ကို (ကြိုဖုန်းဆက်ထားတာမို့) မမီး ကိုယ်တိုင် ရုံးခန်းပေါက်ဝအထိ ထွက်ကြိုတာ မြင်ရပေသည်။

ကျန်တဲ့ဝန်ထမ်းများမှာ မျက်နှာကိုတောင် ဖော့ဖော့မော့မကြည့်ရဲကြ။ ဘဝရှင်မင်းတရားကြီး ကြွချီလာသလို ဖြစ်နေသည်။ အချိုးအချိတ် သိပြီးပုံရသော မမနန်းက ဖမီး ရေခဲသေတ္တာထဲက မွှေးအေးသော စနိုးတာဝယ်လ်တစ်ခုထုတ်၍ ဖွင့်ဖောက် အသင့်ကမ်းပေးရလေသည်။

လိမ္မော်ဖတ်လေးတွေ ပါသော ဖျော်ရည်ကိုမှ သောက်သည်ဆို၍ သူ မလာခင် အောက်က စတိုးဆိုင်တစ်ဆိုင်မှာ ဆင်းဝယ်ပြီး ရေခဲသေတ္တာထဲ ထည့်ထားရတာကို မမနန်း ထုတ်၍ ဇန်းနှင့် ချရသည်။ မမီးသည် မျက်နှာလေးရှုန်မှုန်နှင့်ပေမဲ့ သူ့ရဲ့ ကိုဘို ရှေ့မှောက်မှာ ကျိုးကျိုးနွံနွံ ရှိလှပါသည်။





ဘာမှ အကြောင်းကိစ္စမရှိ လမ်းကြုံလို့ ဝင်လာသည် ဟုဆိုသော (အမှန်က ချက်ကင်လာလုပ်တာ ဖြစ်နိုင်၍ အပတ်တိုင်းလည်း လာနေကျဟု သိရသည်) ဦးဘိုမင်းထွဋ်သည် နာရီဝက်ခန့် အကြောင်းမရှိ ဟိုပြော ဒီပြော ထိုင်နေပြီးမှ ပြန်ပါသည်။ အဲဒီနေ့ကလည်း နှင့်ကို ထူးထူးထွေထွေ ဘာမှမပြော။

နှင်းသည် ဒီမနက် Reportဆိုတာကြီး ရေးပြီးလျှင် စိတ်ပျက်လာ နေသည်။ ဘာမှ ထူးခြားတာ မပါ၍ တော်သေးတော့။ နို့မို့ဖြင့် ဖမီး အကြောင်း ဦးဘိုမင်းထွဋ်ထံ အစီရင်ခံနေရမည့် ကိုယ့်ကိုယ်ကိုယ် သစ္စာမရှိသလို ထင်စရာပင် ဖြစ်သည်။

"ဟိတ် ... ဒေါ်နှင်းမက် ... ဘာတွေလုပ်နေလဲ"

ရုတ်တရက် နောက်က ဂုဏ် ရောက်လာကာ လှန်ယောင်လိုက်တာမို့ ထိုဇီခန်း စားပွဲပေါ် တင်ရေးနေသည့် စာရွက်တွေ အောက်ထပ်ကာ ဖိုင်တစ်ခုထဲ ထည့်လိုက်ရရင်း ...

"အောင်မယ် ... စောစောစီးစီး ဘာလာလုပ်တာလဲ"

"နှင် ဒီနေ့ အားတယ်မဟုတ်လား"

"မနက်ပိုင်း အလုပ်တစ်ခုရှိတယ်၊ ပြီးရင် အားတယ်"

"တနင်္ဂနွေနေ့လေ၊ ဘာအလုပ်လဲ"

"ဦးဘိုမင်းထွဋ်နဲ့ တွေ့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် တွေ့ရမှာလဲ"

"တနင်္ဂနွေနေ့တိုင်း ငါ့ အလုပ်ရှင် ဒေါ်မီးမီးနဲ့ ပတ်သက်တဲ့ အလုပ်ကိစ္စတွေထဲက ပြောစရာရှိတာပြော၊ ညွှန်ကြားစရာ ရှိတာ နားထောင်ရမယ်ဟ"

"ဟင် ... အပိုအလုပ်ပါဟာ"

"ဒါတော့ ... သူက ငါ့တာဝန်ထဲ ထည့်ထားတာကိုး"

"နားရက်ပါ ဒီအတွက် လုပ်ရသွားရမှာဆိုတော့ ဘယ်နား ရတော့မလဲ"

"လခကလည်း မက်လောက်အောင် ပေးထားတာကိုးဟယ်၊ မနက်ပိုင်း ခဏပါပဲ"

"ရိုးရော ရိုးရဲ့လားဟာ၊ ဒီဘဲကြီးက နင့်ကိုများ တွေ့ချင်လို့ တစ်ပတ်တစ်ခါ ခေါ်ဆုံနေတာလား"

"အောင်မယ်လေး ... ဒီပုပ်စပ်ကြီးနဲ့ မရိုးစရာလား၊ မပြောစမ်းပါနဲ့ဟာ၊ ဒီလူကြီး ကြည့်ရတာလည်း ဒီလိုသာယာနာပျော်ဖွယ်တွေ လိုက်စားတတ်တဲ့လူကြီး မဟုတ်ပါဘူး၊ သူများကို ဗိုလ်ကျဖို့လောက်ပဲ ခေါင်းထဲရှိပုံပါ"

"ညနေကျရင် ရုပ်ရှင်ကြည့်မလား"

"ကြည့်မယ်လေ ... ဘာကားလဲ"





"ရုံတင်နေတဲ့ကား ... ဂျက်ကီချန်းလေ"

"ကြည့်မှာပေါ့ ... နင်တောင် နည်းနည်း သာယာနာပျော်ဖွယ် ဖြစ်လာပြီပဲ၊ နင့် ဘော်ဒါ ကဗျာဆရာ တေးရေးဆရာတွေနဲ့ ဒီနေ့ မတွေ့တော့ဘူးလား"

"စနေ တနင်္ဂနွေတွေကို လမ်းရှင်းထားတယ်လေ"

ငွေက ဂုဏ်ကို ချစ်စနိုး မျက်စောင်း ရွယ်မိကာ ...

"ကျန်တဲ့ Week days တွေမှာ နေချင်သလို နေလို့ရအောင် ဒီရက်လေးတွေနဲ့ နှစ်သိမ့်မှု ပေးထားမှာပေါ့လေ၊ ဟွန်း ... နင့်ဘော်ဒါတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ထိုင်၊ ဘီယာဆိုင်ထိုင်ထိုင် ငါ မပြောပါဘူးဟာ၊ ညဥ့်သိပ်နက်ပြီး အပြန်မီးချုပ်တတ်တာသာ နင့်မှာ အကျင့်ကြီးပါမှာ စိုးလို့သာ၊ နောင်ကျ ဒီအကျင့်ကြီး ငါ ပြန်ပြင်မရမှာကြောက်လို့ပါနော်"

"ငါ မဟုတ်တာ မကောင်းတာ ဘာမှ မလုပ်ပါဘူး ငွေရယ်၊ ငါနင့်ကို သိပ်ချစ်တာပါ၊ နင့်မျက်နှာကို အမြဲမြင်ယောင်တယ်၊ အဲဒီတော့ နင် မကြိုက်တာမျိုး မလုပ်ဖြစ်တော့ဘူးပေါ့"

"ဒီအပြောလေးလောက်နဲ့ပဲ ကျေနပ်နှစ်သိမ့်ရမှာပေါ့လေ၊ ကဲ ... ငါ သွားရတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း သွားမယ်၊ မြို့ထဲမှာ ဂစ်တာကြီး ဝယ်စရာရှိတယ်၊ ပြီးရင် လက်မှတ်ပါ ကြိုဝယ်ခဲ့မယ်၊ နှင် ဘာစားဦးမလဲ၊ ဘာဝယ်ခဲ့ရမလဲ"

"ဖီဇာ"

"အေး ... ဝယ်ခဲ့မယ်၊ တခြားကော"

"အောင်မာ ... နှင် မောနေတယ်ပေါ့လေ၊ ဘာတွေထောနေလဲ"

"ထောတာ မဟုတ်ပါဘူးဟာ၊ နှင်က ငါ့ကို ဖိနပ်တစ်ရံနောက်ဆုံး ဝယ်ပေးထားတယ်လေ၊ ခု ငါလည်း ပိုက်ဆံရှိတုန်းလေး ..."

"ဒါဖြင့် အက်ဖ်အမ်အိုင်ထဲ ဝင်ပြီး ငါဝယ်နေကျ မမိ ဆိုင် သိတယ် မဟုတ်လား၊ မမိ ဆိုင်မှာ ငွေ သိမ်းခိုင်းထားတဲ့ လည်သာအိတ်အဖြူရောင်ကလေးလို့ မေးလိုက်၊ ထုတ်ပေးလိမ့်မယ်၊ အဲဒါ ဝယ်ပေးလိုက်ပေါ့"

"အိုကေ"

"အောင်မာ ... ဘယ်လောက်လဲ သိလို့လား"

"ဘယ်လောက်လဲ"

"သုံးသောင်း၊ တစ်သောင်းပဲ လျှော့မှာတဲ့"





ငွေက ဂုဏ့်ကို မယုံသလိုလေးကြည့်ရင်း အကဲခတ်နေပါသည်။ ဂုဏ်ကတော့ သွက်သွက်လက်လက် ရွှင်ရွှင်ပျပျနှင့်ပင် ...

"ရတယ် ... ဝယ်ပေးမယ်"

ငွေသည် သူ့ရသောလခနှင့် သူ့ဟာသူ ချာလပတ်လည်နေတတ်တဲ့ ဂုဏ့်ကို တအံ့တသြ ဖြစ်ရရင်း ...

"ဟုတ်ပါတယ် ... နှင် ထောနေတယ်၊ နှင် ဘာထောနေလဲ ပြောစမ်း၊ ရုတ်တရက် ငွေရတယ် ဆိုရင်တော့ ပွဲစားထ၊ လုပ်လို့ ပွဲခရတာပဲ ရှိမှာ"

"မဟုတ်ပါဘူးဟာ နှင်ကလည်း ... မေမေ မုန့်ဖိုးပေးလို့ပါ"

"သြော် ... အေး၊ ဒါဖြင့် ပြီးတာပဲ၊ နောင်လည်း ဒီလိုသိတတ်ပါနော်၊ နှင့်အမေ မုန့်ဖိုးပေးတိုင်း ငါ့ကိုမမေ့နဲ့ ... ဒါပဲ"

ဂုဏ်က ရှုံ့မဲ့ပြပြီး ထွက်သွားပါသည်။ ဂုဏ်ရဲ့ဖေဖေနှင့် မေမေဟာ ဂုဏ် ရှစ်နှစ်သားကတည်းက ကွဲကွာနေကြပါသည်။ ဂုဏ့်ဖေဖေကလည်း နောက်တော့ နောက်အိမ်ထောင် အသစ်ပြု၊ ဂုဏ့်မေမေကလည်း မကြာခင် အိမ်ထောင်သစ်ထူ။ ထိုအိမ်ထောင်သစ် ကိုယ်စီမှာ ကလေးသစ် မွေးကြ၊



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ့် ပထွေးလို့ ခေါ်ရမဲ့ အန်ကယ်ဦး ဟာလည်း သဘောကောင်း၍ ဂုဏ့်ကို ချစ်တဲ့ ပေးတဲ့ ကျတဲ့သူ။ ဂုဏ့်မိထွေး အန်တီသက်ဟာလည်း ဂုဏ့်အပေါ်ကောင်း၍ သားလိုချစ်ကာ အရိပ်တကြည့်ကြည့်ရှိတဲ့သူ။

ဂုဏ်ဟာ ဟိုအိမ်တက်ချွဲလိုက်၊ ဒီအိမ်တက်နွဲ့လိုက်။ ငွေတို့ဘေးခြံမှာ ဂုဏ့်ဖေဖေနှင့်သာ ဂုဏ်က အနေများသော်လည်း အမေနှင့်လည်း အဆက်တော့ မပြတ်ပါ။ အဖေနဲ့အမေ ကွဲကွာရလို့ ကံမကောင်းတာလေးကလွဲလျှင် ဂုဏ့်ဘဝဟာ မိထွေး၊ ပထွေး, ရလို့ အားငယ်ဖို့မရှိ။ သူတို့ကြောင့်ပင် ပိုစားသာနေပါသေးသည်။

ငွေတို့က ဂုဏ့်မေမေမိသားစုနှင့် သိပ်မရင်းနှီးပေ။ မရင်းနှီးဆို ဆုံကို မဆုံဖူးတာပါ။ ဘေးခြံကို ဂုဏ်တို့ ပြောင်းလာတော့ ဂုဏ့်ဖေဖေရဲ့အမေ ဂုဏ့်အဘွားရယ်၊ ဂုဏ့်အဖေရယ် ဂုဏ်ရယ်နှင့်အတူ အန်တီသက်က မိသားစုအဖြစ် ပါလာပြီးမို့ အန်တီသက်တို့နှင့်သာ ပိုရင်းနှီးပါသည်။ ဂုဏ့် ပထွေး အန်ကယ်ဦးဟာ အတော်ချမ်းသာ၍ ဂုဏ် မကြာခဏ မုန့်ဖိုးတောလောက်သာ သိရပါသည်။





ဒါကြောင့် မိဘတွေ ကွဲကွာနေပေမဲ့ ဂုဏ်ဟာ ကံဆိုးသူတစ်ယောက် မဟုတ်။ ဂုဏ်ထွက်သွားသည်နှင့် ငွေလည်း အင်္ဂလိကာ ရွှေဂုံတိုင်က ရွှေအင်းဝရုံးခန်းကို ကားနှင့်ထွက်လာခဲ့ပါသည်။

ရွှေအင်းဝရုံးခန်းကို ရောက်လျှင် ရုံးတက်နေသူတွေ တွေ့ရ၍ အံ့အားသင့်ရသေးသည်၊ ဒီလူကြီးဟာ အတော်မညာ မထားနိုင်းတဲ့ လူကြီးပဲ။ ကြည့်ရတာ လခတွေလည်း အတော် ကျေနပ်အောင် ပေးပုံရပါသည်။

"ဦးဘိုမင်းထွဋ်နဲ့ တွေ့ချင်လို့ပါ"

"ချိန်းထားလား မသိဘူး"

"ဟုတ်ကဲ့ ... သူခေါ်ထားတာ"

"ဘယ်သူပါလဲ"

"ကျွန်မ ခင်ငွေခက်ပါ"

သွားအကြောင်းကြားပေးပြီးသောအခါ ဦးဘိုမင်းထွဋ် ရုံးခန်းကို ဝင်ခွင့်ရပါသည်။ အရင်တစ်ခါ အင်တာဗျူး လာဖြေရစဉ်ကအခန်း မဟုတ်။ နောက်ထပ် သီးသန့်ရုံးခန်းတစ်ခန်း ဖြစ်သည်။ ထိုအခန်းတွင်လည်း ခန်းဆီးပြာများမှလွဲ၍ တစ်ခန်းလုံး ပြာမနေပါ။



www.burmeseclassic.com

"လာ … ထိုင်"

ငွေက ရှည်ရှည်ဝေးဝေး မပြောဘဲ Reportရေးထားတဲ့ ဖိုင်ကို သူ့ရှေ့ ချပေးလိုက်ပါသည်။ သူကလည်း ထုံးစံအတိုင်း အလုပ်ရှုပ်နေသောရုပ်နှင့် ဘာမှ အမိုမမေးဘဲ ဖိုင်ကိုဖွင့်ဖတ်သည်။

တနလ်ာ၊ အင်္ဂါ စသဖြင့် အကန့်ချကာ လိုရင်းတိုရှင်း ရေးထားသည့် Reportမှာ A4နှစ်မျက်နှာပင် မပြည့်ပါ။ သူသည် သုံးရက်စာမျှ ဖတ်ပြီးလျှင် မျက်မှောင်တပြည်းပြည်းကုတ်လာကာ ဖိုင်ထဲက စာရွက်ပေါ် လက်ဖမိုးနှင့် ဖြန်းခနဲ တစ်ချက်ရိုက်ရင်း …

"ဟာ … မင်း Reportက ဘာလဲ၊ ဘာကြီးလဲ၊ ဒါပဲလား၊ နံနက်ဆယ့်တစ်နာရီ မမီး ထမင်းစား။ ဆယ့်နှစ်နာရီ၊ ဦးဘိုမင်းထွန်း ထံမှ ဖုန်းလာ။ ဖုန်းချပြီး ဆေးသောက်။ နေ့လယ်နှစ်နာရီ အိပ်… ဟာ … ဒါတွေ ဘာလုပ်ဖို့လဲ။ ဒါ နေ့ကလေးထိန်းကျောင်းကို အစားအစာ ကျန်းမာရေးစစ်ဆေးရေး ဝင်နေတာ မဟုတ်ဘူး၊ တနလ်ာ ထိုနည်းလည်းကောင်း အင်္ဂါ ထိုနည်းလည်းကောင်း၊ ငါက ဒါတွေဘာလုပ်ဖို့လဲ"

ငွေသည် အအော်ခံရသည့် ကြားက ရယ်ချင်၍ မျက်လုံးပေကလတ်နှင့် …





"ဒီ … ကျွန်မက ဘာတွေ ရေးရမှာလဲ"

"ဟား …၊ ကျွတ် …"

သူက ဖိုင်ကိုပစ်ချကာ မတ်တတ်ထရပ်၍ ဟိုနှင့်ဒီ မှုက်စိနောက်လုအောင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပါသည်။

"ဗုဒ္ဓဟူးနေ့မှာ ဧည့်သည်လာတာ၊ ဖုန်းလာတာ၊ ကြာသပတေးမှာ (---)ရုပ်ပါမားကတ်က ကောင်တာဆိုင်တွေကို သွားတာတွေလည်း ပါတယ်လေ"

ငွေက အထွန့်တက်လိုက်ပါသေးသည်။

"ပါတာ ဘာလုပ်ရမှာလဲ"

"ကျွန်မလည်း မသိဘူးလေ၊ ဒါ နေ့စဉ် မမီး လှုပ်ရှားနေသမျှ အကုန်ပဲ"

"ဘယ်က ကုန်ရမှာလဲ၊ သူ တခြား ဘာမှ မလုပ်တော့ဘူးလား"

"ဘာမှမလုပ်ဘူး … ကုန်ပြီရှင့်၊ အိမ်သာဝင်တာလောက်ပဲ ထည့်မရေးထားတာ ရှိတာ"

"တောက် … မင်း ငါ့ကို စွဲ့နေတာလား"

ကုန်းအော်လိုက်၍ ငွေ ဆတ်ခနဲ ထရပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘိုမင်းထွန့် ... ကျွန်မကို ဒီလောက် ကုန်းအော်စရာ မရှိဘူး ထင်တယ်၊ ကျွန်မ အရင်ဆရာက ကျွန်မကို ဒီလို ဘီလူးကြီးလို တစ်ခါမှ မအော်ဟစ်ဘူး"

ဦးဘိုမင်းထွန့် မျက်နှာမှာ နီရဲကာ သူ့ကိုခံပက်နေသည့် ငွေ့ကို ဝါးစားတော့မလိုရုပ်ကြီး ဖြစ်လာပါသည်။

"ရှင်က မမီးနဲ့ ပတ်သက်တာတွေ ရေးခိုင်းလို့ ကျွန်မ နာရီနဲ့ အတိအကျ ရေးထားတာပဲ၊ ဒါ အကုန်ပဲဆိုတာ ကျွန်မက မြင်တဲ့သူဆိုတော့ သေချာတယ်၊ ဦးဘိုမင်းထွန့်က ဘာမှ မမြင်ရဘဲနဲ့ ဒါပဲလား ဆိုရင် ကျွန်မမှာ ပြောစရာ စကား မရှိတော့ဘူး၊ တခြားမှ ဘာမှ မရှိတော့ဘူးပဲ"

"မင်း ဖုန်းတွေအားလုံး ကိုင်လား"

"တချို့ ကိုင်ပါတယ်၊ တချို့ကိုလည်း မမီးက ဖြတ်ဆို ကောက်ကိုင်လိုက်တော့ ကျွန်မ မကိုင်လိုက်ရဘူး၊ ဒါပေမဲ့ ဖုန်းပြောရင်း ခေါ်ဝေါ်သုံးစွဲနေတဲ့ စကားအရ ဒါဟာ မန္တလေးနဲ့ အထက်မြန်မာပြည် ကိုယ်စားလှယ် ဦးမြင့်ဟန်၊ ဒါဟာ ပစ္စည်းယူတဲ့ ကုန်သည် ဒေါ်အေးအေးခိုင် စသည် ဖြင့် ကျွန်မ သိနေတယ်လေ၊ ဒါကိုလည်း ရေးထားတယ် လေ"





"ဖုန်းတိုင်း မင်း ကိုင်နေရမှာ၊ သူ ဆက်ချင်ရင်လည်း မင်းကတစ်ဆင့် ခေါ်ရမှာ"

"ဒါက မမီး အပေါ် မူတည်တယ်ရှင့်၊ ကျွန်မက ဖုန်းနား ထောင်ထူးဖို့ ခေါ်ပေးဖို့ အဲဒါရယ်ဒီပေမဲ့ မမီးက သူ့ဟာ သူ ကောက်ကိုင်၊ ကောက်ဆက်လိုက်ရင် ကျွန်မ ဘာတတ် နိုင်တဲ့ ကိစ္စမို့လဲ၊ လုလုပ်လို့ရတာမှ မဟုတ်တာ၊ မမီးက ဖုန်းလည်း ဆက်ခဲ့တယ်၊ ဖုန်းအလာလည်း နည်းပါတယ်၊ ကျွန်မတို့ ပလာဇာတွေမှာ ဖွင့်ထားတဲ့ ကောင်တာတွေဆီ သွားတယ်၊ တစ်ပတ်တစ်ရက်ပဲ၊ ကြာသပတေးနေ့၊ ဒီအပြင် တော့ မမီးက စားပွဲထိုင်ပြီး အလုပ်လုပ်ရင်လုပ်၊ သီချင်းကို ဒစ်စ်မဲင်နဲ့ နားထောင်ရင် ထောင်နေတာပဲ၊ မနက် ကျွန်မ ရုံးရောက်တာကနေ ညနေရုံးဆင်း လေးနာရီခွဲအထိအတွင်း မမီး လုပ်သမျှ ရေးတာပဲ ...

ထူးပြီး ရေးစရာမရှိတော့ ရှင်ဟာ မမီးကို ဂရုစိုက် ညွှန်ကြားတာတဲ့သူမှန်းလည်း သိလို့ ဇယားအတိအကျ အစားစား ဆေးသောက်ကြောင်းတွေပါ ထည့်ရေးထားတယ်။ ဒီထက် ရေးစရာမရှိတော့တာကို ဦးဘိုမင်းထွန့် မကျေနပ် ရင် ကျွန်မက ဘာတွေလုပ်ကြံ ဖြည့်စွက်ဖြီးဖြန်းရေးပေး ရမှာလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



တရှည်တလျား ရန်စွာနေတဲ့ ငွေ့ကို ဦးဘိုမင်းထွင့်က မျက်လုံးကြီးပြူးပြီး မယုံကြည်နိုင်တဲ့အလား ကြည့်နေသည်။ သူ့ကို လူတကာဖိန့်ဖိန့်တုန်နေတဲ့ အခြေအနေကြီးထဲမှာ အင်မတန်ခံပက်ရန်စွာတဲ့ သူတစ်ယောက်ကို မြင်လိုက် ကြုံလိုက်ရတာကို အငိုက်မိနေပုံပင်။

"ဒါတွေ အားလုံး ငါသိတယ်၊ သိတာတွေချည်းပဲ"

"သိတာတွေချည်းပဲဆို ဦးဘိုမင်းထွင့် မသိတာ မမီးဘာမှ အထူးအထွေလုပ်တာ မရှိလို့ပေါ့၊ ဦးဘိုမင်းထွင့်က ဘာတွေကိုများ Reportထဲ ပါလာမယ်လို့ မျှော်လင့်ထားလို့ပါလဲ"

ဦးဘိုမင်းထွင့် မပြောနိုင်ဘဲ ငွေ့ကိုသာ ဆိုးရွားတဲ့ အကြည့်ကြီးနှင့် စိုက်ကြည့်နေသည်။ ငွေသည် ခေါင်းထဲတစ်ချက်လက်ခနဲ ဖြစ်ကာ ...

"ဩော် ..."

"ဘာ ဩော်လဲ"

"ကျွန်မ ရိပ်မိပြီ၊ ဦးဘိုမင်းထွင့် စိတ်ထဲမှာ မမီးဟာ ဦးဘိုမင်းထွင့် မသိစေချင်တာ တစ်ခုခုကို တိုက်တိတ်ခိုးပြီး လုပ်နေတယ်လို့ သံသယ ရှိနေမယ် ဖြစ်ရမယ်၊ လျှို့ဝှက်





ချက် တစ်ခုခု ရှိကိုရှိတယ်လို့ ယုံကြည်ထားပုံ ရတယ်၊ ဒါကြောင့် ယေဘူယျဆန်တဲ့ ဒီ Reportကို မကျေနပ်တာပဲ၊ ဒါပဲရှိတယ်"

ဦးဘိုမင်းထွင့်က စားပွဲကို သူ့လက်ဝါးကြီးဖြင့် ဖြန်းခနဲ ပုတ်ကာ ...

"ဒါပဲ ... မင်းက မပေးပါဘူး၊ မင်း ပါးနပ်တယ်ဆိုတာ မင်းရုပ်ကို မြင်ကတည်းက ငါသိပါတယ်"

"ဒါပေမဲ့ မမီးက ဒီယေဘူယျ Reportထဲကလိုပဲ ယေဘူယျတွေပဲ လုပ်နေတယ်၊ ထူးခြားတာ၊ လျှို့ဝှက်တာ ဘာတစ်ခုမှ လုပ်မနေဘူး၊ ဒါ ကျွန်မ အမြင်ပဲ"

"မင်းက သူ့ကို အချိန်ပြည့် မမြင်ပါဘူး၊ တစ်ရက်မှာ နှစ်ဆယ့်လေးနာရီ မမြင်ပါဘူး"

"ဘုရား ... ဘုရား ... ကျွန်မက တစ်ရက်မှာ နှစ်ဆယ့်လေးနာရီများ အလုပ်ဆင်းနေရမှာလား"

"ဒီလောက် မလိုဘူး၊ မင်း ဒီထက်ပါးနပ်ရင် ဖြစ်တယ်"

ငွေသည် သက်ပြင်းမောမောကြီး ချလိုက်မိကာ ...

"ကျွန်မ ဒီလောက်ပဲ ပါးနပ်တယ်၊ ဒီလောက်ပါးနပ်မှုဟာ ဦးဘိုမင်းထွင့် ပေးထားတဲ့လစာနဲ့ မတန်ဘူးထင်ရင် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဖို့ပဲ ရှိတယ်၊ ကျွန်မ သွားတိုက်ဆေးဘူး မဟုတ်ဘူး။ ဒီထက်ညှစ်ထုတ်လို့ မရနိုင်တော့ဘူး"

ညိုပုပ်နေသည့် သူ့မျက်နှာကြီးဟာ ငွေ့ စကားကြောင့် ပြုံးမိတော့မယောင် ဖြစ်သွားရပါသည်။

"မင်း အလုပ်မထွက်ရပါဘူး၊ မင်းက မဟာတ်ခံတဲ့စိတ်၊ မှန်ကန်မှုကို လိုလားတဲ့စိတ် ရှိတယ်၊ ဒါကို ငါကြိုက်တယ်၊ ငါ့ကိုတောင် ဒီလောက် တန်ပြန်အထွန့်တက်ရဲနေတာ၊ မီးမီးကိုဆိုလည်း မင်း မှန်တယ်ထင်ရာ ပြောရဲတဲ့သတ္တိ ရှိမှာသေချာတယ်၊ ဒီအရည်အချင်းကို ငါ လက်မလွှတ်နိုင်ဘူး"

ခံပက်မိတာ မှန်သလိုပင် ဖြစ်နေရပြန်ပြီ။ ငွေသည် စိတ်ပျက်လက်ပျက်နှင့် ဦးဘိုမင်းထွဋ်ကို ကြည့်နေမိသည်။ မမီးကို အလွန်ချစ် အလွန်စွက်ဖက် အလွန်ခြယ်လှယ် အလွန်တို့ဘွား တဲ့လူစား ထင်ပါရဲ့။ ကြည့်ရတာ သူ့စကားတွေ ဆက်စပ်ကြည့်ရင် မမီး သူ့ကို သစ္စာဖောက်နေတဲ့ လုပ်ရပ်မျိုးတစ်ခုခုကို သူ သံသယဝင်ထားပုံပင်။

အလုပ်ခန့်စဉ်က မဆီမဆိုင် မေးမြန်းခဲ့တဲ့ အချစ်တို့ သစ္စာရှိမရှိတို့ စတဲ့ ကိစ္စတွေဟာ လက်စသတ်တော့ ဒီကို





ဦးတည်နေတာယ် ထင်တယ်။ သူလိုမျိုး သူဌေးကြီး ဖြစ်တာတစ်ခု ကလွဲပြီး မမီးနှင့် ယှဉ်လျှင် လူကြမ်းကြီးလို ဖြစ်နေတဲ့ လေးဆယ့်တစ်နှစ် (မမီးထက် ဆယ်နှစ်တိတိကြီးတာ သိရပြီးပေပြီ) လူတစ်ယောက်ကို အသက်အစိတ်တောင် မထင်ရလောက်တဲ့ ချစ်စဖွယ် နုနယ်သေးကွေး မမီးလေးက သစ္စာဖောက်တော့မှာပဲလို့ သံသယတွေ ဝင်နေသည် ဆိုရင်လည်း ကြဖန်သံသယဝင်တယ် ဆိုလို့ မရပါ။

ဝင်လောက်တယ်လေ။ ဒီလူကြီးဟာ မေတ္တာရှိစရာမှ မကောင်းဘဲ။ မမီး ဘဝကို စွက်စွက်ဖက်ဖက် ဝင်စိုလ်ကျအနိုင်ကျင့်နေတာကို အပေါ်ယံအနေအထားနှင့်ပင် မြင်သာနေတာပဲ။ အတွင်းကျကျက ဘာတွေရှိသေးသည် မသိ။ သူ့ကို မမီး စိတ်ပျက်လျှင် မမီး အလွန်မှ မဟုတ်တာ။

သို့ပေမဲ့ သဘောတရား သီအိုရီအရကတော့ သစ္စာဖောက်တာ မကောင်းဘူးပေါ့လေ။ အစကြီးကတည်းက ဒီလူကြီးရဲ့ အချစ်ကို လက်သင့်ခံခဲ့ဖို့ကို မကောင်းတာ။ စေ့စပ်တဲ့အထိ ကျွံခဲ့ပြီးဖို့ကို မကောင်းတာ။

ဒါပေမဲ့လည်း မမီးဟာ အခု သူ့ကို သစ္စာဖောက်နေတယ်လို့ ငွေလည်း အတိအကျ သိရတဲ့သူ မဟုတ်၊ ဦးဘိုမင်း



www.burmeseclassic.com

www.burmeseclassic.com



ထွင့်လည်းပဲ တစ်ထစ်ချ ပြောနိုင်ပုံတော့ မရသေးပါ။ ပြောနိုင်ရင် ပြောချလိုက်မှာပေါ့။ ဒီလိုလူကြီးက ဟဲ့။ အခု မရေမရာမို့သာ သေချာအောင် မမီး အကြောင်းတွေ ခရေစေ့တွင်းကျ သိလိုနေတာ။

သူ သိချင်တာ မသိရတာနဲ့ပဲ လူကို အော်လားဟစ်လားနဲ့။ ကိုယ့်မျက်စိအောက် ဘာမှ ဖြစ်နေတာ မဟုတ်ဘဲနဲ့ ဘယ်သူက သိမှာတဲ့လဲ။ တကယ် ဟုတ်နေတော့ကော မမီးဟာ လူတကာရှေ့မှာ ပေါ်ပေါ်တင်တင် ဗြောင်တွဲခုတ်နေပါ့မလား။ ကျိတ်ပြီး လျှို့ဝှက်လှုပ်ရှားနေတဲ့ ကိစ္စမျိုးကို ဘယ်သူက လိုက်သိနေနိုင်ပါ့မလဲ။

"မင်း ဘာတွေ စဉ်းစားနေတာလဲ"

"မမီး ဆီမှာ ဘာမှ မသင်္ကာစရာ မမြင်ဘူး"

ဦးဘိုမင်းထွင့်က သက်ပြင်းချကာ သူ့ခုံမှာ ပြန်ထိုင်လိုက်၍ ငွေကလည်း ကိုယ့်ခုံမှာ ကိုယ်ပြန်ဝင်ထိုင်လိုက်ပါသည်။ ဦးဘိုမင်းထွင့် မျက်နှာမှာ ခုနက တင်းထန်ပုပ်ပွပုံကြီး မရှိတော့ဘဲ အတော်လေး ပြေပြစ်လျော့ကျသွားပြီးလျှင် ...

"အင်းလေ ...၊ ငါ မျှော်လင့်ထားတာမျိုးတွေ မဟုတ်ဘဲ မင်းက ထမင်းစားရေသောက်တွေ လျှောက်ရေးထားတာပဲ ဆိုပြီး ရုတ်တရက် ငါ ဒေါပွမိတာ မှားသွားတယ်"





"ကျွန်မ အလုပ်ဝင်ရတာ တစ်ပတ်ပဲ ရှိသေးတယ်ရှင့်၊ ဦးဘိုမင်းထွင့် ဒါကို ထည့်စဉ်းစားပါဦး၊ မမီးက တကယ်ပဲ ရှင် သံသယဖြစ်သလို ဖြစ်နေဦး၊ သူ့ဝန်ထမ်းသစ် ကျွန်မ ရှေ့မှောက်မှာ ခြေလှမ်းပျက်ပါ့မလား၊ ဒီကိစ္စမျိုး တကယ်ပဲ သူ့မှာ ရှိနေရင် သူ တကယ်ပဲ လျှို့ဝှက်လုပ်ကိုင်မှာပေါ့"

"မှန်ပါတယ်၊ လျှို့ဝှက်လုပ်ကိုင်နေတာတော့ အမှန်ပဲ၊ သူ့ကို ငါ အသိဆုံးပဲ၊ သူ့မျက်နှာပေးကို အကဲခတ်လိုက်ရင် သူ ဘာဖြစ်နေတယ် ဆိုတာ ငါသိပါတယ်၊ ငါက သူ မွေးကတည်းက သူ့ကို ချီလာတဲ့ကောင်ပါ"

ထဲထဲဝင်ဝင် ရင်းနှီးပတ်သက်မှုကတော့ ဘယ်စုံတွဲကယောက်ျားမှ သူ့လောက် စောစောပတ်သက်ခဲ့ရမှာ မဟုတ်။ မွေးကတည်းက ချီလာတာ ဆိုတော့ ပြီးနေပြီလေ။

"သူ့မျက်နှာ ကြည့်လိုက်တာနဲ့ ဒီနေ့ သူတို့အိမ်မှာ ဘာဟင်းချက်တယ် ဆိုတာတောင် သိတယ်"

"ဟင် ... ဒါတော့ တဆိတ် ပိုလွန်းပါတယ်"

"မပိုဘူး၊ သူ ဘယ်ဟင်းကို အကြိုက်ဆုံး၊ ဘယ်ဟင်းကို အတော်ကြိုက်တယ်၊ ဘယ်ဟင်းကို မကြိုက်တကြိုက်၊ ဘယ်ဟင်းကို မကြိုက်ဘူး၊ လုံးဝမကြိုက်ဆုံး၊ ဒါတွေအဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် သိထားတော့ သူ့မျက်နှာထား အနေအရင့် အတိမ်အနက်ကို လိုက်ပြီး ငါမှန်းလို့ရတယ်"

"ထားပါတော့"

ငွေက စိတ်မရှည်လှ၍ အမြန်ကိုစွဖြတ်လိုက်သည်။

"ဒီတော့ သူ့မှာ နှလုံးသားကိစ္စနဲ့ ပတ်သက်ပြီး မရိုးသားမှု တစ်ခုခု ရှိနေတာကို ငါ ခိုင်ခိုင်လုံလုံ သိနေတယ်၊ ဒါပေမဲ့ ဒါကိုစုံစမ်းဖို့ ဖော်ထုတ်ဖို့လည်း ငါ့မှာ အချိန်မရှိဘူး၊ အဲဒါကို သိချင်တယ်၊ သူ တစ်ချိန်ချိန်မှာ တစ်နည်းနည်းနဲ့တော့ လှုပ်ရှားလာမှာပဲ"

ငွေက သက်ပြင်းကြီးတစ်ချက် ချကာ ...

"ဒီတော့ ကျွန်မက စုံထောက်ကြီး ဖြစ်ရဦးမှာပေါ့၊ အသြစရာပဲ၊ ကျွန်မ ဘယ်လိုအလုပ်တစ်ခုကို လက်ခံထားမိပြီလည်း မသိဘူး"

ဦးဘိုမင်းထွင်က ငွေ့ကို မျက်နှာချိုသွေးသလို သူ့မျက်နှာပုပ်ပုပ်ကြီးကို တစ်ချက်ပြုံးလိုက်ပြီး ...

"မိုးမိုး နားမှာ မင်းလို မိန်းကလေးတစ်ယောက် ရှိနေတာကိုလည်း ငါ သိပ်စိတ်ချတယ်၊ အလုပ်ကို စိတ်မပျက်ပါနဲ့"





"ဒါပေမဲ့ ... ကျွန်မ ဒီ Reportမျိုးကြီးတွေ နောက်အပတ်တွေမှာ မရေးချင်တော့ဘူး၊ တကယ်တမ်း အရေးပါတဲ့ အကြောင်းအရာ ရှိလာရင်လည်း ဒီလိုကြီး စာရေးတင်ရတာထက် ပါးစပ်က ပြောပြရတာက ပိုပြီး လိုရင်းရောက်ပါတယ်၊ ကျွန်မက စာရေးလည်း ကောင်းတာမဟုတ်ဘူး၊ ဒီမနက် ဒါကြီးရေးဖို့ကို ကျွန်မ အတော်ဦးနှောက်ပူသွားတယ်"

"ကောင်းပြီ ... ကောင်းပြီ၊ မရေးချင် မရေးနဲ့။ တနင်္ဂနွေနေ့တိုင်းတော့ ငါ့ဆီ လာဆက်သွယ် တွေ့ဆုံပေါ့၊ ပြောစရာရှိတာ ပြောပေါ့"

"ဖုန်းမဲဆက်လိုက်လို့ မရဘူးလား"

"မလာနိုင်တဲ့အခါကျတော့လည်း ဆက်ပေါ့လေ၊ မင်းကို ငါက မင်းတောင်းတဲ့ လစာထက် သုံးဆောင်းပိုပေးထားတယ်လေ၊ တနင်္ဂနွေတစ်ရက် မင်း ဒီလိုသတင်းပို့ဖို့အတွက် ခုနစ်ထောင့်ငါးရာ ပေးထားတဲ့ သဘောပဲ၊ ဒီတော့ အလုပ်တာဝန်ပိုင်းကလေးနဲ့ တူအောင်တော့ ဆောင်ရွက်ဖို့လိုတယ်"

ငွေက သူ့စကားကြောင့် အောင့်သက်သက် ရှိမဲမိပါသည်။ သူ့ကို ဒီလိုတစ်ခါလာတွေ့လို့ ခုနစ်ထောင့်ငါးရာရတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါ့လေ။ တကယ်တော့ ခုနစ်ထောင့်ငါးရာဖိုး လာပြီး အောက်ကျနောက်ကျ အဆူအကြိမ်း ခံရ၊ ခွတီးခွကျစကားတွေကို နားသည်းညည်းခံရတဲ့ သဘောပဲ။

ဒါပေမဲ့လည်း တစ်နာရီလောက် စိတ်ရှုပ်ခံပြီး ခုနစ်ထောင့်ငါးရာလို့ တွက်ရရင်တော့လည်း မနည်းပါဘူးလေ။ ဒီလိုလာလုပ်ချင်တဲ့သူတွေ တန်းစီထွက်လာမှာပါ။ အင်း ... ဒါကြောင့်လည်း ဂုဏ်က သူ့ကို ဒေါ်ငွေမက်လို့ ခေါ်ချင်တာ။ ခေါ်ချင်လည်းခေါ်။ တစ်ပတ်ကို Bonus ခုနစ်ထောင့်ငါးရာရတဲ့ အလုပ်က တခြားရှိတာမှ မဟုတ်ဘဲ။

ပြီးတော့ ကိုယ်ချည်း ငြိမ်ကာငုံ့ခံရတာလည်း မဟုတ်ပါ။ ကိုယ်လည်း ခံပြောလို့ ရတာပဲ။ ကုသိုလ်ကံ ဖေးမနေတာတစ်ခုက ခုလို ခံပက်နေလို့လည်း ဦးဘိုမင်းထွဋ်က အလုပ်ဖြုတ်မပစ်တဲ့အပြင် သူ့အပေါ် စွက်စွက်ဖက်ဖက် ဆရာဝင်ဝင်လုပ်နေတဲ့အတွက်လည်း မမီးက အလုပ်မဖြုတ်ချင်တာပင်။

မမီးဆို သူ့နားတွင် ငွေ့လို စကားများများ ဝင်ပါပေါ်သောလောဂျမ်းတောမ, တစ်ယောက် ရောက်ရှိလာတာကိုပင် အတော်ပျော်ရွှင် ဆန်းသစ်ပြီး အားတက်နေသေးတာ။





၃

မမီး တစ်ယောက် ကားမောင်းနေရင်း ဗိုက်ကိုတစ်ချက်အုပ်ကိုင်ကာ "ဗိုက်အောင့်တယ်တော့" လို့ ညည်းညူသလိုလေး တစ်ချက်ပြောလိုက်စဉ်က ငွေဟာ ဘာလုပ်ပေးဖို့ လိုသလဲ ရရဲ့လား ဆိုတဲ့ မျက်ဝန်းနှင့် သူ့ဘက်လှည့် အကဲခတ်လိုက်မိရုံမျှခဲ့သည်။

အဲဒီနောက် မမီးကလည်း ဟန်မပျက် ကားဆက်မောင်းနေ၍ ငွေကလည်း အလိုက်သင့်ပဲ နှုတ်ဆိတ်နေလိုက်သည်။ တစ်နေရာရောက်လျှင်တော့ မမီးသည် "ကျွတ် ... ကျွတ်" ဟု ညည်းကာ ကားကို အရှိန်လျှော့ ခါးလေးပါ ကုန်းကုန်းလေး လုပ်နေ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မမီး ... ဗိုက်သိပ်အောင့်လို့လား"

"အင်း ... ဗိုက်အောင့်တယ်"

"ကျွန်မ ကားမောင်းလိုက်မယ်လေ၊ မမီး ဘေးက သက်သက်သာသာ လိုက်ပေါ့"

"အင်း ... ရပါသေးတယ်"

မမီးက ကားကို ဆက်မောင်းနေသည်။ ဒီ ဒေါ်မီးမီးဟာ အင်မတန် အားနာထောက်ထားတတ်တဲ့သူ ဖြစ်ကြောင်းကို ငွေက အချိန်တစ်လလောက်မှာပင် အသေအချာ သိနေပါပြီ။ ဦးဘိုမင်းထွဋ်ကို အားနာတာ ထောက်ထားတာ ငုံ့ခံတာတွေတော့ ပြောမနေနဲ့တော့။ တခြားလူသူစိမ်းတွေ အလုပ်သဘောအရ ဆက်ဆံရသူတွေကိုပင် မမီးဟာ အားနာနေတတ်သူ ဖြစ်သည်။

အားနာတတ်တာဟာ အရှုံးပဲ။ အားမနာထိုက်တဲ့နေရာမှာ အားမနာရဘူးလို့ ငွေက ယူဆသည်။ ကိုယ့်ကို ပြန်အားမနာတတ်တဲ့သူဆိုရင် ကိုယ်က ဘာကြောင့် အားနာနေရမှာလဲ။

ခဏနေလျှင် ဒေါ်မီးမီးသည် နဖူးစပ်မှာ ချွေးစေးတွေ စွတ်စို၍ ချွေးသီးပင် ထ,လာကာ ထိုချွေးသီးများက နားထင်မှပင် စီးကျလာသည်။ ဖြူသောအသားဟာ ပိုဖျော့လာသလောက် ထင်ရကာ ...





"အား ... ဗိုက်အရမ်းအောင့်လာပြီ ခင်ငွေခက်ရေ"

"ရပ် ... ရပ် ... မမီး ကားရပ်လိုက်လေ၊ ဒီဘက်ရွှေ့ထိုင်လိုက်၊ ကျွန်မ ကားမောင်းလိုက်မယ်"

မမီးက ကားကို လမ်းဘေးကပ်ရပ်လိုက်ပါသည်။ ငွေက ကားတံခါးဖွင့်ဆင်းကာ မမီး ဘက်က တံခါးဖွင့်ပေး၊ အပြင်တွဲထုတ်၊ ဘေးနေရာကို သက်သောင့်သက်သာ ဝင်ထိုင်နိုင်ဖို့ ရွှေ့ပေးလိုက်ပြီးမှ မောင်းသူနေရာတွင် ဝင်ထိုင်လိုက်ပါသည်။

"ဆေးခန်းတစ်ခု သွားလိုက်မယ် မမီး"

"ဟင့်အင်း ... အိမ်ပြန်လိုက်မယ်"

"အို ... ဘယ်ဖြစ်မလဲ၊ ဒီလောက် အောင့်နေတာ"

"မဟုတ်ဘူး၊ တို့ ပြနေကျ ဖစ်ဆစ်ရှင် ဦး(----)က ဒီအချိန် ဆေးခန်းမရှိဘူး၊ သူ့ကို ညနေမှ ပြလို့ရမယ်၊ တို့ ကျန်းမာရေးအားလုံး အဲဒီ ဦး(----)နဲ့ပဲ ပြရမယ်လို့ ကိုဘို စီစဉ်ထားတယ်"

"ဟာ ... သူ စီစဉ်တာတော့ စီစဉ်တာပေါ့ မမီးရဲ့၊ ဒါပေမဲ့ အဲဒီဆရာဝန် မရှိတုန်း ကိုယ် တစ်ခုခု အသည်းအသန်ဆိုရင်ပဲ ဆေးမကုရတော့ဘူးလား၊ မဟုတ်တာ"

"ကိုဘို ပြောတာလည်း ဟုတ်ပါတယ်၊ တခြားတစ်ယောက် ဖောက်ပြရင် သူပေးထားတဲ့ ဆေးတွေနဲ့ မတူတာတွေ"



www.burmeseclassic.com

www.burmeseclassic.com



ရင် ဆေးတွေရောပြီး ရှပ်ယှက်ကုန်မယ်တဲ့၊ တို့က ဓါတ်စ်ထရစ်ရှိလို့ အောင့်တာပါ၊ အိမ်ပြန် ခရင်းမေးလ်အကာ်စ်လေး ဝါးပြီး နို့သောက်နားလိုက်ရင် ကောင်းသွားမယ်"

"တခြားတစ်ခု ဖြစ်နေရင်ကော မမီးရယ်"

"မဟုတ်ပါဘူး တို့ သိတယ်၊ အိမ်ပဲမောင်း ... အိမ်ပဲမောင်း"

"ကဲ ... ကဲ ... မမီး အိမ်ညွှန်နော်"

ဘေးကနေ မမီး ညွှန်တဲ့အတိုင်း မောင်းလာကာ မမီးရဲ့ အိမ်ခြံဝင်းကလေးဆီ ရောက်လာခဲ့ရပါတော့သည်။ ငွေက ကားဟွန်းတီးကာ လှမ်းခေါ်လိုက်ပြီး မမီးကို ကားပေါ်မှ တွဲချသည်။ အိမ်တံခါးကို မိန်းမတစ်ယောက် လာဖွင့်ကာ ...

"ဟင် ... မမီး ဘာဖြစ်လို့လဲ"

"ဗိုက်အောင့်လာလို့ရှင့်"

ငွေက အိမ်က အိမ်အကူ အိမ်ဖော်ပဲဖြစ်မှာ သိသာသော ထိုအမျိုးသမီး အကူအညီနှင့် မမီးကို အိမ်ထဲတွဲလာသည်။ မမီးရဲ့အိမ် တစ်ထပ်တိုက်လေးဟာ ပြားပြားဝပ်ဝပ် ကျယ်ကျယ်လွင့်လွင့်နှင့် ချစ်စဖွယ်။ မမီး အိပ်ခန်းအထိ မမီးကို တွဲလာဆဲတွင် ...

"အောင့်မှာပေါ့၊ မမီးက မနက်က ကွေကာအုပ်လည်း သောက်မသွားဘူးလေ"





အပြစ်တင်သံနှင့် ဖြေးဖြေး လေသံကြီးနှင့် ပြောရဲသော ထိုမိန်းမကို ငွေက တအံ့တဩ ငေးကြည့်မိသည်။ မမီးက ဘာမှ မပြောပေ။ အိပ်ခန်းထဲရောက်ကာ မမီးကို အိပ်ရာပေါ် လှဲတင်ပေးပြီးလျှင် ...

"ခုလို ဗိုက်အောင့်တာ မမီး ကွေကာအုပ်မသောက်တာ ဆရာသိရင် ကျွန်မတို့ပဲ အဆူခံရမှာ၊ စိတ်ညစ်ပါတယ်၊ မမီးက လစ်တာနဲ့ ထားခဲ့ပြီး ပြေးတော့တာပဲ၊ ဆရာက တော့ ဆူတော့မယ်၊ စိတ်ညစ်တယ်"

ငွေသည် ထိုမိန်းမကိုတစ်လှည့် မမီးကိုတစ်လှည့် ကြည့်မိသည်။ မမီးသည် မျက်လုံးလေးတွန့်၍ မျက်စိစုံမှိတ်ထားသည်။ ဝေဒနာ ခံစားနေရပါသည့် ဆိုမှ စိတ်ဆင်းရဲအောင် တဗြစ်ဗြစ် လုပ်နေသော ထိုမိန်းမကို ငွေက အချဉ်ပေါက်ကာ ...

"ဒီမှာ နို့ရှိလား"

"ရှိပါ"

"ဒါဖြင့် နို့ယူခဲ့ပေးပါ။ မမီး သောက်တဲ့ ခရင်းမေးလ်အကာ်စ် ဘယ်မှာထားလဲ"

"အကာ်စ်လား မအကာ်စ်လားတော့ မသိဘူး၊ ဆေးတွေက ဟောဟိုကော်ဘူးထဲမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြေပုံကို မကြိုက်နိုင်ဆဲ ထိုမိန်းမက ထွက်သွားပြီ။ ငွေသည် စားပွဲတစ်ခုပေါ်က ကော်ဘူးအဝါ ကြည်ကြည်လေးကို ဖွင့်ကာ ဆေးကိုရှာသည်။ ဆေးတွေ့လျှင် ...

"မမီး ... တစ်လုံးလား"

"နှစ်လုံးပေးပါ"

ငွေက ဆေးယူကာ အိပ်ရာနား ကပ်လာရင်း မအောင့်နိုင်သူပီပီ ...

"မမီး ... ခုနမိန်းမက ဘယ်သူလဲ"

"မတင့်"

"သူက !..."

"အိမ်ကပါ အလုပ်သမားပေါ့၊ သူ့လေသံက အဲဒီအတိုင်းပဲ။ ခေါင်းထဲထားမနေနဲ့ ငွေရယ်၊ ကိုဘို ထားပေးထားတဲ့ အိမ်ဖော်ပါ၊ ကိုဘိုတို့ အိမ်ကဟာတွေရဲ့ အမျိုးပေါ့၊ သူ ရှာပေးထားတာ၊ စောင့်ကြည့်ခိုင်းထားတာ"

"ဟင် ... အိမ်မှာလည်း သူ့လူနဲ့လား"

ငွေသည် မမီး အစား အတော် စိတ်ရှုပ်သွားပါသည်။ အိမ်မှာလည်းပဲ ဦးဘိုမင်းထွဋ် ထည့်ပေးထားတဲ့ အလုပ်သမားနှင့်။ အလုပ်သမားဟာ ဦးဘိုမင်းထွဋ် စကားကို မမီး မြေဝယ်မကျ နားထောင်ရမည်ဆိုတဲ့ရုပ် ဖမ်းထားကာ သူကလည်း ဦးဘိုမင်းထွဋ် လူမို့ ရေးကြီးခွင်ကျယ် နေရာယူနေပုံ ရသည်။





"အိမ်မှာ သူပဲ ရှိတာလား"

"တို့ ငယ်ငယ်ကတည်းက ထိန်းလာတဲ့ ဒေါ်မိုး ဆိုတာရှိသေးတယ်၊ ဒေါ်မိုးက အသက်ကြီးပြီပေါ့၊ နားလည်း နည်းနည်းလေးတယ်၊ အတင့်က သူ့ခြေသူ့လက်ပါပဲ၊ ဒေါ်မိုးကိုလည်း သြဇာပေးနေတာ"

"အိမ်သားတွေရော မမီး"

"ဘာအိမ်သားမှ မရှိဘူး၊ တို့ တစ်ယောက်ပဲ"

"ဟင်"

ငွေ အံ့အားသင့်ကာ မမီးကိုလည်း အားနာသနား သွားရပါသည်။ တစ်ယောက်တည်းတဲ့။ အဖေ အမေ ညီအစ်ကို မောင်နှမ မရှိ။ နားလေးတဲ့ အလုပ်သမား အဘွားကြီးတစ်ယောက်၊ သူ့ကို ခံအော်ရဲတဲ့ အလုပ်သမားတစ်ယောက်၊ နှစ်ယောက်ကို အဖော်ပြု နေနေရတဲ့ တစ်ကောင်ကြွက်တဲ့လား ...။

မမီးသည် ခရင်းမေးလ်အက်ဇ်ကို ဝါးစားရင်း စောင်းစောင်းလေး ခွေလှဲလျက်ပင် မျက်လုံးလေးဖွင့်လာကာ ...

"ဖေဖေရော မေမေရော တို့ ကိုးတန်းနှစ်ကတည်းက အက်ဆစ်ဒဲန့်နဲ့ ပြိုင်တူ ဆုံးသွားကြတာ ခင်ငွေခက်ရဲ့၊ အဲဒီတုန်းက ဘွားဘွား ရှိသေးတယ်လေ၊ ဘွားဘွား ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားတာက သုံးနှစ်ပဲ ရှိသေးတယ်၊ ဖေဖေတို့ မရှိကတည်းက တို့အိမ်ရဲ့ စီးပွားရေးကိစ္စကအစ ကိုဘို စီမံခန့်ခွဲကူညီလာတာ၊ စီးပွားရေးတင်မကပါဘူး၊ အရာရာပါပဲလေ၊ တို့ ကျူရှင်ဝိုင်းကိစ္စကအစ ဆယ်တန်းအောင်တော့ တို့ ဘာယူရမယ် ဆိုတာကအစ၊ အားလုံး အားလုံး အစစ အရာရာ ...”

အခန်းထဲကို မတင့် ပြန်ဝင်လာပါသည်။ ဇန်းထဲမှာ နွားနို့ဖန်ခွက်ရော ကွေကာအုပ်ပန်းကန်ပါ ပါလာသည်။

“ရော့ ... မမီး၊ နွားနို့လည်းသောက်၊ ကွေကာအုပ်ပါ ပြန်စား၊ ဒါမှ ဒီနေ့ ကွေကာအုပ် မစားဘူးဆိုတာ မဖြစ်မှာ”

“နွားနို့ပဲ သောက်တော့မယ်”

“အို ... မရပါဘူး၊ ကွေကာအုပ်ကမှ အဖတ်ပါတာ”

ငွေသည် မတင့်ကို အမြင်ကတ်ကာ ...

“လောလောဆယ် ဗိုက်အောင့်နေတာ၊ နွားနို့သောက်ရင်တော်ပြီလေ၊ ဗိုက်အောင့်နေတုန်း အများကြီး နှင်းကန်စားလို့ကောင်းတာမဟုတ်ဘူး”

“ကွေကာအုပ်က မနက်တိုင်း မစားမနေရ ဆရာ ပြောထားတာ”





“ရတယ် ... ဦးဘိုမင်းထွဋ်ကို ကျွန်မ ပြောနိုင်တယ်”

မတင့်က နှုတ်ခမ်းကိုမဲ့ကာ ...

“ရှင်က ဘယ်သူမို့လဲ၊ ဆရာ့ကို ပြောနိုင်ရအောင်၊ မမီးတောင်မှ ဆရာ့စကား အမြဲနားထောင်ရတာ”

ထိုစကားကို မမီးတော့ ဘယ်လိုနေသည် မသိ၊ ငွေကတော့ ကြားရတာ နားခါးသွားရပါသည်။

“ဒီလောက် ချွေးသီးချွေးပေါက်ကျအောင် ဗိုက်အောင့်နေတာ အစားတွေ နင်းသိပ်စားနေနိုင်ပါ့မလား၊ ဦးဘိုမင်းထွဋ်လာမှ ဘာပြောပြော၊ ရှင်က မမီး အိမ်က အလုပ်သမားမဟုတ်ဘူးလား၊ ပြန်ယူသွားလိုက်၊ နို့ကို ကျွန်မ တိုက်လိုက်မယ်”

ငွေက မမီးကို အနည်းငယ် ထူမ,ကာ နို့နှစ်ငုံ သုံးငုံမျှ ဝင်အောင်တိုက်လိုက်ပါသည်။ ဂက်စ်ထရစ်သမားတွေဟာ ဗိုက်အောင့်တုန်း အစားထည့်လိုက်လျှင်လည်း ဗိုက်ကထပ်အောင့်တတ်ပြန်တာ။ ဒီအချိန်ကြီးမှာ မတ်ခွက်တစ်လုံးစာ ကွေကာအုပ်တွေကို ဘယ်သူ ထင်သောက်ချင်မှာလဲ။

“ကွေကာအုပ်သောက်ရင် တို့ အမြဲ ပျို့တယ် ခင်ငွေခက်ရယ်၊ အဲဒါကြောင့် မသောက်ချင်တာ၊ သိပ်အန်ချင်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အန်ချင်တာပေါ့ မမီးရဲ့၊ ကျွန်မလည်း ကြွေကာအုပ်တို့ ဟောလစ် မိုင်လိုတို့လိုဟာမျိုးတွေ သောက်ရရင် သိပ်အန်ချင်တာ၊ ကြိုက်မှ မကြိုက်တာ၊ ဘယ့်နှယ်လုပ် သောက်မလဲ"

ငွေ့ အားပေးအားမြှောက် စကားကြောင့် မတင့်က မျက်လုံးပြူးကာ ...

"အိုး ... ဆရာက သူနဲ့တည့်တယ် ပြောထားတာကို၊ ခုလို အောင့်ပုံမျိုးဆိုရင် ဒီတစ်နေကုန်ရော နက်ဖြန်ရော ကြွေကာအုပ်ပဲ သောက်ရမှာ၊ မသောက်ချင်ဘူးတွေ ဘာတွေ လုပ်မနေနဲ့၊ တည့်တာကို သောက်ရမှာပဲ"

ငွေ့က မတင့်ကို ခပ်တည်တည် လှည့်ကြည့်ကာ ...

"တည့်တာက ဒါတစ်ခုတည်း ရှိတာမဟုတ်ဘူးလေ၊ အဟာရလည်းရှိ ဗိုက်အောင့်နဲ့လည်းတည့် ခံတွင်းလည်း တွေ့အောင် ဒါလေးတောင် ရှင် မလုပ်ပေးတတ်ဘူးလား"

မတင့်က ငွေ့ကို မျက်ခုံးပင့်ကာ ကြည့်နေသည်။

"အိမ်မှာ ကြက်သားရှိလား"

"ရှိတယ်၊ ကြက်သားပြုတ်ရင် ဘယ်ဖြစ်မလဲ၊ အသားအဖွှင်တွေ စားနိုင်မှာ မဟုတ်ဘူး၊ အစာချေရခက်တယ်"





"ရှင့်ကို ဘယ်သူက ကြက်သားပြုတ်ခိုင်းလို့လဲ၊ ဆန်လက်တစ်ဆုပ်ကို အိုးထဲထည့်၊ ဆားထည့်၊ ကြက်သွန်ဖြူများများထုထည့်၊ ကြက်သားပေါင်တစ်ပိုင်းလောက် ပစ်ထည့်လိုက်၊ ရေအများကြီးနဲ့ ပျော့ပြလန်အောင် အခုသွားပြုတ်လိုက်ပါ၊ ပြုတ်တာကကြာမှာ၊ ပြီးရင် ကြက်သားဖတ် မစားဘူး၊ ဆန်ပြုတ်တာ ထမင်းရည်ပြစ်ပြစ်သာသာ ဖြစ်အောင်ကို ကျဲနေရမယ်၊ ကြက်သားတုံး ထည့်ရင် အရေခွံလုံးဝမပါစေနဲ့၊ ဆီ ထွက်လာလိမ့်မယ်၊ အရေခွံ ဆုတ်ပစ်လိုက်၊ အသားချည်း ထည့်ပြုတ်၊ အဲဒီ ကြက်ပြုတ်ရည် ပါနေတဲ့ ဆန်ပြုတ်ကျဲကို ဒီညနေ နွေးနွေးလေး တိုက်မယ်၊ မတင့်ရှင်းလား"

မတင့်က ငွေ့ကို ပြူးပြူးကြီး ကြည့်နေပါသည်။

"ဦးဘိုမင်းထွင့်က ယောက်ျားဆိုတော့ စားသောက်စရာ စီစဉ်ပေးတဲ့ ကိစ္စမှာ ဘယ်ကျွမ်းကျင်ပါ့မလဲ၊ ကြွေကာအုတ်ဆိုတာကတော့ မတင့်တို့ အဖိုးက လုပ်ရလွယ်တာကိုး၊ အမှုန့်ဖောက်ထည့် ရေနွေးဆူဆူလောင်းထည့်ရင် ပြီးနေတဲ့ ကိစ္စပဲ၊ ကျွန်မ ပြောတဲ့ ဆန်ပြုတ်က ကြွေကာအုတ်ထက် ခံတွင်းတွေ့မယ်၊ ကျန်းမာရေး ညီညွတ်မှုလည်း ကြွေကာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထက် သာရင်သာမယ် မလျော့ဘူး၊ လုပ်ရမဲ့အဆင့် များပြီး အချိန်ယူ ချက်ပြုတ်ပေးရမှာ ဝန်လေးရင် ကျွန်မ ပြုတ်ပေးသွားမယ် ... ရတယ်"

မတင့် မျက်လုံးက ပိုပြူးထွက်လာပါသည်။ သူ မလုပ်ချင်သလို ခေါင်းစဉ်တပ်လိုက်၍ အပြစ်မကင်းသလိုလည်း တွန့်သွားပါသည်။ အဲဒီတုန်း စားပွဲပေါ် တင်ထားသော မမီး လက်ကိုင်အိတ်လေးအနီးမှ ဟဲန်းဒ်ဖုန်းက မြည်လာရာ ငွေက သွက်လက်စွာ ပြေးကိုင်ရင်း ...

"ဦးဘိုမင်းထွဋ် ဆီက မမီး၊ ကျွန်မ နားထောင်လိုက်မယ်နော်"

"အင်း ... အင်း ... ငွေနဲ့ပဲ ပြောလိုက်"

ငွေက ဖုန်းကိုဖွင့်ကာ ...

"ဦးဘိုမင်းထွဋ် လား"

"ဟုတ်တယ်၊ ရုံးမှာ မဟုတ်ဘူး မို့လား၊ ဘယ်သွားနေကြလဲ"

"ကျွန်မနဲ့ မမီး ကီစ္စတစ်ခု အပြင်သွားရင်း မမီး ဗိုက်အောင့်လို့ မမီး အိမ်ကို ပြန်လာနားနေပါတယ်"

"ဘာ ... ဗိုက်အောင့်တယ်"





"ဟုတ်ကဲ့၊ အခု ဆေးတိုက်ထားပါတယ်၊ မမီး အနားယူနေတာ သက်သာစ ပြုနေပါပြီ၊ မမီး ဒီညနေစားဖို့ ဆန်ပြုတ်ကို ကြက်သားထဲက အရည်ပဲယူပြီး ပြဲပြဲကျဲကျဲ ပြုတ်ခိုင်းနေပါတယ်။ မတင့်က ကြွေကာအုပ်ပဲ လုပ်မယ် ပြောနေလို့ ဆန်ပြုတ် ဆိုရင် အပြောင်းအလဲနဲ့ မမီး ခံတွင်းတွေ့မယ်လို့ ခုပဲ ရှင်းပြနေတာပါ၊ လောလောဆယ် နို့တော့ သောက်ထားပါတယ်၊ အဲဒီဆန်ပြုတ်ကို မတင့် လုပ်တတ်ပုံ မပေါ်လို့ ကျွန်မ ညွှန်ကြားနေတာပါ၊ ဦးဘိုမင်းထွဋ် ကိုယ်တိုင် မတင့်ကို ညွှန်ကြားမလား၊ ကျွန်မပဲ ..."

"ငါက ဘာလို့ မတင့်ကို ကိုယ်တိုင်ညွှန်ကြားနေရမှာလဲ၊ မင်းပဲ ခိုင်းလိုက်ပေါ့၊ သူက ဒါတောင် မလုပ်တတ်ဘူးလား"

"ကြွေကာအုပ်က လုပ်ရလွယ်တော့ သူက ကြွေကာအုပ်ပဲ တိုက်ဖို့ တစ်ချိန်လုံး အာသီသ ရှိနေတယ်လေ"

"ဆန်ပြုတ်လည်း ကောင်းတာပဲဟာ၊ လုပ်ခိုင်းလိုက်၊ မင်း ညွှန်ပြလိုက်ပေါ့"

"ကျွန်မ အခုပဲ ညွှန်ကြားနေတာပါ"

"ဘာမှားသွားလို့ ဗိုက်က အောင့်ရတာလဲ၊ အပြင်မှာ ဘာတွေ လျှောက်စားကြလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မစားပါဘူး၊ ဦးဘိုမင်းထွဋ် မှာထားလို့ဆိုပြီး မခ်ီးက ထွေလီကာလီ ဘယ်တော့မှ စားတာမဟုတ်ဘူးရှင့်၊ ခုတလော အလုပ်နည်းနည်းများလို့ Stress ရှိလို့ ဖြစ်ပါလိမ့်မယ်"

"ငါအခု မအားလို့ ညနေမှ အိမ်လာမယ်၊ မင်း ဂရုစိုက်လိုက်ပါ ခင်ဌေခက်၊ မပြန်သေးဘဲ နေပေးလိုက်ပါ"

"ကျွန်မ နေပေးမှာပါ"

"ရုံးလည်း နောက်ရက်တွေ မတက်သေးဘဲ နားခိုင်းရမယ်၊ မင်းဘော့ ရုံးနဲ့အိမ် ပြေးကောင်း ပြေးနေရမယ်၊ ဒါပေမဲ့ မီးမီး နားမှာ ပိုနေပေးပါ၊ မင်း နားလည်တယ်ဆိုရင် ကောင်းမယ်ထင်တာ သူ့ဗိုက်နဲ့ တည့်တာတွေ ခံတွင်းတွေ့အောင် ကြည့်စီစဉ်ပေးပါ၊ ဆရာဝန် ပြသေးလား"

"ဦးဘိုမင်းထွဋ် ပြခိုင်းထားတဲ့ ဆရာဝန်က ညနေမှရှိလို့ဆိုပြီး မမီးက မပြပါဘူး၊ ဆရာဝန်တွေက နာမည်ကြီးလေ သူတို့အချိန်ကို စောင့်ဖမ်းရ ခက်လေပဲရှင့်၊ နောင်ကို ဒီထက်အရေးကြီးတဲ့ အရေးပေါ်ကိစ္စ ဖြစ်လာရင်တော့ အချိန်မရွေး ဝင်ပြလို့ရတဲ့ သမားတော်တစ်ယောက်ယောက်နဲ့ ကျွန်မ ဝင်ပြလိုက်မယ်၊ ပြနေကျလူဆိုပြီး စောင့်နေရရင် သေစရာရှိ သေသွားမှာ စိုးရတယ်"





"ဟာ ... ခင်း ဘယ်လိုပြောလိုက်တာလဲ"

"အခုက ဂက်စ်ထရစ်ကြောင့် အောင့်တာပဲ ဖြစ်နေလို့သာလေ၊ မတော် အူအတက်ပေါက်တာမျိုးများဖြစ်ရင် ရှင်က ဒီဆရာဝန်ကလွဲလို့ မပြရလို့ အမိန့်ထုတ်ထားတာကို ယူကျုံးမရ နောင်တရနေမှာ စိုးလို့ပါ"

"ကွတ် ... ညနေကို ဆေးခန်းပြဖို့ ဘွတ်ကင် လုပ်ထားလိုက်၊ ဒါပဲ ... ဒါပဲ"

ဖုန်းပိတ်လိုက်သော ဌေးကို မတင့်က အံ့အားတသင့် ကြည့်နေသည်။ ဌေးက မတင့်ကို ခပ်တည်တည်ကြည့်ကာ ...

"မတင့်က ဆန်ပြုတ်တစ်ခွက်လောက် ကောင်းကောင်း မပြုတ်တတ်ဘူးလားလို့ ဦးဘိုမင်းထွဋ်က ဒေါပွနေတယ်"

"ကျွန်မ ပြုတ်တတ်သားပဲ"

"ပြုတ်တတ်ရင် ဘာဖြစ်လို့ အထွန့်တက်နေတာလဲ၊ နောင်ကို မခ်ီး မကြိုက်တာ ရှင် ဘာမှ ဖွတ်မကျွေးနဲ့၊ သူ ကြိုက်လည်းကြိုက်၊ သူနဲ့လည်း တည့်တာမျိုးကို လုပ်ပေးရမယ်၊ အမြဲမှတ်ထားလိုက်တော့၊ ခုလောလောဆယ် ကျွန်မ ညွှန်ကြားသမျှ ရှင် နားထောင်ဖို့ ရှင့်ဆရာ ပြောလိုက်တယ်"

မတင့်က ဌေးကို မျက်စောင်းထိုးသလို လုပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဥပူတင်း လုပ်တတ်လား"

"မတတ်ပေါင်တော်"

"ကျွန်မ သင်ပေးသွားမယ်၊ ရှင် ကြည့်ထားပြီး နောင်ကို လုပ်ကျွေးဖို့ မှတ်ထားပါ၊ ထစ်ခနဲရှိ အထုပ်ဖောက်ထည့် ရေနွေးလောင်းဖို့တော့ မတင့်လောက် အသက်ရွယ် အသိဉာဏ်တောင် မလိုဘူး၊ ဆယ်နှစ်သမီးလောက် ကောင်မလေး ခေါ်ထားလည်း လုပ်ပေးတတ်မှာပဲ၊ ရှင့်ကို ရှင့်သမျာ လွှတ်ထားတာက မမီး မစားချင်တာကို ဆောင့်အောင့်မာန်မဲကျွေးဖို့ မဟုတ်ဘူး၊ မကောင်း ကောင်းတာလေးတွေ အသိဉာဏ်ရှိရှိ လုပ်ပေးဖို့၊ ကဲ ... အခု ဆန်ပြုတ် အရင်သွားပြုတ်၊ ပြီးရင် ကျွန်မ ပူတင်းလာလုပ်ပြမယ်"

မတင့်က ချာခနဲ လှည့်ထွက်သွားပါသည်။ ငွေက မမီး သက်သာ မသာ အကဲခတ်ကြည့်လျှင် မမီးက ပြုံးစိစိဖြစ်နေတာ မြင်ရသည်။

"မမီး ... သက်သာလား"

"သက်သာနေပါပြီ ငွေရယ်၊ ရယ်တောင် ရယ်ချင်နေတာ၊ ခင်ငွေခက်က ရယ်ရတယ်နော်"

"ကျွန်မ ဘာရယ်ရလို့လဲ မမီးကလည်း"





"ကိုဘို ဘာတွေပြောသေးလဲ"

ဦးဘိုမင်းထွန်း စကားတွေ ပြန်ပြောပြခိုက် မမီးက ပြုံးကာနေသည်။ ဗိုက်အောင့်သက်သာသွား၍ လူလည်းလန်းလာကာ ခုတင်ပေါ်ကပင် ထ,ထိုင်လာလေသည်။ နို့တစ်ငုံနှစ်ငုံ ထပ်သောက်နေသည့် မမီး ပုံစံဟာ ကလေးငယ်လေးလိုပင်။

"မကြိုက်တာကို မကြိုက်ဘူးပြောဖို့ မမီး ဘာလို့ဝန်လေးနေတာလဲဟင်"

"ဟင်း ... ဒီနွားနို့တော့ သောက်ရပါများပြီး ရိုးလာလို့ မကြိုက်တာတောင် မရှိတော့ပါဘူး ခင်ငွေခက်ရယ်"

"မတည့်တာ စားတာက မကောင်းပေမဲ့ သူ့စကားကို ဒီလောက်ကြီး မြေဝယ်မကျတော့ နားမထောင်သင့်ဘူး ထင်တာပဲ၊ မလိုအပ်ဘူးပေါ့၊ မမီး ဂက်စ်ထရစ် ဖြစ်တာ ကျွန်မ ထင်တော့ အစားနည်းလို့ မှန်မှန်မစားလို့ပဲ၊ မှန်မှန် ဘာကြောင့် မစားလဲ ဆိုတော့ မမီး စားဖို့ ပါလာတာတွေ၊ စီစဉ်ထားတာတွေက မမီး မကြိုက်တာတွေကိုး၊ ဗိုက်အောင့်နေတုန်းတော့ ရှိစေပေါ့၊ ဗိုက်အောင့်မနေရင် ကိုယ်ကြိုက်တာလေး ခံတွင်းတွေ့တာလေး များများစားနေမှ မမီး အဝဟာရပြည့်မှာပေါ့၊ လုံးဝမတည့်တဲ့ ရေတံသီး



www.burmeseclassic.com

www.burmeseclassic.com



တို့ အစာကြေခဲ့တဲ့ ဟာတွေကို ရှောင်ထားရင် လုံလောက်ပါပြီ၊ ကြိုက်တာစားမှ များများစားဖြစ်တာပေါ့၊ နို့မို့ မမီး ပုံစံလေးက ချူချာသလို ပိန်ညှောင်နေတာပဲ”

မမီး ပြုံးနေပုံလေးက ကလေးလို။ တကယ်တော့ ဒေါ်မီးမီးသာ ဖြစ်လာသည်။ မမီးဟာ ကလေးတစ်ယောက်လို အားခပ်ငယ်ငယ်နှင့် တစ်ယောက်ယောက်ရဲ့ အရိပ်အာဝါသအောက်၌ အညွှန့်ခံ၍ မှီခိုနေရမှဆိုတဲ့ စရိုက်ရှိပုံ ရပါသည်။ ဦးဘိုမင်းထွန်း လွှမ်းမိုးနေတာဟာလည်း မမီးက အလွှမ်းမိုးခံနေလို့ပဲ မဟုတ်လား။

မတင့် လိုလူရဲ့ အပြောအဆို သြဇာမာလကာတွေကိုတောင်မှ မတော်လှန်တဲ့ မမီးကို ငွေက အားမရ။

“မမီး … မတင့်ကိုလည်း ဒီလောက် နေရာမပေးနဲ့လေ၊ သူ မမီးကို ပြောနေတဲ့ စကားသံဟာ သူ သုံးခွင့် ပြောခွင့်ရှိရမဲ့ လေယူလေသိမ်းမှ မဟုတ်ဘဲ”

“တို့က နားအေးရင်ပြီးရော ငွေရယ်၊ အတုံ့အလှည့် မပြောချင်ဘူး၊ အေးအေးဆေးဆေးပဲ နေချင်တယ်၊ ဘယ်သူ့ကိုမှ အတိုက်အခံ မလုပ်ချင်ဘူး၊ ဟိုးငယ်ငယ်ကတည်းက၊ ဖေဖေကတော့ ပြောဖူးပါရဲ့၊ တို့က အရှုံးပေးတတ်တဲ့စရိုက်ရှိတဲ့သူတဲ့”





“အဲဒါ ဘယ်ကောင်းပါ့မလဲ မမီးရဲ့၊ လူတကာကို အနိုင်ယူချင်တာလည်း မကောင်းသလို အရှုံးချည်းပေးချင်တာဟာလည်း မကောင်းဘူး”

“ကောင်းကောင်း မကောင်းကောင်း ငွေရယ်၊ အရာတော်တော်များများကို ခေါင်းထဲ မထားဘူး၊ လျစ်လျူရှုပစ်လိုက်တာ ပြုထားတယ်၊ ကိုယ် ပျော်တာလေး ကိုယ့်ဟာကိုယ်လုပ်ပြီး နေချင်တယ်”

“မမီး ပျော်တာက ဘာလဲ”

မမီးက မျက်လုံးလေး တောက်လက်ကာ ပြုံးနေသည်။ ခပ်ဝေးဝေးကလေး ငြိမ်သက်နေပြီးမှ …

“ဟို … ဒစ်စ်မဲန်လေး ရုံးမှာ ကျန်ခဲ့ပြီနော်၊ ကိစ္စမရှိပါဘူး”

“သီချင်း နားထောင်ချင်လို့လား၊ ဘာအခွေလဲ ပြော၊ ကျွန်မ ဖွင့်ပေးမယ်လေ”

“အင်း … ဟိုကက်ဆက်ထဲမှာ စီဒီက အသင့်ထည့်ပြီးသားပါ၊ ဖွင့်ရုံပဲ”

ငွေက အခန်းထောင့်မှာ ပိုင်အိုးနီးယားကက်ဆက်ကြီးဆီသို့ လျှောက်သွားကာ ပါဝါဖွင့်လျက် စီဒီပလေးလိုက်ပါသည်။ ခဏအကြာတွင် သီချင်းသံတစ်ခု ထွက်ပေါ်လာသည်။ သီချင်းသံဟာ ကက်ဆက်ကြီးက ကောင်းသလောက် အသံကြည်



www.burmeseclassic.com

www.burmeseclassic.com



လင် ထွက်မလာဘဲ အုံတုံတုံ လုံတုံတုံနှင့် မပြတ်သားလှတဲ့ အသံမျိုး ဖြစ်နေသည်။

"ကက်ဆက် မကောင်းတာတော့ မဖြစ်နိုင်ဘူး၊ မမီးရဲ့ စီဒီက_ မကောင်းတော့ဘူး ထင်တယ်"

"မဟုတ်ဘူး ... ရီကောဒင်း မကောင်းတာပါ"

"ဟုတ်လား ... ဘယ်သူ့အခွေလဲ၊ ဘာသီချင်းလဲ မမီး၊ တစ်ခါမှ မကြားဖူးပါလား"

"ဟီဟိ"

မမီးက ကလေးတစ်ယောက်လို ရယ်ကာနေသည်။ သီချင်းသံက ဆူညံပေါက်ကွဲ သီချင်းမျိုး မဟုတ်။ အေးငြိမ့်ငြိမ့်လေးနှင့် အချစ်ကို ဖွဲ့ဆိုထားသည့် ဖိလင်သီချင်းကလေးပင်။ အင်း ... မမီးဟာ ဒီလိုသီချင်း အမျိုးအစားမျိုးကိုပဲ ကြိုက်မဲ့သူမျိုးပါပဲ။ အဆိုတော်ရဲ့ အသံဟာ ရှရှအေးအေးနှင့် ဆွဲဆောင်မှုတစ်မျိုး ခိုဝင်နေသည်။

နားထောင်လို့ ကောင်းသည်။ မမီး စိုက်၍နားထောင်နေသလို ငွေလည်း ငြိမ်သက်၍ နားစိုက်နေမိလျက်သားပင်။ သီချင်း ဆုံးသွားတဲ့ အချက်လေးကို ရောက်လျှင် သီချင်းသံကို ဖုံးလုအောင် လက်ခုပ်သံများနှင့် လူသံတချို့ ထွက်ပေါ်လာပါသည်။

"မမီး အသံဖမ်းထားတာလား"





"အင်း"

နောက်တစ်ပုဒ် ထွက်ပေါ်လာပြန်သည်။ ကြားနေကျ သီချင်းတွေ မဟုတ်ပေမဲ့ သီချင်းအလိုက်လေးတွေဟာ နားစွဲစေ၍ နားထောင်ကောင်းနေပါသည်။

"မမီး ရုံးမှာ နားထောင်နေတာကရော"

ရုံးမှာတော့ ဒစ်စ်မဲန်ထဲထည့်၍ နားကြပ်နှင့် နားထောင်နေတတ်ရာ ဘေးကနေ ငွေ မကြားရနိုင်ပါ။

"ဒီအခွေပဲ၊ တို့ အသံကိုယူပြီး စီဒီပေါ် ပြန်တင်ကူးထားတာ၊ ဆိုင်မှာ ကူးတာပေါ့၊ စီဒီ ငါးချပ်ဆင်တူ ကူးထားတယ်၊ ရုံးမှာ တစ်ချပ်၊ အိမ်မှာ တစ်ချပ် နားထောင်တယ်၊ ကျန်တဲ့ဟာတွေ သိမ်းထားတယ်၊ ထပ်မရနိုင်ဘူးမို့လား၊ ဝယ်လို့ရတဲ့ စီဒီမှ မဟုတ်ဘဲ၊ နားထောင်လွန်းပြီး အသံတွေ ပျက်သွားဟောင်းသွားရင် အသစ်ကျန်အောင်လေ"

ဩော် ... အတော်ကို တကူးတက လုပ်ယူထားတာကိုး။ မမီး အတော်ကိုကြိုက်တဲ့သီချင်း၊ အတော်ကိုကြိုက်တဲ့ အဆိုတော် ဖြစ်ပါလိမ့်မည်။

"သူ့အခွေက မထွက်လို့လား"

"အင်း ... မထွက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မမီး"

မမီးကမဖြေဘဲ ပြုံး၍သာ ငြိမ်နေသည်။ ပြုံးကာ ကက်ဆက်ကို လှမ်းကြည့်နေတဲ့ မမီး မျက်ဝန်းတွေက ကက်ဆက်ထဲမှာ ထိုအဆိုတော်ရဲ့ ပုံရိပ်ကိုပါ မြင်နေရတော့သယောင်ပင် ဖြစ်နေပါသည်။ ချက်ချင်း မဖြေတာရယ်၊ မမီးရဲ့ မျက်နှာရိပ် မျက်နှာကဲရယ်ကို ကြည့်ကာ ငွေသည် ဇိတ်ထဲတစ်မျိုး ဖြစ်လာပါသည်။

မမီးရဲ့ မျက်နှာနုနုကလေးဟာ ဆယ်ကျော်သက်လေးတစ်ယောက်ရဲ့ ခံစားမှု မျက်နှာပေးမျိုးပင် ဖြစ်နေပါသည်။ ဒီလောက်တောင် ထူးထူးခြားခြား ကြိုက်နှစ်သက် စွဲလမ်းပုံဟာ ရိုးရိုးလို့ မဆိုသာအောင် ဖြစ်နေတာပေါ့။ ငွေက လက်ကိုပိုက်ကာ မမီးကို စိုးကြည့်နေပါသည်။

မမီးဟာ ဒီကြားထဲ စကားမပြောဘဲ ငြိမ်နေပြီး သီချင်းငါးပုဒ် ပြီးသွားတဲ့ အခါကျမှပဲ နေရာမှထ,ဘာ ကက်ဆက်ကို သူကိုယ်တိုင် လာပိတ်လိုက်ရင်း ကက်ဆက်အနားက ပြတင်းပေါက်တစ်ခုနောက်မှာ ရပ်လိုက်ပါသည်။ ဆေးချထားတဲ့ ရာခန်းဆီးဝါနုနုကလေးကို လက်ကလေးနှင်ပက်နှင့် ဆွဲဟကာ ပြတင်းအပြင်ဘက် ခြံထဲသို့ ခပ်ငေးငေးနှင့် ...





"သူက နာမည်ကြီး အဆိုတော်တစ်ယောက် မဟုတ်ပါဘူး ခင်ငွေခက်ရဲ၊ သူ့နာမည် ပြောလည်း ဘယ်သူမှ သိပ်မသိပါဘူး။ သူက စားသောက်ဆိုင်၊ ကော်ဖီဆိုင်ကလေးတွေမှာ သီချင်းဆိုတဲ့ မထင်မရှား အဆိုတော်လေးပါ၊ အဲဒါကြောင့် သူ့သီချင်းတွေကို ဒီလိုပဲ အသံဖမ်းယူထားလို့ရတာယ်"

ငွေသည် သိခ‌င်တာ ရှင်းရှင်းကြီး မေးချလို့ ရိုင်းမရိုင်း သုံးသပ်တွေးတောနေမိသည်။ မမီး ပုံစံကတော့ မရိုးတာသေချာနေပါ သည်၊ ဒါဟာ ဦးဘိုမင်းထွန်း သိချင်နေတဲ့ အကြောင်းအရာတစ်ခုရဲ့ ကွင်းဆက်ဖြစ်မှာပဲ။ ဦးဘိုမင်းထွန်း အတွက် ဆောင်ရွက်ပေးလို့မှု မဟုတ်ဘဲ ငွေ တာဖြည်းဖြည်းနဲ့ ကြင်ကြင်နာနာ ခင်မင်ရင်းနှီးလာမိသော မမီးရဲ့ ကိုယ်ရေးကိုယ်တာကို ကိုယ်တိုင်သိလိုမှုသက်သက်နှင့် မေးခ‌င်မိတာပင်။

ဘာကြောင့်လဲ ဆိုတော့ မမီးဟာ စိတ်ပျော့ပျော့ညှိညှိနှင့် ကျရှုံးရခြင်း အပေါ်လည်း ရူးသွပ်နုံမင်သူတစ်ယောက် ဖြစ်နေသည်။ ပိုက်ဆံချမ်းသာသော တစ်ကောင်ကြွက် မိန်းမသားတစ်ယောက်လည်း ဖြစ်နေသည်။ ဤ မေးကို ငွေက သိပ်ပြီး စိတ်မခ‌ချင်ပေ။ မမီးဒွိ မှားယွင်းဆုံးရှုံး နစ်နာမှုတွေ မဖြစ်စေချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီတစ်ခု ကိုယ်ပိုင်ထူထောင်ထားတဲ့ မမီးလို မိန်းမတစ်ယောက် အနေနှင့် သိပ်ပြီး နိမ့်ပါးကွာခြားတဲ့ လက်တွဲဖော်မျိုးတော့ ရဖို့မသင့်။ တန်ရာတန်ရာ တင့်တင့်တယ်တယ်လေးတော့ ရှိစေချင်လှသည်။ ဒါဟာ မမီး အပေါ် ချစ်ခင်စိတ်ကြောင့်ထားမိတဲ့ စေတနာပင်။

"မမီးနဲ့ရော ရင်းနှီးလား"

ငွေက အပြေပြစ်ဆုံး ထိန်းသိမ်း၍ မေးလိုက်သည်။

"တအားကြီးတော့ မရင်းနှီးဘူး"

"ဦးဘိုမင်းထွဋ်နဲ့ရော ဒီလူက သိလား"

"ဟင်း ... ဟင်း၊ ဘယ်လိုလုပ် သိပါ့မလဲ၊ မသိနိုင်ဘူးဆိုတာ ခင်ငွေခက် သိရက်သားနဲ့ မေးတာ၊ ကိုဘိုက ဒီလိုခေါင်းစဉ်မျိုးကို စိတ်ဝင်စားပါ့မလား၊ ပြီးတော့ ကိုဘိုနဲ့လည်း တို့က တတ်နိုင်သမျှ အတူလမ်းတွဲမထွက်ပါဘူး၊ သူနဲ့တို့နဲ့ နီးစပ်နေပေမဲ့ သူ့ဝန်းကျင်ကသတ်သတ် တို့ဝန်းကျင်က သတ်သတ်ပါ၊ တို့ဘာသာတို့ ကိုယ့်စိတ်ကူးလေးနဲ့ကိုယ် စိတ်ချမ်းသာ ပျော်ရွှင်တဲ့ကိစ္စတွေ သူ့ကို အသိမပေးပါဘူး ...





ခုကိစ္စကိုလည်း သူ သိသွားတာနဲ့ တစ်ပြိုင်နက် တို့ အပျော်လေးတွေ ပျောက်ဆုံးပြီး စိတ်ချမ်းသာမှုတွေ အားလုံး ပြိုကွဲသွားရမှာပဲ၊ တို့က သူနဲ့ စေ့စပ်ထားခဲ့ရပြီး ပြီလေ၊ တို့ကို သူ့မှာ ချုပ်ချယ်ခွင့် ရှိနေပြီ"

"အဆိုတော် တစ်ယောက်ကို ရိုးရိုးသားသား နှစ်သက်တာကိုတော့ လာချုပ်ချယ်လို့ ဘယ်ရမလဲ"

မမီးက ငွေ့ကို လှည့်ကြည့်လိုက်ကာ အံ့သြစရာကောင်းလောက်အောင် ပွင့်လင်းစွာပင် ...

"ရိုးမှ မရိုးသားတာ၊ တို့က အဲဒီကောင်လေးကို နှစ်သက်တာ မဟုတ်ဘူး၊ ချစ်တာ၊ သိပ်ချစ်တာပဲ"

ငွေသည် အံ့အားသင့်စွာ ပါးစပ်အဟောင်းသား ငေးနေမိပြီးလျှင် ...

"ကောင်လေး ... ဟုတ်လား ... မမီး"

"ဟုတ်တယ်၊ ငယ်ပါသေးတယ်"

မမီးရယ်လို့ ... ခပ်တိုးတိုး ညည်းလိုက်ချင်သည်။ ဖမီး ခမျာ သနားစရာလေ။ သူ့ထက်ငယ်တဲ့ သီချင်းဆိုတဲ့ ကောင်လေးတစ်ယောက်တဲ့။ သွားချစ်စရာရှားလို့ မမီးရယ်။ ခင်း ... မမီး ပုံစံဟာလည်း ဤကဲ့သို့ စိတ်ကူးခပ်ယဉ်ယဉ်လေး ဆိုတာ ပေါ်လွင်နေပါသည်။ မမီး အသက်ဟာ သုံးဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



နေပေမဲ့ ရုပ်ရည်နှင့်တကွ မမီး နေပုံထိုင်ပုံ အသွေးအရောတို့ဟာ မရင့်ကျက်ပဲ နုနယ်နေပါသေးသည်။

"တို့ကို ကောင်လေးငယ်ငယ် တစ်ယောက်ကို သွားစိတ်ကစားနေတယ်လို့ ငွေ ထင်ရင်တော့ မှားမှာပဲ၊ စိတ်ကစားနေတာမျိုး မဟုတ်ဘူးနော်၊ ကိုယ့်မှာ စေ့စပ်ထားတဲ့သူ ရှိရက်နဲ့ စိတ်တွေ ယိမ်းယိုင်နေတာလို့လည်း ပြောမရဘူး။ ကိုဘိုနဲ့ တို့က ဘွားဘွား ဆုံးမှ စေ့စပ်လိုက်ကြတာပါ၊ သူ့ကို တို့သိခဲ့တာ တို့ဘဝထဲမှာ သူရှိခဲ့တာက မစေ့စပ်မီ အစောကြီးကတည်းကပါ"

မမီးက အံ့အားသင့်ရလောက်အောင်ကို ပွင့်လင်းရင်ဖွင့်နေတော့သည်။

"ဒါဖြင့် ဘာလို့ ဦးဘိုမင်းထွဋ်ကို စေ့စပ်ရတာလဲ မမီးရယ်"

"မသိဘူး ... တို့ မသိတော့ပါဘူး၊ ငယ်တဲ့ ကောင်လေး တစ်ယောက်ကို တစ်ဖက်သတ် ချစ်မိတာကိုလည်း တို့ ရှက်နေခဲ့မိတယ်၊ ဘွားဘွားကလည်း ကိုဘို့ကို လက်ထပ်လိုက်ပါလို့ မှာသွားတယ်၊ ကိုဘိုနဲ့ ကိုဘို့ အမေကလည်း တစ်ချိန်လုံး ဖိအားပေးနေတယ်၊ တို့ရဲ့ ကောင်လေးကလည်း တို့ကို လုံးဝစိတ်မဝင်စားဘူးလေ၊ အဲဒီမှာ တွေတွေဝေဝေ





နဲ့ပဲ၊ ကိုဘိုတို့ သားအမိ ဇွတ်တက်တက်ကြွကြွ စီစဉ်နေကြတဲ့အတိုင်း စေ့စပ်ပွဲကို လက်ခံလိုက်မိတယ် ...

အဲဒီနောက် သူနဲ့ သိပ်မတွေ့တော့ဘဲ နေသေးတယ်၊ နောက်တော့မှ တို့စိတ်တွေ မနေနိုင်တာ ကိုသိရတယ် ငွေ၊ သူ သီချင်းလျှောက်ဆိုနေတာကိုလည်း သိရတော့ ... သွားသွား နားထောင်မိတယ်၊ တို့ ရင်ထဲကနေ သူ့ကို ဘယ်လိုမှ ဖယ်ထုတ်သုတ်ပစ်လို့ မရဘူး၊ ဒါကို သေချာနေလို့ ကိုဘို့ကို ကျန်းမာရေး အကြောင်းပြပြီး လက်ထပ်ဖို့ ခုထိ ဆွဲဆန့်လာခဲ့တယ်"

ငွေက သက်ပြင်းလေးတစ်ချက် ချလိုက်မိပါသည်။ လက်စသတ်တော့ မမီးဟာ အချစ်သူရဲကောင်းမလေးလည်း ဖြစ်နေတာကိုး။

"မမီးရဲ့ အချစ်ကို ဒီကောင်လေး သိလား"

"သိမှာပါ ... သိမှာပေါ့"

"သူ့ဘက်ကတော့ ..."

"သူက ... အင်း ... သူက စိတ်မဝင်စားဘူးလား မသိဘူး၊ သူက လူအေးလေး တစ်ယောက်ပဲ၊ သူ့စိတ်ကို တို့ ပြောမပြတတ်ပါဘူး၊ မထင်တတ်ပါဘူး၊ သူ့မိဘတွေနဲ့ တို့က ရင်းနှီးတယ်၊ သူကတော့ မှန်တန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမီးက စိတ်လိုလက်ရတွေ ပြောနေပြီးမှ ...

"တို့ ဒါတွေ ခုထိ ဘယ်သူ့ကိုမှ မပြောပြဖူးဘူး၊ ပြောရမဲ့သူလည်း မရှိဘူး၊ ခင်ငွေခက်က တို့ ပထမဦးဆုံး ပြောပြတဲ့ သူပဲ၊ ဘာဖြစ်လို့ ပြောမိလဲဆိုတော့ ခင်ငွေခက်ကို တို့ ခင်တယ်၊ ချစ်တယ်၊ ညီမတစ်ယောက်လိုပဲ၊ ထပ်ပြောရရင် အားလည်းကိုးတယ်၊ အားလည်းကျတယ်၊ မင်းပုံစံလေးကို သဘောကျတယ်၊ သိပ်သတ္တိရှိတာပဲ၊ အခုပဲတွေးမိတယ်၊ မင်းသာ တို့ ဆိုရင်တော့ ဒီကောင်လေးနဲ့ ပတ်သက်ပြီး ရဲရဲတင်းတင်း ရှေ့တိုးမှာပဲ ထင်တယ် ငွေ၊ တို့ ငွေ့လို သတ္တိရှိချင်တယ်၊ ငွေ့ကို ပြောပြလိုက်တဲ့အခါ ငွေ့ဆီက အားပေးထောက်ခံမှုနဲ့ သတ္တိခွန်အား နည်းနည်း ရမယ်လို့ မျှော်လင့်တယ်"

ငွေ့မှာ အခက်ကြုံ အကျပ်ရိုက်သွားရပါသည်။ ဘာဆက်ပြောရပါ့မလဲ။ သူ့ကို ဘယ်လိုလဲ ဆိုတဲ့ မေးခွန်းမျက်ဝန်းနဲ့ ကြည့်နေတဲ့ မမီးကို ပခုံးတွန့်ပြမိရင်း ...

"အင်း ... ဒါက၊ အဆိုတော်နဲ့ ပတ်သက်လို့ ကျွန်မက ဘာမှ သိပ်သိသေးတာ မဟုတ်ဘူး၊ ဒီတော့ မမီးကို အားပေးထောက်ခံဖို့လည်း ခက်တယ်"





မမီး မျက်လုံးလေးတွေက တောက်ပလက်ဖြာလာကာ ...

"တို့ ပြောပြမယ်၊ သူ့နာမည်လေးက ဆန်နီ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



## ၆

မိးမိးရဲ့ မိဘနှစ်ပါး ဆုံးပါးတဲ့ နှစ်ပတ်လည်တွေမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းမှာ ဆွမ်းကပ်လှူ၊ တခြား အလှူဒါန ပြုတာမျိုးသာ အကျဉ်းရုံး လုပ်ခဲ့ပြီ ဖြစ်သော်လည်း ခုနှစ်နှစ်မြောက် နှစ်ပတ်လည် တစ်ရက်မှာတော့ ဘွားဘွားက အိမ်မှာ အလှူလေးတစ်ပွဲ လုပ်ချင်သည်ဆိုကာ စီစဉ်တာမို့ အိမ်မှာပဲ ဘုန်းကြီးဆယ်ပါးလည်း ပင့်၍ ဆွမ်းကပ်ဖြစ်ကာ ဆွေမျိုး အသိုင်းအဝိုင်းကိုလည်း ဖိတ်ကြားကာ ဆွမ်းကျွေးဖြစ်ပါသည်။

သူတို့ရပ်ကွက်ထဲမှာက တစ်အိမ်နှင့် တစ်အိမ်ဟာ ကိစ္စမရှိဘဲ အကူးအလူး အဆက်အဆံ နည်းလှ၍ တစ်ဦးနှင့်





တစ်ဦး မခင်မင်ကြလှ၊ ခုလို ဆွမ်းကျွေးဖြစ်မှပင် လမ်းဒီဘက် ထိပ်မှ ဟိုဘက်ထိပ်ထိ ခြံတိုင်းဆေ့ကို ဖိတ်စာပေးဖြစ်ခဲ့တာမို့ တစ်ကြိမ်မှ မမြင်ဖူးသေးသည့် တစ်လမ်းတည်းသားတွေကိုပါ ဆုံစည်းရ မြင်ဖူးခဲ့ရပါသည်။

ဦးခင်မောင်ဦးနှင့် ဒေါ်ခင်လေးနွယ်ကို အဲဒီတော့မှ မိးမိး ပထမဆုံးတစ်ကြိမ် စတင်မြင်ဖူးတာပင်။ ကိုယ့်ဆွမ်းကျွေး အလှူကိုလာသော ဧည့်သည်မို့ ဖော်ရွေပျူငှာ ဆီးကြိုကျွေးမွေးလိုက် ပြီးသည်၏နောက်တွင် တခြားလည်း ဆက်စပ်စရာ မရှိ၍ ကိုယ့် ဟာကိုယ်နေ သူ့ဟာသူနေသာ မေ့မေ့လျော့လျော့ ပြန်ဖြစ်သွား ပုံတာပင်။

အတော်ကြီးကြာတဲ့ တစ်ညနေသောအခါမှာ အန်တီ ဒေါ်ခင်လေးနွယ်က ညနေခင်း လမ်းလျှောက်ထွက်ရင်းလိုလိုနှင့် အိမ်ကို ဝင်လာခဲ့ပြီး အားနာပြုံးလေးနှင့်ပင် ...

"သမီးရေ ... ဒေါ်လီရယ် ... အားတောင်နာတယ်၊ အန်တီ တစ်ခုတောင်းချင်လို့ကွယ်"

ရယ်ကာမောကာ ပြောလာပါသည်။ အရုပ်ကလေး နှင့်တူလို့ဆိုပြီး မိးမိးကို ဖေဖေ မေမေ ဘွားဘွားတို့ အားလုံးက "ဒေါ်လီ" လို့ ခေါ်လေ့ရှိပါသည်။ မွေးခါစကပင် မိးမိးလေး ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက် ဒေါ်လီ ခေါ်လိုက်မှ အမည်မှည့်ဖို့လုပ်တော့ ဒီထဲကနာမည် တစ်ခုဖြစ်သည့် "မီးမီး"ကိုသာ အမည်ရင်း သတ်မှတ်လိုက်ပြီး အိမ်မှာ ခေါ်တာကတော့ ဒေါ်လီ။ ဆွမ်းကျွေးနေ့က ဘွားဘွား နှုတ်က "ဒေါ်လီ" "ဒေါ်လီ"သံတွေကြောင့် ဒီအံန်တီသည်လည်း "ဒေါ်လီ"ဟု နှုတ်စွဲသွားတာပင်။

"ပြောပါ အန်တီ၊ ဘာများလဲ၊ ဘားမနာပါနဲ့"

"ဟိုမှာလေ ... သမီးတို့ နွယ်သာကီပန်းရုံက တအားကို ပွင့်နေတာ၊ အန်တီ ဒီရှေ့က ဖြတ်လျှောက်တိုင်း သဘောတွေ ကျပြီး ငေးငေးသွားမိတာ၊ အန်တီက နွယ်သာကီပန်းလေး တွေ ကြိုက်လို့၊ မျိုးလေးနည်းနည်းလောက် လိုချင်လို့ပါ"

"အမယ်လေး ... အန်တီရယ်၊ ဒါများ အားနာစရာလား၊ အများကြီးပဲရှိတာ၊ ပြီးတော့ ရှားပါးတဲ့ ပန်းမျိုးလည်း မဟုတ်ဘဲနဲ့၊ အန်တီ ပန်းဝါသနာပါလို့လား"

"ပါတယ် သမီးရဲ့၊ အိမ်မှာတော့ မာလီလည်း မရှိတော့ ကိုယ့်တစ်နိုင်လေး ဟိုဟာနည်းနည်း ဒီဟာနည်းနည်း စုံနေအောင် စိုက်ထားတာပဲ"

"အိမ်မှာလည်း မာလီ မရှိပါဘူး အန်တီ၊ ဘွားဘွားကလည်း ဝါသနာပါတာလေ၊ ဘွားဘွားရယ် အိမ်က ဒေါ်မိုးရယ်





အပျင်းပြေ လုပ်ကြတာပါပဲ၊ အများကြီးပါ အန်တီ၊ သမီး တူးပေးလိုက်မယ်နော်"

"ကျေးဇူးပါပဲ ဒေါ်လီရယ်"

ဒေါ်ခင်လေးနွယ်မှာ သူတို့အိမ်က အိမ်ဖော်မိန်းက လေးပါ အဖော်ပါလာရာ သူ့ကောင်မလေးရော ဒေါ်မိုးပါ အကူ အညီနှင့် အပင်တချို့ တူးပေးလိုက်ပါသည်။ ဘွားဘွားပါ ခြံထဲ ဆင်းလာကာ အပင်ချစ်သူချင်း ဟိုအပင်ပြ ဒီအပင်ကြည့်နှင့် နဂို က ရည်ရွယ်ချက် မရှိသော အပင်ဆန်းလေး နည်းနည်းပါ ဘွားဘွားက ရက်ရက်ရောရော လက်ဆောင်ပေးလျှင် ဒေါ်ခင် လေးနွယ်မှာ သဘောတွေကျမဆုံး။

"အန်တီလည်း အိမ်လာလည်ပါဦး၊ အိမ်က အပင်လေး နည်းနည်းထဲကလည်း အန်တီ့ဆီ မရှိတာ လိုချင်တာရှိရင် လာယူပါနော် အန်တီ၊ သမီး ဒေါ်လီလည်း လာလည်နော်၊ ကျေးဇူးတင်လိုက်တာ"

နောက်ထပ် ဆယ်ရက်လောက် အရှိမှာ လမ်းထိပ် ရဲ့ ဟိုးဘက်လှမ်းလှမ်းက စာအုပ်ဆိုင်လေးဆီမှ မီးမီး လမ်းလျှောက် ပြန်အလာ၊ ဒေါ်ခင်လေးနွယ်တို့ ခြံတံခါးဝမှာ ဒေါ်ခင်လေးနွယ် ဦးခေါင်းပြူလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ... ဒေါ်လီရေ"

"ဩော် ... အန်တီ"

မီးမီးလက်ကို ခြံထဲသို့ မပြောမဆို ဆွဲသွင်းသွားပါသည်။ ဘာရယ်ညာရယ်မသိ ပါသွားသော မီးမီးဟာ ခြံထဲက အဖြူရောင် ဒန်းကလေး တစ်ခုပေါ် မျက်လုံးရောက်သွားပါသည်။ ဒန်းပေါ်မှာ ဂစ်တာထိုင်တီးနေတဲ့ လူငယ်ကလေး တစ်ယောက်။

မီးမီးတို့ဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်တဲ့ ကောင်လေး မျက်လုံးများနှင့် ပထမဆုံးအကြိမ် ဖျတ်ခနဲ အဆုံမှာပင် မီးမီး ရင်တွေ တဒိန်းဒိန်း မြည်ဟည်းကာ ရှန်းရင်းဆန်ခတ် လှုပ်ရှားသွားမိပါသည်။ မျက်လုံးနက်နက်နှင့် တစ်မျိုးလေး ရင်ဖိုစရာကောင်းတဲ့ ကောင်လေးပုံစံဟာ မီးမီး မျက်ဝန်းမှတစ်ဆင့် နှလုံးသားထဲ ရုတ်ခြည်း တိုးဝင်သွားခဲ့တော့တာပင်။

"သားရေ ... ဆန်နီ၊ မေမေ့ကို ပန်းဖြတ်တဲ့ ကတ်ကြေး သွားယူပေးစမ်းပါ"

"ဟုတ်"

ဆန်နီ ... တဲ့။ မီးမီး ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။





"ဆန်နီ ... တဲ့ ... အန်တီ့ သားလေ၊ မွေးကာစက ဆံပင်လေးတွေက နီရဲနေတာ၊ အဲဒါနဲ့ အန်တီက ချစ်စနိုး ဆန်နီ ... ဆန်နီ ခေါ်တာ၊ သူများတွေက ဘိုမှာမည့်ထင်ကြတယ်၊ ဆံပင်လေးက အသက်ကြီးမှ အရောင်လျော့ပြီး ခုတော့ ညိုတိုတိုပဲ ကျန်တော့တယ်လေ၊ ငယ်ငယ်ကတော့ နီရဲနေတာ"

ဩော် ...။ ဆံပင်လေးတွေနီတဲ့ ဆန်နီတဲ့။ ပန်းဖြတ်ကတ်ကြေး လာပေးသော ကောင်လေးက မီးမီးကို ရိုးရိုးသားသား ပြုံးပြလိုက်ပါသည်။ သူ့အပြုံးလေးက ရိုးရိုးအေးအေးလေး။ အေးအေးမြမြလေး။

"သားရေ ... ဒီမမက မဒေါ်လီတဲ့၊ ဟိုးဘက်က ဂျပန်အိမ်လေးလို တစ်ထပ် ပြားပြားလှလှ တိုက်ကလေးဟာလေ၊ အဲဒီအိမ်ကပေါ့"

ကောင်လေးက ခေါင်းညိတ်ရုံ ညိတ်ပါသည်။ မီးမီးမှာသာ အံ့သြစရာကောင်းအောင် ရင်တွေ ဟဲအားခုန်နေလျက်။ ဒေါ်ခင်လေးနွယ်က သူ့သခင်တိုင် သုံးတိုင်မှာ ပွင့်နေသည့် ဖြူဖြူ ထွားထွား လှလှ သစ်ခင်ခက် အကြီးကြီး ငါးခက်ကို ဥနှင့် တကွ ဖြတ်ပေးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လီရေ ... ပထမဆုံးပွင့်တဲ့ အခက်တွေပဲ၊ ဘွားဘွား ဦးဦးဖျားဖျား ဘုရားတင်ရအောင်လို့ အန်တီ လက်ဆောင် ပေးလိုက်တယ် ပြောနော်"

အပြန်တွင် ဒန်းပေါ်က ကောင်လေးကို မီးမီးက မပွင့်တပွင့်ပြုံးကာ နှုတ်ဆက်ခဲ့ပါသည်။ အဲဒီကောင်လေးကိုပဲ မကြာ မကြာ သတိရနေလျက် ခေါင်းထဲက ရင်ထဲက မထွက်ဘဲ ရှိနေခဲ့မိပါသည်။ နှစ်ပတ် သုံးပတ်လောက် အကြာမှာ မီးမီးသည် ခြံထဲက ဟိုးအနောက်ဘက် ထောင့်ကျကျ နေရာက နှယ်သာကီ ပင်တွေမှာ လိမ္မော်ရောင် အပွင့်လေးတချို့ ပွင့်နေတာမြင်လျှင် ...

"ဘွားဘွား ... ဟိုအပင်တွေက ပန်းရောင် မဟုတ်ဘဲ လိမ္မော်ရောင်လေးတွေ ပွင့်နေတယ်တော့ အံ့ဩစရာပဲ"

"ဟုတ်တယ် ဒေါ်လီ၊ ဘွားဘွားမှာ လိမ္မော်ရောင်ပွင့်တဲ့ မျိုးရော၊ ကြက်သွေးရင့်ရင့်ပွင့်တဲ့ မျိုးရော ရှိတယ်၊ မပွင့် ကြသေးတော့ မသေချာသေးတာနဲ့ ဟိုတစ်နေ့က ဒေါ်ခင် လေးနွယ်ကိုမေ့ာင် မျိုးမပေးလိုက်ရဘူး၊ နောက်ကြုံမှပေး ရဦးမယ်၊ လိမ္မော်နဲ့ အနီရင့် သိပ်ရှားတာ၊ သူ ရရင်ဝမ်း သာမှာ၊ ညာဘက်ခြမ်းက တစ်ရုံက ကြက်သွေးရင့် ပွင့် မှာပေါ့၊ မပွင့်သေးတာ"





"ဟုတ်လား ... မီး သွားပေးလိုက်မယ်လေ ဘွားဘွား၊ သူ သိပ်ကြိုက်မှာပဲ၊ ပေါ်ပေါ်လောလောရတဲ့ ပန်းရောင်ကိုတောင် သူ ဒီလောက်ကြိုက်နေတာ"

"ပေးရင်လည်း သွားပေးလိုက်လေ"

နှယ်သာကီ မျိုးမတွေ နှစ်ပင်ကို ဒေါ်မိုးနှင့် တူးယူ ကပြီး မီးမီးသည် ဒေါ်ခင်လေးနွယ် ခြံဘက် လျှောက်လာသည်။ အခြောက်တိုက် စေတနာဆွေ ဗလပ္ပ ပိုနေသည်မှာ ဘာကြောင့်လဲ မီးမီးပဲ သိပါသည်။ ဆန်နီ ဆိုတဲ့ ကောင်လေးကို စွဲလမ်းကျွမ်း ဝင်မှုနှင့်လေ။ သူ့ကို တွေ့လိုသေးသည်။

ဒါပေမဲ့ ခြံထဲရောက်တော့ ဆန်နီ့ကို မတွေ့ရပါ။ သူ့အမေဆီမှာလည်း မမေးဝံ့ပါ။ နှယ်သာကီ လိမ္မော်နှင့် ကြက် သွေးမျိုးရ၍ ဒေါ်ခင်လေးနွယ်မှာ ခုန်ပေါက်မတတ် ကလေးသဖွယ် ပျော်ရွှင်ပြီး ကျေးဇူးတွေ တင်နေသည်။ ပထမတစ်ခါ ဆန်နီထိုင် နေခဲ့တဲ့ ဒန်းကလေးမှာ မီးမီးနှင့် ဒေါ်ခင်လေးနွယ် ထိုင်ကြရင်း မီးမီးကို အအေးတွေတိုက်၊ ကွတ်ကီးတွေကျွေးနှင့် ချက်ချင်းမပြန် စေသေးဘဲ ညှို့ဝတ်ပြုနေပါသည်။

အလိုအလျောက် တွေ့ရဖို့ မျှော်လင့်တာက လွဲလျှင် ပွင့်ပွင့်ဖွင့်ဖွင့်ဟမေးဖို့တော့ လုံးလုံးဆိတ်ကူးမရှိတဲ့ မီးမီးမှာ သူမြင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်နှာတစ်ခု မမြင်ရ၍ မလန်းမဆန်း မပျော်မရွှင်လေးနှင့်ပင် ဒေါခင်လေးနွယ် ညွှန်ခံမှုထဲ၌ အလိုက်သင့် နေနေရရိုက်၊ နတ်သိကြားများက မီးမီး အတွက် အလိုက်တသိများ ဖန်ဆင်းပေးလိုက်လေသလား။

ပြိုင်ဘီးကလေးကို ကုန်းကုန်းကလေးနင်းကာ ခြံထဲဝင်လာသော "ဆန်နီကလေး"ကို မြင်လိုက်ရပါသည်။ ဆန်နီ့ကို မြင်လျှင် သူ့မေမေက ပြုံးရွှင်စွာ ...

"ကျူရှင်က ပြန်လာပြီလား ဆန်နီ"

"ဟုတ်ကဲ့ မေမေ"

"အိမ်ပေါ်တက်သွား၊ မေမေ ထမင်းသုပ်ဖို့ အားလုံး အသင့်ပြင်ပြီးသား"

ဆန်နီက စက်ဘီးကို အိမ်ရှေ့၌ထောင်ကာ အိမ်ထဲဝင်သွားပါသည်။ သူ့ပုံစံလေးမှာ ကလေးလို ရိုးသားလျက်။ မီးမီးကိုလည်း စွဲစွဲထင်ထင် သတိတရရှိပုံ မရ။ မှတ်တောင်မှ မှတ်မိသေးရဲ့လားလည်း မသိနိုင်။ မီးမီးမှာသာ ဆန်နီ အိမ်ထဲဝင်မသွားခင်ထိ လိုက်ငေးကြည့်နေခဲ့မိသည်။

"ဆန်နီက ဒီနှစ် ဆယ်တန်းဖြေမှာလေ"

"ဩော် ... ဟုတ်ကဲ့"





"သူတို့ ကျူရှင်ဝိုင်းက ဟိုဘက်လမ်းမှာ ဒေါ်လီရဲ့"

"ဟုတ်ကဲ့ အန်တီ"

"ဆန်နီက ဒီမှာမနေဘူးလေ၊ သူ့အဖေဘက်က အဘွားနဲ့နေကြတယ်၊ ကျူရှင်ရှိတဲ့ ရက်တွေ ဒီကို ဝင်ဝင်လာတာရယ်၊ ကျောင်းပိတ်ရက် တစ်ခါတစ်ရံ လာနေတာရယ်လောက်ပဲ"

"ဩော်"

ဆန်နီ ဒီမှာ အမြဲမနေဘူး ဆိုတာ သိရ၍ မီးမီး သက်ပြင်းလေးပင် ခပ်မောမော ချမိရသည်။ ဒါကြောင့် သူ့ကို ဒီလမ်းထဲမှာလည်း သိပ်မတွေ့ရသလို ဒီခြံရှေ့က ဖြတ်ပေမဲ့လည်း အလွန် မြင်ရခဲတာ။ သူ ကျူရှင်ရှိတဲ့ ဒီနေ့နှင့် ကျူရှင်ပြီးချိန်ကိုတော့ မီးမီး သိသွားပြီလေ။

အဲဒီတုန်း အိမ်ထဲက ဂစ်တာတီးခတ်သံနှင့် သီချင်းအော်ညည်းသံလေး ထွက်ပေါ်လာခဲ့သည်။ နှစ်ဦးသား ကြားနေရတာမို့ ဒေါ်ခင်လေးနွယ်က ပြုံးကာ ...

"အဆိုအတီး ဂီတ၊ တအားဝါသနာပါတာ ဒေါ်လီရဲ့၊ အန်တီကလည်း ငယ်ငယ်က အဲသလိုပဲ၊ သီချင်းဆိုတာ ဝါသနာပါတယ်၊ အမေဆီက ဗီဇပေါ်လာတာပေါ့၊ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ပါဦးလား ဒေါ်လီ၊ ထမင်းသုပ် အိမ်မှာသုပ်တာ တူတူစားကြရအောင်လေ”

“နေပါစေတော့ အန်တီ၊ ဗိုက်တင်းသွားလို့ပါ၊ နောက်ကြုံမှ စားပါ့မယ်၊ သမီးပြန်လိုက်တော့မယ်၊ အန်တီလည်း ဆန်နီ အိမ်လာတုန်း သားနဲ့ တူတူနေလိုက်ပါဦး”

မီးမီး နှုတ်ဆက် ပြန်လာခဲ့ပါသည်။ ဤသို့အကြောင်း တစ်ခုခု ဖန်တီးတည်ဆောက်ကာ ဆန်နီ့ကို ဖျိုးခနဲ ဖျတ်ခနဲမျှ လောက်ကလေး တွေ့ခွင့်ရဖို့မှာ အင်မတန် ခဲယဉ်းလှပါသည်။ တစ်လမှာ တစ်ကြိမ်လောက်သာ ရှိခဲ့မည်။ သူ့ဘက်ကတော့ မမြင်ရရင်တောင် ဆန်နီ အိမ်ပေါ်မှာ ရှိနေသည်ဆိုတာ သိရရုံနှင့် ရင်ခုန်တတ်ခဲ့ပြီး ဆန်နီ ဆိုတဲ့ ကောင်ကလေးကတော့ မီးမီး ဆိုတဲ့ မိန်းကလေး တစ်ယောက်ကို မှတ်မှတ်ရရ မဟုတ်လှ ပေ။





အသိမိတ်ဆွေဖွဲ့ဖို့ လူတစ်ယောက်ကို ရင်းနှီးဖို့ မသွက်လက်သော မီးမီးနှင့် ဆယ်တန်းအောင်သွားပြီးနောက် ဒီဘက်မှာ ကျူရှင်မရှိတော့ကတည်းက သူ လာလည်ချင်ချိန်သာ ဖျတ်ခနဲ ဝင်လာလည်ပြီး ပြန်သွားတတ်သော ဆန်နီတို့မှာ တော်တော်နှင့် မတွေ့ဖြစ်ကြရတော့ပါ။ လပေါင်းများစွာကြာမှ သာ တစ်ခါတစ်ရံ တွေ့ဖြစ်ဆုံဖြစ်တာပင်။

ဒါပေမဲ့ တက္ကသိုလ်ရောက်ပြီး လူကြီးလေးလို ဖြစ်လာသော ဆန်နီဟာ မီးမီးကို ရံဖန်ရံခါ ကြုံကြိုက်တဲ့အခါ ဘာသိဘာသာ မဆိုင်သလို မနေဘဲ တစ်ချက်တလေ နှုတ်ဆက်ဖော်တော့ ရလာပါသည်။

“မမေ ရေချိုးနေလို့ မဒေါ်လီ၊ ခဏထိုင်စောင့်နော်၊ ကျွန်တော် ရောက်နေတာတောင် မမေ မသိသေးဘူး”

“မမေရေ ... မဒေါ်လီ လာနေတယ်”

စသဖြင့်မျိုးလောက်အထိ တိုးတက်လာပါသည်။ မီးမီးကတော့ ဒေါ်ခင်လေးနွယ်နှင့် အတော်ရင်းနှီးနေပြီဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးနွယ် စကားများထဲမှ ဆန်နီ ဘာကြိုက်တတ်တာ၊ ဆန်နီ့ စိတ်နေသဘောထား၊ စသဖြင့် ဆန်နီနှင့် ပတ်သက်တဲ့အချက်အလက်လေးတွေကို တဖြည်းဖြည်းချင်း သိခွင့်ရလာခဲ့လေသည်။

ဆန်နီနှင့် သူ့အကြား ရင်းနှီးမှု တိုးတက်နှုန်းကတော့ အင်မတန်ပင် နှေးကွေးလွန်းကာ ခြောက်နှစ် ခုနှစ်နှစ် ကြာလာတဲ့ ထိတိုင်အောင်ပင် နှုတ်ဆက်ခေါ်ပြောရုံက မတက်။ ဆန်နီနှင့် နည်းနည်းကလေး ပိုမိုရင်းနှီးသွားရတာကတော့ ဘွားဘွား စတင်နေမကောင်း ဖြစ်တော့မှပင်။

ဘွားဘွား လေဖြတ်ပြီး ကိုယ်တစ်ခြမ်း သေသွားတဲ့အခါ ကိုဘိုက နေ့သူနာပြု ညသူနာပြု ငှားပေးထားခြင်း၊ ဆရာဝန်ကို ပုံမှန်အိမ်သို့ပင့်ခေါ် ကြိုပို့ခြင်း၊ အခြားလိုအပ်သမျှကိစ္စအဝဝကို ဦးဆောင်စီစဉ် ကွပ်ကဲညွှန်ကြားကာ အကောင်းဆုံးဖြစ်အောင် သူ့လက်သူ့ခြေ သူ့အစီအမံနှင့်ချည်း လိုလေသေးမရှိ စီစဉ်ခဲ့ပါသည်။ ကိုဘို့ အမေကလည်း မကြာမကြာ ရောက်လာပါသည်။

မီးမီးတို့ အိမ်အပေါ် စီးပွားရေးလုပ်ငန်းပိုင်းကအစ အားလုံးကို ကူညီစီစဉ်ပေးနေကျ ကိုဘိုတို့သားအမိရဲ့ ကျေးဇူးတွေကတော့ ပြောလို့မကုန်နိုင်ပါ။ အင်မတန် စီမံခန့်ခွဲချင် အားကိုး





ခံချင်သော ကိုဘိုနှင့် ဘာမှ မတတ်မကျွမ်း မျက်စိသူငယ်နိုင်လှ၍ သူတစ်ပါးကိုသာ မှီခိုအားကိုးချင်သော မီးမီးနှင့်ကလည်း အံဝင်ခွင်ကျဖြစ်ကာ အဆင်ပြေသည်။

ဒေါ်ခင်လေးနွယ်သည်လည်း ကိုဘိုတို့ သားအမိလောက် အစစအရာရာ ကူညီပံ့ပိုး ဖြည့်ဆည်းမပေးနိုင်သော်လည်း ဘွားဘွားကိုရော မီးမီးကိုရော ခင်မင်ရင်းစွဲ ရှိသည်ဖြစ်၍ ဘွားဘွားကို တစ်ရက်ခြား နှစ်ရက်ခြားတစ်ကြိမ် ပုံမှန်လူနာလာကြည့်သတင်းမေးလျက်ပင်။

မီးမီးဟာ အိမ်မှာ ဤဘွားအကြီး တစ်ယောက်တည်းနှင့်သာ နေရသူဖြစ်တာ သိပြီးဖြစ်၍ မီးမီး အပေါ် ကရုဏာ ဓိတ်ထားလှပါသည်။ လိုတာကူညီဖို့လည်း အသင့်ပင်။ သို့ပေမဲ့ ကိုဘိုတို့ သားအမိနှင့်ပင် အကွက်စေ့ ချက်စေ့လှပြီဖြစ်ကာ ဘာမှ လိုလေသေးမရှိလေရကား အန်တီဒေါ်ခင်လေးနွယ်မှာ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် ကူညီရတယ်တော့ မရှိပါ။

အားပေးရုံ သတင်းမေးရုံမျှလောက်သာပင်။ အန်တီဒေါ်ခင်လေးနွယ် လာတတ်သည်၏ ဆယ်ကြိမ်တွင် တစ်ကြိမ်လောက်မှာ အန်ကယ်ဦးခင်မောင်ဦးပါ ပါလာတတ်ပါသည်။ မီးမီးကို အားပေးစောင့်ရှောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လီ ... အန်ကယ်တို့ လုပ်ပေးနိုင်တာ ကူနိုင်တာရှိရင် ဘာမဆိုပြော၊ အားမနာနဲ့ သိလား သမီး"

"ဟုတ်ကဲ့ အန်ကယ် ... ကျေးဇူးတင်ပါတယ်"

"ဟို ... မောင်ဘိုမင်းထွဋ်တို့ သားအမိဆိုတာက တော်တော် စောင့်ရှောက်ကူညီတာပဲနော်၊ ဘာမှ လိုအပ်တယ်ကို မရှိဘူး၊ ဆွေမျိုးတော်တာလား ဒေါ်လီ"

"ဆွေမျိုးတော့ မတော်ပါဘူး အန်တီ၊ ဖေဖေတို့ ရှိကတည်းက ဟိုးအရင်တွေကတည်းက ရင်းရင်းချာချာ ခင်ကြတာပါ၊ မီး မမွေးခင်ကတည်းကပါ၊ ဒီတော့ ဆွေလိုမျိုးလိုတော့ ဖြစ်နေပါတယ်၊ ကိုဘို အစစစစီစဉ်ပေးပါတယ်"

ဘိုမင်းထွဋ်ရဲ့ မီးမီး အပေါ်ပါ ဩဇာအာဏာကြီးမားစွာ စီမံခန့်ခွဲမှု၊ လွှမ်းမိုးကြီးကိုင်နိုင်မှုတွေကို ဒေါ်ခင်လေးနွယ် လည်း တွေ့နေရတာပင်။ အရာရာ သူ့သဘော ကြိုးကိုင်နေသမျှ ဟာလည်း မီးမီးတို့ မြေးအဘွားအတွက် အကောင်းချည်းသာပင် ဖြစ်တာ ဒေါ်ခင်လေးနွယ် တွေ့နေရပါသည်။

အိမ်သားတစ်ယောက်ကဲ့သို့ နေရာရကာ ...

"မီး မနက်က ထမင်းကောင်းကောင်း မစားဘူး၊ ဒေါ်ပိုး ပြောတယ်၊ ဆာရောပေါ့၊ သွား ... ထမင်းသွားစားချ၊ တော့၊ ထ, ... ထ, ..."





မီးမီးကို ကလေးတစ်ယောက်နယ် အမိန့်ပေးဆက်ဆံတတ်တာကိုလည်း မြင်တွေ့နေရတာပင်။ ဘိုမင်းထွဋ် မိခင်ရဲ့ မီးမီး အပေါ် ဖေးမ,ဂရုစိုက်ပုံတွေနှင့် ပေါင်းကာ ကြာလာတော့ တစ်ချိန်မှာ မီးမီးနှင့် ဘိုမင်းထွဋ်တို့ဟာ ပတ်သက်ဖွယ် အနေအထား ရှိသူတွေ ဆိုတာကိုပါ ရိပ်မိလာပါသည်။

မျက်စိရှေ့ မြင်တွေ့နေရသမျှလည်း ဘိုမင်းထွဋ်ဟာ အာဏာရှင်ကြီး ဆန်လှကာ သူ့တစ်ဩဇာ ဖြစ်နေတာကလွဲလျှင် မီးမီး တစ်ဘဝကို လုံခြုံအောင် စောင့်ရှောက်နိုင်စွမ်းဆုံး အဖြစ် လူကြီးမျက်စိနှင့်တော့ တည့်နေသည်။ အားကိုးသင့်သော ယောက်ျားကောင်းတစ်ယောက် ပုံစံကလည်း အပြည့်အဝ ဝင်နေပါသည်။

ဤမျှ ကျိုးနွံနာခံသော မီးမီးကို ကြည့်၍လည်း ဘိုမင်းထွဋ်နှင့် မီးမီးကို လက်တွဲကြမည့် ချစ်သူတွေလို့ပဲ ယူဆခဲ့မိတာပင်။ ဘွားဘွား အနည်းငယ် သက်သာကာ စကားပြန်ပြောနိုင်စပြုတဲ့ အချိန်ကျမှ ကိုယ်ထင်သလို မဟုတ်သေးတာမှန်း ဒေါ်ခင်လေးနွယ် သိရတာ ဖြစ်သည်။

စကားပြောနိုင်သည်နှင့် သူ့ကျန်းမာရေးကို စိတ်မချတော့သော ဘွားဘွားဟာ မီးမီးကို ဘိုမင်းထွဋ်နှင့် လ ထပ်ဖို့ အချိန်မလပ် နားချပါတော့သည်။ သူနာပြုတို့ ... ဒေါ် လေးနွယ်ရှေ့၊ ဘယ်သူ့ရှေ့ဥမဆို အချိန်မရွေး ... ပူ နားချတိုက်တွန်းနေ၍ အားလုံး ကြားသိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မီးမီးသည်သာ ဘွားဘွား စကားကို အင်းလေ့ပ် အဲမလုပ်။ ခေါင်းမညိတ် ခေါင်းမခါ။ ဘွားဘွား အထင်းအကျယ် ပြောလွန်းလျှင် မျက်ရည်လည်ကာ ခေါင်းငုံ့ ငြိမ်သက်နေလျက်။ ဘွားဘွား နေ့ဆက်ရက်ဆက် ရက်ပေါင်းများစွာ ပြောလွန်းမကာ ပြောမှ …

"ကိုဘို့ကို မီးမီး မချစ်ဘူး ဘွားဘွား"

မီးမီး ငြင်းဆန်မှုကို ဒေါ်ခင်လေးနွယ်ပါ အံ့အား သင့်ရသည်။ ဘိုမင်းထွဋ်ရဲ့ လွမ်းမိုးကြီးကိုင် ခြယ်လှယ်မှုတွေ များလှပေမဲ့ တစ်ဆိတ် စွက်ဖက်လှပေမဲ့ ဒီအိမ် ဒီမြေအဘွားကို့ အပေါ် မေတ္တာစေတနာ ကြီးမားလှတာကတော့ အသိသာကြီးပင်။ မီးမီးကိုလည်း ဘိုမင်းထွဋ် ဘက်မှ ချစ်ခင်လှမည်မှာ သေချာ သည်။

"ဒေါ်လီ … ဘိုမင်းထွဋ်က အားကိုးထိုက်တဲ့ ယောကျ်ား တစ်ယောက်ပါ"

"ဒါပေမဲ့ မီး မချစ်ဘူး၊ မီး သူ့ကို မယူချင်ဘူး"

"ဒေါ်လီ ဒီလိုငြင်းနေရင် ဘွားဘွား သေရှင်ဆောင် …ဒသေဖြောင့်မှာ မဟုတ်ဘူး မြေးရယ်"

…အဘွားလည်း မျက်ရည်ကျ၊ မြေးလည်းမျက်ရည်ကျ။ …"လဲးနွယ်မှာ ကြားနေ မြင်နေရတာ မနေ့သာ၍…





"အို … အန်တီလည်း မသေနိုင်သေးပါဘူး၊ သက်သာနေတဲ့ ဟာ၊ ဒေါ်လီကလည်း ချော့ပြောရင် တဖြည်းဖြည်း နား လည်မှာပါ"

နောက်ဆုံးတွင် ဘွားဘွားကွယ်ရာ၌ ဒေါ်ခင်လေး နွယ်က မီးမီးကိုတူခရင်းချာလို သဘောထား၍ ဆုံးမတိုက်တွန်း စကား ဆိုပါသည်။ မီးမီးသည် ချစ်မိလေသော ဆန်နီရဲ့မေမေ ကိုယ့်အိပ်မက်ထဲက ယောကျ်ားမလောင်းလို့ သတ်မှတ်ချင်သူက ကိုဘိုနှင့် နားချတိုက်တွန်းတဲ့အခါ ရှိုက်ကြီးတငင် ငိုမိတဲ့အထိ ပင်။

"အို … မငိုပါနဲ့ ဒေါ်လီရယ်၊ အန်တီက ဒေါ်လီ့ကိုလည်း ကိုယ့်တူမလို၊ အန်တီ့ကိုလည်း ကိုယ့်အဒေါ်လို အမေလို သံယောဇဉ်တွယ်နေလို့ ဝင်စွက်ဖက် ပြောဆိုမိတာပါ၊ ဘိုမင်းထွဋ်ဟာ အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက် ပါ၊ ဒေါ်လီ့ကိုလည်း ချစ်ပုံပါပဲ၊ ဘာဖြစ်လို့ ဒီလောက် ခါးခါးသီးသီး မကြိုက်နိုင်ရတာလဲ ဒေါ်လီရယ်"

"မီး သူ့ကို မချစ်ဘူး"

"မချစ်တာတော့ ဟုတ်ပါပြီ၊ တခြားမှာရော သမီးချစ်တဲ့သူ ရှိနေလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မီးမီးသည် ဒေါ်ခင်လေးနွယ်ကို မျက်လုံးဝိုင်းကြီး ပင့်ကြည့်မိ၍ ရင်ထဲ ဝမ်းနည်းနာကျင်ယှသည်။ သူ ဘယ်လိုပြော ရပါ့။ နှုတ်ကို နာနာပိတ်၍ တုံဏှီဘာဝေ လုပ်နေမိခဲ့သည်။

"ဒေါ်လို့မှာ ချစ်သူရှိလို့လား ... ဟုတ်လား"

မီးမီး မဖြေခဲ့။ ဘယ်သောက် ထပ်ခါ ထပ်ခါမေးမေး ငြင်းတာလည်း မဟုတ်ဘဲ အဖြေမထွက်လာတာမို့ ဒေါ်ခင်လေး နွယ် သံသယဝင်လာရပါတော့သည်။ ဒီကောင်မလေးမှာ သံယော ဇဉ်ငြိတွယ်သူတော့ ရှိပုံပဲရယ်လို့ ရိပ်မိစ,ပြုရပါသည်။ ဒီတော့ လည်း ခင်မင်မှု သံယောဇဉ်သာ ရှိသည့် သူစိမ်းလူအနေနှင့် ဖွတ် တရှုတ် မတိုက်တွန်းသာ။

"ချစ်သူတွေ ဘာတွေ ရှိရင်လည်း ဘယ်သူများလဲ၊ ဘယ် ကလည်း အန်တီ့ကိုပဲဖြစ်ဖြစ် ဖွင့်ဟတိုင်ပင်ဦးနော် ဒေါ်လီ၊ ဘွားဘွားမှ မရှိရင် ဒေါ်လို့မှာ တခြားတိုင်ပင်စရာရှိတာ မဟုတ်ဘူး၊ ဒီကိစ္စမျိုးကျတော့ ဘိုမင်းထွဋ်တို့ သားအမိကို လည်း တိုင်ပင်လို့မရ၊ အန်တီ့ကို ဘာမဆို ပြောဆိုတိုင်ပင် နော် ဒေါ်လီ၊ ဒေါ်လီက အေးအေးပျော့ပျော့ရယ်၊ မဟုတ် တရုတ်လူနဲ့တွေ့မှာ စိုးရိမ်တယ်"





မီးမ်း ချစ်နေတာ အန်တီ့သား ဆန်နီပေါ့ရယ်လို့ ဘယ်လိုလုပ်ပြီးတော့များ ပြောရမှာပါတဲ့လဲ။ ဘွားဘွား လေဖြတ် ခါစက ပထမတစ်ကြိမ် ဆေးရုံတစ်ကြိမ် တင်ရပြီး အိမ်ကိုပြန် ခေါ်ခဲ့ရသည်။ စ,တင်လေဖြတ်သည်မှ တစ်နှစ်နီးပါး ကြာတဲ့ အချိန်မှာ တစ်ခါ ဘွားဘွား အခြေအနေ ဆိုးလာပြန်ပါသည်။

ဘွားဘွား စ,မကျန်းမာကတည်းက တရားဝင် ဘာမှ မပတ်သက်သေးတာကလွဲလျှင် ဘိုမင်းထွဋ်ဟာ ဤအိမ်ရဲ့ စီမံခန့်ခွဲသူ နေရာကို ပိုင်ပိုင်ဝင်ယူပြီး ဖြစ်ခဲ့တာပင်။ ခုလည်း ဘွားဘွား အခြေအနေ မကောင်းတဲ့အခါ ကိုဘိုက နာမည်ကြီး ပုဂ္ဂလိကဆေးရုံတစ်ခုသို့ တင်ထားလိုက်ပါသည်။

ထိုတစ်ကြိမ် ဆေးရုံအတင်မှာ ဆန်နီနှင့် မီးမီး မကြာမကြာလေး တွေ့ခွင့်ရဖြစ်တာ။ ထိုအချိန်မှာ အန်ကယ်က တရုတ်ပြည်ကို အလုပ်ကိစ္စ ခရီးတစ်ခု သွားနေရ၍ အန်တီနှင့် အိမ်ဖော်သာရှိသော အိမ်ကို ဆန်နီက အခိုက်အတန့် လာနေပေး ပုံရပါသည်။ လုံးစေ့ပတ်စေ့ မီးမီး မမှတ်မိတော့။ ထိုကာလတွေ သည် ဘွားဘွား အတွက် စိတ်ပူ၊ မီးမီး ဘဝ ရပ်တည်ရေးအတွက် စိတ်ပူ၊ ကိုယ့်အဖြစ်ကို ကိုယ်ကြေကွဲ၊ အိမ်ထောင်ရေးနှင့်ပတ်သက် ပြီး ဘဝင်မကျ၊ ရှေ့မတိုး နောက်မဆုတ်သာ အစရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက် အခြေအနေတွေ အမျိုးမျိုး ခေါင်းထဲ ရှုပ်ထွေးပြောင်း ဆန်နေတုန်း ဖြစ်သည်။

ဆေးရုံကို မကြာမကြာလာသော အန်တီခင်လေးနွယ်နှင့် ဆန်နီ ပါပါလာတတ်ပါသည်။ ဆန်နီ ကားမောင်းပို့ရတာမှန်း သိရကာ သူပါလာလျှင် ကျေးဇူးလည်းတင် ဝမ်းလည်းသာသည်။

ဆန်နီ့ မျက်လုံးကလေးတွေဟာ ကြင်နာတတ်သော ပုထုဇဉ်လူသားပီပီ မီးမီးကို အထူးကရုဏာသက်နေတာ ပေါ်လွင်နေသည်။ ဘယ်တုန်းကမှ ဟက်ဟက်ပက်ပက် မရင်းနှီးခဲ့ဖူးသေးသော်လည်း ခုချိန်မှာ တရင်းတနှီး ဆက်ဆံနေလေသည်။ "လိုတာပြောနော် မဒေါ်လီ" ဆိုတဲ့ စကားကိုလည်း နှုတ်ဖျားက တဖွဖွ ပြောဆိုတတ်ပါသည်။

မီးမီးကို ကူညီနေကြသည့်မှာ ဒီဘက်မှာလည်း သားအမိတစ်တွဲ၊ ဟိုဘက်မှာလည်း သားအမိတစ်တွဲ။ ဒီဘက် သားအမိတစ်တွဲက ငြိမ်းချမ်းသိမ်မွေ့၍ ဟိုဘက်သားအမိတစ်တွဲ က စိုးပိုင်ကြိုးကိုင်တတ်ခြင်းပဲ ကွဲပြားပါသည်။

ဤကာလလေး အတွင်းမှာပဲ မီးမီးနှင့် ဆန်နီ ရင်းနှီးခင်မင်လိုက်ရကာ သိပ်မကြာခင်မှာ ဘွားဘွားလည်း ဆုံးပါး ကွယ်လွန်ခဲ့ပါသည်။ ဘွားဘွား ဆုံးသွားတဲ့အချိန်၊ အန်ကယ်





ဦးခင်မောင်ဦး နိုင်ငံခြားက ပြန်ရောက်လာတဲ့အချိန်၊ ဆန်နီလည်း ဒီမှာမနေတော့တဲ့အချိန်၊ ဒီအချိန်တွေက တစ်ချိန်တည်း တိုက်ဆိုင် နေပြန်ကာ အဲဒီရဲ့နောက်မှာ ဆန်နီ့ကို အတော်နှင့် မတွေ့ရတော့ ပြန်ပါ။

တစ်ယောက်တည်း အထီးကျန်ကျန် ကျန်ရစ်ရတဲ့ အခါ အဖော်ဆိုတဲ့ လိုလားတောင့်တမှုက ပိုလာသည်။ ဘာမှ မတတ်နိုင်တဲ့ မိန်းမသားဘဝဖြစ်တိုင်း တစ်နေ့ တစ်နေ့ ဆန်နီ့ကို လွမ်းဆွတ်တမ်းတနေခြင်းဖြင့်သာ အချိန်တွေကုန်လာသည်။ ဒီကြား ထဲမှာ ကိုဘိုတို့ သားအမိရဲ့ စေ့စပ်ဖို့ ဖိအားပေးမှုကလည်း ရက် ဆက်ပင်။

"ကျောင်းပြီးကတည်းက ဆန်နီလေ ဘာအလုပ်မှ မလုပ် ဘူး၊ အားရင် ဂစ်တာလေး တဒေါင်ဒင်ဒင်နဲ့၊ ဈာန်ကဒါပဲ ဝါသနာကြီးတာ၊ အန်တီကတော့ ဘာမှမပြောချင်ပါဘူး၊ ကိုယ်ကလည်း ဝါသနာပါခဲ့ဖူးတာကိုး၊ သူ့အဖေကတော့ ဒီလိုအနုပညာသည် အလုပ်တွေ ဘာတွေ လုံးဝအားမပေး ဘူး"

အန်တီဆီက ကြားရတဲ့ ဆန်နီ့ အကြောင်းလေးတွေ သာ စိတ်ရဲ့ ဖြေသိမ့်ရာ ဖြစ်ခဲ့သည်။ ကျောင်းတုန်းက သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ အစ်ကို (နိုင်ငံခြားက ပြန်ရောက်လာတဲ့သူ)နှင့် လမ်းမှာ အမှတ်တမဲ့ ဆုံတွေ့နှုတ်ဆက်ရင်း သူ့မှာ ဂစ်တာလေး နှစ်လုံး ပြန်ရောင်းဖို့ ဝယ်လာတာ သိရတဲ့အခါ ဂစ်တာအကြောင်း ဘာတစ်လုံးမှ နားမလည်ဘဲနှင့် မီးမီးက တစ်လုံးဝယ်မည်ဟု ဆုံးဖြတ်ကာ အိမ်အထိ ပါသွားပါသည်။

"နင်နဲ့ဂစ်တာ ဘာဆိုင်လို့လဲ"ဟု သူငယ်ချင်းက ဆိုတော့ "ငါသင်မလားလို့ပါ"လို့သာ ကွယ်ဝှက်ဝှက် ဖြေခဲ့ပါသည်။

မဟော်ဂနီရောင် ဂစ်တာလေးကို ဈေးကြီးပေးဝယ်လာခဲ့ကာ သူ သိထားဖူးပြီးသား နီးကပ်နေတဲ့ ဆန်နီ့မွေးနေ့တိုင်အောင် စောင့်နေပါသေးသည်။ ဆန်နီ့ မွေးနေ့မှာ ဂစ်တာ တစ်လုံးနှင့် ရောက်လာသော မီးမီးကို ဒေါ်ခင်လေးနွယ်က အံ့အားသင့်နေသည်။ ဆန်နီ့ မွေးနေ့အတွက် တခုတ်တရ မွေးနေ့ လက်ဆောင် လာပေးသည်ဆိုတာဟာ အံ့သြစရာလည်း ဖြစ်နေတာပါပင်။ ဆန်နီ မရှိသေးပေမဲ့ ဒီနေ့အဖို့ ရောက်တော့ ရောက်လာဦးမှာပဲဆိုကာ မီးမီးကို ဆွဲထား၍ တစ်မိုးပြီးတစ်မျိုး ကျွေးမွေးညှဉ့်ခံ ...။

ညနေခြောက်နာရီခွဲမှ ဆန်နီ ရောက်လာသည်။ ဆန်နီ့ကို တွေ့တဲ့အခါ လက်ဆောင်ပေးဖို့ မီးမီး ရှက်နေခဲ့ပါသည်။





အန်တီကပဲ ကြားထဲက ပြောဆိုပြီး ပေးပေးတာ။ နိုင်ငံခြားဖြစ် ဂစ်တာလေးကို လှည့်ပတ်စေ့စေ့စပ်စပ် ကြည့်ကာ ဆန်နီ ကြည်နူး အံ့သြနေသည်။

"ကျွန်တော် သိပ်ကြိုက်တာပဲ မဒေါ်လီ၊ အရမ်း ကျေးဇူးတင်တာပဲ၊ ပိုက်ဆံပေးဝယ်မှာတောင်မှ ဒါတွေက အလိုရှိတိုင်း ဝယ်လို့ရတာ မဟုတ်ဘူး၊ အရမ်းကောင်းတာပဲ၊ ကျွန်တော် တကယ်ကြိုက်တာ၊ တကယ် ဝမ်းသာတာ"

ဆန်နီက ဂစ်တာလေးကို ဖြည်းဖြည်းတီးခတ်ကြည့်နေသည်။ မထိရက် မကိုင်ရက် ငွေရွှေကလေး ကိုင်တွယ်သည်။ ရင်ထဲပိုက်ကာ တမြတ်တနိုး ဖက်ထားသည်။ ဒါကိုမြင်ရသည်နှင့်ပင် မီးမီးမှာ လက်ဖျားအေးအောင် ကြည်နူးရင်ဖိုနေပါသည်။

အဲဒီညက မီးပျက်နေရာ ထမင်းစားပွဲမှာ အန်တီရယ်၊ ဆန်နီရယ်၊ မီးမီးရယ် ဖယောင်းတိုင်တွေနှင့် ...။ အန်ကယ်က ခင်နာတစ်ခုရှိ၍ သွားနေရပါသည်။ မသဲမကွဲ မီးရောင်နီကျင်ကျင်ထဲမှ အန်တီ့လက်ရာ ဟင်းတို့ကို အရသာရှိရှိစားရင်း ဆန်နီ့ မျက်နှာကို အချိန်အကြာကြီး တစိမ့်စိမ့် ခိုးကြည့်ခွင့်ရခဲ့သည့် ထိုညကို မီးမီး မမေ့နိုင်။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးရဲ့ အကြည့်ခိုးတို့ကို အန်တီသည်လည်းကောင်း၊ ဆန်နီသည်လည်းကောင်း ရိပ်မိပုံ ရပါသည်။ ရိပ်မိပါစေတော့။ ထိုညကတော့ ဆန်နီ့ကို စကားတွေ အတော်လျှောက်ကာ ပြောခဲ့သည်။ တနင်္ဂနွေတိုင်း ဒီအိမ်ကို လာပါလား၊ တွေ့ရ စကားပြောရအောင် ဆိုတာမျိုးလည်း ပြောမိခဲ့သည်။ ဆန်နီ့ရဲ့ ဟိုအိမ်ဖုန်းနံပါတ်ကိုလည်း တောင်းခဲ့သည်။

အတော်မိုးချုပ်သွား၍ မီးမီး အိမ်ပြန်ရောက်တော့ အိမ်မှာကိုဘို မျက်နှာတင်းတင်းနှင့် စောင့်နေတာ တွေ့ရသည်။ ဒေါ်ခင်လေးနွယ် အိမ်မှာ ညစာသွားစားတာပါ ဆိုတာကိုပင် မကျေနပ်နိုင်ဘဲ တစ်ယောက်တည်း အချိန်တွေအား လုပ်ချင်တာတွေ လျှောက်လုပ်ပြီး မီးမီး စိတ်လေပေါ့သွပ်နေသည်ဟု စွပ်စွဲကာ မီးမီး အတွက် လုပ်ငန်းတစ်ခု တည်ထောင်ပေးဖို့ သူ ပြောသည်။

အလုပ် လုပ်စရာရလည်း မီးမီးက သဘောကျပါသည်။ နားပူအောင် အော်ဟစ်မြည်တွန်တာကိုလည်း ခါတိုင်းလိုပဲ ခေါင်းထဲက ထုတ်ပစ်ကာ မခံစားဘဲ ထားလိုက်ပါသည်။

အဲဒီနေ့ကစပြီး ဆန်နီ နေတဲ့အိမ်ကို နှစ်ရက်ခြား တစ်ကြိမ် သုံးရက်ခြား တစ်ကြိမ် ဖုန်းဆက်ဖြစ်ခဲ့သော်လည်း တစ်ကြိမ်မှ ဆန်နီနှင့် မပြောရ။ ဆန်နီ အပြင်သွားနေတာချည်းပဲ





ပင်။ တကယ်ပဲများ အိမ်ကို မကပ်တာလား။ သို့မဟုတ် မီးမီး အရိပ်အခြေကို ဆန်နီ ရိပ်မိကာ သူ့ဘက်က ဖြစ်နိုင်ချေမရှိ၍ပဲ တမင်ရှောင်ရှား စည်းခြားသည်လား။

တနင်္ဂနွေနေ့တွေများ ရောက်လာမလားဟု ဒေါ်ခင်လေးနွယ် အိမ်ကို မီးမီး သွား၍ စောင့်မျှော်တတ်သည်မှာလည်း အချည်းနှီး။ လေးပတ်ဆက်တိုက်ပင် ဆန်နီ မလာခဲ့။

"သောကြာနေ့ကမှ ဒီက သူ့စာအုပ်တချို့ လာသယ်သွားသေးတယ် ဒေါ်လီရဲ့၊ သူက တစ်ပတ်မှ တစ်ခါလောက် လာချင်တာ၊ ဒီနေ့တော့ မလာတော့ဘူး ထင်ပါရဲ့"

ဒေါ်ခင်လေးနွယ်သည် အားနာ ကျိုးကျပ်သော မျက်နှာရိပ်နှင့် အကြောင်းပြတွေ ရှာဖွေကာကွယ် ဖြေရှင်းတတ်ပါသည်။ မီးမီးကလည်း တစ်ပြန်စီး အားတွေနာလျက်။ သူက လည်း အားနာ ကိုယ်ကလည်း အားနာ။ ဒေါ်ခင်လေးနွယ်ကို ကော ဆန်နီ့ကိုပါ မီးမီး နားလည်နိုင်ပါသည်။

ဆန်နီ့ မွေးနေ့ညက သူတို့ ရိပ်မိသွားနိုင်တဲ့ မီးမီးရဲ့ တွယ်တာနှောင်ဖွဲ့လိုမှုတို့အတွက် သူတို့ဘက်က မတုံ့ပြန်နိုင်ဘူး သေချာရင် စောစောစီးစီး နောက်ဆုတ်ရှောင်ဖယ်ထားလိုက်တာက သူတို့အဖို့ အကောင်းဆုံးဖြစ်မှာဆိုတာ မီးမီးလည်း နားလည်နေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးအတွက် ကိုဘိုက လက်ရှိကုမ္ပဏီကို အစပျိုး ထူထောင်ပေးခဲ့သည်။ ကိုဘိုနှင့် စေ့စပ်ဖို့ကို ခေါင်းညိတ်လိုက်ရတဲ့ နေ့ကလည်း အန်တီ့ကို တကူးတကသွားပြီး ရင်ဖွင့် အသိပေးမိ ရပါသေးသည်။

"ကောင်းပါတယ် သမီးရယ်၊ ဘိုမင်းထွဋ်က သမီးအတွက် အင်မတန် သင့်တော်ပါတယ် ဒေါ်လီ၊ ကိုယ်က မချစ်ဘူး ဆိုပေမဲ့လည်း သူကချစ်ရင် ပြီးတာပါပဲ ဒေါ်လီရယ်၊ တစ်ခုပဲရှိတယ်၊ ဘိုမင်းထွဋ် ဩဇာပေးတာတွေကို လက် သင့်ခံရမယ်၊ ဒါကို ဒေါ်လီ ခံနိုင်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒေါ်လို့ စရိုက်ကိုက ပဲ့ကိုင်နေတဲ့ လှမ်းမိုးနေတဲ့ သူ တစ်ယောက်ယောက်ရဲ့ ဩဇာအောက်မှာ နာခံနေလိုတဲ့ စရိုက်ပဲ"

ဆန္ဒ မရှိပါဘဲ ကိုဘို့ကို မီးမီး စေ့စပ်ကြောင်းလမ်း ထားရန် လက်ခံလိုက်ပါသည်။ အဲဒီရဲ့နောက်တော့ သက်ရှိကုမ္ပဏီ အလုပ်ကို စတင်၍ ကြိုးစားပမ်းစား အုပ်ချုပ်လုပ်ကိုင်ရတော့က မီးမီးရဲ့ အချိန်ကွေ အလဟဿ သိပ်ပိုမနေတော့ပေ။ သို့ပေ မအားလပ်တဲ့ကြားက ဆန်နီ့ကိုတော့ တကယ်လွမ်းဆွတ်တ ပင်။





ဒေါ်ခင်လေးနွယ်နှင့်ပါ အတွေ့ကျဲသွားပြီးမှ မမျှော် လင့်ဘဲ လွန်ခဲ့တဲ့ ခြောက်လလောက်က သူငယ်ချင်းတစ်ယောက် နှင့် ကော်ဖီဆိုင်လေးတစ်ဆိုင်ကို ရောက်သွားဖြစ်တဲ့အခါ ထိုဆိုင် ကလေးမှာ ဂစ်တာတီးကာ သီဆိုဖျော်ဖြေနေသူဟာ ဆန်နီ ဖြစ် နေတာ တွေ့ခဲ့ရသည်။

ဆန်နီ့ကို မီးမီး သွားနှုတ်ဆက်လိုက်ပါသေးသည်။

"ဆန်နီ ... တို့ကို မှတ်မိလား" ဆိုတော့ ...

"ဟုတ်ကဲ့ ... မှတ်မိပါတယ် မဒေါ်လီ" တဲ့ ...။

အဲဒီရဲ့နောက်တော့ ဆန်နီ သီဆိုရာ ကော်ဖီဆိုင် လေးတချို့မှာ တကောက်ကောက် လိုက်ထိုင်ဖြစ်နေမိပြန်ကာ တစ်ခါတစ်ရံတော့ ဆန်နီ သူ့ကိုတွေ့သလို တစ်ခါတစ်ရံတော့ လည်း သူ ထိုင်တတ်တဲ့ မှောင်ရိပ်ကျကျ ချောင်နေရာသို့ ဆန်နီ မတွေ့မြင်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

BURMESE CLASSIC .com

ငွေသည် ရှေ့က ဦးဘိုမင်းထွင့်ကို စူပုပ်ပုပ်နှင့် ကြည့်နေမိပါသည်။ ဒီဓာတ်ပတ်လည်း ထူးခြားမှု ဘာမှမရှိဘဲ၊ သူ့ကို သက်သက်လာတွေ့ရတာပင်။ မမီးရဲ့ နှလုံးသားအိပ်မက်ကို မမီးက ငွေ့ကို ပွင့်ပွင့်ကြီး ဖွင့်ပြောထားပြီးမို့ ငွေ သိပြီးသားတော့ ဖြစ်နေပြီ။

ဒါကို ဦးဘိုမင်းထွင့်ကို သွားပြောလိုက်လျှင် ဦးဘိုမင်းထွင့်ဟာ အဲဒီအိပ်မက် အဆောက်အဦလေးကို အခြေကနေ မြေလှန်ဖြိုလှဲပစ်မှာ မလွဲ။ ဒါတော့ မမီး အပေါ် ငွေသနားမိသည်။ လူတစ်ယောက် အတွက် ရင်ခုန်ကြည်နူးစရာ အဖြစ်အပျက် အခြေအနေ ဆိုတာမျိုးဟာ ရှိသင့်သည်။





ပျော်စရာ စိတ်ချမ်းသာစရာ ရင်ခုန်စရာ ကြည်နူး
ရာ ဘာမှမရှိဘဲ ဘဝသေသေကြီးထဲ ဘာလုပ်ဖို့လဲ။ ဒါကြောင့်
ီးက ကိုယ့်ကို ယုံကြည်အားကိုးပြီး ဖွင့်ပြောသမျှ ဦးဘိုမင်းထွင့်
သတင်းပို့လို့ ဘယ်ဖြစ်ပါမလဲ။

ငွေလည်း ဒီအလုပ် လုပ်ရတာ စိတ်ရှုပ်လှသည်။
းဘိုမင်းထွင့်ကို သစ္စာရှိရမှာလား၊ မမီးကို သစ္စာရှိရမှာလား
ိတော့ပါ။ လခကလည်းကောင်း၊ အလုပ်ကလည်း မများပဲ
သက်သာကာ မမီး အပေါ် ခင်မင်ရင်းနှီးစွဲ သံယောဇဉ်လည်း
ဟာ၍သာ ဆက်လုပ်ဖြစ်နေရတာ။

"ရုံးဆင်းရင် မင်းက ဘယ်အချိန်လောက် ပြန်လဲ"

"ရုံးဆင်းတဲ့ အချိန်ပဲလေ၊ လေးနာရီခွဲလောက်ပေါ့"

"မစောဘူးလား"

"လူတိုင်း ဒီအချိန် ပြန်ကြတာပဲရှင့်"

"တခြားလူတွေက ထားတော့၊ မင်းအဖို့က စောနေသလား လို့၊ မင်းကို မီးမီးနားမှာ ဒီထက်ပိုရှိစေချင်တယ်"

"ရုံးက ဆင်းနေပြီလေ၊ မမီးလည်း ပြန်ပြီပဲရှင့်၊ ဦးဘိုမင်းထွင့် ပြောသလိုဆိုရင် အိမ်ထိ ဆက်လိုက်သွားဖို့ပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်အတိ လိုက်သင့်ရင်လည်း လိုက်ရမှာပဲလေ၊ ခုဆိုရ
မီးမီး အိမ်ကိုလည်း အကြောင်းကိစ္စနဲ့ မင်း လိုက်လိုက
သွားဖူးနေပြီပဲ၊ အိမ်က အချိုးအချိတ်တွေလည်း မင်းတွေ့
နေရသားပဲ။ ဒေါ်မိုးဟာ မီးမီးကို တကယ်သံယောဇဉ်
ပေမဲ့ အသက်က အိုမင်းပြီ၊ လူကလည်း နားထိုင်းနေပြီ
သူ့အာရုံနဲ့သူ ချက်ပြုတ်လုပ်ကိုင်နေဖို့ကလွဲလို့ ဘာ
အားမကိုးရဘူး ...

မဟင်္ဂကလည်း မင်း မြင်တဲ့အတိုင်းပဲ၊ လုပ်ပိုင်ခွ
လေး ဂါဝါလေး ငါးပြားဖိုးလောက် ပေးထားရင် တစ်ကျ
ဖိုးလောက် အရှိန်အဝါပြ၊ ပွည်ပွည်လုပ်ပြီး ပြန်ဆွဲချ
တောင် မကျဘူး၊ ပညာမရှိတော့ ခေါင်းမသုံးနိုင်ဘူး"

"မတင့် ဒီပုံစံဖြစ်နေတာတော့ ဦးဘိုမင်းထွန်း အပေါ်တ
ကယ်"

"ဘာကြောင့်လဲ"

"ဦးဘိုမင်းထွန်း ကိုယ်၌က မမီးကို မာရေကျောရေ ပြ
လားယောက်လား ဆက်ဆံနေတာ သူ့ရှေ့မှာလေ၊ သ
ရှင့်အပည့်ပဲ၊ မမီး တပည့်လို့မှ မခံယူတာ၊ သူ့ဆ
မမီးက ကြောက်ရတာပဲဆိုပြီး သူကပါ လူတွင်ကျ
ပြီး ရသလောက် ကပ်ယောက်လိုက်ချင်တာ ...





ဦးဘိုမင်းထွန်း မမီးကို ချိုးချိုးသာသာ တယုတယ
ဆက်ဆံလိုက်တာနဲ့ မတင့်ပါ ပုံစံပြောင်းသွားမှာပဲ"

ဦးဘိုမင်းထွန်းက မျက်ခုံးကြီးတွန့်ကာ ...

"ဒါ မင်းနဲ့မဆိုင်ဘူး၊ မင်းက ငါ့ပုံစံကိုပါ ပြုပြင်ပြောင်းလဲ
ဖို့တွေ လာလုပ်မနေနဲ့၊ စကားစ,မလာနဲ့၊ မင်းကိစ္စ
မဟုတ်ဘူး"

"ဒီလိုဆိုရင်လည်း မတင့်ရဲ့ ဒီပုံစံကြီးကိုပဲ ဦးဘိုမင်းထွန်း
လက်ခံကျေနပ်ရမှာပဲ"

"မင်း ဝင်ဝင်မပြောနေတာတွေက ငါ့ဦးကည်ချက်ကို ပျောက်
ပျောက်သွားစေတယ်၊ တစ်ဂိုက် ပါးစပ်ပိတ်ပြီး မေးမှဖြေ
စမ်းပါ၊ မဟင်္ဂဟာ ပညာမရှိဘူး၊ အသိဉာဏ်မရှိဘူး၊
အသံပဲရှိတာ အဆန်မရှိဘူး၊ ထိုးထွင်းဉာဏ်ဆိုတာ ဝေးရော၊
ငါက ကွေကာအုပ်လို့ တစ်ခွန်းပြောမိရင်၊ နေ့စဉ်နဲ့အမျှ
ဒီတစ်ခုကလွဲပြီး တခြားဟာကျွေးဖို့ စိတ်မကူးတော့ဘူး၊
ဒီလို မိန်းမမျိုး ...

ဒီလို ပညာသားမပါတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်စိ
အောက်မှာပဲ မီးမီးဟာ ဘာကိုမဆို လုပ်ချင်သလို လုပ်နေ
လို့ရတယ်၊ မတင့်မှာ ဘာအတွေးအခေါ် ဘာဦးနှောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ မဟုတ်ဘူး၊ တကယ်တမ်း မီးမီး တစ်ခုခု ကျိတ်လုပ်နေရင် သိနိုင်တာက မင်းလောက် ကွက်ကျော်မြင်မှုနဲ့မှ”

ငွေက သက်ပြင်းချမိသည်။ ဉာဏ်တွေ ဦးနှောက်တွေ မလိုဘူး၊ မမီးဟာ သူယုံရင် ယုံသလို ခင်ရင် ခင်သလို ဒက်ခနဲကို ဖွင့်ပြောချပြီးပြီ။

“မင်းကို အင်တာဗျူးတုန်းက ညအိပ်ညနေရော ရနိုင်သလား ဆိုတာ ငါ ထည့်မေးမိသေးတယ်”

“အို ... ဒါက တစ်ခါတစ်ရံ ခရီးသွားတာလောက်ပဲပေါ့၊ အမြဲတမ်းတို့ မကြာခဏတို့ ဘယ်ရပ့ါမလဲ၊ ကျွန်မအဖေ အမေက ဘယ်ခွင့်ပြုမလဲရှင်၊ ကိုယ့်အိမ်ကိုယ် ရှိရက်နဲ့ သူ့စက္ကထရီလုပ်တာ သူ့အိမ်ထိ လိုက်အိပ်ပေးရမယ်ဆိုတာမျိုးကတော့ ဘယ်အဓိပ္ပာယ်ရှိမလဲ”

“မင်းပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ အကူအညီတောင်းတဲ့ သဘောနဲ့ ဆိုရင်ရော”

“အကူအညီ တောင်းရအောင်ကလည်း ဦးဘိုမင်းထွဋ်ကိစ္စကြီးက သုံးရက်ဖြင့် သုံးရက်၊ ငါးရက်ဖြင့် ငါးရက် ဆိုရင် ပြီးသွားမဲ့ အရေးပေါ်ကိစ္စမျိုးမှ မဟုတ်ဘဲ၊ တတ်နိုင်ရင် တစ်သက်လုံး ဆိုသလို ဖြစ်နေတဲ့ဟာ”





ဦးဘိုမင်းထွဋ်သည် လက်နှစ်ဖက်ကို လက်ချောင်းထိပ်ဖျားများချင်း ထိဆက်ရင်း တဲခဏငြိမ်နေပြီးမှ ...

“မပေါ်, ပေါ်အောင် ဖော်ရမှာပဲ၊ ငါ့မှာသာ လေးငါးရက်စာ အချိန်ပို ဆက်တိုက်ရရင် ဒီကိစ္စ ပေါ်ပြီ”

“တကယ်လို့ ဒီကိစ္စ ပေါ်လာရင်ကော ဦးဘိုမင်းထွဋ် ဘာဆက်လုပ်မလဲ”

“ဟို ကြာကူရိုကောင်ကို ရှေ့မတိုးအောင် ဆုံးမပစ်မှာပေါ့”

“မဟုတ်သေးဘူး ထင်တယ် ဦးဘိုမင်းထွဋ်၊ သူ့ကို ကြာကူရို ခေါ်လို့ ရပ့ါမလား။ မမီးနဲ့ ဦးဘိုမင်းထွဋ်က စေ့စပ်ရုံ စေ့စပ်ထားတာပဲ၊ တစ်ယောက်ကိုတစ်ယောက် မပိုင်ဆိုင်ပါဘူး၊ ဟိုလူကို သွားဆုံးမပိုင်ခွင့်လည်း ဦးဘိုမင်းထွဋ်မှာ မရှိဘူး”

“ဘာ ... မင်း ဘာပြောနေတာလဲ၊ မင်းက ငါ့ဘက်ကလား ဘယ်ဘက်ကလဲ”

“ဦးဘိုမင်းထွဋ်ရဲ့ လခစားပေမဲ့ ကျွန်မက အခြေအနေကို ကြည့်ပြီး ပါသင့်တဲ့ဘက်က ပါမှာပဲ၊ မိန်းမတစ်ယောက်ရဲ့ အချစ်၊ မိန်းမတစ်ယောက်ရဲ့ ဘဝကို ရဖို့က ဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အချစ်နဲ့ ဘဝကို ရနိုင်ခြေရှိတဲ့ သူတွေကို လိုက်ရှာဖွေ ရျှာမှန်းနေမဲ့အစား သူ့အချစ် သူ့ဘဝကို ကိုယ်ပဲရဖို့ ကိုယ့်ကိုပေးလာဖို့ကိုပဲ ကြိုးစားရလိမ့်မယ်"

ဦးဘိုမင်းထွင့်က မျက်လုံးများကို မှေးကျဉ်းလိုက်ပြီး ...

"မင်းကြည့်ရတာ ငါ့ကိုသာ ထူးခြားတဲ့သတင်း မရှိ၊ ဘာ အကြောင်းအရာမှ မထူး၊ လုပ်နေပေမဲ့ ထူးခြားတာတစ်ခုခု သိထားပြီးနေသလိုပဲ၊ ဒါကြောင့် ဆုံးမတာတွေ နားချတာ တွေ လာလုပ်နေတာလား"

"ကျွန်မ ဆိုလိုနေတာက မမီးသာ ဦးဘိုမင်းထွင့် ထင်သလို တခြားလူတစ်ယောက်အပေါ် တိမ်းညွတ်နေရင် ဒီကိစ္စကို ကျွန်မ အဲဒီအိမ်သွားအိပ်ရုံမကလို့ အပြီးပဲ ပြောင်းနေနေ ကျွန်မ ဘာမှမတတ်နိုင်ပါဘူး၊ ဒီကိစ္စကို ရှင် တစ်ယောက် တည်းပဲ တတ်နိုင်တာ"

"နေ့ာက်ကိစ္စကို နောက်ထားလိုက်ပါ၊ သူ တိမ်းညွတ်နေ တာ ဘယ်သူလဲဆိုတာ ငါသိချင်တယ်၊ ရှိနေတာတော့ သေချာတယ်၊ မီးမီး ကြည့်ရတာ မင်းကို အချိန်တိုတိုနဲ့ တော်တော်ခင်မင်အားကိုးတာ မြင်ရတယ်၊ ဘယ်သူလဲဆို





တာလောက် သိရဖို့တော့ မီးမီးကို မင်းလိုမိန်းကလေးက လက်ထိပ်ဖျားလေးတင်ပြီး ဟော့သလိုတောင် မေ့ပစ်နိုင် နေမှ မခက်လှပါဘူး"

"သိဖို့ မခက်ပေမဲ့ သိတာနဲ့ ရှင်လုပ်ချင်တာတွေ ဘယ်သူ့ မှမထောက်မထား လျှောက်လုပ်တော့မှာက ခက်တယ်၊ ရှင် ဘာမှမလုပ်ဘူးလို့လဲ ရှင် ကတိပေးနိုင်မှာ မဟုတ်ဘူး"

"မပေးနိုင်ဘူး ... ငါလုပ်ချင်တာ လုပ်မှာပဲ"

ငွေ့က ဦးဘိုမင်းထွင့်ကို ကြည့်ရင်း တိတ်တိတ်လေး ကျိတ်ခေါင်းယမ်းနေမိပါသည်။ ဘယ်လိုလုပ် သွားပြောမလဲ။ မပြောပါဘူး။ သူ့ရဲ့ အထက်စီး အရှိန်အဝါ အားကိုးနဲ့ အပျို ကလေးကို အနုနည်းနဲ့ နှောင့်ယှက်မလား၊ အကြမ်းနည်းနဲ့ ပညာပေးမလား။ တကယ်လုပ်မည့်သူလည်း ဖြစ်သည်။

"အင်း ... လောလောဆယ် မင်း ပြောဆိုနေပုံအရကို ရှိနေတာကတော့ သေချာနေပါပြီ။ မင်း အလကားပဲ ခင်ငွေ့ခက်၊ မင်းကို အလုပ်ခန့်မိကာမှ မင်းက ငါ့ဘက်က ပါတဲ့သူ မဟုတ်ဘူး ဖြစ်နေပြီ၊ ဒီလို တနက်နေနေ့တိုင်းမှာ မင်းသိသမျှ ငါ့ကို သတင်းပို့ရမှာဆိုတဲ့ မင်း နားလည် တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ငွေသည် လိမ်မပြောလို့ မဖြစ်တော့ပါ။ ပိရိသောရုပ်ကလေးနှင့် မျက်တောင်တဖျပ်ဖျပ် ပုတ်ခတ်ရင်း ...

"ကျွန်မ ပြောနေတဲ့ စကားထဲမှာ ဦးဘိုမင်းထွဋ် ထင်တဲ့ သံသယဟာ တကယ်ဖြစ်ပျက်နေပါတယ်လို့ တစ်လုံးမှ မပါသေးဘူးနော်၊ အဲဒါကို အတိအကျ ထောက်ခံရလောက်အောင် ငြင်းဆန်ရလောက်အောင် ကျွန်မ ဘာမှ ခိုင်ခိုင်မာမာ မသိသေးဘူး။ ကျွန်မ ခုနပြောနေတာတွေကလည်း မမီးမှာ တခြားတစ်ယောက် ရှိနေပြီလို့ ဆိုလိုနေတာ မဟုတ်ဘူး၊ ရှိကောင်း ရှိနေခဲ့ရင် ဦးဘိုမင်းထွဋ် အကြမ်းသွားဖက်လို့ မဖြစ်ဘူးလို့ပဲ ဆိုလိုတာပါ"

"မင်း တကယ်ပဲ ဘာမှမသိသေးတာလား"

"ဟုတ်ပါတယ်"

"ဘာပဲဖြစ်ဖြစ် မီးမီးမှာ ဒီလိုသံသယဝင်စရာကိစ္စ လုံးဝမရှိဘူးလို့တော့ မင်း ဘယ်လိုမှ မပြောနိုင်တာ အမှန်ပဲမို့လား၊ မဖြစ်နိုင်ဘူးနဲ့ ဖြစ်နိုင်တယ်မှာ ဖြစ်နိုင်တယ်ဘက်က ပိုတယ် မဟုတ်လား၊ မင်း မသိသေးဘူး ဆိုတာကို ယေဘုယျအားဖြင့် ငါ ခဏယုံထားလိုက်ပါ့မယ်၊ မင်းကိုယ်တိုင်ကလည်း ကိုယ့်ချစ်သူကို သစ္စာရှိတာကို သဘောကျတဲ့





သူ ဆိုတော့ သစ္စာဖောက်တဲ့ လုပ်ရပ်နဲ့ကြုံရင် ငါ့ကိုဖွင့်မပြောဘဲ မြိုထားမယ်လို့ ငါမယူဆပါဘူး၊ ဒီကောင် ဘယ်ကလဲ ဆိုတာ မြန်မြန်သိနိုင်အောင်သာ လုပ်စမ်းပါ"

အခု မမီး ကိစ္စကတော့ ဦးဘိုမင်းထွဋ်ကို သစ္စာဖောက်တာလို့ ပြောလို့ရနိုင်ပါရဲ့လား။ မမီးဟာ စေ့သာစေ့စပ်လိုက်ရပြီး ဦးဘိုမင်းထွဋ်ကို "ချစ်ပါတယ်" လို့ တစ်ခွန်း သစ္စာပြုဖူးခဲ့လို့လား။ ဘယ်ဘက်က လိုက်ပါရမည်ကို မဝေခွဲနိုင်ဘဲ ခေါင်းတွေသာပူကာ ထုံးစံအတိုင်း အကျိုးမရှိလှဘဲ ဒီတစ်ပတ် တနင်္ဂနွေ အစီရင်ခံခြင်း အစီအစဉ် ပြီးဆုံးပြန်သည်။

နှုတ်ဆက်၍ ဆင်းလာခဲ့ပြီးသော် အောက်က ကားပါကင်မှာ ဂုဏ် စောင့်နေတဲ့ကားပေါ် ဝူးခနဲ သက်ပြင်းနှင့် ပစ်လွှဲဝင်ထိုင်လိုက်ပါသည်။

"ကြာလိုက်တာဟာ"

"ဟာ ... အဲဒီလူကြီးက သိပ်လေကြောရှည်တာပဲ"

"ဘာတွေ ဒီလောက် လေကြောရှည်နေရတာလဲ"

"ဒီလိုပါပဲဟာ ... ထုံးစံအတိုင်း"

"ထုံးစံအတိုင်းတွေ ဒီလိုပါပဲတွေ လုပ်မနေနဲ့၊ တနင်္ဂနွေတိုင်း အပတ်စဉ် သူ့ဆီ လာစကားပြောနေရတာ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူးနော်၊ တစ်ခုခု အဓိပ္ပာယ်ရှိရှိလေးဆိုရင် တော်သေးတယ်၊ ဘာမှလဲ အကြောင်းမရှိဘဲနဲ့ နင့်ကို စကားခေါ်ပြောနေတာ ငါ သိပ်ပြီး ကျေညက်လှကယ် မထင်နဲ့"

အရေးထဲမှာ တစ်လွဲထင်ချင်နေသူက တစ်မျိုး။ သို့ပေမဲ့ ဂုဏ် ဒီစကားမျိုးပြောတာ သုံးကြိမ်လောက် ရှိပြီဆိုတော့ သိပ်ပြီးပေါ့ဆဆထားလို့တော့ မနေပါ။ ဆော်ကြာ သူမှ ဦးဘိုမင်း ထွဋ်မို့ ငွေကလည်း အကြောင်းမရှိ အကြောင်းရှာ စကားပြောချင်လို့ ထင်နေဦးမည်။

"မဟုတ်ဘူး ဂုဏ်၊ ဒီလူကြီးကိုများ နင် တစ်လွဲမတွေး နေနဲ့၊ ငါ ပြောထားသားပဲ မမီးနဲ့ စေ့စပ်ထားပါတယ်ဆို"

"စေ့စပ်တာက စေ့စပ်တာပဲလေ၊ ဒီလိုကလ္လာမျိုးကလည်း တစ်ကလ္လာပေါ့၊ နင်က ယောကျ်ားတွေရဲ့ ထွေပြားတဲ့စိတ် အကြောင်း ဘယ်လောက်သိလို့လဲ"

"တခြားယောကျ်ားတွေသာ ထွေပြားမယ်၊ သူကတော့ သူ့အလုပ်နဲ့ မမီးပဲ၊ နင့်ကို ရှင်းအောင် ပြောထားလိုက်မယ်၊ ခုဖြစ်နေတာက သူက မမီး အပေါ် နည်းနည်းသံသယ ဝင်နေတာရှိတယ်၊ မမီးမှာ သူကလွဲပြီး တခြားရှိသေးတယ်





ထင်နေတယ်၊ တစ်ပတ် တစ်ပတ် ငါ့ကို ဒါတွေချည်း အစ်အောက်ထုတ်နေတာပါ ဂုဏ်ရယ်"

"နင့် မမီးကရော"

"မမီးက ... အင်း ... ငါ အကဲခတ်တုန်းပဲ"

"နင်ပြောတော့ မမီးက အေးညက်ညက်လေးဆို"

"အေးညက်ညက်လေး ဟုတ်တယ်လေ၊ ဒါပေမဲ့ ဦးဘိုမင်း ထွဋ်က မမီး အပေါ် သိပ်ဗိုလ်ကျ ခြယ်လှယ်တာ၊ ဒါတွေကို လွန်ဆန်နိုင်တဲ့ သတ္တိလည်း သူ့မှာမရှိ။ မိုတ်ကြိတ်ပြီး တော့သာ နာခံနေရတယ်၊ သူ့ရဲ့ ဟိုးရင်ထဲ နက်နက်ရှိုင်း ရှိုင်းမှာတော့ ဦးဘိုမင်းထွဋ်ကို အတိအလင်း ဆန့်ကျင်ထား တာပေါ့"

"သူက ဘာကိုကျတော့ ဆန့်ကျင်ရဲလဲ၊ နင်ပြောတော့ အပြာရောင် ရုံးခန်းကြီးတောင် အရောင် မပြောင်းရဲဘူး ဆို"

"ဦးဘိုမင်းထွဋ်ကို မချစ်ဘူး၊ မယူချင်ဘူး ဆိုတဲ့ အချက်နဲ့ ဆန့်ကျင်ထားတယ်"

"ဟိုလူကြီး စွပ်စွဲတဲ့အတိုင်းပေါ့"

"အင်း ... အဲဒါတော့ ... မသေချာလှသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် … နင့်ပုံကြီး ကြည့်ရတာ မိန်းမချောင်းချင်းဘက်က လိုအပ်ရင် ဖုံးအုပ်ကာကွယ်ပေးထားမဲ့ ရုပ်ကြီးပါ။ အသစ်နဲ့ထပ်ကြည့်နေရင်တော့ နင့် မမီးက သိပ်မဟုတ်သေးဘူးနော်၊ လူငယ်လေးလည်း မဟုတ်ဘဲနဲ့၊ ခေတ်ပြီးမှပဲ ခေတ်ပြီးသားလူကို အပြစ်မြင်ပြီး နောက်တစ်ယောက် ထပ်တွေ့စရာလား"

"အဲသလို မဟုတ်သေးဘူးဟ၊ ခေတ်စပ်တယ် ဆိုပေမဲ့လည်း မမီး သဘောဆန္ဒ လုံးဝပါတာ မဟုတ်ဘူး။ ချစ်ရေးတောင် တစ်ခွန်းဆိုတာ မဟုတ်ဘူးတဲ့၊ ခက်ရုပ်သဘောဆန်ဆန်ကြီး ဖြစ်နေတော့ မမီးဟာ သူ့ဘဝမှာ နှလုံးသားလျှပ်ရှားမှုလေးကို မြတ်နိုးအရေးသယ်ချင်တယ်ဆိုရင်ယည်း အပြစ်ဆိုလို့ မရနိုင်ပါဘူး"

"ဘာလို့ အပြစ်ဆိုမရ ရမှာလဲ၊ အသက်သုံးဆယ်ကျော်ပြီဆို၊ အရွယ်နဲ့လိုက်ဖက်တဲ့ အတွေးအခေါ် အဆုံးအဖြတ်မျိုးပဲ ရှိသင့်တာပေါ့"

"သုံးဆယ်သာ ကျော်တယ်၊ ငါ့လောက်တောင် ကြီးပြီ မထင်ရဘူးဟဲ့"





"ဘယ်လောက်ပဲ ထင်ရ ထင်ရ၊ အသက်ရွယ်နဲ့ အသိဉာဏ်က အချိုးကျနေရမယ်၊ ဘာလဲ … နင့်မမီးက နောက်ကွယ်မှာ ရည်းစားသစ် ထားနေတာကို ဦးဘိုမင်းထွန်းက ရိပ်မိ၊ နင့်ကိုမေး၊ နင်က မမီးဘက်က ဖုံးအုပ်ပေးနေတာလား"

အဲသလိုသာဆိုလျှင် ဂုဏ်းဟာ လုံးဝသဘောမကျမှာ ငွေ အသိပင်။ ငွေလည်း ဒါမျိုးကြုံလာရင် ဆိုပြီး မဆီမဆိုင် မဖြစ်နိုင်တာကိုပါ ထည့်တွေးနှိုင်းယှဉ်ကြည့်နေဦးမှာ ဖြစ်သည်။ ပြီးတော့ ယောကျ်ားပီပီ သူတို့ ယောကျ်ားချင်းဘက်ကလည်း သွေးစည်းချင်သေးမည်။ သစ္စာမရှိနေတဲ့ဘက်က ငွေက လိုက်နေပါတယ်ဆိုတာမျိုး အိမ်မှာပါ ကွဲစိ ကွစိ လာလုပ်ရင် လုပ်ဦးမည်။

အစကတည်းက ဦးဘိုမင်းထွန်းကို ငွေ ကြည့်မရတာတွေ တဖျစ်တောက်တောက် အတင်းပြောတာတွေ ကြားကာ "ဒီလောက်မကောင်းရင်လည်း သူ့ဆီ လုပ်မနေနဲ့တော့ပေါ့" လို့ ပေဖေနှင့် မေမေက ဆိုထားဖူးတာ။ ခုတော့ ယောကျ်ားကတစ်မျိုး မိန်းမကတစ်မျိုး။ မကြိုက်စရာတွေနှင့်ဆိုလျှင် မိဘနှစ်ပါးဟာ ပိုပြီးတောင်မှ မနှစ်မသက် ဖြစ်လာမည်။

ပေဖေနှင့် မေမေဟာ ခပ်အေးအေးသမားတွေ၊ ဘဝကို ငြိမ်းငြိမ်းအေးအေး ဖြတ်သန်းရလေသော လျှောက်လှမ်းချင်သူ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ကာ ငွေ့ကိုလည်း ဒီပုံစံအတိုင်း သွန်သင်ထားတာ။ ရှုပ်ရှုပ်ယှက်ယှက် မကြိုက်။ ငွေဟာ စေ့စပ်ထားကြတဲ့ အလုပ်ရှင်နှစ်ယောက်ကြားမှာ မိန်းမက အသစ်ရှာနေတာကို ကူဖုံးဖိထားလိုက်၊ ယောကျာ်းက ခေါ်ယူစစ်မေးလျှင် ဘူးကွယ်လိုက် ဆိုလျှင် ကိုယ်နှင့် ဘာမှမဆိုင်လှဘူးပဲ ဆိုဆို ဖေဖေတို့ မေမေတို့က ဒါမျိုး မကြိုက်ကြပေ။

"နင်နော် ... အဲလိုမျိုး ငါ့အိမ်လာမပြောနဲ့နော်၊ ဖေဖေတို့က ရှုပ်တီးရှုပ်ယှက် ဆိုပြီး မကြိုက်ဘဲ နေဦးမယ်"

"တကယ်ကော ရှုပ်တီး ရှုပ်ယှက်ပဲ မဟုတ်လား၊ နင့်သူဌေးမက ဟုတ်ကော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဟာ၊ မမီးက သနားစရာ ချစ်စရာလေး"

"သူဌေးမက ရှေ့ကရှုပ်၊ နင်ကပါ နောက်ကတကောက်ကောက်ပါ၊ သူနဲ့ ယှူမဲ့သူကို ဝိုင်းပြီးဖုံးဖိပေး၊ လိမ်ပေးဆိုရင်တော့ မကောင်းဘူးနော် ငွေ၊ နင်တို့ဟာ ဘယ်လိုမျိုးတွေလဲ ဆိုတာ ငါ့ကိုလည်း ပွင့်ပွင့်လင်းလင်း ပြောထားဦး"

"တကယ်ကို တိုဝိကျကျ ဘာမှ မဟုတ်ပါဘူး ဂုဏ်ရယ်၊ မမီးက တခြားလူတစ်ယောက်ကို စိတ်ကူးယဉ်နဲ့တင်





စိတ်ဝင်စားနေတဲ့ သဘောလောက်ပါပဲ၊ ဘာမှလဲ ဇာတ်လမ်းခိုင်ခိုင်မာမာ ဖြစ်နေတာ မဟုတ်ဘူး"

"ဘယ်ကလူလဲ"

"ငါလည်း သေချာမသိပါဘူးဟယ်၊ ငါမှ ရေရေရာရာ မသိတာ၊ ဦးဘိုမင်းထွဋ် သိမှာလည်း ဖုံးဖိပေးရာ မကျပါဘူး၊ သူတို့ဟာသူတို့ ဘာပြဿနာရှိရှိလေ၊ ငါက အလုပ်တာဝန်ကျေပွန်နေရင် ပြီးတာပဲ မဟုတ်လား၊ ဒီလူကြီးက သူ သိချင်တာတွေ ငါ့ဆီကတစ်ဆင့် မသိရလို့ မကျေနပ်ပြီး ငါ့ကို ဖြတ်လည်း ဖြုတ်ပေါ့ဟယ်၊ ဂရုမစိုက်ပါဘူး၊ သူ့စိတ် သူ့သဘော၊ သူ့ဆန္ဒ သူဖြစ်ချင်တာပဲ ရှေ့တန်းတင်တဲ့ တစ်ကိုယ်ကောင်းသမားကြီးဟာ၊ အတ္တကြီးတယ်လို့လည်း ပြောမယ်ဆို ပြောနိုင်တယ် ....

မမီးလေးကတော့ သနားစရာလေးပါ၊ သူ့လိုလူကြမ်းကြီးလည်း မဟုတ်ပါဘူး၊ နုနုနယ်နယ် အားငယ်ငယ်လေးပါ ဂုဏ်ရဲ့"

"ဟင်း ... နင့်ကြည့်ရတာ အဲဒီ ဒေါ်မီးမီး ဘက်ကလူလုံးလုံးဖြစ်နေပြီ၊ ကြည့်ရတာ ငါ့ကိုတောင်မှ သိပ်အသိမပေးချင်တာတွေ ရှိနေတဲ့ ပုံစံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေက ကားမောင်းနေတဲ့ ဂုဏ့်ကို ပြုံးမျက်စောင်းလေး ရွယ်ရင်း ...

"နင်သာ ငါ့ကို ငါ မသိအောင် လျှို့ဝှက်ထားတာတွေ မရှိစေနဲ့ သိလား၊ ငါ့မှာ ဘာမှ မရှိဘူး၊ နင့်မှာသာရှိရင် ရှိမှာ"

ကိုယ့်ဘက်ကို အပြစ်တွေ ဖို့တော့မလိုလို အရိပ်အခြေမှာ ငွေက အခြေအနေကြီးကို ပြောင်းပြန်လှန်ကာ ဂုဏ့်ကို အခြောက်တိုက်ကြီး ရန်လိုလိုက်တာပင်။ ဒါဟာ ကိုယ့်ကိုဖိဖိပြီး စစ်မေးနေတာတွေ ရပ်တန်းက ရပ်ပြီး ကိုယ်ကျဉ်းထဲကျပ်ထဲက လွတ်အောင်သာ။ သူ့ကို မယုံသင်္ကာလွန်းလို့လည်း မဟုတ်။

ပြောစကားကိုတောင်မှ ဟန်ဆောင်ပြီး မာရေကျောရေ လုပ်ရတာမို့ မျက်စောင်းချိတ်လိုက်တဲ့ အထဲမှာ အပြုံးက တွဲပါသွားလိုက်သေး။ သို့သော် ထိုအပြုံးက ငွေ့ထံမှ ချက်ချင်းပဲ ပေနဲ့ဖျပ်ပြေးတော့သည်မှာ ဂုဏ်ရဲ့မျက်နှာရိပ်ကြောင့်ပင်။

ဂုဏ်သည် ငွေ့စကားကြောင့် မျက်နှာပျက်သွားတာ မဟုတ်တဲ့တိုင် မျက်နှာထားဟာ မသိုးမသန့်နှင့် တစ်ခုခု ဖြစ်သွားတာကတော့ ကွက်ခနဲ သေချာလှပါသည်။ ခေါင်းကုတ် နားရှက်ကုတ်နှင့် ကျဉ်းထဲကျပ်ထဲ မနေတတ် မထိုင်တတ်သလို ဖြစ်သွားရပြီးမှ ...





"ငါ့မှာ ဘာမှမရှိပါဘူးဟာ၊ 'နင်ကလည်း ..."

ပြောလိုက်သံကိုက မသင်္ကာစရာပင်။

"ဟယ် ... ဂုဏ်၊ နင် အခုဖြစ်ပျက် ပြောဆိုလိုက်ပုံတွေက အရမ်းကို မူပျက်နေပါလား"

"မပျက်ပါဘူးဟာ"

"နင် ဘာတွေ မဟုတ်တရုတ် လုပ်နေတာရှိလဲ"

"မရှိပါဘူးဟာ၊ ခုလည်း ငါများ နင့်ကို မရိုးသားတာ ဘာများရှိခဲ့မိသလဲ ပြန်တွေးကြည့်နေတာပါ၊ တစ်ခုတော့ ရှိတာပေါ့ဟာ၊ တစ်ခါတစ်ရံမှာ အရေးမကြီးလှဘူးဆိုပြီး ပေါ့တီးပေါ့ဆနဲ့ နင့်ကိုလည်း မပြောဖြစ်လိုက်တာ တစ်ခုတလေ ရှိကောင်းရှိမှာပေါ့၊ ဒါပေမဲ့ မရိုးသားတဲ့ ရည်ရွယ်ချက်၊ နင့်အပေါ်မှာ သစ္စာမဲ့တဲ့ လုပ်ရပ်မျိုးတွေနဲ့တော့ ငါ လုံးဝမပတ်သက်ဘူး၊ ဒါတော့ စိတ်ချ"

"ဟွန်း ..."

ငွေက ဂုဏ့် စကားကို အလွယ်တကူ ယုံတဲ့တိုင် "ကြည့်ကြသေးတာပေါ့"ဆိုတဲ့ မျက်နှာမျိုးနှင့် ဂုဏ့်ကို မဲ့ပြလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

အဲဒီနေ့ အဖြစ်အပျက်ကိုတော့ ငွေသည် အတော်ပင် ဒေါသတွေ မခံချင်စိတ်တွေဖြစ်ကာ ဦးဘိုမင်းထွင့်ကို အလွန်ပင် မုန်းတီးအမြင်ကတ်ရလေသည်။ သူဟာ သူ့ကိုယ်သူ ဘာများထင်နေပါလိမ့်။ လူတကာကို သူ ဆက်ဆံပုံက သူ့ပတ်ဝန်းကျင်ရှိ လူတွေဟာ သူ့ခြေသုတ်ဖတ်တွေ ကျနေတာပင်။

ထိုနေ့က မမီးနှင့် ငွေက အပြင်ကိစ္စတစ်ခုနှင့် ကားနှင့်ထွက်လာကြတာ ဖြစ်သည်။ သွားရင်းလာရင်းက ငွေက ဗိုက်ဆာသည် ဆို၍ ဤဆိုင်ကလေးကို ဝင်ဖြစ်ကြတာ ဖြစ်သည်။ မမီးသည် အရင်က အပြင်မှာ စားကျင့်သောက်ကျင့် နည်းလှပါ





သည်။ ကလေးပေါက်စနှင့် အပြင်ထွက်ရသလို မမီး အတွက် နို့ဘူးက တကိုင်ကိုင်နှင့် နေရာအနှံ့ ပါရသည်။

ငွေကတော့ အပြင်မှာ အစားစုံစားသည့် သတ္တဝါဖြစ်လေရာ ဗိုက်ဆာလာလျှင်ဖြစ်စေ၊ ဗိုက်မဆာဘဲ မျက်စိရှေ့မှာ စားချင်စရာကြီးတွေ တွေ့ရလို့ဖြစ်စေ၊ ကမန်းကတန်း အုပ်ပစ်ဖို့ လက်မနှေး။ မမီးနှင့်ကျမှ ဒုက္ခတွေ့နေရာက နောင်တော့ ငွေက မမီးကိုပါ ဂိုဏ်းသွင်းလာပါသည်။

ဂိုဏ်းသွင်းတယ် ဆိုတဲ့နေရာမှာ မမီး အန္တရာယ်ဖြစ်မည့် မတည့်နိုင်သည့် အစားအစာမျိုးတွေ မပါပါ။ မမီးနှင့်လည်း တည့်နိုင်သည်။ မမီးလည်း ကြိုက်မည့် စားကောင်းမည်ထင်တာတွေပေါ့။ ငွေက ရှေ့ကမှာ မမီးက နောက်ကလိုက်စား။

အပြင်စာ ဆိုပေမဲ့လည်း သန့်ရှင်းတယ်၊ ဘေးဥပါဒ်ဖြစ်လောက်ဘူး ဆိုလျှင် စားတော့ ဘာဖြစ်သတုံး။ ဒီနေ့တော့ Snacks နှင့် Drinks တွေရောင်းသော ဆိုင်လေးတစ်ဆိုင်ထဲ ဝင်ထိုင်ကြတာ။ ထိုင်မိပြီး မှာရုံရှိသေးသည်။ ဆိုင်ပေါက်ဝမှ ဝင်လာသော လူရွယ်တစ်ဦးက ...

"ဟ ... မီးမီး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လက်မြှောက်ပြ ဘာပြနှင့် ဒီစားပွဲမှာပဲ လာဝင်ထိုင်လိုက်တော့တာ။ ရပ်ဖြောင့်ဖြောင့် ရှိုးကောင်းကောင်းနှင့် နေကာမျက်မှန်ကို ဆံပင်ပေါ် ဆွဲယူပင့်တင်လိုက်ပြီး ပုံစံဒီဇိုင်းခပ်မိမိနှင့်ပင်။

စကားတွေထဲမှာ ဘယ်လိုင်းတွေ ဘယ်တုန်းက ရောက်တာတွေပါကာ မကြာမီကမှ မြန်မာပြည် ပြန်ရောက်နေသည့် သဘော်သားတစ်ယောက်မှန်း သိရပါသည်။ မမီးနှင့်လည်း အပြန်အလှန် ခင်ခင်မင်မင်။

မမီးက သူ့နဂိုနေပုံစံ ခပ်အေးအေးနှင့်ပေမဲ့ တရင်းတနှီး ရှိပါသည်။ မမီးတို့ ရှစ်တန်း ကိုးတန်း ရွယ်ကတည်းက တစ်ကျောင်းတည်း တစ်တန်းတည်းသား သူငယ်ချင်း "ရဲချစ်" ဆိုတာ သိရသည်။ မတွေ့ဖြစ်ကြတာလည်း ကြာပြီတဲ့။ မမီးက ငွေနှင့်ပင် မိတ်ဆက်ပေးလိုက်ပါသေးသည်။

အဲဒီ ကိုရဲချစ်ဟာ`ငယ်သူငယ်ချင်း မမီးကိုတော့ ရိုးရိုးဆက်ဆံပေမဲ့ ခုမှသိရသော ငွေ့လို ခပ်လှလှ မိန်းကလေးတစ်ယောက်ရှေ့မှာ ပဲခပ်များများလေး ပေးကာ စတိုင်လုပ်နေမှန်း ငွေလည်း ရိပ်မိပါသည်။ သူကလည်း ငွေတို့လိုပဲ စထရော်ဘယ်ရီမစ်လ်ခ်ရှိတ်ခ်ပဲ လိုက်မှာတာမို့ သုံးခွက်ဆင်တူလာချကာ၊





စကားတပြောပြောနှင့် ထိုင်နေ သောက်နေကြဆဲ၊ မလှမ်းမကမ်း စားပွဲတစ်ခုမှာ ငွေတို့ မိသားစုနှင့် မိသားစုလိုက်ခင်သော အစ်မကြီးတစ်ယောက်ကို လှမ်းတွေ့လိုက်ရပါသည်။.

မတွေ့ကြတာ ကြာပြီဖြစ်သော ခင်မင်သည့် အစ်မကြီးတစ်ယောက် ဖြစ်တာမို့ ငွေက မမီးကို ခွင့်တောင်းပြီး စားပွဲကူးသွားကာ နှုတ်ဆက်လိုက်ပါသည်။ နှုတ်ဆက်ရင်းကပဲ အစ်မကြီးကလည်း သူနှင့်ပါသည့် သူ့ရုံးက အဖော်များနှင့် မိတ်ဆက်ပေးနေတာမို့ ခဏတဖြုတ် စကားလက်ဆုံ ကျနေမိတာ။

အဲဒီ အချိန်မှာ ...။

ဘယ်က ဘယ်လို ပေါ်လာသည် မသိသော ဦးဘိုမင်းထွဋ်ဟာ သူ့ဂုဏ်သိက္ခာမှသူ မထောက်ထား၊ လူပုံအလယ် စားသောက်ဆိုင်ထဲမှာ အံ့သြစရာကောင်းလောက်အောင်ကို ဝုန်းဒိုင်းဝင်ကြဲခဲ့တာပင်။

"မင်း ဘယ်သူနဲ့ လာတာလဲ၊ ဒါက ဘယ်သူလဲ မီးမီး"

"ဒါ ... ဒါ မီး သူငယ်ချင်း"

"ဘယ်က သူငယ်ချင်းလဲ၊ ဘယ်တုန်းက ပေါ်လာတဲ့ သူငယ်ချင်းလဲ၊ ကိုယ့်ကို မဟုတ်က ဟုတ်ကတွေတော့ လျှောက်ပြောမယ် မကြံနဲ့၊ ခုချက်ချင်း အမှန်အတိုင်းပြော



www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ကြီးတွေကြောင့် ငွေလည်း အလန့်တကြား လှည့်ကြည့်မိကာ ဆိုင်ထဲက တချို့စားပွဲတွေလည်း တအံ့တဩ လှမ်းကြည့်ကြပါသည်။ ဒီယောက်ျား လူကြွေအများကြီးကြားထဲမှာ မထိန်းသိမ်း မဆင်ခြင်နိုင်တော့အောင် ခုလောက်တောင် ဆတ်ဆတ်ဟုန် မခံမရပ်နိုင်ဖြစ်သည့် ဦးဘိုမင်းထွန်းကို ငွေ အံ့အားကြီး သင့်နေသည်။

မမီးကို အပြင်းအထန် ဘာဝန်တိုက်တဲ့ သဘောလား၊ သို့မဟုတ် မကျေနပ်လျှင် နေရာမရွေး လူရှေ့မရှောင် အော်ဟစ်ဆူပူဖို့ မမီးကို ဂရုစိုက်စရာ ငဲ့ကွက်စရာကို မလိုဘူးလို့ ထင်တာလား။ တစ်လောကလုံးမှာ သူသာ ကြီးမြတ်သူဖြစ်ပြီး ကျန်လူအများကို သူ့မှာ ပြောပိုင်ဆိုပိုင်ခွင့်ရှိသည် မှတ်နေတာလား။

မမီးကို ထားဦး။ ဘေးလူစိမ်းတစ်ယောက်ကို သူ့မှာ လေးစား ထည့်တွက်မှု မရှိတော့ဘူးလား။ ကိုရဲချစ်ဟာ ကလေးကချေပုံလည်း မဟုတ်။ သူနှင့် ခွယ်ဘူမဟုတ်တဲ့တိုင် အနည်းဆုံး အသက်သုံးဆယ်ကျော် ယောကျ်ားတစ်ယောက်မှန်းတော့ သိသာနေတာ။ သူငယ်နုပ်စားလေးလည်း မဟုတ်။

ဒီအချက်အလက်တွေ အားလုံး ဘာတစ်ခုကိုမှ ဖ မတွေးတော့ဘဲ လူပုံအလယ်ရှေ့မှောက်မှာ မမီးကို နိုင်ထက်စီးနင်း အော်ဟစ်လိုက်တာကို အံ့အားသင့်လှလွန်း၍ ငွေသည် နေရာ





ရပ်၍ ခေါင်းကိုသာလှည့်ကာ အကြောင်းသား ငေးကြည့်နေမိသည်။ ကိုရဲချစ်ဟာလည်း ပါးစပ်ဟ၍ ဦးဘိုမင်းထွန်းကို အငိုက်မိစွာ ငေးမော့ကြည့်နေသည်။

"ဒါ မီး ငယ်ငယ်က သူငယ်ချင်း"

မမီးက အသံတုန်တုန်နှင့် တစ်ခွန်းပြောလိုက်သည်။

"ခုလောလောဆယ် ဘယ်လိုပတ်သက်နေလဲ"

"ဘယ်လို ပတ်သက်ရမှာလဲ ကိုဘိုရဲ့၊ ခုမှ ပြန်တွေ့တာ၊ မတွေ့တာတောင် ကြာပြီ"

"မတွေ့တာကြာပြီ ... ဟုတ်လား"

ငွေသည် မျက်ခုံးတွန့်၍ ကြည့်နေမိကာ ရင်ထဲအတော်သည်းမခံနိုင် ဖြစ်လာပါသည်။ မမီး အတွက်လည်း မခံချင်။ ကိုရဲချစ် အတွက်ပါ မခံချင်။ ကွယ်ရာကျမှ ဘယ်လောက်ပဲ သကော မသကော ဘယ်လိုဖြေရှင်းဖြေရှင်း လူပုံအလယ်မှာတော့ လူလူချင်း လေးစားနားလည်မှုဟာ ထားကိုထားရမည့် ဝတ္တရားဖြစ်သည်။

"ခု ဘယ်ကလာကြတာလဲ၊ ဟိုတစ်ယောက်က မပါဘူးလား မီးမီး၊ သူ့ကို ဘယ်သွားသွားခေါ်ဖို့ ကိုယ် ပြောထားတယ် မဟုတ်လား"

"ငွေ ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဦးဘိုမင်းထွဋ်၏ မျက်လုံးတွေက ဘေးဘီကို ဝေ့ဝဲလာကာ ဟိုဘက်တစ်စားပွဲ နံဘေးမှာ ငွေ့ကို တွေ့သွားပါသည်။ ငွေသည် မျက်ခုံးကိုတွန့်ကာ ဦးဘိုမင်းထွဋ်ကို မကျေမနပ် ကြည့်နေမိလျက်သား။ ငွေ လာနှုတ်ဆက်သော စားပွဲမှ အစ်မတို့ကလည်း အကဲခတ်နေကြပါသည်။ ငွေက ထိုအစ်မကြီးကို လှည့်နှုတ်ဆက်ကာ ကိုယ့်စားပွဲရှိရာ ပြန်လျှောက်လာရ၍ ထိုင်မည့် ထိုင်ခုံနောက်မှာ ရပ်ရင်း ...

"ဘာဖြစ်လို့လဲ ဦးဘိုမင်းထွဋ်"

မှုန်တေတေ မေးမိသည်။

"မင်းက ဘယ်သွားနေတာလဲ"

"ဟိုမှာ ကျွန်မ အသိမိတ်ဆွေတွေ့လို့ ကျွန်မ သွားစကား ပြောနေတယ်"

မမီး ကဲ့သို့ အသံတုန်တုန်လေးနှင့် တုံ့ပြန်လာမည့်ပုံ မပေါ်ဘဲ သူ့အသံအတိုင်း ပဲ့တင်သံ ပြန်သလို ပြန်လာမည့်ပုံပေါ်သည့် ငွေ့ကိုတော့ သူက လက်လွတ်စပယ် ဆက်မပြော။ သူများကို လေသံကျယ်နှင့် လှုပ်အလယ် ဟိန်းဟောက်ဖို့ မရှက်သော်လည်း သူ့ကို ဤသို့ လေသံကျယ်နှင့် မချေမငံ ပြန်ပြောတာခံရမှာကိုတော့ ရှက်ပုံရလေသည်။





သူ့လုပ်ပုံကြီးဟာ ကိုးရိုးကားယား ခွကျလှပါသည်။ ကိုရဲချစ်ဟာ သူ့မစ်လ်ခ်ရှိတ်ခ် သူ မ,ပြီး တခြားစားပွဲ ပြောင်းထိုင်လိုက်ရင် ကောင်းမလား၊ ပြောင်းလိုက်မှ တစ်မျိုးကြီး ဖြစ်သွားမလား၊ ဒီလောက် ပိုင်စိုးပိုင်နင်း ပြောနိုင်သူဟာ မီးမီးရဲ့ဘာလဲ စသဖြင့် တွေးနေပုံရသည်။

ဦးဘိုမင်းထွဋ် ကတော့ တဒင်္ဂအတွင်း သူ့စိတ်ထဲ ဖြစ်ပျက်ခံစား သံသယပွားလိုက်တဲ့အတိုင်း မထိန်းမသိမ်း ပြောဆိုပစ်လိုက်ပြီးသော် ဘယ်သူ့အတွက်မှ ထည့်တွေးပုံလည်း မရ။ စဉ်စားကြည့်ပေးပုံလည်း မပေါ်။

"အေးကွာ၊ ဆောရီးပဲ ငါ့ညီ၊ မီးမီးနဲ့ နှစ်ယောက်တည်း ထိုင်နေတာ တွေ့တော့ ဘယ်သူလဲလို့"

ကိုရဲချစ်ကို ရည်ရွယ်ပြောသော စကားပေမဲ့ စေ့စေ့ကြည့်ကာ အရေးတယူ ပြောတာမျိုးတော့ မဟုတ်ပေ။ ပြီးစလွယ်စကားမျှသာ ဖြစ်သည်။ ငွေသည် ကိုရဲချစ်ကို ကြားထဲက အားနာကာ ဦးဘိုမင်းထွဋ်ကိုတော့ အတော်စိတ်ပျက်မိသည်။

"မင်းကလည်း အရေးထဲ ဘယ်ပျောက်နေလဲမှ မသိတာ"

"ကျွန်မ မိတ်ဆွေတွေနဲ့တွေ့လို့၊ ဟိုစားပွဲကို ကျွန်မ ကူးပြီး နှုတ်ဆက်တယ်လေ၊ ရှင်ဝင်လာမှာကိုလည်း ကြို



www.burmeseclassic.com

www.burmeseclassic.com



သိတာမဟုတ်ဘူး၊ ကျွန်မ အသိကို ကျွန်မ သွား နှုတ်ဆက်တာ အပြစ်မဖြစ်သင့်ပါဘူး၊ ဦးဘိုမင်းထွန်းသာ ပြက်တင်စကားပြောဖို့ စိတ်ကူးရှင် မပြောခင်မှာ ဒေါသဘိုကို သေချာ ဂရုစိုက် ကြည့်ရှုသင့်တယ်၊ ရှမ်းပြီး အပြစ်မတင်ခင် ဒီစားပွဲပေါ်မှာ စထရော်ဘယ်ရီခွက်က သုံးဖန်ခွက် ဖြစ်နေတာကိုလည်း သတိပြုဦးမှပေါ့"

ကိုရဲချစ်သည် မိုဂျပင် အံ့အားတွေ သင့်နေပုံရပါသည်။ မီးမီးရဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ဖြစ်ဟန်တူပြီး မီးမီးလည်း ဖြုံရတဲ့ ဒီလူကို မီးမီးရဲ့ ဓာတ္တုတာရီဆိုတဲ့ မိန်းကလေးက ခပ်ဇွာဇွာ ခပ်တင်းတင်း ပြန်ပြောနေပုံမှာ သူ့အတွက် အတွေးခက်စရာ။

"ဒီရှေ့က ဖြတ်ရင်း မီးမီးကား ရပ်ထားတာ တွေ့လိုက်လို့ ရှေ့ကျမှကွေ့ပြီး တစ်ပတ်ပြန်လာတာ။ ဆိုင်ထဲ ဘယ်သူနဲ့ လာနေသလဲ လာကြည့်လိုက်တာ၊ မီးမီးလည်း မင်းနဲ့ပေါင်းမှ ဟိုဆိုင်ထိုင် ဒီဆိုင်ထိုင် စားချင်ရာစားကို ဖြစ်လို့"

"ပေါက်ကရတွေ လျှောက်စားနေတာနဲ့ မဟုတ်တာ ဦးဘိုမင်းထွန်းရယ်၊ ဒီမှာလေ ... မမီးရော ကျွန်မရော သောက်တာ၊ စထရော်ဘယ်ရီနဲ့ နို့နဲ့ ရှိတ်ခ် လုပ်ထားတဲ့ဟာပါ၊ လူနဲ့တည့်ပါတယ်၊ ဘာဥပါဒ်မှ မဖြစ်နိုင်ပါဘူး"





"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ဘေးဥပါဒ် ဖြစ်စေတာတွေ စားနေတယ်လို့လည်း မစွပ်စွဲရသေးပါဘူး၊ ကဲ ... မီးမီး... ကိုယ်ပြန်မယ်"

မမီးကတော့ ယောင်ပေပေကြီး ခေါင်းငုံ့နေတဲ့ပုံစံ အတိုင်းကပင် မျက်လွှာ ဖုတ်ခနဲပင့်တင်ကာ ခေါင်းကို ရိုသေစွာ ညိတ်ပြပေးသေးသည်။ မမီး ကားကိုတွေ့ရုံနှင့် ဆိုင်ထဲဝင်လာ၊ ဆိုင်ထဲမှာ မမီးကို လူတစ်ယောက်နှင့် နှစ်ယောက်အတူ ထိုင်နေတာ တွေ့လျှင် ဝူးဝါးဝုန်းဒိုင်း အော်ဟစ်ပြီး ဘာမှမဟုတ်မှန်း သိတဲ့အခါ ခုန ခပ်ရှမ်းရှမ်း ဝင်ကြဲသူဟာ သူ မဟုတ်သကဲ့သို့ ဖြတ်ခနဲပင် ပြန်လည်ထွက်ခွာသွားတော့သည်။

ခုနရင်းထိုင်ရင်း လှုပ်ရှပုံအလယ်ရှေ့ သဟောက်သဟာ လုပ်ခံရသူတွေထဲ မမီးက သူနှင့် လက်ထပ်ရခြည့်သူမို့ ထားလိုက်ဦး။ ငွေကလည်း သူ့လခစားမို့ ထားလိုက်ဦး။ ကိုရဲချစ်လို ယောက်ျားရင့်မကြီး တစ်ယောက်ကို မဆူးမစမ်းပဲ အော်ဟစ်ရမ်းပြီး ခပ်အေးအေး ပြန်ထွက်သွားပုံဟာ ယောက်ျားချင်း အတော်ရင့်တယ် ဆိုရမှာ ဖြစ်သည်၊

ကိုရဲချစ်သာ ဆတ်ဆတ်ထိမခံ ဆိုလျှင် ရန်ဖြစ်နိုင်သည်။ ငွေက ဖြစ်ကိုဖြစ်ဆေချင်တာ။ ကိုရဲချစ်ကလည်း ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လုပ်လာတဲ့သူမို့ သာမန်ထက် သည်းခံတတ်ပုံရကာ ကမ်းပေါ် ရောက်ရခိုက်လည်း ရန်မဖြစ်ချင်လို့ နေပါလိမ့်မည်။

ဦးဘိုမင်းထွင်ရုံ ထွက်သွားလျှင် ငွေက မျက်နှာခပ် ပုပ်ပုပ်နှင့် ကျန်ခဲ့ပြီး မမီးက ငွေ့ကိုတော့ ကိုရဲချစ်ကိုရော အားနာ ပါးနာ အကဲခတ်ရှာသည်။

"ဆောရီးပဲ ရဲချစ်ရာ"

ကိုရဲချစ်က ပခုံးတွန့်ပြီး ငွေ့ကိုပါ အကဲခတ်ရင်း...

"သူက မီးမီးရဲ့ ..."

"စေ့စပ်ထားတဲ့သူ ဆိုပါတော့"

"အင်း ... အဲလိုတော့ ရိပ်မိသားပဲ၊ ဒါဖြင့် သူနဲ့ကကော"

ငွေက ကိုရဲချစ် ခိုလှိုးရင်းသဘောကို နားလည်မိ ကာ ...

"ကျွန်မက သူ့အလုပ်သမား ဝန်ထမ်းပါ၊ သူ့လခစားပါ ရှင်၊ ဘာမှမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီလူကြီးက မမီးကို တစ်ခါတလေ ဆက်ဆံတာက ..."

ငွေက မမီးကို အားနာနေစဉ် မမီးကပဲ ဝင်ကာ ...

"သူ့ပုံစံကိုက တို့ကို နိုင်ထက်စီးနင်း ဖြစ်နေတော့ ငွေက ငုံ့မခံဘဲ ကြားထဲက မခံနိုင် မရပ်နိုင် ဝင်ဝင်ပြောရင်း





ဆိုရင်း ဒီလိုဖြစ်နေတာ ... ဟင်း ဟင်း ...၊ သူကလည်း ငွေ့ဆိုရင်တော့ မဟုတ်ရင် မခံမှန်းသိတော့ တို့ကိုပြော သလောက်တောင် ငွေ့ကို ပြောရဲတာ မဟုတ်ဘူး"

"ငွေ မှန်တာပေါ့ ... ဗရာဇိုပဲ၊ နှင့် မှားတာပေါ့ မီးမီးရဲ၊ ငွေက ပြောတတ်တော့ လူကြားထဲ သူ့ကို ပြန်ပြောမှာစိုး တော့ သူ သိပ်မပြောရဲတာ တွေ့တယ်မဟုတ်လား၊ ငွေ ဆောင် ဒီလိုလုပ်လို့ ရသေးတာ၊ နှင်လည်းရရမှာပေါ့၊ နှင်လည်း ဒီလို အရဲစွန့်ပြီး မဟုတ်မခံ ပြန်ပြန်ပြောရမယ် ဟား ပြန်ပြောရင်ကော သူ ဘာတတ်နိုင်မလဲ၊ နှင်က ငုံ့ခံ တဲ့ပုံလေး ပြနေတော့ ဟိုက ပြောအားရှိတာပေါ့၊ သဘော ကတော့ ဒီလိုအံ့သြစရာကောင်းလောက်အောင် နှင့်ကိုလာ ရှင့်ရဲ့တာဟာ နှင့်ကြောင့်ပဲ၊ အဓိက နှင်ပဲ တရားခံပဲဟ"

"သူက သိပ်သဝန်တိုတာပဲဟ"

"သူသူကိုယ်ကိုယ် သဝန်တိုတတ်ကြပါတယ်၊ ကိုယ်သဝန် တိုတိုင်း တစ်ဖက်ကို မမေးမစမ်းနဲ့ ခုလို ရမ်းတာတော့ လူတိုင်းမလုပ်ဘူး၊ သူလည်း လုပ်ခွင့်မရရင် လုပ်မှာမဟုတ် ဘူးလေ၊ နှင်က ကျောင်းကတည်းက လူကြောက်တာလိုလို အားငယ်တာလိုလို အိညက်အိညက်နဲ့ ခုထိလုပ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



နင်လည်း တစ်ခါတစ်ရံ တစ်ပြန်တစ်စီးနဲ့ အခု သူ ရမ်းကားသလို ပြန်ရမ်းရမယ်ဟ"

"တို့အဲဒီလို မရမ်းတတ်ပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ် အမြဲငုံ့ခံနေဖို့တော့ မသင့်ဘူးပေါ့ဟာ။ နင့် ငုံ့ခံမှုကြောင့် ဘေးလူဖြစ်တဲ့ ငါပါ အခုရောခံလိုက်ရသလို ဖြစ်တာပေါ့၊ ငါက ခံလိုက်ရလည်း အရေးမကြီးဘူး။ နောင် သူနဲ့တွေ့မှာလည်း မဟုတ်ဘူး၊ နင်က တစ်သက်စာအတွက် အရေးကြီးတယ်နော် မီးမီး"

မတွေ့တာ ကြာပြီဆိုတဲ့ ငယ်သူငယ်ချင်းဟာလည်း အတော်ကြီး အမြင်မတော် မကျေနပ်ပုံနှင့် အတော်ရွေးရွေးရွေးရွေး မြှောက်ပေးသွားပါသေးသည်။ ငွေသည်လည်းပဲ မမီးကို မြှောက်ပေးဖို့သာပဲ ကြံစည်စိတ်ကူးနေမိပါသည်။ ဦးဘိုမင်းထွန်းလည်း မျက်ခုံးတွေရော လက်ရုံးတွေပါ လှုပ်ပေရော့။





"ဘယ့်နှယ့်နေလဲ မမီး"

မမီးသည် ပါးစပ်ကို လက်ဝါးနှင့်အုပ်ရင်း ...

"ဟီးဟီး"

"မမီး ကြိုက်လား"

"ကြိုက်တာပေါ့ ...အခန်းလေးက ဘိုဆန်ဆန်လေး၊ အရောင်လေးတွေကစုံပြီး ကာတ်တာလောကထဲက ဒီဇိုင်းလေးတွေလိုပဲနော်"

"ဟား ဟား ... ကာတ်တာလောကထဲက ဒီဇိုင်းလေးတွေနဲ့ တူမှာပေါ့ မမီးရဲ့၊ ဒီမှာလေ၊ ကျွန်မက ဒီက ကာတ်တာလောကထဲက ကြည့်ပြီး ပြင်လိုက်တာ"

"ကြည့်ပြီးတော့ပဲ ပြင်ပြင်ပါ၊ ငွေ တာကယ်တော်တယ်"

မုန့်ပြတင်းများတွင် အစိမ်းနု ပန်းနုနှင့် အဝါနုလေးကို လေးထောင့်ကွက်ထားသည့် ခန်းဆီးစဟာ ကာတ်တာလောကထဲကနှင့် တစ်ဆင်တည်း။ ညှိအဆင်ကွက်တို့ မရမက ပတ်ရှာဝယ်တဲ့ ငွေ့ကို မီးမီး အံ့သြမိသည်။ ဒက်ကိုရေးရှင်းပါလုပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီက လာ၍ထင်သည်။ ငွေသည် ဤကိစ္စ၌ စိတ်အားထက်သန်လှတာ တွေ့ရသည်။

ခုတော့ အခန်းကို ကြည့်ပါဦး။ နံရံပြာနှင့် သံဇီရိုပြာတစ်လုံးကလွဲလျှင် ပစ္စည်းပေါင်းစုံဟာ အရောင်ပေါင်းစုံနှင့် ဈောက်သောက်ဖြစ်နေသည်။ နံရံကိုတောင်မှ ဆေးပြန်သုတ်လျှင် ဆေးဟောင်းကော်ပတ်စား ဘာစားနှင့် အခန်းညစ်ပေ ရှုပ်ပွမှာစိုး၍သာ ဆေးသစ်ပြန်မသုတ်တာ။

ရေခဲသေတ္တာကို ဆိုလျှင် မီးမီး အိမ်က ရေခဲသေတ္တာ အဖြူရောင်နှင့် ပြန်လဲလိုက်သည်။ ဗီရိုတွေ စင်တွေကို ဆေးရောင်ပြောင်းမှုတ်ပစ်သည်။ စားပွဲကုလားထိုင်တို့ကို ဝယ်ခဲ့သည့်ဆိုင်မှာပဲ အလိုက်ပေး လဲလှယ်သည်။ ကော်ဇောကိုလည်း ပြောင်းလဲသည်။ ခုတော့ တစ်ခန်းလုံးသည် အစိမ်းနု အဝါနု ပန်းရောင် နီညိုရင့် အဖြူရောင် အနက်ရောင် သစ်သားရောင်တို့နှင့် တမင်တကာ ဆေးရောင်စုံ ကြဲပက် ပြောက်ကျား ထားသလို တောက်ကြွားကြွား အရောင် ထွက်နေသည်။

ဒါ့အပြင် ပန်းရောင်တောက်တောက် ဘာဘီရုပ်ကြီး၊ အဝါတောက်တောက် မျောက်ရုပ်ကြီး၊ လီမွော်ရောင် ရွှေဖရုံသီး ရုပ်ကြီး စသဖြင့် ချစ်ရာကောင်းလှတဲ့ အရုပ်များကိုလည်း ဗီရို





ပေါ် ရေခဲသေတ္တာပေါ် စင်ပေါ်တွေမှာ ဖြတ်ကတတ်ဆန်းပုံပေါက်အောင် တမင်တကာ အသေအချာ နေရာချထားသေး၍ အခန်းဟာ ရိုးခန်းတစ်ခန်းနှင့် မတူတော့ဘဲ ကလေးတစ်ယောက်ရဲ့ လူနေအိပ်ခန်းနှင့် တူနေကာ စိတ်ဝင်စားစရာလည်း ကောင်းနေသည်။

ဒီအခန်းထဲ ဝင်လာသည့် ဧည့်သည်ဟာ ငြိမ်ထိုင်မနေနိုင်တာ သေချာသည်။ ဟိုကြည့် ဒီကြည့်နှင့် လည်ပြန်ငေးမောရမှာ မလွဲ။

"ဒီအခန်းလေးထဲ နေရတာကိုက ပျော်စရာနော် ငွေ"

"ဒါပေါ့ မမီးရယ်၊ လူတစ်ယောက်ဟာ ကိုယ့်ပတ်ဝန်းကျင်မှာ အရောင်အသွေး ခပ်စုံစုံကို တစ်ပြိုင်နက် မြင်နေနိုင်ရမယ်၊ တစ်ရောင်တည်းပဲ ခပ်များများ မြင်နေရရင် အဲဒီလူရဲ့ စိတ်ပိုင်းဆိုင်ရာဟာ ပြဿနာတစ်စုံတစ်ခု ဝင်လာနိုင်တယ်၊ အဲဒါ လူတိုင်းလက်ခံထားတဲ့ အခြေခံအရောင်တွေရဲ့ သဘောတရားပဲ"

"ဟုတ်လား ... တို့တော့ မကြားဖူးပါဘူး၊ ဒီတော့လည်း ဒီလောက် ပြာနေတာကို သူ့မဆန့်ကျင်နေချင်တာ တစ်ခုနဲ့ အသာငြိမ်နေလိုက်တာပဲ၊ ကိုယ့်အတွက် ရာယ်တွေ ဘာတွေလဲ မသိပါဘူး ငွေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမီးက အရှုံးပေး အလျှော့ပေးလွန်းတယ်၊ စစ်မရောက်ခင် မြားအားလုံး ကုန်နေတယ်၊ လူတိုင်းမှာ ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရဖို့ အခွင့်အရေးရှိတယ်၊ ကိုယ်လုပ်ချင်တာသည် သူတစ်ပါးအတွက် မကောင်းကျိုး ဆိုးကျိုး အနှောင့်အယှက် မဖြစ်ရင် ပြီးပြီ"

မမီးက လက်သန်းလေးကောက်၍ လက်သည်းကိုက်ကာ ...

"ကိုယ်လုပ်ချင်တာတော့ လုပ်ဖို့အခွင့်အရေး မရှိတော့ပါဘူးလေ"

"ဘာလို့ မရှိရမှာလဲ ... မမီးကလည်း ..."

အားငယ်ပါးငယ် ပြောပုံလေးကို ငွေက စိတ်လိုက်မာန်ပါပင် ဟစ်အော်ကန့်ကွက်လိုက်ပါသည်။ မမီး မျက်နှာလေးက ဝမ်းနည်းကြေကွဲရိပ်နှင့် မျက်ရည်ပင် လည်ချင်ချင် ဖြစ်နေသည်။ ဒီအမျိုးသမီးရဲ့ စိတ်ဓာတ်တွေဟာ ဟိုးအောက်ဆုံးထိ ကျဆင်းချိန့် နေတော့တာပဲ။

ကုမ္ပဏီတစ်ခုကို ဦးဆောင်အုပ်ချုပ်နေသူ မဟုတ်သလိုပင်။ ဒီအလုပ်ကိုလည်း စက်ရုပ်တစ်ရုပ်ကို သံပတ်ပေးထားသလို ယန္တရားတစ်ခုနှယ် သဘောထား လည်ပတ်လုပ်ကိုင်နေလို့သာ။ စိတ်ပါလက်ပါ အားကြိုးမာန်တက် မရှိလှ။ ဝါသနာလည်း





ပါလှပုံမရသလို ကိုယ့်စီးပွားရေးမို့ တိုးတက်ကြီးပွားချင်စိတ်မျိုးလည်း မရှိလှတာ တွေ့ရသည်။

တကယ်တော့ မမီးဟာ ငယ်ကတည်းက အားငယ်အထီးကျန်မှုကြောင့် သူ့ပုံစံဟာ တစ်မျိုးကလေး ဖေါက်နေတယ်လို့ပင် ယူဆလို့ ရနိုင်သည်။ သူ့ပုံစံရော သူ့အတွေးအခေါ်အယူအဆ သူ့အမူအကျင့်တို့ဟာ သာမန်လူ တစ်ယောက်ထက် အရှုံးပေးလိုမှု ကဲနေတာ တွေ့ရသည်။

"ဒီလိုပြုပြင်ပြောင်းလဲမှုမျိုးကတော့ လွယ်တယ်လေ"

"မလွယ်ပါဘူး မမီးကလည်း၊ လူအား ငွေအား အကြံဉာဏ်အား စိတ်ဓာတ်အားတွေ အများကြီး လိုတာပဲ"

"ဒါတွေအားလုံး ငွေ့ဆီက အားတွေပဲ၊ တို့က ငွေအားတစ်ခုသာ ..."

"ဘယ်ဟုတ်မလဲ ... ဒါ မမီး ပိုင်တဲ့ အခန်းလေ၊ မမီးခွင့်ပြုလိုက်လို့ ကျွန်မ လုပ်လို့ရတာ၊ မမီးအတွက် အလွယ်တကူ ခွင့်ပြုဖို့ ဆုံးဖြတ်နိုင်တာ မဟုတ်သလို ကျွန်မအတွက်လည်း အလွယ်လေး လုပ်ရတာမှ မဟုတ်တာ မမီးကလည်း၊ အသေးစိတ်၊ ရင်ကို မောနေတာ၊ ဒီလိုဟာတောင် လုပ်လိုက်တော့လည်း ဖြစ်သွားတာပဲ ပြီးသွားတာပဲလေ"

မမီးက ငွေ့ကို အားခပ်ကိုးကိုး ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘို မြင်ရင် လန့်အော်သွားမယ် ထင်တယ်နော်၊ ငွေလည်း အအော်ခံရမှာနော်"

"ခံရပါစေ၊ ကျွန်မ နောက်ဆုံးတစ်နေ့ အလုပ်ပြုတ်ရုံပဲ မမီးရဲ့၊ ဒီက အလုပ်ပြုတ်ရင် တခြား ဘယ်မှာပဲမဆို အလုပ်ထပ်ရှာ ထပ်လျှောက်ပြီး တစ်ချိန်ကျရင် ပြန်ရမှာပဲ၊ ဂရုစိုက်စရာ မရှိဘူး"

"မပြုတ်ရပါဘူး၊ ကိုဘို ဖြုတ်ချင်တောင် တို့က မဖြုတ်ဘူး"

"အမယ် ... မမီးက ဇွတ်ဆက်ခန့်ထားတာမျိုး ဆန့်ကျင်ရဲလို့လား"

"ဒါတော့ ဆန့်ကျင်ရမှာပဲ"

မမီးက ရှုံ့မဲ့မဲ့ စူပွပွ ပြောသည်။ ငွေက သဘောတကျရယ်လိုက်မိပါသည်။ ဒါကြောင့် မမီးကို သူ သံယောဇဉ်ဖြစ်ချင်နေတာ။ မမီးကလည်း သူ့အပေါ် သံယောဇဉ်တွယ်စွာ ချစ်ခင်ရှာပါသည်။ ရေစက်ပဲ ပြောရမှာပင်။ အလုပ် လုပ်လာတာ သုံး,လေးလလောက် ရှိပြီဆိုပေမဲ့ သုံး,လေးလ ဆိုတာဟာလည်း တကယ်တော့ ဘာမှတော့ ရှိလှတဲ့ ကာလမဟုတ်။ မကြာသေးဘူးလို့လည်း ပြောနိုင်သလို အချိန်မနည်းတော့ဘူးလို့လည်း ပြောနိုင်ပါသည်။





"သူက ထွက် ... ထွက်ဆို ... လက်ငင်းမောင်းထုတ်ရင်တော့ ထွက်ရမှာပဲပေါ့"

"မထွက်ရပါဘူး၊ သူ လခမပေးဘဲ သူဖြုတ်ရင် တို့ဟာတို့ ခန့်မှာပေါ့၊ တို့အတွက် လိုအပ်တယ်ထင်တဲ့ သူတစ်ယောက်ကို ရိုးရိုးတန်းတန်းလေး အလုပ်ခန့်တာကို သူ ဝင်ပိတ်ပင်လို့ ဘယ်ရမလဲ"

ငွေက အားရဝမ်းသာနှင့် ...

"မမီးတောင် တိုးတက်လာပြီနော်၊ မမီးကို နေရာတကာမှာ အဲဒီအတိုင်း သိပ်ဖြစ်စေချင်တာပဲ၊ တခြားကိစ္စတွေမှာရောပဲ ဒီအတိုင်းကို သတ္တိရှိနေရမယ်၊ ကျွန်မ ခုလိုတွေ မြှောက်မပေးချင်ပါဘူး၊ ဒါပေမဲ့ ဟိုတစ်နေ့က စားသောက်ဆိုင်ထဲမှာ ဦးဘိုမင်းထွဋ် ဆူပူရမ်းကားတာ ကြုံလိုက်ရတော့ မမီး ခုလို ပြောင်းကို ပြောင်းလဲမှ ဖြစ်မယ်ဆိုတာ လုံးဝ သေချာသွားတယ်"

"ဒါနဲ့ပဲ အခန်းပြုပြင်ဖို့ မြှောက်ပေးတာပေါ့"

"ဒါပေါ့၊ မမီးကလည်း ... အင်း ပြင်ဆင်မယ်ဆိုပြီး ခပ်သွက်သွက်ပဲလေ၊ အဲဒီလို ကိုယ်ဘာဖြစ်ချင်တယ် ဆိုတာ ကိုယ်သိရမယ် မမီး၊ ကိုယ်ဖြစ်ချင်နေတာကို စစ်စစ်မှန်မှန် မသိဘဲ သူ့ရဲ့ကြိုးကိုင်မှုအတိုင်း ဘဝကို တည်ဆောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပြီး မသေခင် တစ်သက်လုံး အောင်တာတွေနဲ့ နှစ်မွန်းမသွားပါစေနဲ့၊ သူလို ချုပ်ချယ်ကြိမ်းမောင်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ ယူလိုက်ပြီး မမီး ဘဝသေသွားမှာ စိုးရိမ်မိတယ်၊ ဒါ မမီးကို ကျွန်မ ချစ်လို့ခင်လို့ ထွက်ဖက်မိတာပါ"

မမီးက ငွေ့ စကားတွေကို အသေအချာ အာရုံပြုရစိုက် နားထောင်နေကာ မျက်လုံးတွေကတော့ တစ်နေရာကို ငေးနေသည်။ ငွေက တိုးတိုးဆက်ကာ ...

"သူက ကိုယ့်ရဲ့ အလုပ်ရှင်တော့ အလုပ်ရှင်ပါပဲ၊ ဒါပေမဲ့ ကိုယ့်ဇနီးဖြစ်မဲ့ မိန်းမအပေါ် ချုပ်ချယ်အောက်မှာ ဖိလ်ကျွလွန်းတယ်။ မမီးကို အကြံပေးချင်တာကလေ အိမ်ထောင်ရေးတစ်ခုမှာ အားနာပြီး နားအေးအောင် ငြိမ်ခံနေလိုက်တာဟာ အမှန်မဟုတ်ဘူးနော်၊ တစ်သက်လုံးအတွက်မို့ အားမနာစတမ်း ဆုံးဖြတ်ရမယ်၊ မမီး ဆုံးဖြတ်ချက်မမှားစေချင်ဘူး"

မမီးက ငွေ့ကို ငဲ့ကြည့်ကာ ...

"တို့ကို ဦးဘိုမင်းထွဋ်နဲ့ သဘောမတူဘူးပေါ့နော်"

"ဟင့်အင်း ... အဲလို မဟုတ်ပါဘူး၊ မမီး စိတ်ဆင်းရဲရတာကို မမြင်ချင်တာပါ၊ မမီး စိတ်ချမ်းသာတာ ပျော်ရွှင်တာတွေကို ဖြစ်စေချင်တာ"





မမီးက ပြုံးစိစိနှင့် ...

"အဲဒါ တူတူပဲ မဟုတ်ဘူးလား"

"တူတူပဲ ဟုတ်လား မဟုတ်လားက မမီး ဆုံးဖြတ်ရမှာပဲဟာ၊ ဆုံးဖြတ်ပေါ့"

"ကိုဘို တစ်ယောက်တော့ ခင်ငွေခက်ကို အလုပ်ခန့်မိတာ ငါးပါးမှောက်တဲ့ သဘောပဲနော်"

နှစ်ယောက်သား တခိခိ သဘောတွေကျကာ ရယ်မိကြသည်။

"မမီး အသုပ်စားတော့မလား"

"စားတာပေါ့"

ခေါက်ဆွဲသုပ် လက်ဖက်သုပ် ဆိုတာမျိုးကို မမီးဟာ ဟိုးငယ်ငယ်တုန်းကသာ စားရဖူးပြီး ဦးဘိုမင်းထွဋ် အုပ်ထိန်းမှုအောက် ရောက်ကတည်းက မစားရတော့ပါ။ မမီးနှင့် မတည့်ဘူး၊ ဗိုက်ပျက်သည်ဟု ပိတ်ပင်ထားပါသည်။ ဒါကို တကယ်လိုက်နာနားထောင်ပြီး ဦးဘိုမင်းထွဋ် ကွယ်ရာမှာပါ မစားတော့တဲ့ မမီးကိုလည်း ငွေ အံ့သြရပါသေးသည်။ မမီး စိတ်ကလည်း တစ်မျိုးပဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို စကားစပ်မိရာက အသုပ်ကြိုက်တဲ့ ငွေက မမိး အသုပ်စားချင်လျှင် အပြင်က မဝယ်ဘဲ ကိုယ်တိုင်သုပ်ပေးမည်ဟု စေတနာပါပါနှင့် ကမ်းလှမ်းမိသည်။ ဒီတော့ မမီးက စားချင်သတဲ့။ သူလည်း အသုပ်ကြိုက်တယ်တဲ့။ သို့နှင့် ငွေဟာ ဒီနေ့အဖို့ ရုံးကို စုံစုံလင်လင် ထည့်သိုယူလာသည်။ ဂေါ်ဖီ ကြက်သွန်တွေ အသင့်လှီးခဲ့သည်။ မန်ကျည်းရည် ဖျော်ခဲ့သည်။ ဆီချက် ချက်ခဲ့သည်။ ပဲပင်ပေါက် ရေနွေးဖျော၍ အာလူးပါ ပြုတ်လှီးယူခဲ့ပါသည်။ နံနံပင်တို့ ငရုတ်သီးမှုန့်တို့ ပဲမှုန့်တို့ ပုစွန်ခြောက်မှုန့်တို့ပါ အစုံပါသည်။

ရုံးခန်းရဲ့ မီးဖိုခန်းထဲ ဒါတွေကို ပြင်ဆင်ထားကာ မမီး သာမက ရုံးကလူတွေကိုပါ ဒီနေ့အဖို့ ငွေက အသုပ် သုပ်ကျွေးမည်ဖြစ်ရာ အားလုံးတက်ကြွ စိတ်ပါကြပါသည်။ ခုနကမှ ရုံးက မခင်လေးဟ သံဈေးကိုဆင်းကာ ခေါက်ဆွဲဖတ်တွေလည်း ဝယ်လာခဲ့ပြီ။ ငွေ့ရဲ့ ခေါက်ဆွဲသုပ်လေးဟာ အပြင်က အသုပ်တွေလို ငရုတ်ဆီရောင်ရဲရဲနှင့် ရွှဲပြစ်ပြစ်၍ မဟုတ်ဘဲ ဆီချက်ရောင်နှင့် ဝါထွေးထွေး။

မမီးဖို့ ငရုတ်သီးမပါ၊ တစ်ယောက်ပြီး တစ်ယောက်ကို ငွေက ပြင်ဆင်ကျွေးရင်း ရုံးခန်းထဲ ပျော်ပွဲတွေ ဖွံ့နေကြပါသည်။





သည်။ အားလုံးကလည်း ခံတွင်းတွေ့ ချီးမွမ်းကာ အသုပ်ပန်းကန်တွေ တကိုင်ကိုင်နှင့် တမတ်တတ်တတ်။ ကုန်လိုက် ထပ်တောင်းလိုက်။

"ငွေရေ ... မမီးကလည်း ယူဦးမယ်တဲ့ ..."

"မမီးက ! ..."

"အင်း ..."

"ဟား ဟား ... တယ်ရောင်းကောင်းပါလား"

"မမီးက ငရုတ်သီးမှုန့် နည်းနည်းထည့်ပါတဲ့"

"ဟယ် ... ဘယ်ဖြစ်မလဲ၊ သူလည်း မစားဖူးဘဲနဲ့ စပ်ပြီး ပါးစပ်ပြဲနေဦးမယ်"

"မခင်လေး ပန်းကန်ထဲက အရောင်က သိပ်မဖြူပါလား ဆိုပြီး နည်းနည်း ခပ်စားပြီး သဘောကျနေတာ၊ မခင်လေး ဟာလောက် သုပ်ပေးပါတဲ့"

"အင်း ... သူ့ ဦးဘို သိရင် ဒီကလူကို လည်ပင်းညှစ်မလား တောင် မသိဘူး၊ ဒီမှာ ... ရော့ ... မမီးဖို့ ဒီပန်းကန်ပေးလိုက်၊ ငရုတ်သီးမှုန့် နည်းနည်းလေးတော့ ထည့်ထားတယ်၊ မွှေးရုံလေးပေါ့၊ ဒီလောက်ဆို တော်ပြီ၊ ရေနွေးကြမ်းမတ် ခွက်ပါ ယူသွားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခါးကိုတော့ ရုံးမှာ မစီစဉ်နိုင်၍ ရေနွေးကြမ်းပူပူပဲ စီစဉ်ရသည်။ ဒါတောင်မှ ငွေ့မှာ ချိုင့်ကြီးချိုင့်ငယ်နဲ့ ဒီနေ့ရုံးလာရတာ။ ငွေ တစ်ယောက် တစ်ပွဲပြီးတစ်ပွဲ ပြင်ပေးနေရတာနှင့် ကိုယ့်ဗိုက်အဖို့တော့ ဟိုကာတစ်လုပ် ဒီကာတစ်လုပ်နှင့်သာ ဖြည့်နေရသည်။ ကိုယ့်ပန်းကန်ကိုယ် အေးအေးဆေးဆေး စားရတဲ့အဖြစ်ကို မရောက်သေး။ ရုံးခန်းထဲက လူဆယ်ယောက်လောက်ဟာ အရသာလည်းရှိ ပျော်စရာလည်းကောင်းကာ ပျော်ပွဲစားထွက်လာသလို ဆူညံနောက်ပြောင်နေကြလေသည်၊

မီးဖိုခန်းလေးထဲမှာပဲ တကုပ်ကုပ် မထွက်ရသော ငွေသည် ရှေ့ဘက်ရုံးခန်း၌ အနည်းငယ်ပြောလွှား ရှုန်းရင်းဆန်ခတ် ဖြစ်သွားသည်ကိုလည်း မသိလိုက်ပါ။ ကိုယ့်အာရုံနှင့်ကိုယ် ဖြစ်နေသည်။ ရှေ့က ဆူညံ,ဆူညံသံတွေ နည်းနည်းပါးပါး ငြိမ်ဆိတ်သွားသလိုပဲတော့ ထင်တော့ထင်သည်။

"ငွေ ... ငွေ"

မစပယ် အပြေးအလွှား လာခေါ်လျှင် ငွေက ...

"ဒီမှာနော် ... လိုက်ပွဲ လေးပွဲတောင် သုပ်ထားပေးတယ်၊ အစပ်ထပ်ထည့်ချင်ရင် ကိုယ့်ဟာကိုယ်ထည့်၊ ငွေဖြင့်ခုမှ စားရတော့ယ်"





နယ်လက်စ ပေနေသည့် လက်နှင့်ပင် ကိုယ့်ပန်းကန်ထဲက ခေါက်ဆွဲသုပ်ကို စားရင်း မမီးဆီ သွားဖို့ပြင်လိုက်ပါသည်။

"ငွေ ... ငွေရဲ့ ... ဟိုမှာ ... ဟိုဟာရောက်နေပြီ"

"ဘယ်ဟာလဲ"

"ဦးဘိုခင်းထွန်း၊ အမယ်လေး ... မမီးကို အော်နေပြီ"

"ဟင်"

ငွေသည် လက်ပေကြီးနှင့်ပင် ကိုယ့်ပန်းကန်ပါကိုယ် ဘယ်လက်နှင့် ကိုင်ကာ မမီး အခန်းဆီ ပြေးလာခဲ့သည်။

"ဘယ်လို ဖြစ်တာလဲ၊ ဘယ်လိုတွေ ဖြစ်နေကြတာလဲ"

ဖွင့်ထားတဲ့ အခန်းဝသို့ ငွေ ရောက်လျှင် ဦးဘိုမင်းထွန်းရဲ့ ဝမ်းခေါင်းသံကြီးကို ကြားရသည်။ မမီးသည် အသုပ်ပန်းကန်ကြီး ရှေ့ချကာ သူ့ပါးစပ်ထဲလည်း ပြည့်နေတုန်းနှင့် တိုးနေ၍ ဦင်ကိုင်တိုင်လုပ်ကာ ပါးစပ်ထဲကဟာကို ဖြည်းဖြည်းခိုး၍ ဝါးနေသည်။

"မင်းနဲ့ ဒီအသုပ်တွေ ဘာတွေ မတည့်တာ သိရဲ့သားနဲ့၊ ဘာဖြစ်လို့ စားနေရတာလဲ၊ ဖုန်းမဆက်ဘဲ တန်းလာလိုက်တော့ မဟုတ်တာတွေ လုပ်ထားတာနဲ့ တန်းတိုးတော့ပဲ၊ တစ်ရုံးလုံး ဆူလို့ ညံလို့၊ ဒီလက်သုပ်တွေကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကန်းကန်းလုပ်ပြီး စားနေလိုက်ကြတာ၊ ဘယ်လိုတွေဖြစ်နေမှန်းကို မသိဘူး၊ ခင်းနဲ့ ဒါနဲ့ မတည့်ဘူးလေ မီးမီး၊ ဟင် ... ဘာလို့ ငါမသိအောင် ခိုးစားနေရတာလဲ"

ငွေသည် မမီး တစ်ခုခု ပြန်ပြောလိုက်စေချင်၍ မမီးကို မြှောက်ပေးသော မျက်နှာရိပ် မျက်နှာကဲနှင့် ကြည့်နေမိသည်။ မမီးကလည်း ငွေ့ကို မျက်ခုံးခဲ့ ကြည့်သည်။ သို့သော် ဘာမှ ဟဟမပြော။

"အခန်းကကော ဘယ်တုန်းက ဘယ်လိုပြောင်းသွားတာလဲ၊ ငါ့ကွယ်ရာမှာ လုပ်ချင်တာတွေ လုပ်နေကြတော့တာပေါ့လေ၊ ဒါ ဘယ်သူ့လက်ချက်လဲ သိတယ်နော်၊ တောက်"

ငွေက ဦးအိုမင်းတွင့်ကို မျက်စောင်းချွယ်ကာ ကိုယ့်အသုပ်ကိုယ် ဂရုမစိုက်တဲ့ပုံနှင့် ဆက်စားနေသည်။ မမီးက ဝါးတစ်ချက် မဝါးတစ်ချက်။ ခဲရဲပင် မဝါးဝံ့၊ ဒီလောက် သူလည်း ကြိုက်နှစ်သက်နေရက်နှင့် တစ်ခုခုတော့ ပြန်မပြောရဲတာကို ငွေ အံ့လည်းသြ၊ အားလည်းမရ၊ အသည်းယားလှသည်။

"ဘာလို့ ဆက်ဝါးနေသေးတာလဲ ... တော်တော့လေ၊ ဒီလိုလက်သုပ်တွေ စားပြီးရင် မင်း ဘယ်လိုဝေဒနာ ခံစားရတယ် မင်း မသိဘူးလား၊ အစားလေး တစ်လှုပ်အပွင်





ဗိုက်အောင့်ခံရ၊ ဆေးခန်းပြရ၊ သေးလူတွေ ပူပန်စိုးရိမ်ရ၊ ဘာကောင်းတဲ့ဟာမို့ ..."

"ဒါ ... မသန့်တာ မကောင်းတာ ဘာတစ်ခုမှ မပါဘူး၊ ကျွန်မ ကိုယ်တိုင် သန့်သန့်ရှင်းရှင်း သုပ်ပေးထားတာပါ ဦးအိုမင်းတွင့်၊ အပြင်ကလို ငရုတ်ရည်တွေ ဘာတွေလဲ မထည့်ဘူး၊ မမီး စားချင်တယ်ဆိုလို့ တမင်တကူးတက ..."

"မီးမီးက ဘယ်တုန်းက စားလို့လဲ၊ မင်းပဲ မြှောက်ပေးတာနေမှာ၊ အခု မင်းကိုလည်း ဘယ်သူမှ ဘာမှ မစစ်သေးဘူး၊ ဘာမှ မပြောနဲ့"

ငွေ့ကို အော်လိုက်မှ မမီး အနည်းငယ် လှုပ်ရှားလာကာ ...

"မီးစားချင်တာနဲ့ ငွေက ..."

"ဘာ ... မင်းက ဘာလို့စားချင်ရတာလဲ၊ ဘယ်တုန်းကကော ကြိုက်လို့လဲ"

"မီး ကြိုက်တယ်၊ ကိုဘို မစားရဘူးဆိုလို့"

"ဒါဖြင့် ခု ဘာလို့စားလဲ"

"အခုက အပြင်က မဝယ်ဘဲ ငွေ လုပ်တာမို့ သန့်ပါတယ်၊ အခုစားတာလည်း ဘာမှ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်လာရင်လည်း မင်း မပြောခဲ့တော့ဘဲ ကျိတ်မြိုပြီးနေတော့မှာပဲလေ"

"မဟုတ်ပါဘူး ... ဖြစ်မှ မဖြစ်တာ"

"ဖြစ်ရင် ဖြစ်မှာပေါ့၊ အဖြစ်ကြီးမှာစိုးပြီး မင်း ဘာမှပြောမှာကို မဟုတ်ဘူး၊ ဒီအသုပ်ကို မစားရတော့ ဘာဖြစ်မှာမို့လို့ တစ်ရုံးလုံး တစ်ပျော်တစ်ပါး သုပ်စားနေကြရတာလဲ၊ မင်းကကော ဘာဖြစ်လို့ မီးမီးကို ငါတားမြစ်ထားတာစားဖြစ်အောင် မြှောက်ပေးနေရတာလဲ"

မမီး မျက်နှာမှာ ခပ်အိုအိုနှင့် ဇွေ အဆူခံရတာကို စိတ်မကောင်းသလို လှမ်းကြည့်သည်။ သူ့ရှေ့က ပန်းကန်ကိုလည်း ဆက်မစားရဲပေ။ အသုပ်စားမိတာကို လူမှုရေးကျင့်ဝတ် ဖောက်ဖျက်မိသလောက် အရေးယူ ဆူပူနေတာကို ဇွေ စိတ်ရှုပ်ကာ မျက်ခုံးတွေ တွန့်နေပါသည်။

"ကျွန်မက မမီး ခံတွင်းတွေ့ စားကောင်းပါစေတော့လို့ ..."

"ဒီအစားအစာက ဘယ်လောက် အရေးပါ အရေးရောက်နေလို့လဲ၊ မစားရတော့ ဘာဖြစ်လဲ၊ ငါ တားမြစ်တာက မီးမီး ဗိုက်ပျက်ပြီး ရောဂါရမှာစိုးလို့ မစားခိုင်းတာ မင်း မသိဘူးလား"





"သိပါတယ်၊ သိလို့ ကျွန်မကိုယ်တိုင် သုပ်တာပါ၊ နို့မို့ အပြင်ကဝယ်ရင် ဘာမှ ပင်ပန်းတာ မဟုတ်ပါဘူး၊ ဗိုက်ပျက်တယ် ဆိုတာကလည်း သုပ်တဲ့ ရေတ်ရည် အချဉ်ရည်တွေ မသန့်တာတို့၊ ပဲပင်ပေါက် အာလူး ပြုတ်တာတွေ မလတ်တာတို့၊ ယင်နားတာတို့၊ ရေတ်သီးတွေ သိပ်များတာတို့ အဲဒီလိုကျမှ မသန့်ရှင်းမှုကြောင့် ဗိုက်ကိုပျက်စေတာပါ"

"တော်စမ်းပါကွာ၊ မင်း ဘယ်လိုမိန်းကလေးလဲ၊ ငါ့ကို ကလန်ကဆန် လုပ်ဖို့ကို အမြဲကြံစည် စိတ်ကူးနေတယ်၊ ဟိုအရင်က မီးမီးဟာ ငါက ဒါဆိုရင် ဒါပဲ၊ ဘာမှဆန့်ကျင်တာ မရှိဘူး။ မင်းကို အနားမှာ ထားမိမှ ဘာတွေဖြစ်နေလဲ၊ ဒီအခန်းကကော ဘယ်တုန်းက ဘယ်လိုဖြစ်သွားတာလဲ"

"ဒီအခန်းက ကျန်းမာရေးကို ထိခိုက်စေနေလို့ ပြုပြင်ပြောင်းလဲလိုက်တာပါ"

ဦးဘိုမင်းထွဋ်မှာ အံ့အားကြီးသင့်ကာ ...

"ဘာ ... ဘာတွေ ဖြစ်နေလို့လဲ"

"ဒီအခန်းက လူကို မရှုးစေနိုင်ဘူး ဆိုရင်တောင် မူးစေပါတယ် ဦးဘိုမင်းထွဋ်၊ မမီး ကျန်းမာရေးချို့တဲ့နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ပဲလား ထင်မိတယ်၊ လူ့ရဲ့ကျန်းမာရေးဟာ စိတ်နဲ့ အများကြီး ဆိုင်ပါတယ်၊ ဒီအရောင် တစ်ရောင် တည်းကြီးရဲ့ ပတ်ပတ်လည် ချုပ်နှောင်မှုအောက်မှာ မမီး စိတ်တွေဟာ Depression ဝင်သလို ဖြစ်နေတယ်"

ဦးဘိုမင်းထွဋ်က ကြီးကျယ်ရန်တောလို့ ဆိုတဲ့ မျက်ခုံးကြီးနှင့် သက်ပြင်းတစ်ချက်ချရင်း …

"ဒါ သူ့စကားလား၊ မင်းစကားလား"

ငွေက မဖြေလျှင် …

"ကျွတ် …၊ မင်းက ဘယ်လိုအမျိုးသမီးလဲ မသိဘူး၊ ဒါ မီးမီး အတွက် အလှဆုံး အကောင်းဆုံး ဖြစ်ပါစေဆိုပြီး ငါ create လုပ်ပေးထားတာကွ"

"ဦးဘိုမင်းထွဋ် ရုံးခန်းကျတော့ ဒီလို ဖြစ်မနေဘူးနော်"

"ငါ့အတွက်ငါ ဘာမှ တကူးတက မဖန်တီး မပြင်ဆင်ဘူး၊ မီးမီး အတွက်သာ အကောင်းဆုံးဖြစ်မယ် ထင်တာ လုပ် ပေးတာ၊ ငါ့အတွက် အလှအပလည်း မလိုဘူး၊ အနုအရွ လည်း မလိုဘူး၊ မီးမီးသာ စိတ်ကြည်နူးပါစေတော့လို့"

မမီးသည် သူ့ ကိုဘိုကို ယုံကြည်အားကိုး ကျေးဇူး တင်ကာ အားနာသလိုလေးလည်း တစ်ချက်ကြည့်ရင်း …





"မီး စိတ်ထဲမှာ တကယ်လှောင်သလိုပဲမို့လို့ပါ ကိုဘို"

"ဒါဖြင့် ပြောရောပေါ့၊ ကိုယ့်ကို ပြောရောပေါ့၊ အရင်က တော့ ငြိမ်သက်လက်ခံနေပြီး ခုတော့ သူ ရောက်လာမှပဲ ပြုပြင်ပြောင်းလဲမှုတွေက၊ ဒီတော့ သူ့ပယောဂ မပါဘူးလို့ ဘယ်လိုမှ လက်ခံမရဘူး ဖြစ်နေတယ်၊ ဒီမှာ ခင်ငွေခက်၊ မင်းကို ငါ အလုပ်ဆက်ခန့်ထားလို့မှ ဖြစ်ပါ့မလားလို့ ငါ စဉ်းစားနေတယ်"

"ရပါတယ် … ဦးဘိုမင်းထွဋ် သဘောပါ"

မမီးက ဆိုးရိမ်တကြီး ဝင်ကာ …

"ခန့်ပါ ကိုဘို၊ သူ့ကို မီးဆီမှာပဲ ထားပါ၊ သူရှိတာ သိပ် အပေါ်ရပြီး အားရှိတယ်၊ သူ့ကို အလုပ်ဖြုတ်မှာမျိုး မီး လက်မခံနိုင်ဘူး သဘောမတူဘူး"

ဦးဘိုမင်းထွဋ်က မမီးကို အံ့အားတသင့်ကြည့်ကာ ငွေ့ကို ရှုပ်ပုပ် ကြည့်သည်။ ငွေကလည်း ခပ်တည်တည် လုပ် နေလိုက်သည်။ မမီးထံမှ သူ့ကို Against လုပ်သည့်စကား ထွက် လာခြင်းအတွက် အတော်ထူးဆန်းနေပုံရပါသည်။

"မင်းက ဒက်ကိုရေးရှင်းကုမ္ပဏီမှာ လုပ်လာတယ်လည်း ဆိုသေးတယ်၊ အခန်းကို ဒက်ကိုရိတ် လုပ်ထားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးနေတာပဲ၊ ဘာကို ဘယ်လိုကြည့်ရမယ်မှန်းတော့ မသိဘူး"

ဘာမှ မပြောသာတဲ့အခါ ငွေ့ကို ရှုတ်ချလိုက်သည်။

"ကိုယ့်ပတ်ဝန်းကျင်မှာ အရောင်အသွေးတွေက အဲ စုံစုံလင်လင် ဖြစ်နေမှ လူရဲ့ဓါတ်ကို ပုံမှန်သဘာဝကျ ဟာရှင့်၊ မမီးက အစစအရာရာမှာ စိတ်အားငယ်တ တယ်၊ အဲဒါကို မဖြစ်စေချင်လို့ အခန်းလေးက မ အတွက် ပျော်စရာလေး ဖြစ်နေအောင် ကျွန်မ စီစဉ် တာပါ၊ ဦးဘိုမင်းထွဋ်ကို မပြောမိတာကလည်း ဒီအခန်း မမီး နေရမဲ့အခန်းမို့လို့ မလိုအပ်ဘူးလားလို့ပါ"

ဦးဘိုမင်းထွဋ် ရုပ်က အတော်ကြီး မှုန်တေတေ နေသော်လည်း သူ့ရဲ့ မမီးကို သူ အကဲခတ်တော့ မမီး ပုံ အရင်လို မှိုင်ခြောက်ခြောက် မဟုတ်ဘဲ ကြည်ကြည်လင်လ လန်းလန်းဆန်းဆန်း ရှိနေ၍ ဘာမှ ငွေ့ကို အပြစ်တင်လို သလို အီးပိတ်ပိတ် ဖြစ်နေပုံကို ငွေ့က ကျေနပ်လှသည်။





## ၉

မမီး နေမကောင်းတာ လေးရက်ရှိပြီ။ ရုံးကကိစ္စတွေ အားလုံးကို ဖဲစပယ်နှင့်သာ လွှဲအပ်ထား၍ ငွေက မမီးအိမ်ကိုသာ အလုပ်ဆင်းရပါသည်။ ဒီကာစန ငွေနှင့် မစပယ် ဖုန်းပြောကာ မမီး ပြောချင်တာ ညွှန်ကြားချင်တာတွေ ပြောရသည်။

အလုပ်ကလည်း ပုံမှန်လုပ်ရိုးလုပ်စဉ်တွေသာ၊ ဘာမှ ထူးထူးခြားခြား မရှိ၍ ဘာမှလဲ ထူး၍ညွှန်ကြားနေရတယ် မရှိ ပါ။ ငွေဟာ တစ်နေ့ တစ်နေ့ မမီး အိမ်မှာသာ အချိန်ကုန်ရတော့ သည်။ ညနေ အတော်မှောင်းမှ ပြန်ရတော့သည်။

မမီးဟာ နေမကောင်းဘူး ဆိုတော့လည်း အံ့သြစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်အောင် ဖျော့တော့ ချွေလှုပ်သွားကာ အိပ်ရာထဲ လဲသွားတော့တာ။ နေရင်းထိုင်ရင်း အကောင်းကနေ ရုံးမှာမောတယ် မူးတယ် ဖြစ်ပြီး အိမ်ကိုပြန်ကာ အဲဒီကနေ မထနိုင်တော့တာ ဖြစ်သည်။

ဆရာဝန်က နှလုံးကြောင့်ဖြစ်သည့် အားနည်းခြင်းဟု ဆိုပါသည်။ သွေးဖိအားပါကျ၍ လူက မူးနေသည်။ မထချင် မထိုင်ချင် မစားချင် မသောက်ချင်။ ဖြစ်တဲ့နေ့ ညနေက ဒရစ်ပ်ပုလင်းကြီးတောင် ချိတ်လိုက်ရပါသည်။ မျက်နှာနှုတ်ခမ်းတွေ ဖြူဖျော့တော့ကာ မျက်ကွင်းတွေ ရုတ်ချည်းညိုကျသွားလေသည်။

ဦးဘိုမင်းထွဋ်သည် မမီးကို စိတ်မကောင်းစွာ ရိုးရိမ်ပူပန်စွာ ဂရုစိုက်ရှာသည်။

"သူက ဖြစ်ရင် အဲလိုပဲ၊ ဖျော့ကျသွားတာ၊ ဒါကြောင့် သူ တစ်ခုခုဖြစ်မှာ စိုးရိမ်ပြီး တစ်ချိန်လုံး ငါက လိုက်ပြောနေရတာ၊ ဒါတွေကြောင့် မတည့်တာတွေ မစားစေချင်တာ အပင်ပန်း မခံစေချင်တာ"

"ဟို ... ကျွန်မရဲ့အသုပ်စားတာ မမီး ဘာမှတော့ မဖြစ်ပါဘူး၊ အခုက အသုပ်ကျွေးမိတာနဲ့ဆို တစ်ပတ်ကျော်ပါပြီ"





"ဟုတ်ပါတယ် ... မင်း အသုပ်ကြောင့်လည်း အပြစ်ပုံချမနေပါဘူး၊ သူ့ဟာသူ ဖြစ်ချင်လို့ဖြစ်တာ၊ ဒီလိုပဲ ရုတ်တရက် ကောက်ဖြစ်တတ်တာ၊ ဒီပရက်ရှာကျသွာ နှလုံးအားနည်းသွားတာ ဘာကြောင့် ဖြစ်ရတယ်ဆိုတာ တိတိကျကျ အကြောင်းရင်း ပြောလို့မရဘဲ သူ့မှာ ထ,ထ, ဖြစ်ဖူးပါတယ်"

ငွေသည်လည်း ဖျော့တော့အားနည်းကာ ချက်ချင်း ကောက်ကာငင်ကာ လူမမာသည်ကြီးလုံးလုံး ဖြစ်သွားတဲ့ မမီး အတွက် တုန်လှုပ်စိုးရိမ်နေရတာကြောင့် ဦးဘိုမင်းထွဋ်ကိုပင် ကလန်ကဆန်တွေ ဘာတွေ လုပ်ဖို့ စိတ်ကူးလုံးဝမရှိဘဲ ရို့ရို့ ကျိုးကျိုးလေး နာခံနေမိပါသည်။

ခုတင်နံဘေး ခုံတစ်လုံးချထိုင်ကာ မေးထောက်၍ စရိုးထောအပြည့်နှင့် စိတ်မသက်မသာ ဖြစ်နေသော ဦးဘိုမင်းထွဋ်ရဲ့ ပုံသဏ္ဌာန်ကလည်း မမီးကို ချစ်ခင်သူအချင်းချင်း ကိုယ်ချင်းစာ ယှိုင်းပင်းချင်စရာ။ အင်မတန် ရှားပါးလှတဲ့ သူ့ရဲ့အဖိုးတန်အချိန်တွေကို မမီး အတွက် ခပ်ကြာကြာ လာပေးတတ်သည်။ နေ့လယ်တွေမှာလည်း တစ်ခေါက်တစ်ကျင်း ရောက်လာ၍ ညနေတွေမှာလည်း ဆရာဝန်နှင့်အတူ ပါလာတတ်သည်။



www.burmeseclassic.com

"ဖြစ်ရင် သူက အဲဒီလိုပဲ၊ ယုပစ်လိုက်သလို ကျသွားတတ်တာ၊ တော်တော်နဲ့ နာလန်ထူတာ မဟုတ်ဘူး၊ မင်းတို့က တော့ ဘယ်သိမလဲ၊ သူက ငယ်ငယ်ကတည်းက အဲသလိုပဲ ချူချာတယ်"

"သနားပါတယ် ... မမီးက"

"ငယ်ငယ်ကလေးတည်းက အကြိမ်ကြိမ် တက်ဖူးခဲ့တာ၊ သူ့ကို အူတူဝူ ကြောင်တောင်တောင်ကလေးများ ဖြစ်မလားလို့ လူကြီးတွေမှာ တစ်ချောက်လုံး စိုးရိမ်ရတာ၊ အကြမ်းမခံနိုင်တာ၊ ဒဏ်မခံနိုင်တာပေါ့၊ တစ်ခါဖြစ်ပြီးရင် မပြီးတော့ဘူး၊ သူ့အကြောင်း ငါက အသိဆုံးပဲ၊ ဒီလောကကြီးထဲမှာ အခုနေမှာ သူ့အကြောင်းကို ငါ့လောက်သိတဲ့ သူ မရှိတော့ဘူး ...

ဟိုးအရင်က သူ့အဖေအမေ ပိုသိမယ်၊ နောက် သူ့အဘွားသိမယ်၊ ဒီလူကြီးသုံမတွေက ရှိတော့တာ မဟုတ်ဘူး၊ သိတဲ့သူ ငါပဲကျန်တာ၊ ဒါကြောင့် ငါ့မှာ သူ့ကိုပိုးမွေးသလိုမွေး ဂရုစိုက် စောင့်ကြည့်နေရတာ ...

တစ်ခါတလေမှာ ငါ သူ့ကို ဘယ်လိုနေ ဘယ်လို လိုင်ဆိုပြီး ပုံစံခွက်ထဲ ကြပ်ကြပ်မတ်မတ် ထည့်ထားတာ





တွေဟာ အေးအမြင်အတွက် သိပ်တင်းကျပ် ချုပ်ချယ်ရာ ကျချင်ကျနေမယ်၊ ဒါပေမဲ့ သေးသေးကလေးတောင် အဖြစ်မခံတာဟာ သူက ဖြစ်ရင် သူများနဲ့ မတူလို့ပဲ"

ငွေက ဦးဘိုမင်းထွင့်ကို ဒီတစ်ကြိမ်တွင် ကြည်ကြည်သာသာ လိုလိုလားလားနှင့် ပြောစကားတွေကို အာရုံစိုက် နားထောင်နေမိပါသည်။

"သူက မင်းကို ငါ့အတင်းတွေ မပြောဖူးလား"

ငွေက နေမကောင်းတဲ့ မမီး အပေါ် သူ့ ဒေါကန်နေ ဟား စိုးကာ ...

"မပြောပါဘူးရှင့်"

"ဟုတ်မယ် မထင်ပါဘူး၊ ထားပါ၊ ခုမပြောသေးရင် နောင်ပြောမှာပါ၊ သူ့ရဲ့ပြင်ပက သိစိတ်ဟာ ငါ့ကို ရာနှုန်းပြည့် ဆန့်ကျင်တယ်၊ ဒါကိုပဲ မင်းတို့ မြင်ကြတွေ့ကြပြီး ဒါအမှန်လို့ ထင်ရင် မှားသွားမယ်၊ သူ့ရဲ့အတွင်းစိတ် မသိစိတ်ဟာ ငါ့ကို ရာနှုန်းပြည့် လိုအပ်တယ်၊ ယုံကြည်တယ်၊ နာခံတယ်"

ငွေက သူ့ကို မျက်ခုံးပင့်၍ တအံ့တသြ ကြည့်နေပါသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ငါလုပ်သမျှဟာ သူ့အတွက် အကောင်းဆိုတာ သူ့အသည်းထဲ နှလုံးထဲက သိတယ်၊ ငါ့ကို မှီခိုအားကိုးတယ်၊ ဒါပေမဲ့ နောက်တစ်စိတ်ကလည်း ငါ့ကို ဒီလောက်ထိ ပုံအပ်မှီခို ရှင်သန်နေရတာအပေါ် မကျေမချမ်း ဖြစ်နေပြန်တယ်၊ အဲဒီပဋိပက္ခက သူ့ကိုယ်ထဲမှာ အတော်ကြီးသွားတယ်"

ငွေက တွေးဆဆနှင့် ...

"တချို့ဟာတွေကျတော့လည်း သူ့အတွက် ကောင်းပေမဲ့ သိပ်တင်းကျပ်မနေတော့ဘဲ လျှော့ပေးလိုက် ကြည့်နေလိုက်တာမျိုးက ပိုမကောင်းဘူးလားရှင်"

"မကောင်းပါဘူး"

ခွတိုက်ဖြေသည်ထင်၍ ငွေ့မျက်နှာက ရှုံ့တောက်ကောက် ဖြစ်သွားပါသည်။

"မင်း ပြောတဲ့ စကားမျိုးက ယေဘုယျ ဆန်ပါတယ်၊ လူတိုင်း ဒီလိုတွေးတတ်တယ်၊ သူ့ကို ဒီလိုလုပ်လို့ မရဘူး၊ ကြည့်နေလိုက်လို့ မရဘူး၊ အသေးကလေးကအစ ညွှန်ကြားချုပ်ကိုင်ရတယ်၊ ဒီလိုချုပ်ကိုင်မိရင် သူကလည်း စကားနားထောင်တတ်တော့ မဟုတ်တာ မဖြစ်တော့ဘူး၊





ဘယ်လိုနေ ဘယ်လိုထိုင်လို့ ကိုယ် မညွှန်ကြားထားမိတဲ့ အပေါ်မှာဆိုရင် သူက ထင်သလို လုပ်တတ်တယ်၊ မင်း မသိပါဘူး"

"ကျွန်မ ဦးဘိုမင်းထွဋ်လောက် ဘယ်နည်းနဲ့မှ မသိနိုင်တာ ဝန်ခံပါတယ်၊ ဒါပေမဲ့ တစ်ခါတစ်ခါကျ သူ့အတွက် ကောင်းပါ့မလားလို့"

"ကောင်းပါတယ်၊ သူဟာ စိတ်ကူးယဉ်ဆန်တဲ့ စိတ်အလိုလိုက်တဲ့ ထင်ရာလုပ်တဲ့ ဘဝမှာ ဘယ်လောက်ထိအောင်လဲလို့ မင်း သိသွားရင် သူ့ကို လွှတ်ထားလို့ မရကြောင်း သဘောပေါက်ပါလိမ့်မယ်"

စိတ်ကူးယဉ်ဆန်တဲ့ ...။ ထင်ရာလုပ်တဲ့ ...။ ထိုဝိသေသတွေကြောင့် မမီးရဲ့ ဆန်နီ ဆိုတဲ့ လူငယ်လေးအကြောင်းကို သွားတွေးလိုက်မိသည်။ ဒါလောက်ကိုတော့ စိတ်ကူးယဉ်ဆန်လွန်းလှပါချည့်ရဲ့လို့ ပြောလို့မရပါဘူး ဦးဘိုမင်းထွဋ်ရယ်။

"လူတစ်ယောက်ရဲ့ စိတ်လွတ်လပ်မှု ဆိုတာ ရှိပါသေးတယ် ဦးဘိုမင်းထွဋ်ရယ်"

"သူ့စိတ်ကိုတော့ လွတ်လပ်မှု မပေးနိုင်ဘူး၊ သူ့စိတ်ကို ပုံတစ်ခုချပြီး ကြိုးကိုင်မထားဘဲ လွှင့်ချင်ရာလွှင့် လွှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးမထားနိုင်ဘူး၊ သူများနဲ့ မတူပါဘူး ခင်ငွေခက်၊ မင်းကို ဥပမာတစ်ခုပဲ ပြောပြပါ့မယ်၊ သူ့အဖေနဲ့အမေ ကွယ်လွန်ကြရာတော့ သူ ဘာလုပ်ဖူးတယ် ထင်လဲ ...

ဟိုးခြံနောက်ဘက်က ရေကန်ထဲမှာ ရေထဲဆင်းပြီး သူ့ကိုယ်သူ သေကြောင်းကြံစည်ဖူးတယ်”

“ဟင်”

ငွေ အံ့အားသင့် တုန်လှုပ်သွားသည်။

“လက်မတင်လေး ကယ်နိုင်ခဲ့တာ၊ သူသူကိုယ်ကိုယ် ခံစားကြေကွဲရမဲ့ သောက ပရိဒေဝမီးတော့ မှန်တယ်၊ ဒါပေမဲ့ တော်ရုံလူ ဒီလိုကြံစည်မှာ မဟုတ်တာ မင်းလည်း သိမှာပါ၊ ဒါဆိုရင် သူ့ရဲ့ လူကိုယ်ကိုရော စိတ်ကိုပါ လွှတ်ပေးထားလို့မရကြောင်း မင်း သိရောပေါ့၊ နာခံတတ်တဲ့ ဉာဉ်ကောင်းလေးကတော့ ရှိနေတော့ ဘာလုပ် ဘာကိုင် ဒယ်လိုနေ ဘယ်လိုမနေနဲ့ ဆိုတာတွေကို စည်းမျဉ်းပေါင်းများစွာနဲ့ ကြိုးကိုင်ထားရတယ်”

ငွေ ဘာမှ မပြောနိုင်တော့ပေ။ မိမိကိုယ်ကို သေကြောင်းကြံစည်သူတို့ရဲ့ စိတ်အင်အား မပြည့်ဝ မရင့်သန်ခြင်းကို ငွေ နားလည်သဘောပေါက်ထားသည်။ ကျပ်မပြည့်ဘူးလို့တော့





ဆိုလို့မရဘဲ မပြည့်တာကတော့ မပြည့်တာ အသေအချာပါပင်။ ငွေသည် အတော်လန့်ဖျပ် အံ့အားသင့်သွားတာ အမှန်ပင်။

“မင်းတို့အမြင်မှာ ငါဟာ သူ့အပေါ် အင်မတန်ကြမ်းတဲ့ ချုပ်ချယ်တဲ့ ဇွက်ဖက်တဲ့ လူရိုင်းလူကြမ်းကြီး ဖြစ်ရင်ဖြစ်နေမယ်၊ ကိစ္စမရှိပါဘူး၊ မင်း သိထားဖို့က သူ့အတွက် ငါ့ရဲ့ လွန်ကဲတဲ့ အပြုအမူတွေဟာ လိုကိုလိုအပ်တယ်ဆိုတာပဲ၊ ငါ့အတွက်ပါ နည်းနည်းလေး ထည့်ကြည့်မယ်ဆိုရင် သူ့ကို ငါ မဖြစ်မနေ လက်ထပ်ပြီးပါပြီ။ သူ့အတွက် ချည်းပဲ ကြည့်ခဲ့လို့သာ ခုထိ သူ့ကို ငါ လက်မထပ်သေးပဲထားတာပါ”

ငွေ ဆွံ့အနေမိသည်။

“မင်းဟာ အသိဉာဏ်ရှိတဲ့ ထက်မြက်တဲ့ ဆင်ခြင်နိုင်တဲ့ ပုံရှိတယ်၊ ဇာချို့ကိစ္စတွေမှာ သူ့ဘက်ကနေ မခံချင်ပြီး မင်းကိုယ်တိုင်တောင်မှ မြှောက်ပေးချင်တာ မြှောက်ပေးမိတာတွေ ရှိကောင်းရှိမယ်ဆိုတာ ငါ သိနေတယ်၊ ဒါပေမဲ့ မင်းရဲ့ အသိဉာဏ်ကို ငါ အထိုက်အလျောက် ယုံစားလို့ မင်းကို သူ့အနား ထားတာပဲ၊ ဒီလောက် အကျဉ်းချုပ် အကြမ်းဖျဉ်း သိပြီးရင်တော့ ရှေ့အတွက် ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာကို မင်း သူ့အတွက် ပိုဆုံးဖြတ်တတ်လာမယ်လို့ ငါ မျှော်လင့်ပါတယ်"

ငွေ သက်ပြင်းမောကြီး ချလိုက်မိသည်။ ထိုနေ့က မမိး အိပ်မောကျနေခိုက် ငွေနှင့် ဦးဘိုမင်းထွဋ် ပြောဖြစ်ကြတဲ့ ဤစကားတို့ကြောင့် ငွေ တွေဝေခဲ့ရတာ အမှန်ပင်။

"ဒီညနေ (---)ကော်ဖီဆိုင်ကလေးကို သွားပြီး ဆန်နီ့ကို နှင်းဆီပန်းစည်း သွားပေးပေးပါ"

ငွေသည် အံ့အားသင့်ကာ မျက်လုံးပင် ပြူးထွက်သွားမိသည်။ ကြည့်ပါဦး။ ငွေ့ကို အကူအညီတောင်းစရာ ရှိတယ်ဆိုတော့ နေထိုင်မကောင်းနေတဲ့ မမိးလေးကို ကြင်နာသနားစိတ်ဖြင့် ...

"အကူအညီ တောင်းတယ်ရယ်လို့ပဲ မမိးရယ်၊ မမိး လုပ်ချင်တာ အားလုံး ကျွန်မ လုပ်ပေးမှာပေါ့၊ ပြောပါ"လို့





လိုလိုလားလားကြီးပဲ လက်သင့်ခံမိသည်။ ခုတော့ မမိး လုပ်စေချင်တာက ဒီကိစ္စတဲ့။ ပုံမှန်အားဖြင့် ငွေ့ အတွက် ဝန်လေးစရာ အကြောင်းမရှိ။ အလွယ်တကူလေး ဆောင်ရွက်လုပ်ကိုင်ပေးနိုင်သည် ဖြစ်ပေမဲ့ ဘာကြောင့်မှန်းမသိ ငွေက ဝန်လေးလေးကြီး ဖြစ်သွားမိပါသည်။

မနေ့တစ်နေ့လောက်ကမှ ဦးဘိုမင်းထွဋ် ပြောထားသည့် စကားတွေကလည်း ငွေ့နားထဲ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်။ ဦးဘိုမင်းထွဋ်ကို စွက်ဖက်ကြိုးကိုင်လှချည်ရဲ့လို့ မျက်မုန်းကျိုးရမှ ဟိုတစ်နေ့က သိလိုက်ရတဲ့ အသစ်သော အကြောင်းတို့ အပေါ်တွင် ငွေ့ အယူအဆတို့ ပြောင်းလဲတွေဝေရတာ အမှန်ပင်။

ဦးဘိုမင်းထွဋ် ပြောတာတွေ အမှန်ဆိုလျှင် ကြပ်မတ်နေခြင်းအတွက် အပြစ်ဆိုမနေချင်တော့။ အမှန်ဖြစ်မှာကလည်း သေချာသည်။ ဦးဘိုမင်းထွဋ်ဟာ ကလိမ်ကကျစ် လူကောက်တော့ လုံးဝမဟုတ်။

အရင်ကတော့ ဦးဘိုမင်းထွဋ် လုပ်ပုံတွေကို ကြားကမခံချင်ကာ ဦးဘိုမင်းထွဋ်ကို လင်ယောကျ်ား တော်စပ်ရပါက မမိး စိတ်ဆင်းရဲရပေလိမ့်မည်ဟု ယူဆခဲ့မိတော့ မမိးရဲ့ ရင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လေးကို အားပေးအားမြှောက် ပြုလိုစိတ် တိတ်တခိုးရှိခဲ့တာ ဝန်ခံပါသည်။

ခုတော့ ထည့်စဉ်းစားစရာတွေ ငွေ့မှာ အများကြီးဖြစ်နေပြီ။

“နော် ... ငွေ၊ ဟိုးအရင်ကတည်းက သူ သီချင်းဆိုတာသိကတည်းက တို့က သူ သီချင်းဆိုတဲ့ ကော်ဖီဆိုင်လေးတွေကို သွားပြီး အပတ်တိုင်း နှင်းဆီပန်းတစ်စည်း ပေးခဲ့တယ်၊ နေ့တိုင်း မရောက်နိုင်ပေမဲ့ အနည်းဆုံး တစ်ပတ်တစ်ကြိမ်တော့ အရောက်သွားပြီး ပန်းပေးတယ် ...

ပြီးခဲ့တဲ့ တစ်ပတ်က နေမကောင်း မဖြစ်ခင်ရက်က တို့ ရောက်တော့ နှင်းဆီပန်းစည်း ပေးဖြစ်ခဲ့တယ်၊ ဒီတစ်ပတ်ကတော့ တို့ လုံးဝမရောက်နိုင်တော့တာ၊ ဒီနေ့သောကြာဆိုတော့ ဒီနေ့မှ သွားမပေးရင် ဒီတစ်ပတ် တို့ပျက်ကွက်သွားသလို ဖြစ်ရလိမ့်မယ်၊ နှစ်နှစ်ခို့လုအောင် မပျက်မကွက်ခဲ့ပဲ ဒီတစ်ပတ် ပျက်သွားမှာစိုးလို့ ငွေ တို့ကိုယ်စားသွားပေးပေးနော်”

ငွေသည် ကိုယ်ကို အနည်းငယ် လိမ်တွန့်၍ မှာတမ်းကို ကျော်ရှင်း ...





“ကျွန်မက မမီးမှ မဟုတ်တဲ့၊ ကျွန်မသွားတာဟာ မမီးသွားတာကို ကိုယ်စားမပြုနိုင်ပါဘူး”

“ပြုပြု မပြုပြု ... သူ့ဆီ ဒီနေ့ နှင်းဆီတစ်စည်း ရောက်သွားရင် တော်ပြီ”

“ညနေတောင် စောင်းနေပြီ၊ ဒီအချိန် နှင်းဆီလှလှတစ်စည်းရဖို့က ...”

“အို ... ဘာမှ ပူစရာမလိုဘူး၊ တို့က ဒီပန်းစည်းကို ခေင်ဖလော်ရယ်လ်က အမြဲဝယ်တာ၊ တို့အခု ဖုန်းဆက်လိုက်မှား တို့ မပါလာဘူး၊ ခါတိုင်း စည်းပေးနေကျအတိုင်း စည်းပေးလိုက်ပါဆိုတာ”

ငွေသည် ငွေ့ဆင်ခြေ အရာမရောက်၍ ခဏစဉ်းစားပြီး ...

“ကျွန်မ ဒီနေ့ ဒီကအပြန် ဝင်စရာလေးတစ်ခုရှိလို့ အောက်နေ့မှဆိုရင်ရော မဖြစ်ဘူးလား မမီး”

ငွေက လုပ်သင့် မသင့် စဉ်းစားဖို့၊ ဦးတိုမင်းဟွမ်ကို တိုင်ပင်သင့် မသင့် စဉ်းစားဖို့ အချိန်ဆွဲကြည့်ပြန်သည်။

“ဆန်းနိုက ခရေဖူးနက်ဖျှ ဆိုရင် ဘယ်မှာမှ မဆိုဘူး၊ ဒီနေ့ဟာ ဒီတစ်ပတ်အတွက် နောက်ဆုံးပဲ ငွေရဲ့”



www.burmeseclassic.com

www.burmeseclassic.com



ငွေသည် ခဏငိုင်၍ စဉ်းစားနေမိသည်။

"ဘာလို့လဲဟင် ငွေ၊ ငွေ သွားမပေးချင်လို့လား"

"သွားမပေးချင်တာတော့ မဟုတ်ဘူး မမီးရဲ့၊ မမီးကိုတော့ ကူညီချင်တယ်၊ ဒါပေမဲ့ ငွေလေ အဲသလို အဆိုတော်တွေ ဆိုတဲ့ ကော်ဖီဘားတွေ ဘာတွေ လုံးဝမရောက်ဖူး မသွား ဖူးဘူး"

ဒါဟာ အမှန်ပင် ဖြစ်ပါသည်။ သီချင်းတွေ ဘာတွေ စိတ်မဝင်စားလှတဲ့ ငွေဟာ သိပ်ကြိုက်တဲ့ အဆိုတော်ဆိုတာပင် မရှိ။ ရံဖန်ရံခါ ညစာလေး ဘာလေး အပြင်ဆိုင်ကို မိသားစု ထွက်စားဖြစ်လျှင်တောင် သီချင်းဆိုတာတွေ ဘာတွေ မပါသည့် ဆိုင်ကို ရွေးချယ်ပါသည်။

"ဒါများ ငွေရယ်၊ မရောက်ဖူးတာ မသွားသေးလို့ပဲဟာ၊ သွားလိုက်ရင် ရောက်ဖူးသွားတာပေါ့၊ ငွေ့လို ချက်ချာပြီး သား မိန်းကလေးတစ်ယောက်အတွက် ဘာမှခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး ငွေရယ်"

"ငွေ တစ်ယောက်တည်း သွားရမှာလား"

"ဘယ်နှယောက်သွားသွား ရပါတယ်၊ အခါက,က ဒီပန်း စည်း ဆန်နီ့လက်ထဲ ရောက်သွားဖို့ပဲ၊ သူ့လက်ထဲ ဒီပန်း





စည်းရောက်တာနဲ့ ဒါဟာ ဘို့ပေးတာမှန်း သူကလည်း တန်းသိပြီးသားပဲ"

"ဟီလေ ... ငွေ မလုပ်ချင်လို့ မဟုတ်ပါဘူး မမီးရယ်၊ ဒါပေမဲ့ ရှက် ... ရှက်စရာကြီးနော်၊ သီချင်းဆိုနေတဲ့ လူ တစ်ယောက်ကို ပန်းစည်းကြီး သွားထ,ပေးရတာ"

"ခြော် ... ဒါလည်း မရှက်ရပါဘူး၊ တို့ကကော လူတွေ ကြားထဲက ပန်းစည်းကြီးကိုင်ပြီး ဖြတ်လျှောက်ပြီးတော့ သူ့လက်ထဲ သွားထည့်ပါ့မလား ငွေရယ်၊ တို့ပေးတုန်းက လည်း စားပွဲထိုးကောင်လေးကတစ်ဆင့် ပေးခိုင်းလိုက်တာ ပါ၊ ငွေလည်း အဲလိုပေးလို့ ရပါတယ်"

ငွေသည် မည်သို့မျှ ဆင်ခြေတက်မရသလိုဖြစ်ကာ အနည်းငယ် စိတ်ရှုပ်နေပါသည်။ တကယ်တော့ ဒီကိစ္စမျိုးဟာ ဘာမှ အပန်းတကြီး ငြင်းနေသင့်သည် မဟုတ်။ အင်း ... ဒါပေမဲ့ မမီး အတွက် ကောင်းရဲ့လား ဆိုးလေမလား။ ရုတ်တရက် မမီး မျက်နှာလေးက ခုတင်ပေါ် ပက်လက်မှ ဝမ်းနည်းသလို အိုလာ ကာ ...

"ငွေ မလုပ်ပေးချင်ဘူးလားဟင်"

"မဟုတ်ပါဘူး ... မမီးကလည်း လုပ်ပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မငြင်းရက်၍ ငွေက ဖွတ်မှိတ်ခေါင်းညိတ်လိုက်သည်နှင့် မမီးက သူ့ဖုန်းလေးကိုယူကာ တစ်နေရာကို ဖုန်းဆက်ပါတော့သည်။

"ဟဲလို ... ဒေဝ်ဖလော်ရယ်လ်ကလားရှင်၊ ကျွန်မ ဆေါ်လီပါ၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ စည်းပေးထားပါနော်၊ ဒါပေမဲ့ ဒီညနေ ကျွန်မလာဖို့ အဆင်မပြေလို့ ကျွန်မ ညီမလေးတစ်ယောက်ကို လွှတ်ယူခိုင်းလိုက်ပါမယ်၊ ဟုတ်ကဲ့၊ ပေးလိုက်ပါနော်၊ ဟုတ်ကဲ့ ... အရင်အတိုင်းပါပဲ၊ ကျေးဇူးတင်ပါတယ်နော်"

ငွေသည် မမီးကို ငိုင်၍ကြည့်နေမိသည်။ အင်း ... ရှောင်လွှဲမရ လုပ်ပေးရတော့မှာပဲ။ ဖုန်းပိတ်ပြီးသော် မမီးက ငွေ့ကို ကျေးဇူးတင်သလို ပြုံး၍ ချစ်စနိုး ကြည့်သည်။ ငွေ စဉ်းစားနေမိသည်မှာ မမီး အားနည်းချက်ကို ဦးဘိုခင်းထွင့်မှ လွှဲ၍ ဘယ်သူမှ ပိုမသိနိုင်။ မမီးရဲ့ ကောင်းကွက် ဆိုးကွက် အားနည်း အားသာချက် အားလုံးကို ဤလောကမှာ ဦးဘိုမင်းထွင့် အသိဆုံး ဆိုသည်ကို ဘယ်သူမှ မငြင်းနိုင်။

တခြားအရာတွေမှာ ချုပ်ချယ်ဖိုလ်ကျတယ်လို့ ယူဆခဲ့ရတဲ့ ဦးဘိုမင်းထွင့်ဟာ မမီးကို အချိန်မရွေး လက်ထပ်သိမ်းပိုက်နိုင်ပါလျက် လက်မထပ်သေးတာဟာလည်း မမီးအတွက် မမီး





စိတ်ဆန္ဒအတွက် ဆိုတာ ဘယ်သူမှ မငြင်းနိုင်။ ဒါကလွဲလို့ တခြား မရှိပါ။ သူ ငဲ့ညှာထည့်တွက်တယ်ဆိုလို့ ရသားပဲ။

"ငွေ ဘာတွေ စဉ်းစားနေလဲဟင်"

မမီး လေသံက ချော့ချော့မော့မော့ နိုင်ပါသည်။

"ကျွန်မ ဘယ်အချိန် သွားရမှာလဲ မမီး"

"ခြောက်နာရီခွဲ ခုနစ်နာရီဆိုရင် ဆန်နီက ဆိုင်ရောက်နေပြီ၊ ဒီနေ့ သူရှိမဲ့ဆိုင်က (---)ကော်ဖီဆိုင်လေ၊ သူ ဆိုမဲ့အချိန်အတိအကျကတော့ မပြောတတ်ဘူးပေါ့၊ သူတစ်လှည့် ကောင်မလေးတစ်ယောက်တစ်လှည့် အလှည့်ကျ ထွက်ဆိုနေတတ်တာ၊ သူ ထွက်လာတာကို စောင့်ပြီးပေးပေါ့ ငွေရယ်"

ငွေက ခေါင်းညိတ်လိုက်ရပါသည်။ ခုပဲ ခြောက်နာရီထိုးနေပြီ။ ခဏနေရင် ဦးဘိုမင်းထွင့်နှင့် ဆရာဒန် ရှေ့ဆင့်နောက်ဆင့်ဖြစ်စေ အတူတကွဖြစ်စေ ရောက်လာတော့မည် ဖြစ်သည်။

ထိုသို့သော ဆိုင်ထဲ ငွေ တစ်ယောက်တည်းဝင်ပြီး သတ္တိရှိရှိ ထိုင်နေရမှာ ကြောင်တက်တက် နိုင်လှသည်။ မမီးတောင် ထိုင်တယ်ဆိုပေမဲ့ မမီးက သူ့မျှော်လင့်ချက် သူ့ဆန္ဒဇောနှင့် တခြား ဘာကိုမှ ထည့်မတွေးလို့သာ။ ငွေ တစ်ယောက်တည်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲက စားပွဲတစ်ခုမှာ ဝင်ထိုင်ပြီး ကော်ဖီမှာမသောက်နေလိုပေ။

"ကျွန်မ ဖုန်းတစ်ချက်လောက် ဆက်မယ်နော် မမီး"

"ဆက်လေ ... ဆက်၊ အိမ်ကို နောက်ကျမယ် ပြောရမှာပေါ့"

"အိမ်က ရပါတယ်၊ ဒီရက်တွေ နောက်ကျမှာ ပြောပြီးသားပါ၊ ကျွန်မ အဖော်တစ်ယောက်ယောက် ခေါ်သွားချင်လို့ ဖုန်းလှမ်းဆက် ချိန်းမလို့ပါ"

"သြော် ... ခေါ်သွားလည်းရတာပဲ၊ အင်းပေါ့၊ ငွေ မကြောင်ဘူးပေါ့၊ ဆက်လေ၊ ငွေ ဘယ်သူ့ကို ခေါ်မှာလဲ၊ မိန်းကလေးလား ယောကျာ်းလေးလား"

"ဟို ... ယောကျာ်းလေး"

မမီး မျက်ခုံးလေး ပင့်တက်ကာ ငွေ့ကို တအံ့တသြ ခပ်ပြုံးပြုံး ကြည့်နေပါသည်။ မမီးနှင့် ငွေ ဤကိစ္စနှင့် ပတ်သက်ပြီး မဆွေးနွေး မပြောဆိုဖူးပေ။ ငွေက ဘာမှန်းမသိ အနည်းငယ်ရှက်စနိုးပင် ဖြစ်မိသည်။

"ငွေ့ ကောင်လေးလား"

"ဟုတ်"





"သြော် ... ကောင်းတာပေါ့၊ အဖော်ရတာပေါ့၊ တို့ကိုယ်စားတို့ခိုင်းလို့ ပေးပေးရတာပါလို့ ငွေ့ကောင်လေးကို ရှင်းပြရင် ရတယ်မဟုတ်လား၊ နားလည်မှုရှိတယ် မဟုတ်လား"

"ဟုတ် ... ရပါတယ်"

ဂုဏ်ကို မပြောမဖြစ် ဖွင့်ပြောပြရပေတော့မည်။ ဂုဏ်ကတော့ နှင့်သူ့ငွေမက ဘယ့်နှယ် ဘယ့်ညာ ပြောဦးမှာပင်။ ငွေက ဂုဏ်တို့အိမ်ကို ဖုန်းလှမ်းဆက်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ... အန်တီသက်လား ... ငွေပါ"

"အေး ... သမီး ပြော"

"ဂုဏ်နဲ့ ခဏပြောချင်လို့ အန်တီသက်"

"ဂုဏ်က ခုနကပဲ အပြင်ထွက်သွားတယ် သမီး၊ ချိန်းထားသလား"

"မချိန်းထားဘူး အန်တီသက်"

"ဟုတ်လား၊ ခါတိုင်းလိုပဲလေ၊ အိမ်ပြန်ရောက်၊ ထမင်းနည်းနည်းစား၊ ရေမိုးချိုးပြီး ထွက်သွားတော့တာပဲ၊ ချိန်းမထားဘူးဆိုရင် ခါတိုင်းရက်တွေလိုပဲ ကိုးနာရီ ဆယ်နာရီမှ ပြန်ရောက်တော့မလား မသိဘူး၊ တစ်ခါတလေလည်း စောတတ်ပါတယ်၊ သမီး ဘာကိစ္စလဲ ... အရေးကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတယ်တော့ မဟုတ်ပါဘူး အန်တီသက်၊ သူ တစ်ယောက်ယောက်အိမ် သွားတာလား၊ ငွေ ဖုန်းလိုက်ဆက် သွယ်လို့ ရမလားဟင်"

"ဘယ်သူ့ဆီ သွားတယ်ရယ်လဲ ပြောသွားဘူး၊ ထုံးစံ အတိုင်း လက်ဖက်ရည်ဆိုင်တို့၊ ဆိုင်တစ်ဆိုင်ဆိုင် ဗကား ဝိုင်းတို့လားမှ မသိတာ သမီး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဒါဆိုလည်း ဒါပါပဲ အန်တီသက်"

"အေး ... အေး"

ငွေက ဖုန်းကိုချကာ စိတ်ပို၍ ညစ်ညူးသွားပါသည်။ သွားကိုလည်း သွားပေးရတော့မည်။ အဲဒီ ဂုဏ် တစ်ယောက်ဟာ လည်း လိုအပ်တဲ့ အချိန်မှာ အားကိုမကိုးရဘူးလို့ စိတ်ထိနေမိ သည်။

"မရှိဘူးတဲ့ ... ဟုတ်လား"

"ဟုတ်တယ် မမီးရယ်၊ အပြင်သွားနေတယ်တဲ့၊ ကိစ္စမရှိပါ ဘူး၊ ကျွန်မ ဘာသာပဲ သွားလိုက်ပါ့မယ်၊ ပန်းဆိုင်လည်း သွားရဦးမှာဆိုတော့ သွားလိုက်တော့မယ်လေ"

မမီးက သူ့ခေါင်းအုံးဘေး ပိုက်ဆံအိတ်မှ ပိုက်ဆံ ထုတ်ယူကာ ...





"ရော့ ... ငွေငါးထောင် ယူသွားလိုက်"

"ပန်းစည်းက ငါးထောင်တောင် ပေးရလား မမီးရယ်"

"သုံးထောင် ပေးရတယ်၊ ငွေ ကော်ပီဆိုင်လည်း ထိုင်ရဦး မှာဆိုတော့ ငါးထောင်ယူသွားလိုက်ပေါ့"

"အို ... မယူပါဘူး မမီးကလည်း။ သုံးထောင်ပဲပေးလိုက်"

ငွေက သုံးထောင်ယူကာ နှစ်ထောင်ကို မွေ့ရာပေါ် ပြန်ချထားတာမို့ မမီးက ဘာဒေါကမတက်ပုံသလို ဘာမှ ထပ်မပြော ချေ။ အခန်းဝ၌ မတင့် ရုစ်သီရစ်သီ ပေါ်လာတာကို ငွေကမြင် လျှင် ...

"မတင့် ... ဟိုနားလေးက ခေဖိတ်တာကို ခုထိကို လာ မသုတ်ရသေးဘူးနော်၊ ဒီနားတစ်ဝိုက်ကို လာပြီး ပတ်တော့ ချောင်းနေတယ်၊ အဝတ်ဖုတ်တော့ တစ်ခါမှ ပါမလာဘူး၊ ဟိုမှာ ကွက်ကျန်တော့မယ်"

ငွေနှင့် မမီး ဘာပြောနေကြမလဲ လာလာချောင်း ဟန်တူတဲ့ မတင့်ကို ငွေက အမြင်ကတ်လက်စနှင့် ကိုယ့်ဟာကိုယ် စိတ်မကြည်လင်တာပါ ဆေါင်းပြီး အနည်းငယ် ဟောက်လိုက်ပါ သည်။ မမီးကတော့ ပြုံးစိစိ။ ငွေက အိပ်ခန်းထဲက ထွက်လာ ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မတင့်နော် ... ခဏနေ ဆရာဝန်နဲ့ ဦးဘိုမင်းထွဋ် လာတော့မှာ၊ ရှင်းစရာရှိတာ ရှင်းလင်း၊ အအေးဘူးလေး ဘာလေးပြင်၊ ရေချိုးခန်းထဲ ဆရာဝန် လက်ဆေးပြီးသုတ်ဖို့ ပဝါသစ်လည်း လာမထားသေး၊ ဒီနားပဲ ရစ်ပတ်ချောင်းနေတယ်လို့ ကျွန်မ တိုင်မှာနော်"

"တိုင်ပေါ့၊ ဆရာက မမီး ရှင့်ကို ဘယ်လွှတ်သလဲ ဘာခိုင်းသလဲ သိအောင် နားထောင်ထားတဲ့ ... ဟွန်း"

အစ်တောင် မအစ်ရသေးဘဲ ထွက်လာသည်။

"အခု ဒီမှာလေ ခိုင်းပြီလေ၊ မမီး စားဖို့ ကြာဆံလက်သုပ် ငရုတ်ရည်များများ ချဉ်ငံစပ် သွားဝယ်တယ်လို့ ပြောလိုက်၊ သိလား"

မတင့်က ယုံရမလို မယုံရမလို မျက်လုံးပြူးနှင့်ကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။ ငွေသည် စိတ်ခပ်ရှုပ်ရှုပ်နှင့် ကားကိုမောင်းလာသည်။ ပန်းဆိုင်ရောက်တဲ့ထိ စိတ်မကြည်လင်ပေ။ သူ လုပ်မိတဲ့ အလုပ်တစ်ခု မှားသွားမှာ စိုးသည်။ မမီးအကြောင်း နည်းနည်းပိုသိလိုက်ရတော့ ကိုယ်က အကောင်းကူညီသော်လည်း မမီး အတွက် ထိခိုက်မှုရှိမှာ စိုးရိမ်မိသည်။





ပန်းဆိုင်ထဲတွင် ပန်းတွေနှင့် မွှေးကြိုင်သင်းထုံကာနေသည်။ ဆိုင်ထဲဝင်လိုက်သည်နှင့် စိတ်က နည်းနည်း ကြည်နူးလန်းဆန်းလာပါသည်။ ကောင်တာမှ ကောင်မလေးကို ...

"ခုနက မမီးမီး မှာထားတဲ့ နှင်းဆီပန်းစည်း ယူဖို့ပါ"

ကောင်မလေးက စာအုပ်ကိုလှန်ကြည့်ကာ ...

"ဒီနေ့ အော်ဒါထဲမှာ မမီးမီး ဆိုတာ ဘာမှမပါဘူး အစ်မ"

"နှင်းဆီပန်းစည်းလေ"

"ဟိုမှာ အော်ဒါပန်းစည်းတွေပါ၊ နှင်းဆီ မှာထားတာ နှစ်ယောက်တော့ ရှိတယ်"

ငွေက လာရွေးယူရန် အသင့်တင်ထားပေးသည့် စီတန်းထားသော ပန်းစည်းပုံးလေးများကို ငုံ့ကြည့်ရင်း သတိရကာ ...

"သြော် ... ဆောရီး ... မှားလို့၊ မဒေါ်လီ ... မဒေါ်လီ"

"သြော် ... မဒေါ်လီလား၊ ခုနကမှ လှမ်းဖုန်းဆက်တာလေ"

"ဟုတ်တယ် ... ဟုတ်တယ်"

"အဲဒီနောက်ဆုံးက အဝါရောင်အစည်းပါ အစ်မ၊ ခါတိုင်းလိုပဲ"



www.burmeseclassic.com

နှင်းဆီဝါ ခြောက်ပွင့်လောက်ကို ပလတ်စတစ်အကြည် လှလှလေးနှင့် ပတ်ထုတ်ကာ ဖဲကြိုးဖဲပွင့်လှလှနှင့် စိတ်ကူးယဉ်ဆန်ဆန်လေး စည်းနှောင်ထားသည့် ချစ်စဖွယ် ပန်းစည်းကလေးပါပဲ။ ငွေက ပိုက်ဆံသုံးထောင်ရှင်းကာ ဆိုင်မှ ထွက်လာသည်။ အင်း ... သွားကို သွားရတော့မယ်။

ရှက်စရာကြီးလည်း ကောင်းသေးတယ်။ ပန်းစည်းကြီးကိုင်ပြီး ဝင်ထိုင်နေရမှာ။ သေတောင်သေလိုက်ချင်တော့တာပါပဲ။ ထိုကော်ဖီဆိုင် ခြံဝင်းထဲ ရောက်လျှင်တော့ ငွေသည် ဆိုင်ထဲမဝင်ဘူးရယ်လို့ ဆုံးဖြတ်ချက် ချပစ်လိုက်ပါသည်။ မဝင်ရဲဘူး။ ရှက်တယ်။ လူတွေက ကိုယ့်ကို အဆိုတော်ဆန်နီကို ကြိုက်တဲ့ မိန်းမလို့ပဲ ထင်ကြမှာပဲ။

ငွေသည် ကားကိုရပ်ပြီးလျှင် ရှေ့ဘက်မှန်တံခါးပေါက်သို့ မသွားဘဲ ပန်းစည်းကိုင်လျက် နောက်ဖေးဘက် ထင်ရသော နေရာဘက် ကွေ့ပတ်ဝင်ခဲ့သည်။ အလုပ်သမားတစ်ယောက်ယောက်ကို ပေးခိုင်းမည်။ ပိုကောင်းနေတာက နေကာဝင်ပြီ။ မှောင်ရိပ်ဆင်နေပြီ။ ငွေ့ကို ဘယ်သူမှလဲ သဲသဲကွဲကွဲ မမြင်နိုင် မမှတ်မိနိုင်။





ငွေ ထင်တဲ့အတိုင်း မီးဖိုတံခါးပေါက်လို နေရာတစ်ခုမှာ စားပွဲထိုးဖြစ်ဟန်တူတဲ့ လူငယ်လေးနှစ်ယောက် ဆေးလိပ်ထွက်သောက်သလား ဘာထွက်လုပ်လဲမသိ ရှိနေကြကာ ငွေ့ကို မြင်လျှင် အံ့အားတသင့်။

"အစ်မ ဘာလုပ်မလို့လဲ"

"ဪ ... ဟိုဟာလေ၊ ဒီဆိုင်မှာ အဆိုတော်ဆန်နီ ဆိုလား"

"ဟုတ်ကဲ့ ... ဆိုပါတယ်"

"သူ ရှိလား"

"ရှိပါတယ်၊ ရောက်ပါပြီ၊ ဒီနောက်ကတော့ ဝင်လို့ မရပါဘူး အစ်မ၊ ရှေ့ကပဲ ဝင်ပါ"

"ဟဲ့လေ ... ဒီလိုပါ၊ ဒီဟာက သူများက လူကြုံပါးလိုက်တာ၊ တို့ အထဲမဝင်တော့ဘူး၊ စိတ်ချရမယ်၊ ပေးပေးမယ်ဆိုရင် သူတို့ကိုပဲ ပေးခဲ့တော့မယ်၊ ဆန်နီ့ကို ပေးပေးပါလား"

"ဪ ... ရပါတယ်၊ ပေးပေးပါ့မယ် အစ်မ၊ စိတ်ချပါ"

"ကျေးဇူးတင်လိုက်တာဟယ်"

www.burmeseclassic.com



"ရပါတယ် အစ်မ ဘယ်သူက ပေးတယ် ပြောပေးရမလဲ"

"မဒေါ်လီ ပေးခိုင်းတာလို့၊ နော် ... ဆက်ဆက်ပေးပေး၊ စိတ်ချမယ်နော်"

"ဟုတ်ကဲ့"

ငွေသည် အားရဝမ်းသာကာ ကလေးနှယ် ခုန်ဆွခုန်ဆွ ပြုံးစိစိ ပြန်ကွေ့ထွက်လာပါသည်။ ငါ့လက်ကလွတ် ... ကျွတ်... ဖြွတ် ပဲ။ ဟီ ဟီ ...။ ကောင်လေးတွေကလည်း ပေးပေးမှာ သေချာပါသည်။ ဆိုင်ထဲဝင်ထိုင်ရတဲ့ ဒုက္ခက ကင်းဝေးပြီ။ ရှက်စရာကြီးကိုလည်း မဆောင်ရွက်ရတော့။

ဝမ်းသာအားရနှင့် ကားနား ရောက်လာသော ငွေသည် သူ့ရှေ့၌ ဘွားခနဲ ရောက်နေသော ဦးဘိုမင်းထွဋ်ကြီးကို ရုတ်တရက် ရင်ဆိုင်လိုက်ရလျှင် ဒိန်းခနဲ ခေါင်းကြီးကာ လန့်ဖျပ်သွားပါသည်။

"ဟင် ... ရှင် ... ရှင် ... ဘာလာလုပ်တာလဲ"

"ငါ့ကို ကော်ဖီဆိုင် တစ်ဆိုင်မှာ တွေ့တာ ဒီလောက်အံ့ဩပြီး ဒီလိုမေးစရာလား၊ မင်း ဘာဖြစ်နေတာလဲ"

"ဟို ... ဟို ... ယောင်သွားတာပါ၊ ရှင် ကော်ပီလာသောက်တာပေါ့၊ ကျွန်မတော့ ပြန်လိုက်ဦးမယ်"





"နေစမ်း၊ ရူးသလို ပေါသလို လုပ်မနေနဲ့၊ မင်း ဘာလာလုပ်တာလဲ"

ငွေက ဟန်ဆောင်ကာ ဆူပုပ်ပုပ် မော့ကြည့်ရင်း ...

"ကော်ဖီဆိုင် လာတာလေ"

"အေးလေ ... ရှေ့ကဝင်မသောက်ဘဲ ဟိုဘက်ထဲ ဝင်သွားတာ ဘာသဘောလဲ၊ ဘာလုပ်တာလဲ"

"နေပါဦး၊ ကျွန်မဟာ ရှင့်လခစား ဖြစ်တာ တစ်ခုတည်းနဲ့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ မှန်သမျှ ရှင့်ကို တင်ပြနေရတော့မှာလား၊ ရှင် ဒါတွေစစ်မေးပိုင်ခွင့် ရှိလို့လား ဦးဘိုမင်းထွဋ်ရဲ့"

ငွေ့ရဲ့ ဟန်ကိုယ့်ဖို့က ဦးဘိုမင်းထွဋ်ကို အနည်းငယ် တွေဝေသွားစေပါသည်။

"မင်းကားစွန့်မင်း လာတယ်လို့ ငါမထင်ဘူး၊ မီးမီး တစ်ခုခု ခိုင်းသလားလို့ ထင်တယ်၊ ဒါကြောင့် ငါမေးတာ၊ မင်းကားကို ဒီလမ်းထိပ်မှာ တွေ့လိုက်လို့ ငါ ရှေ့ကနေ ပြန်တွေ့ပြီး လိုက်လာတာ၊ နည်းနည်းလေး နောက်ကျသွားတော့ ငါ သေချာဘာမှ မသိရတော့ဘူး၊ မင်း ဟိုဘက်က လျှောက်လာတာကိုပဲ မြင်ရတော့တယ်၊ ဒါပေမဲ့ ဝင်ပေါက်က ဒီဘက်မှာ၊ ဒါကြောင့် မင်းကို မသင်္ကာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါနဲ့ပဲ မမီးကိစ္စ ဖြစ်ရောလား"

"မင်း အပိုတွေ အချိန်ဆွဲ ပြောမနေနဲ့၊ မင်းကိစ္စဆိုရင် မင်း ဘာလာလုပ်လဲပြော၊ ဒီကို တစ်ယောက်တည်းလာဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒီလောက် လှုစုံစုံဆိုင်ကို"

"ကျွန်မ သူငယ်ချင်းနဲ့ ချိန်းထားတာပေါ့ ရှင့်၊ တစ်ယောက်တည်းတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒီရှေ့မှာ ရပ်နေဖို့ ချိန်းထားတာ၊ မတွေ့လို့ ဟိုဘက်နားကို လျှောက်ကြည့်တာ"

"တွေ့လား"

"မတွေ့ဘူး၊ ဒါကြောင့် အခု ပြန်တော့မယ်"

"မဖြစ်နိုင်ပါဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာ မင်း မျက်နှာရိပ် မျက်နှာကဲ ကြည့်ရင် ငါ သိပါတယ် ခင်ငွေ ခက်၊ လူရိပ်လူကဲခတ်ပြီး စီးပွားရေးလောကမှာ အောင်မြင်နေတဲ့သူပါ"

ငွေသည် စိတ်လည်းညစ်လာသည်။ ပေါ်သွားမှာလည်း စိုးရိမ်သည်။ သူ့ကို တိုင်ပင်ရင် ကောင်းမလား ထည့်စဉ်းစားခဲ့သေးပါလျက် မတိုင်ပင်ဖြစ်တော့ဘဲ လုပ်လိုက်မိပြီးဖြစ်၍ တတ်နိုင်လျှင် သိမနေစေချင်တော့ပေ။





"ကျွန်မ သူငယ်ချင်းနဲ့ ကျွန်မ တကယ်ချိန်းထားတာပါ၊ ဒါပေမဲ့ အခု သူ့ကိုမတွေ့ဘူး"

"မတွေ့ရင် အထဲဝင်ရှာလေ"

"ဟင့်အင်း ... မဟုတ်ဘူး။ ကျွန်မနဲ့သူ ဒီနားမှာရပ်နေဖို့ ချိန်းထားတာ"

ငွေက နှုတ်ခိုင်ခိုင်မာမာ ပြောရပါတော့သည်။ ဘုရားသိကြားမ,လို့ တော်ပါသေးရဲ့။ ငွေ့လက်ထဲက ပန်းစည်းကြီးကို ဦးဘိုမင်းထွန်း မမြင်လိုက်ပေလို့။ နို့မို့ရင်တော့ လုံးဝငြင်းလို့မရနိုင်တော့ပါ။

"ဟိတ် ... ငွေ"

ငွေသည် မမျှော်လင့်ဘဲ ထွက်ပေါ်လာသော ခေါ်သံကြောင့် အံ့အားတသင့် လှည့်ကြည့်လိုက်ပါသည်။ ဒီအသံကို ဘယ်သူဆိုတာ မကြည့်ခင်ကပင် ငွေ သိပြီးသားလေ။ ဂုဏ်သည် ငွေနှင့် ဦးဘိုမင်းထွန်းကို တစ်မျိုးသော အကြည့်နှင့် တစ်လှည့်စီ ကြည့်ကာ လေးငါးလှမ်းဟာ အကွာ၌ ရပ်နေသည်။

ဟင် ...။ ဂုဏ်မှုံစံက တစ်မျိုးတစ်မည် ထင်နေပုံပဲ။ ဦးဘိုမင်းထွန်းသည်လည်း ဂုဏ်ကို အံ့အားတသင့်နှင့် အကဲခတ်ကာနေသည်။ ခုမှတွေ့လို့ နှုတ်ဆက်ပုံ မဟုတ်ဘဲ ပတ်သက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေ ဂုဏ့်ထံ၌ အထင်းသားမို့ ဦးဘိုမင်းထွင့် ဇဝေဇဝါ ဖြစ်သွားပါသည်။

"ဂုဏ် ... ငါ ဒီကို ငါ့ဟာငါ တစ်ယောက်တည်း လာတာ"

ငွေသည် အဓိက အရေးကြီးသော ဂုဏ် အထင်မလွဲစေဖို့ စကားကို ဦးဆုံးပြောလိုက်ပါသည်။ ဂုဏ့် မျက်နှာက တစ်မျိုးပဲ၊ ဂုဏ့် မျက်နှာပေါ်မှာ အရိပ်အယောင်တွေ အများကြီးပဲ။ ဘာတွေမှန်းလဲ ငွေ မသိပေ။ ငွေ သိတာက ဒီ ဦးဘိုမင်းထွင့်ကြီးနဲ့ ငွေ့ကို ဂုဏ် အထင်လွဲ မခံနိုင်တာ။

"ဦးဘို မင်းထွင့်၊ ဒါ ကိုဂုဏ်သာတဲ့"

ဦးဘိုမင်းထွင့်သည် ဂုဏ် ရောက်လာကတည်းကပင် ခုနက ငွေ့ စကားကို မယုံသင်္ကာ ဖြစ်နေမိခြင်းအပေါ် အိုးတိုးအမ်းတမ်း ဖြစ်သွားပါသည်။ ဒါဟာ ငွေ ပြောတဲ့ ငွေနဲ့ချိန်းထားတဲ့သူ ဆိုတာပဲဟု တွက်ဆလိုက်ဟန် တူပါသည်။ ဂုဏ့်ကိုကြည့်နေရင်းက "သြော်"ဟု မသဲမကွဲ ရေရွတ်ကာ အားနာပါးနာ ပြုံးခိုက် ငွေက ဦးဘိုမင်းထွင့် ဘက်က ယုံသွားတဲ့ အပေါ်မှာလည်း လေးနက်စေ၊ ဂုဏ်လည်း အထင်လွဲချင်လျှင် ပျက်ပျယ်စေရအောင် စကားကို ဆက်၍ ...

"ကျွန်မရဲ့ ချစ်သူ"





"သြော် ..."

ဦးဘိုမင်းထွင့်က ရှေ့တိုး၍ ဂုဏ့်ကို လက်ဆွဲနှုတ်ဆက်လိုက်ရင်း ...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ် ဦးဘိုမင်းထွင့်"

ဂုဏ့် မျက်နှာကလည်း ငွေ့ မိတ်ဆက်စကားကြောင့် တစ်ဝက်လောက် ကြည်လင်သွားပါသည်။

"ကျွန်တော်က ဒီဘက်ထဲ ငွေ့ကား ဝင်သွားတာတွေ့လို့ ဘာများလဲလို့ နောက်က လိုက်လာလိုက်တာပါ၊ ကိစ္စအထူး မရှိပါဘူး၊ ကဲ ... ဒါဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး ကိုဂုဏ်သာ"

"ဟုတ်ကဲ့"

ဦးဘိုမင်းထွင့်က ငွေ့ဘက်ကိုလှည့်ကာ "သွားမယ်" ဟု တိုတိုနှုတ်ဆက်လိုက်ပြီး သူ့ကားရှိရာသို့ လှည့်ထွက်သွားပါသည်။ ဂုဏ်နှင့် ငွေသာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တဒင်္ဂ ရပ်နေမိကြသည်။ ငွေ ဘာလာလုပ်လဲလို့ ဂုဏ်မေးလိုက်ရင် ငွေ ဘယ်လိုဖြေရပါ့။ မမီးရဲ့ ဆန်နီကို မမီး ကိုယ်စားပန်းစည်းလာပေးရတာသိလျှင် ရှုပ်ရှုပ်ယှက်ယှက်ဟု ဂုဏ် စိတ်တိုတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်မြန်မြန် ပြန်လစ်နိုင်ရင် အကောင်းဆုံးပါပဲ။

"ဂုဏ်"

"အေး ... ဘာလဲ"

ဂုဏ့် ပုံစံက ငွေ တစ်ယောက်တည်း ဒီဆိုင်ကို ဘာ… လာလုပ်ပါလိမ့် ဆိုတာ စဉ်းစားမိသေးပုံ မပေါ်ဘဲ သူ့ဘာသာ ဆက်ကာ ...

"ငါကလည်း ဒီရောက်နေတာ"

"နင့်ဘော်ဒါတွေနဲ့လား"

"အေး၊ အေးပေါ့ဟ"

"ငါပါ အထဲလိုက်ရမလား"

"မလိုက်နဲ့တော့၊ ဒီဆိုင်မျိုးက လူကျပ်ကျပ်ရှုပ်ရှုပ်ပ… နင်ကလည်း တစ်ယောက်တည်း ရောက်လာရတယ်လို့ပ… ငါ အထဲကနေ နင့်ကို ဟိုလူကြီးနဲ့ …နေတာ မြင်လိုက်… ဝုန်းခနဲ ထ,ထွက်လာတာ၊ ဟိုမှာ ကိစ္စတွေ ရှိသေးတာ… ငါ ပြန်ဝင်တော့မယ်၊ နင်လည်း ပြန်တော့၊ အထဲ လို… မလာပါနဲ့တော့၊ နင် သွားချင်ရင် နောက် အေးအေး… ဆေးမှ နှစ်ယောက်တည်း လိုက်ပို့မယ်၊ ခုတော့ ငါမှာ…

"အေးပါ ... ငါကလည်း နင့်သူငယ်ချင်း အပေါင်းအဘ… တွေနဲ့ အတူလာမထိုင်ချင်ပါဘူး၊ ခင်မှမခင်ပဲနဲ့၊ … ဒါဆို ငါ ပြန်တော့မယ်"





"အေး ... နောက်မှတွေ့မယ်"

ဂုဏ်က အသာတကြည်ပင် ဘာမှမမေးမမြန်း ပြန်ခိုင်းလိုက်သလို ငွေကလည်း လွတ်ပြီ ကျွတ်ပြီ ဖြေရခက်တာတွေ ဖြေဖို့မလိုတော့ဘူးရယ်လို့ ဝမ်းသာအားရပင် ကားပေါ်ပြန်တက်၍ စက်နှိုးလိုက်ပါသည်။ မောင်းမထွက်ခင် ကားပြတင်းမှလှမ်း၍ ...

"ဂုဏ် ... နင် ငါ့ကို ငါကားပေါ်က ဆင်းကတည်းက တွေ့နေတာလား"

"ဟင့်အင်း ... ထွက်လာခါနီးလေးကမှ ဟိုးအထဲကနေ ဒီမှန်ပေါက်ကိုဖြတ်ပြီး ဝိုးတဝါး လှမ်းတွေ့လိုက်တာ၊ နင်တို့ မျက်နှာချင်းဆိုင် ရပ်နေကြတာလေ၊ နင်ပဲဆိုတာ သေချာတာနဲ့ ပြေးထွက်လာတာ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး၊ ငါ သွားမယ် ... တာ့တာ"

ပန်းစည်းကြီးကို ဂုဏ် မတွေ့တာ သေချာတာမို့ ငွေက စိတ်အေးသွားပြီး ဂုဏ့်ကို လက်ပြ၍ မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"စနေ တနင်္ဂနွေမှာလည်း ကျွန်မက မမီးဆီ လာနေတော့ အလိုအလျောက်ပဲ သူ့ကို ရှောင်ပြီးသား ဖြစ်နေရော မမီးရဲ့"

"ဒါဖြင့် ငွေ ဘာကြောင့် ဒီဆိုင်ကို တစ်ယောက်တည်း လာတယ်ဆိုတာ ခုထိ သူက မမေးဘူးလား၊ အမှန်ဆိုရင် အဲဒီနေ့ တွေ့ကတည်းက မေးကို မေးရမှာနော်၊ တို့ ကိုယ်တိုင်လည်း မိန်းကလေးတစ်ယောက်ထဲ ဒီကော်ဖီဆိုင် တွေကို သွားတယ်ဆိုပေမဲ့ တို့က တို့ကိစ္စနဲ့ တို့လေ၊ ဟိုး အစပိုင်းတုန်းက ရှိုးတိုးရှန့်တန့် ဖြစ်ပေမဲ့ နောက်တော့လည်း ရိုးသွားတော့ အေးအေးဆေးဆေးပဲ သတ္တိရှိလာတာပေါ့ ...





ပုံမှန်အားဖြင့်တော့ အဲဒီဆိုင်လေးတွေကို မိတ်ဆွေချင်း အတူတူလာရင်လာ ဒါမှမဟုတ် ချစ်သူချင်း အတူတူ လာကြ၊ ယောကျာ်းလေးတစ်ယောက် အဲနေနဲ့တောင် တစ်ယောက်တည်းလာတာ အူကြောင်ကြောင်နဲ့ ပျင်းစရာကြီးပေါ့၊ မိန်းကလေးတစ်ယောက် တစ်ယောက်တည်း လာတယ်ဆိုတာ ရှိတောင့်ရှိခဲပဲ၊ ငွေ့ ကောင်လေးက သိကိုသိချင်ရမယ်၊ မဟုတ်ဘူးလား"

မမီး ပြောမှ ငွေက လက်ချိုးရေတွက်ကြည့်လျှင် ဂုဏ်နှင့်ငွေ မတွေ့ဖြစ်ကြ၊ ဖုန်းစကားတောင် မပြောဖြစ်ကြတာ ဟာ ဒီနေ့ပါဆို ငါးရက်မြောက်ပြီ။ နောက်တစ်နေ့ စနေက စတွက်ရင် ဒီနေ့ ဗုဒ္ဓဟူးမှာ ငါးရက်မြောက်။ ခါတိုင်းလည်းပဲ သူငယ်ချင်းကနေ ချစ်သူတွေ ဖြစ်လာတဲ့ ဂုဏ်နဲ့ ငွေဟာ သူတကာ သမီးရည်းစားတို့ထက် ကယုကယင် တကူးတကကိစ္စ များ နည်းပါးတတ်လေရာ တွေ့တစ်ချက် မတွေ့တစ်ချက်ပါပဲ။

နေ့စဉ်ရက်ဆက် တွေ့ကြတယ်ရယ်လို့ မရှိ။ တစ်ခါ တစ်ရံလည်း ရက်ခြားတွေ့ဆုံပြီး တစ်ခါတစ်ရံလည်း သုံးရက် လောက် အဆက်ပြတ်နေပြီးမှ ဖုန်းပြောဖြစ်တာလည်း ရှိသည်။ ဟုတ်ပါရဲ့။ ဒီတစ်ခါဟာ အကြာဆုံးပဲ။ ငါးရက်တောင်။



www.burmeseclassic.com

www.burmeseclassic.com



မမီး နေမကောင်းသေး၍ ငွေကတော့ မမီး အိမ်မှာပဲ မိုးလင်းကမိုးချုပ်။ ညနေပြန်ရောက်လည်းပဲ ငွေက ဂုဏ့်ဆီဖုန်းမခေါ်။ ငွေ့ဘက်က ခပ်ရှောင်ရှောင်ကလေး လုပ်မိတာကတော့ ဂုဏ် မေးလျှင် အမှန်အတိုင်းဖြေဖို့လည်း ဂုဏ် အပြစ်တင်မှာစိုး၊ ညာပြောဖို့လည်း အကြောင်းအရာ စဉ်းစားမရဘဲ စကားမပြောဖြစ်လေ ကောင်းလေမို့ ငွေက စ,မဆက်သွယ်တာ။

ဂုဏ့်ဘက်ကတော့ သိကိုသိချင်ရမဲ့ကိစ္စ ရှိတာပဲ။ ဦးဘိုမင်းထွဋ်နဲ့ ရပ်နေတာတွေ့လို့ ဝုန်းခနဲ ထွက်လာပါတယ်ဆိုတဲ့ ဂုဏ်ဟာ ဦးဘိုမင်းထွဋ်နဲ့ လာတာ မဟုတ်ကြောင်းသိလျှင် ဘယ်သူနဲ့လာလဲ၊ ဘာလုပ်ဖို့ တစ်ယောက်တည်းလာလဲတွေ ဆက်သိကို သိချင်ရမည်။

ခုတော့ တစ်မျိုးပဲပေါ့။ အဲဒီနေ့ကလည်း သူ့ပုံစံက မေးဖို့ပဲ မေ့နေသလိုလို။ ဒီကြားထဲ ရက်တွေမှာလည်း သူကပါ ရှောင်နေသလိုလို ငွေ့စိတ်ထဲမှာ ထင်လာပါသည်။ တနင်္ဂနွေနေ့တွေမှာ မနက်စောရောက်ရင် ရောက်လာပြီး ဦးဘိုမင်းထွဋ်ဆီ လိုက်ကားမောင်းပို့တာမျိုး လုပ်ရင်လုပ်၊ မနက်ပိုင်း ပေါ်မလာဖြစ်ရင်တောင်မှ ငွေ့ဖို့လို့ ကြော်ငြာထားတဲ့ ဤ စနေတနင်္ဂနွေတို့မှာ ဂုဏ်ဟာ နေ့လယ် ညနေတို့၌တော့ ရောက်ချလာတတ်သည်ပင်။





ခုတော့ အကျိုးအကြောင်း မသိရဘဲ ရောက်လည်းမလာ။ ဖုန်းတောင် မဆက်၊ ကိုယ့်အကြောင်းနဲ့ကိုယ် ရှောင်ချင်နေတဲ့ ငွေကလည်း သူ မဆက်သွယ်တာကိုပင် တောင်တောင်အီအီမတွေး၊ ပို၍ ကျေနပ်နေသေးတာ။ ခုမှ စိတ်ထဲတစ်မျိုးတစ်မည်ကြီး ဖြစ်လာသည်။

ဂုဏ် စိတ်များဆိုးနေတာလား။ တစ်ခုခုများ ထင်လွဲနေတာလား။ အဲဒီနေ့ကတည်းက သူ့မျက်နှာက တစ်မျိုးပဲ။ ကိုယ်က မရိပ်မိလိုက်ဘဲ ဂုဏ့် စိတ်ထဲ မကျေမနပ် ခုသွားတာများ ရှိခဲ့လို့လား။ ဒါကြောင့် အဆက်အသွယ် ဖြတ်ထားတာလား။ ခုမှပဲ ကိုယ့်မှာ စိတ်ထင့် စဉ်းစားမိတော့ပြီ။

"မမီး ဧည့်သည်လာတယ်"

"ဘယ်သူလဲ မတင့်"

ငွေက မမီး ကိုယ်စား လှည့်မေးလိုက်ပါသည်။

"ဒေါ်ခင်လေးနွယ်"

"ဪ… ခေါ်လိုက်ပါ ငွေ၊ အခန်းထဲပဲခေါ်လိုက်၊ ခုံတစ်ခုံလောက်"

မမီး ဖုပျားသလဲ ပြောဆိုသလို ကမန်းကတန်း ခုံတစ်လုံး ရွှေ့ပေးကာ ဧည့်သည်ကို အခန်းထဲ ဖိတ်ခေါ်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မမီး ပြောပြတဲ့ ဇာတ်လမ်းလေးထဲက ဇာတ်ကောင်တစ်ယောက် အဖြစ် စိတ်ဝင်တစား ရှိနေမိပါသည်။

"သိတောင် မသိဘူး ဒေါ်လီရယ်၊ နေမကောင်း ဖြစ်နေတာဆို၊ မနက်က ဈေးသွားရင်း ဒေါ်မိုးနဲ့ ဈေးမှာတွေ့တော့မှပဲ သိရတယ်"

မမီး မျက်နှာလေးက ရွှင်လန်းကာ ...

"နည်းနည်းပါးပါးပါ အန်တီရယ်"

"ဆယ်ရက်လောက်တောင် ရှိပြီဆို၊ ပြောရောပေါ့ ဒေါ်လီရယ်၊ အန်တီလည်း လိုတာလေး ကူညီလုပ်ကိုင်ပေးလို့ ရတာပေါ့"

"မိတ်ဆွေတွေ အားနာလို့ပါ အန်တီရယ်၊ သမီး ဘယ်သူ့ကိုမှ ပြောမနေတော့တာပါ၊ လာရသွားရ သတင်းမေးရ၊ အလုပ်ပျက်ကြပါတယ်၊ ကိုယ်ကလည်း အသည်းအသန်လည်း မဟုတ်"

"ဘာပဲဖြစ်ဖြစ် လာရမဲ့သူပါပဲ ဒေါ်လီရယ်၊ ခုနောက်ပိုင်း ကိုယ့်ကိစ္စနဲ့ကိုယ် ရောက်တာတွေ့တာ ကျဲသွားတာနဲ့ပဲ စိမ်းမနေပါနဲ့၊ ဒီလို ရက်ရှည်ကြီး အိပ်ရာထဲ နေရတဲ့ထိ ဖြစ်မှတော့ အကြောင်းကြားရောပေါ့၊ အနည်းဆုံး စကား





ပြောဖော်လေးရတော့ ဒေါ်လီ မပျင်းဘူးပေါ့၊ အန်တီလည်း ခုနောက်ပိုင်း တစ်ကြိမ်ကို ဆယ်ရက်လောက် ဆယ်ရက်လောက် နိုင်သလောက် တရားစခန်း သွားသွားဝင်နေတာနဲ့ ဒေါ်လီ့ဆီလည်း သိပ်မရောက်ဘူး။ စိတ်ထဲတော့ရှိတယ်၊ မနေ့တစ်နေ့ကပဲ ဒီတစ်ပတ်ထဲ ညဦးဘက် ဒေါ်လီ့ အိမ် လျှောက်သွားပြီး သွားလည်ဦးမယ် တွေးနေတာ၊ ဒီမနက်တော့ ဒေါ်မိုးနဲ့ တွေ့တာနဲ့"

"လူကြီးက လာရမယ်လို့ အန်တီရယ်၊ သမီးတို့က လာရမှာပါ၊ အလုပ်ထဲဝင်ကတည်းက လူက သိပ်မအားလပ်တော့"

"နားလည်ပါတယ် ဒေါ်လီရယ်၊ အလုပ်တစ်ခု ဦးစီးတာဝန်ယူ လုပ်နေရတော့ နည်းတဲ့တာဝန်မှ မဟုတ်ဘဲ၊ ဘယ်သိပ်အားတော့မလဲ၊ အရေးအကြောင်း ရှိရင်တော့ ပြောရမှာပေါ့ ဒေါ်လီရယ်"

"အန်တီတို့ အန်ကယ်တို့တော့ နေကောင်းကြပါတယ်နော်"

"ကောင်းပါတယ်၊ အန်ကယ်က ပိုတောင်ကျန်းမာသေးတယ်၊ မနက်စောစော ပြေးတယ်လေ၊ လိမ္မော်သီးစား



www.burmeseclassic.com

www.burmeseclassic.com



လား ဒေါ်လီ၊ အန်တီ ယူလာတယ်၊ ယိုးဒယားသီးတွေလေး ချိုတယ်"

သံယောဇဉ်ရှိ၍ ခင်မင်ကျွမ်းဝင်ကြပုံ ပေါ်လွင်သည့် မမီးနှင့် ထိုအန်တီကို ငွေက ငေးကြည့်နေမိသည်။ ထို အန်တီရဲ့ မျက်ခုံး မျက်လုံးနှင့် စကားပြောဟန်တို့မှာ တစ်မျိုးကလေး ကြည့်ကောင်း၍ ငွေ့စိတ်ထဲ မြင်ဖူး တွေ့ဖူး နေသလိုင်။ စိတ် ကောင်းရှိပုံရတဲ့ ရုပ်ရည်ကလည်း ကျက်သရေရှိလှပါသည်။ မသိတာ သေချာတဲ့တိုင် ထိုအန်တီကို ငွေ့စိတ်ထဲ မြင်ရုံနှင့် နှစ်လိုခင်မင်မိသည်။

"စားမယ် ဆိုရင် နွှာလိုက်မယ်"

"ကျွန်မ လုပ်ပေးပါ့မယ် အန်တီ"

ငွေက ဒေါ်ခင်လေးနွယ် လက်ထဲမှ လေးလုံးတွဲ လိမ္မော်သီးအိတ်လေးတွေကို လှမ်းယူလိုက်ပါသည်။ အခန်းထွင်း မှာပင် ပန်းကန်ပြားလွတ်ရှိ၍ နှစ်လုံးကို ရေသွားဆေးကာ ငွေက အခွံနွှာ အမျှင်သင်ပေးသည်။ ငွေ့ရဲ့ လုပ်ကိုင်ပုံကို ဒေါ်ခင်လေး နွယ်က ကြည့်နေရင်း ...

"စပါယ်ရှယ်နာ့စ်လေးလား ဒေါ်လီ၊ ချောလိုက်တာကွယ်"

ငွေရော မမီးပါ ပြုံးရကာ ...





"နာ့စ် မဟုတ်ပါဘူး အန်တီ၊ ငွေက သမီးရဲ့ စက္ကတရီ ပါ"

"အော် ... ဟုတ်လား၊ ချောချောလေး၊ စက္ကတရီလေးတွေ ချောကြ လှကြတယ် ဆိုတာတော့ ယုံသွားပြီ ဟင်းဟင်း"

ငွေသည် ဒေါ်ခင်လေးနွယ်ကို ခင်မင်မိပေသည်။

"နာမည်က ငွေ တဲ့ ဟုတ်လား"

"ခင်ငွေခက် ပါရှင်"

"ခင်ငွေခက် ... !"

ဒေါ်ခင်လေးနွယ်ရဲ့ တစ်လုံးချင်း ရေရွတ်လိုက်ပုံကို မမီးက ပြုံးကြည့်ကာ ...

"နာမည်လေးက ရိုးရိုးလေးနဲ့ ဆန်းပြီးလှတယ်နော် အန်တီ"

"ဟုတ်ပါရဲ့၊ နာမည်လေးကလည်း ချစ်စရာ၊ သမီး ဘယ် မှာနေလဲကွယ့်"

"(----)မှာပါ အန်တီ"

"အော် ... ဟုတ်လား၊ ဒီမြို့နယ်ထဲ အန်တီတို့ မိတ်ဆွေ တွေလည်း ရှိပါရဲ့၊ သမီးက ဘယ်လမ်းမှာလဲ"

"(----)လမ်းပါ၊ ခြံနံပါတ်(၁၀)ပါ အန်တီ၊ အဲဒီဘက် မိတ်ဆွေတွေဆီ ရောက်ရင် ဝင်လည်ပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အေး အေး အေး၊ အန်တီနဲ့ တစ်ခါမှကို မဆုံဖူးဘူး၊ ဒေါ်လိုဆီ အလုပ်လုပ်တာ မကြာသေးဘူး ထင်တယ်"

"ဟုတ်ကဲ့ ... လေး,ငါးလပဲ ရှိပါသေးတယ် အန်တီ၊ အန်တို့ နာမည်ကိုတော့ မမီး ပြောပြလို့ ကြားဖူးပါတယ်"

"သြော် ... အေး ... အေး"

ထိုနေ့က မမီး အိမ်မှာ ငွေက သာကူကြိုပေးထား၍ မမီးကို တိုက်ရင်း ဒေါ်ခင်လေးနွယ်ကိုပါ ညှော်ခံတိုက်ကျွေးသည်။ ဒေါ်ခင်လေးနွယ်က သာကူကို ချီးမွမ်းမဆုံး။ ငွေ့ စိတ်ထဲ ခင်မင်နှစ်လိုမိ၍ ထိုနေ့တစ်ရက်တည်းနှင့်ပင် နှစ်ဦးသား ရင်းနှီးသွားကြရပါသည်။

နေ့လယ် ထမင်းစားပြီးချိန်လောက် ရောက်လာသော ဒေါ်ခင်လေးနွယ်သည် မွန်းလွဲ သုံးနာရီခွဲလောက်မှ ပြန်ပါသည်။

"သမီးငွေက ဘယ်အချိန်ပြန်လဲ"

"အချိန်မမှန်ပါဘူး အန်တီ၊ ခြောက်နာရီ ခြောက်နာရီခွဲဝန်းကျင်ပါ"

"ပြန်ချိန်မှာ အန်တီတို့အိမ် တစ်ချက်လောက် ဝင်ခဲ့ပေးနိုင်မလား သမီး၊ သမီးတို့လမ်းထဲက မိတ်ဆွေတစ်ယောက်





အိမ်ကို စာအုပ်လေး တစ်အုပ်လောက် လူကြုံပါးလိုက်ချင်လို့ပါ၊ သမီး အပန်းကြီးသလား"

"မကြီးပါဘူး အန်တီ၊ ရပါတယ်၊ လမ်းထဲပဲဟာ၊ လမ်းထဲက အိမ်တွေနဲ့လည်း ငွေ အားလုံးခင်ပါတယ်၊ အပြန်ဝင်ယူလိုက်မယ်နော် အန်တီ"

ဒေါ်ခင်လေးနွယ်က တပြုံးပြုံး နှုတ်ဆက်၍ ပြန်သွားသည်။

ခြောက်နာရီခွဲ အချိန်မို့ မှောင်နေပြီ။ သူတို့ခြံထဲမှာ တိုက်ဘေးက မီးလုံးလေးပင် ထွန်းထားပါပြီ။ ကားပေါင်းဝင်လာရင်း ငွေသည် ဟိုဟာ မမီး ဓာတ်လှမ်းထဲက ဒန်းကလေးပေါ် ရယ်လို့ သတိတရကြည့်ဆဲ ပေါ်တီကိုအောက်ထိ ထွက်ရပ်၍ စောင့်နေသော ဒေါ်ခင်လေးနွယ်ကို မြင်လိုက်ရပါသည်။

"အန်တီ ကားသံကြားလို့ ထွက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ငွေ၊ ခြောက်နာရီကတည်းက ထွက်စောင့်နေတာ"

"ဪ ... အားနာစရာကြီး အန်တီရယ်၊ ဒီနေ့ ဟိုကထွက်တာ နည်းနည်းနောက်ကျသွားတယ်"

ဒေါ်ခင်လေးနွယ် လက်ထဲ ဘာစာအုပ်မှ မတွေ့၍ အိမ်ပေါ်တက်ထိုင်ရပေဦးမည်ထင်ကာ ငွေက တံခါးဖွင့်ဆင်းလိုက်သည်။

"မှောင်တော့ မှောင်နေပြီ၊ သမီးအိမ်က နောက်ကျရင် စိတ်ပူမလား"

"ဒီရက်ပိုင်းမှာတော့ မမီး နေမကောင်းလို့ အိမ်ပဲ လာနေရတာ သိကြတော့ ငွေကလည်း နောက်ကျမယ် မှာထားပါတယ် အန်တီ၊ ဒါပေမဲ့ ငွေ မထိုင်တော့ပါဘူးနော်၊ အန်တီ့စာအုပ် ယူပြီးရင် သွားလိုက်ပါ့မယ်"

"စာအုပ် ပေးစရာ မရှိပါဘူး သမီး၊ တမင် ဒီကိုလာအောင် ဒေါ်လီ ရှေ့မှာမို့ တစ်မျိုးအကြောင်းပြလိုက်တာပါ"

ငွေက ဒေါ်ခင်လေးနွယ်ကို အံ့အားတသင့် ကြည့်သည်။

"သမီးကို အန်တီ စကားပြောချင်တာလေးရှိလို့ ရနိုင်မလား"





"ရပါတယ် အန်တီ၊ ပြောလို့ရပါတယ်၊ ဘာအကြောင်းများပါလဲ အန်တီ"

"အန်တီတို့ ဒေါ်လီတို့ သမီးတို့ အားလုံး ပါဝင်ပတ်သက်နေတဲ့ အကြောင်းပါပဲ၊ အန်တီ တစ်နေရာရာလေး သွားလိုက်ချင်တယ်၊ အိမ်မှာ မပြောချင်ဘူး၊ ကော်ဖီဆိုင်လေး တစ်ဆိုင်ဆိုင်ပေါ့လေ၊ အဲဒီကိုသွား အန်တီ့ကို ပြန်ပို့နဲ့၊ သမီးမှာ ကရိကထတော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ အန်တီက တောင်းဆိုတာပါ၊ ဖြစ်နိုင်မလား ငွေ"

ငွေသည် တခဏတော့ စဉ်းစားလိုက်ကာ ထိုအမျိုးသမီးကြီးကို ငြင်းဆန်ဖို့ရာ ဆန္ဒမရှိလှ၍ ...

"ရပါတယ် အန်တီ၊ အန်တီ့မှာ ပြောမှဖြစ်မဲ့ အကြောင်းရင်းရှိလို့ ဖြစ်မယ်ဆိုတာ နားလည်ပါတယ်"

"ဒါဖြင့် အန်တီတို့ သွားကြရအောင်"

ငွေသည် အတွေးတွေများစွာနှင့် ... ဒေါ်ခင်လေးနွယ် လမ်းညွှန်ရာအတိုင်း မောင်းလာခဲ့ပါသည်။ ဘာကြောင့်ရယ်မသိ၊ ငွေ့ရင်ထဲတွင် အခု တော်ကြာပဲ အရေးကြီး အဖြစ်အပျက်ကြီး တစ်ခုခု ထပေါက်ကွဲတော့မလို တထိတ်ထိတ် တထင့်ထင့်နှင့် ရင်ထဲလိုက်နေသည်။ ဒေါ်ခင်လေးနွယ် ပြောမှာသည် ဘာများပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့် ရယ်လို့လည်း ဘယ်လိုမှ စဉ်းစားမရ။ သူတို့ကြားထဲ ငွေက ဘယ်သို့ ဘယ်ပုံ ဝင်ရောက် ပတ်သက်နေရသနည်း။

နီးနီးနားနားဆိုင်ကို မရွေးချယ်ဘဲ အတော်လှမ်းလှမ်းအထိ မောင်းခိုင်းတဲ့ ဒေါ်ခင်လေးနွယ်ကို ငွေ နားမလည်။ ပြောမဲ့စကားက အဓိကလား၊ ဆိုင်က အဓိကလားဟု မေးလိုက်ချင်လာသည်။ ရွှေဂုံတိုင်ဘက်က ခြံတစ်ခြံရဲ့ မျက်နှာစာတခန်းမှာဖွင့်ထားသော ကော်ဖီဆိုင်ဆီသို့ ရောက်လာပါသည်။

ဆိုင်ဟာ မှန်မည်းမည်းတို့နှင့် အထဲ၌ အလွန်တရာ မှိန်တုပ်သော မီးနီကျင်ကျင်များသာ ထွန်းထား၍ မှန်ရိပ်ဝိုးတဝါး။ ဒီဆိုင်မျိုးကို ဒေါ်ခင်လေးနွယ်လို အမျိုးသမီးကြီးကြီး တစ်ယောက်က ရွေးချယ်သည်မှာ အံ့သြစရာလိုပင်။ ဆိုင်ထဲဝင်လိုက်မှ ထောင့်တစ်နေရာက တစ်ပေလောက်ပဲမြင့်သည့် သီးသန့်နေရာ မြင့်မြင့်လေးမှာ မိန်းကလေးတစ်ယောက် ဂစ်တာနှင့် အင်္ဂလိပ် သီချင်းတစ်ပုဒ် ထိုင်ကာ ဖျော်ဖြေနေသည်ကို မြင်လိုက်ရပါသည်။

နှစ်ယောက်စာ မျက်နှာချင်းဆိုင်ခုံသာပါသော စားပွဲငယ်လေး၌ နေရာယူကြရာတွင် ငွေက ဂီတတွေ သီချင်းတွေ စိတ်မဝင်စားချင်ဘဲ ဒေါ်ခင်လေးနွယ် စကားကိုသာ အာရုံစိုက်ချင်သူ





ပီပီ သီချင်းဆိုနေတဲ့ဘက်ကို ကျောခိုင်းထိုင်လိုက်ပါသည်။ ဒေါ်ခင်လေးနွယ်ကပဲ -ကာပူချီနို ကော်ဖီနှစ်ခွက် မှာလိုက်ကာ ...

"သမီး ... ဒီဆိုင်တွေ တစ်ခါမှ မရောက်ဖူးဘူး ထင်တယ်နော်"

"ဟုတ်ပါတယ် အန်တီ၊ ငွေက ကော်ဖီကိုလည်း မက်မက်မောမော မခံစားတတ်ဘူး၊ သီချင်းတွေ ဘာတွေလဲ စိတ်မဝင်စားလှဘူး၊ အဲဒါကြောင့်ပါ၊ ဆိုင်တစ်ဆိုင်ဆိုင် ရွေးရပြီဆိုရင် အစားကောင်း အသောက်ကောင်း အရသာရှိတဲ့ ဆိတ်ငြိမ်ဆိုင်ပဲ ရွေးဖြစ်ပါတယ်"

"အန်တီကတော့ နှစ်ကြိမ် သုံးကြိမ် ရောက်ဖူးတယ်ကွယ့်၊ အန်တီလည်း ကော်ဖီကို မခံစားပါဘူး၊ အန်တီ့သားက ဒီလိုဆိုင်တွေမှာ ညဘက် သီချင်းဆိုတော့ လိုက်ကြည့်လိုက်နားထောင်ဖူးတယ်ရှိအောင် ရောက်ဖြစ်တာပါ"

"ဟုတ်ကဲ့"

ငွေသည် နာရီကို ယောင်၍မကြည့်မိအောင် သတိထား ဂရုစိုက်နေရပါသည်။ ဒေါ်ခင်လေးနွယ် ကြည့်ရတာ စကားတွေ စုနေတော့မည့်သဏ္ဌာန်ကို ဆောင်နေသည်။

"အန်တီ ... မမီး အကြောင်း ပြောပါဦး၊ ငွေ သိချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သမီးက သိတော့ မမီးပေါ့။ အန်တီက ခေါ်တော့ ဒေါ်လီပေါ့၊ သူ့ကို အန်တီ သမီးလေးလို တူမလေးလို ခင်ပါတယ်၊ ဒေါ်လီ့ အကြောင်း သမီး ဘယ်လောက်သိလဲ"

"မမီးက အင်း ...၊ တစ်မျိုးပဲပေါ့ အန်တီ၊ သူ့စိတ်က တစ်မျိုးပဲ၊ ငွေက လေး,ငါးလပဲ ပေါင်းကြည့်ရသေးတော့ ထဲထဲဝင်ဝင် မပြောနိုင်ပါဘူး၊ ဒါပေမဲ့ စိတ်ကောင်းရှိတာ စိတ်ဓာတ်မကြံ့ခိုင်တာ, စိတ်ကူးယဉ် နည်းနည်းဆန်ခ့ျင် တာလေးတွေတော့ အကဲခတ်မိပါတယ်"

"သူ့ကိုယ်ရေးကိုယ်တာတွေရော ဘာသိလဲ"

ငွေက ဒေါ်ခင်လေးနွယ်ကို စိတ်ကဉ္စးကျပ်သလို ကြည့်လိုက်မိသည်။ ဒါတွေ ငွေနဲ့ ဘာဆိုင်လို့ လာပြောနေတာ ပါလိမ့်။ အကြောင်းရှိတာတော့ သေချာသည်။ ငွေက ခပ်တုံ့တုံ့ နှင့် ...

"နည်းနည်းပါးပါးလောက်တော့ မမီး ပြောပြပါတယ်"

"သမီးက တခြားမိန်းကလေးတစ်ယောက် ဆိုရင်တော့ အန်တီနဲ့ ဘာမှမဆိုင်ပါဘူးလေ၊ ဒေါ်လီ့ အကြောင်းလေး ပြောပြနေစရာ လိုမယ်မထင်ပါဘူး၊ ဒါပေမဲ့ သမီး၊





ခင်ငွေခက် ဖြစ်နေတယ်၊ ဒီတော့ ပတ်သက်မှုက ရှိလာ တယ်"

"ငွေက ခင်ငွေခက် ဖြစ်တော့ ဘာဖြစ်လို့လဲ အန်တီ"

"အင်း ... ဒေါ်လီ ... ဘိုမင်းထွဋ်နဲ့ စေ့စပ်ထားတာ သမီး သိလား"

"ဟုတ်ကဲ့၊ ဒီအလုပ်ကို ဦးဘိုမင်းထွဋ်ကပဲ ငွေ့ကို ခန့်ထား တာပါ"

"ဪ ... ဟုတ်လား၊ ငွေက ဘိုမင်းထွဋ်ကို လက်ထပ်ဖို့ တကယ်တကယ်ကြံကြံ ရှိတာကိုရော"

"ဟုတ်ကဲ့ ... သိပါတယ်"

"ဒေါ်လီက အန်တီ့သား ဆန်နီ့ကို သံယောဇဉ်ရှိရှာတယ်"

ငွေက ဒေါ်ခင်လေးနွယ်ကို ခပ်ငေးငေး အကဲခတ်နေ မိပါသည်။

"သားက ချစ်သူရှိတယ်"

"ဪ"

"ဒေါ်လီ့ကို ချစ်ခင်သံယောဇဉ်ရှိတာက ရှိတာပဲပေါ့လေ။ သားရဲ့ ရွေးချယ်မှု သားရဲ့ နှလုံးသားရေး ကိစ္စကိုတော့ အန်တီက ဘာမှ ဝင်မစွက်ဖက်ဘူး၊ သားချစ်တဲ့ မိန်းကလေး



www.burmeseclassic.com

ကို အန်တီက သဘောတူမှာပဲ၊ ဒါပေမဲ့ ဒေါ်လီရဲ့ ပုံမှန်ထက် အားငယ်ပျော့ညံ့တဲ့ စိတ်ဓာတ်ကို ကြင်နာသောအားဖြင့် အန်တီလည်း ကြားကာဝင်ပြီး ဘာမှ မပြောတတ်ဘူးကွယ်၊ သားမှာ ချစ်သူရှိတယ်လို့လည်း အန်တီ ဘယ့်နှယ်လုပ် ပြောရမလဲ၊ ဒေါ်လီ ခမျာလည်း မိန်းမသားမို့ တိတ်တခိုးပဲ ကျိတ်တွယ်တာ,တာမျိုးပါ၊ သားသီချင်းဆိုတဲ့ဆိုင်တွေကို ဒေါ်လီက အမြဲလာလေ့ရှိတယ်ကွယ့်၊ ဒီဆိုင်မှာလည်း သားက သီချင်းဆိုပါတယ်”

“ဪ ... ဒီဆိုင်မှာလည်း ဆိုသလား၊ (---)ဆိုင်ကိုတော့ ငွေ တစ်ခါရောက်ဖူးပါတယ်၊ ပြီးခဲ့တဲ့ တစ်ပတ်က မမီးကိုယ်စား ပန်းစည်းသွားပို့ပေးရပါတယ်၊ ကိုဆန်နီနဲ့တော့ မတွေ့ခဲ့ရပါဘူး”

ဒေါ်ခင်လေးနွယ်က ပြောရခက်သလို စိတ်ရှုပ်ရှုပ်အသွင်သဏ္ဍာန်နှင့် ငွေ့ကိုစိုက်ကြည့်နေသည်၊

“ဒေါ်လီက ဘိုမင်းထွဋ်နဲ့မှ လိုက်ဖက် တင့်တယ်သူပဲ၊ ဘိုမင်းထွဋ်က သူ့အကြောင်း က,ကြီးက အ,အထိ သိပြီး သူ့ကိုလည်း ကိုင်တွယ်နိုင်သူပဲ၊ ဒီလို တိုက်တွန်းဖူးပါတယ်၊ ဒါပေမဲ့ ဖွတ်နားချုံ့ ကပြန်တော့လည်း ခက်တယ်၊





ဒေါ်လီ စိတ်နှလုံး ညှိုးနွမ်းကြေကွဲသွားမှာကိုလည်း စိုးရိမ်တယ်၊ ဒေါ်လီဟာ သူ့ကိုယ်သူ တစ်ကြိမ်ဆူဆိုက်လုပ်ဖို့ ကြိုးစားဖူးတာ သမီး သိလား”

“ဦးဘိုမင်းထွဋ် ဟိုတစ်ရက်ကမှ ပြောပြပါတယ်၊ အန်တီလည်း သိတယ်နော်”

“အန်တီ့ကို ဒေါ်လီ့အဘွား မဆုံးခင် ပြောပြသွားဖူးတာ၊ အန်တီလည်း အဲဒီကတည်းက ဒေါ်လီ့ကို ကရုဏာလည်းဖြစ်၊ စိတ်လည်းမကောင်းဘူး၊ ဒေါ်လီဟာ စိတ်တအားပျော့ညံ့သိုးချုံးသွားရင် ဆင်ခြင်နိုင်စွမ်း အသိဉာဏ်မရင့်ကျက်တော့ဘူး ဆိုရမှာပေါ့၊ သူ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်မှာကို သူ့အဘွားခမျာဆိုရင် သိပ်စိုးရိမ်ပူပန်ရှာတာ၊ ဒါကြောင့်ပဲ သူ မသေခင် ဘိုမင်းထွဋ်နဲ့ လက်ထပ်ပေးချင်တာကိုတောင် ဖွင့်မလုပ်ပုံဘူး၊ ကျန်းမာရေးကလည်း မကောင်းရှာဘူး မဟုတ်လား၊ နှလုံးအားနည်းတယ်ဆိုပေမဲ့ တကယ်က နှလုံးရောဂါပဲ ဆိုပါတော့၊ အဘွားဆုံးပြီး တစ်ကြိမ် ခုလိုပဲ ဖြစ်ဖူးတယ်၊ ဟာ့ထ်အတက်ခ်ပေါ့ ...

ဟာ့ထ်အတက်ခ် ဆိုတာ တစ်ခုခုကြောင့် စိတ်လှုပ်ရှားပေါက်ကွဲပြီး သတိမေ့ လဲကျတာမျိုးကိုမှ ခေါ်တာ

www.burmeseclassic.com



မဟုတ်ဘူး ဆိုတာ အဲဒီတုန်းကမှ သူ့ဆရာဝန် ပြောပြလို့ ဗဟုသုတရတယ်၊ စိတ်လှုပ်ရှားမှု တစ်ခုတည်းကြောင့် မဟုတ်ဘဲ အတက်ခ်ဆိုတာ သူ့ဟာသူ ထ,ဖြစ်ချင်ဖြစ်တာမျိုးပဲ၊ အန်တီ ထင်တော့ ဒီတစ်ကြိမ်ဟာလည်း ဒီလိုပဲ ဖြစ်ပါလိမ့်မယ်၊ ဒီပုံစံပဲ ဖြစ်တာပဲ၊ နာလန်မထူဘဲ အိပ်ရာထဲ ဗုံးဗုံးလဲသွားတာ၊ ဘိုးခင်းထွန်းက ဒေါ်လှိုကိုတော့ တမင်အသိမပေးတာ နေမှာပါ၊ ဒီတစ်ကြိမ်ဟာလည်း အတက်ခ်ပဲ ဆိုရင် ဒါဟာ Second attack ပဲ"

ငွေ စိတ်မကောင်း ဖြစ်ရပါသည်။ ဒုတိယအကြိမ် အတက်ခ်ဆိုတော့ သိပ်မကောင်းဘူးပေါ့။ ဆေးပညာကို ထဲထဲဝင်ဝင် နားမလည်လှပေမဲ့ Heart attack ဆိုတဲ့အတွက်တော့ ပူပန်မိသည်။

ခုချိန်တိ ဒေါ်ခင်လေးနွယ် ပြောသမျှ အားလုံးကို ငွေ စိတ်ပါလက်ပါ ရှိပေမဲ့ ငွေနှင့် ပတ်သက်ရာကိုတော့ စဉ်းစားမရသေးပေ။ ရောက်နေပြီဖြစ်သည့် ကော်ဖီကို နည်းနည်း ငုံသောက်လိုက်ပြီးလျှင် ...

"အန်တီ၊ ငွေလည်း မမီး အတွက် စိတ်မကောင်းပါဘူး၊ မမီးကို ငွေလည်းပဲ ချစ်ခင်တဲ့သူပါ၊ ခုကိစ္စတွေလည်း





ငွေ့ခေါင်းထဲ ရှိပါတယ်၊ ဒါတွေဟာ ငွေနဲ့ ဘယ်လိုပတ်သက်နေသလဲ ဆိုတာတော့ ငွေ စဉ်းစားမရလို့ပါ"

"ပြောမလို့ပါ သမီးရယ်၊ သမီး မသိသေးမှန်းသိလို့ပဲ ပြောချင်လို့ ခေါ်လာခဲ့မှပဲ၊ ဒီဆိုင်ထိ တမျှော်တခေါ် ခေါ်လာဘာကလည်း အန်တီ့သား ဆန်နီကို သမီးမြင်ဖူးအောင် ပြမလို့ပါ၊ ဟိုတစ်နေ့က (---)ဆိုင်လေးမှာ ဒေါ်လှိုအတွက် ပန်းစည်းလာပေးတဲ့သူဟာ သမီးမှန်း ဆန်နီ သိသလား"

"သူနဲ့ မတွေ့ခဲ့ပါဘူး အန်တီ၊ စားပွဲထိုးတွေကတစ်ဆင့် ပေးခိုင်းခဲ့တာပါ"

ဒေါ်ခင်လေးနွယ်က စကားရပ်ကာ သီချင်းဆိုနေရာကို လှမ်းကြည့်လိုက်ပါသည်။ ကိုယ့်အာရုံနှင့်ကိုယ်မို့ ငွေ သတိမပြုမိတာဖြစ်ပြီး ပျော့ပြေနေသော သီချင်းသံက ယောကျ်ားသံ ဖြစ်နေပြီ။

"အန်တီ့သား ဆန်နီက ဟိုမှာ ဆိုနေတဲ့သူပဲလေ"

ငွေက ကျောဘက်သို့ အသာအယာ လှည့်ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၁

"ငွေ ... သမီး ဒီလိုလုပ်နေတာ မကောင်းဘူး၊ ဘာပြဿနာ ဖြစ်ကြတာလဲ၊ ထွက်ဖြေရှင်းလိုက်ပေါ့၊ ဂုဏ်လာနေတာ သုံးရက် သုံးညနေ ဆက်တိုက်ရှိပြီ၊ လုံးဝထွက်မတွေ့တဲ့ ကိစ္စက ညည်းတို့ချင်း တစ်ခုခု ရှိမှာပေါ့အေ၊ ဒါပေမဲ့ ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေး ဖြေရှင်းကြကွယ်၊ ဒီလို ရှောင်နေတာ ထွက်မတွေ့တာ ဘယ်ကောင်းမလဲ"

"မေမေကလည်းနော်၊ ငွေ နေမကောင်းလို့ပါ ဆိုနေ၊ ငွေ အလုပ်တောင် ဆင်းလို့လား၊ ငွေ့ အလုပ်ရှင်ဆီတောင် ငွေသွားလို့လား"





"အေးပါ ... နေမကောင်းဘူးသာ ဆိုတယ်၊ အိပ်ရာထဲ ပစ်လှဲနေတာကလွဲရင် ညည်းမှာ ဘာမှလဲ မယ်မယ်ရရ မဖြစ်ဘဲနဲ့၊ ခေါင်းလည်းမမူး ဗိုက်လည်းမအောင့်၊ ဖျားကနည်း မဖျားနာဘဲ ညည်း ဘာနေမကောင်း ဖြစ်နေတာလဲ၊ တကယ်ဖြစ်ရင်လည်း ဆရာဝန်လေး ဘာလေးပြ၊ ဆေးခန်း လေး ဘာလေး သွားရမှာပေါ့"

"ငွေ မတွေ့ချင်ဘူး ပြောလိုက်ပါ မေမေရာ"

"ပြောလာတာ ဘယ်နှကြိမ် ရှိပြီလဲ၊ ဟိုကလည်း မနက် လာ ညလာနဲ့ အကြိမ်ကြိမ်ပဲ၊ ညည်း အဖေကလည်း ပြောနေတယ်။ ထွက်စကားပြောလိုက်တဲ့၊ မကျေနပ်တာကို မကျေနပ်ကြောင်း အေးအေးဆေးဆေး ရှင်းတဲ့၊ ဘာဖြစ် လို့ ဖြစ်နေကြမှန်း မသိ၊ တစ်ယောက်ကလည်း ကြက်စွပ် ပြုတ်မျက်နှာမျိုးနဲ့ ဂဒီးဂဒီးလာ၊ တစ်ယောက်ကလည်း ရုံးတောင်မတက်နိုင်အောင် အိပ်ရာထဲ လှူးလှိမ့်လို့၊ မြင်ရ တာ ရှုပ်ယှက်တယ်၊ လုံးဝခွင့်မလွှတ်နိုင်တာ ရှိရင်လည်း ရှင်းရှင်းထွက် ပြောပြလိုက်ချည်"

"ဟင်း ..."

ငွေက သက်ပြင်းရှည်ကြီးချကာ အိပ်ရာထဲမှ လူး၍ ထလိုက်သည်။ ဆံပင်ကို တစ်ချက် နှစ်ချက် ဖြီးကာ သားရေကြိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းနှင့် စုယူစည်းသည်။ မေမေကား ...ဝင်ပြောလာပြီဆို တော့ ငွေ ထွက်ပြောမှ ဖြစ်တော့မည်။ ဒီဝိုင်းနှင့်သည်း ကိစ္စက ပြီးမှာမဟုတ်။

"ငွေတို့ စကားပြောနေတုန်း မေမေတို့ ခဏ အဝေးသွား နေပေးနော်"

"ကောင်းပါတော် ... ဟုတ်ကဲ့ပါ"

မေမေက မဲ့မဲ့ကလေး ထွက်သွားပါသည်။ ငွေ ဧည့်ခန်းဆီ ထွက်လာချိန်မှာတော့ ဧည့်ခန်းထဲမှာ မေမေရော မေမေပါ မရှိတော့ပါ။ ဂုဏ်တစ်ယောက်သာ ခုံနှစ်လုံးကြားထဲ လက်ဖဝါးနှစ်ဖက်ကို အပြားထည့်ညှပ်ရင်း ထိုင်နေသည်။ ခေါင်းကို မမော့ဘဲ ခပ်ငုံ့ငုံ့ အနေအထားမှ ငွေ့မျက်နှာကိုတော့ မျှော်အကဲဖမ်းနေသည်။ ငွေက ဝင်ထိုင်လိုက်ပါသည်။

"ငွေ"

"ဘာလဲ"

"ငါ့ကို စိတ်ဆိုးနေတာလားဟာ"

"ဆိုးတယ် ... ဆိုးတယ်၊ နင်ဟာ ငါ့ယုံကြည်မှုကို တော် တော် အလွဲသုံးစားလုပ်တဲ့သူပဲ ဂုဏ်၊ ကြည့်စမ်း ... ငါ မသိအောင် ဆိုင်တွေမှာ တစ်ပတ်ငါးရက် သီချင်းဆိုလာ တာ နှစ်နဲ့ချီပြီ"





"နှစ်နဲ့ချီတာ တစ်ဆိုင်တည်း၊ တစ်ပတ်ကို နှစ်ရက်တည်း ဆိုခဲ့တာပါ၊ နောက်နှစ်ဆိုင်က ဆိုဖြစ်တာ မကြာသေးပါ ဘူးဟာ"

"အချိန်ကာလတွေက အဓိကမကျဘူးဟဲ့၊ အဖြစ်အပျက်က အဓိက ..."

"ပထမ စဆိုဖြစ်တာက ကိုပုဘု သူငယ်ချင်းရဲ့ ဆိုင်ပါ ဟာ၊ ဆိုင်စ,ဖွင့်ဖွင့်ချင်းပဲ ဘာရယ်မဟုတ် အပျော်သဘော ဆိုဖြစ်လိုက်ပြီး သူက သဘောကျသွားလို့ ဆိုတာနဲ့ တစ် ပတ်နှစ်ရက်လောက် ပုံမှန်လာဆိုပါလား ဆိုပြီး ..."

ငွေက ဂုဏ့်ကို ခပ်စူးစူး ကြည့်နေမိသည်။

"အံ့ဩစရာကြီး ဂုဏ်သာရယ်၊ ငါသိထားတဲ့ ငါ့ချစ်သူက ကုမ္ပဏီက အကောင့်တန်၊ ခုတော့ နင်က ကော်ဖီဆိုင်က အဆိုတော်တဲ့၊ ငါ အံ့ဩမဆုံးနိုင်ပဲ သိလား၊ အဲဒီနေ့က ငါ ဘယ်လောက် ရုပ်ပျက်ဆင်းပျက် အံ့ဩခဲ့ရတယ် မှတ် သလဲ"

ငွေ လှည့်ကြည့်လိုက်တဲ့အခါ ဂစ်တာလေးပိုက်ကာ တီးခတ်ရင်း သီဆိုနေတဲ့ လူရွယ်မှာ ငွေ့ရဲ့ချစ်သူ ဂုဏ်သာပါလား လို့ ဖျတ်ခနဲ အလန့်တကြား တွေ့လိုက်ရလျှင် ငွေသည် မယုံနိုင် ဘဲ ခေါင်းလေးနှယ် ဘက်လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

ခပ်ကျယ်ကျယ် လွှတ်ခနဲ အော်ဟစ်ခဲ့မိသည်။

"အန်တီ့သား ဆန်နီ ဆိုတာ"

"ဟုတ်ပါတယ် သမီး၊ ဆန်နီနဲ့ ဂုဏ်သာ တစ်ယောက်တည်းပဲ"

ငွေ့ ခေါင်းထဲတွင် တထပ်ထပ်နှင့် အတွေးတွေ တစ်ချက်ပြီးတစ်ချက် ပြေးလွှားရှုပ်ထွေး သွားသည်။ မမီးရဲ့ဆန်နီနှင့် ငွေ့ရဲ့ဂုဏ်။ မမီးရဲ့စကားထဲမှာကိုက ဆန်နီဟာ သူ့ကို အာရုံမရှိ စိတ်မဝင်စားလှတာ ပါဝင်နေတာမို့ ဂုဏ့်အပေါ်အထင်လွဲစရာ မရှိပေမဲ့ ကြောက်စရာကောင်းလောက်အောင် ထိန်းချုပ်မှုကြီးတွေက ကြီးမားလှသည်။

ဒီလောက် နှစ်ချိုလှအောင် သီချင်းဆိုနေတာကို ငွေ လုံးဝမသိရတဲ့ ထိန်းချုပ်မှု။ မမီးနှင့် ပတ်သက်ပြီး ဘာမှ ပြောမပြဖူးတဲ့ ထိန်းချုပ်မှု။ ငွေ့ရင်ထဲ၌ ဂုဏ့်ကို အလွန်ဒေါသထွက်မိသော်လည်း ငွေသည် စိတ်လိုက်မာန်ပါ ဝုန်းဒိုင်းမကြဲပါ။

"ငွေတို့ ပြန်ကြရအောင်လေ အန်တီ။ အန်တီ့ကို ပြန်ပို့ဦးမှာဆိုတော့ သိပ်မိုးချုပ်သွားမှာ စိုးလို့ပါ"





ဒေါ်ခင်လေးနွယ်ကို ခပ်အေးအေးပဲ ပြောနိုင်ခဲ့ပါသည်။

"ဆန်နီက သမီးကို သိပ်ချစ်ပါတယ်။ အန်တီနဲ့ သမီး မတွေ့ဖူးကြသေးပေမဲ့ ဆန်နီက သူ့ချစ်သူ ခင်ငွေခက် ဆိုတာကို အန်တီ့ကို ပြောဖူးနေတာပါ၊ တိုက်တိုက်ဆိုင်ဆိုင် သမီးက ဒေါ်လီ ဆီမှာမှ အလုပ်ဝင်ဖြစ်တယ်၊ သမီးက သီချင်းဆိုတာ မကြိုက်တဲ့အတွက် သမီးကို အသိပေးမထားဘူးလို့လည်း ဆန်နီ ပြောဖူးပါတယ်"

"သူ ငွေ့ အပေါ် ဒီလောက်ကြီး ထိန်းချုပ်ဖို့တော့ မသင့်ပါဘူး အန်တီ၊ ငွေ့ မကြိုက်တာ တစ်ခုကို ငွေမသိအောင် နှစ်နဲ့ချီ လုံလုံဖုံးနိုင်တဲ့ လူတစ်ယောက်ကို ငွေ ဘယ်လို ယုံစားရမလဲ"

ငွေနှင့် ဒေါ်ခင်လေးနွယ် ထ,ပြန်လာကြသည်ကို သူ့နေရာကနေ ထရေ လှုပ်မရ ဖြစ်နေသော ဂုဏ်ဟာ ငေးငေးကြီး ကြည့်ကျန်ရစ်ခဲ့ရတော့တာပင်။ ဒီကြားထဲ လုံးလုံးရှောင်ရှားနေပြီး မမီး ဆီကိုလည်း စိတ်မပါ၍ ငွေ အလုပ်မသွား။ အင်း... ဘာပဲဖြစ်ဖြစ် ဒီကိစ္စက တအံ့ဩ့ဖွေးဖွေး တန်းလန်းကြီးထားလို့ရတာမဟုတ်၍ ရင်ဆိုင်ဖြေရှင်းခြင်းကတော့ လိုကိုလိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ချစ်သူဟာ ကုမ္ပဏီက အကောင့်တဲန့် ဂုဏ်သာ ပါပဲ ငွေရှာ၊ ဒီသီချင်းဆိုတဲ့ ကိစ္စတစ်ခုပဲ အပိုထပ်တိုးလာတာပါ"

"အဲဒါ ငါမသိရဘဲ ထပ်တိုးစရာလား"

"နင်က မကြိုက်ဘူးလို့ ကြေးကြော်ထားတော့ ငါလည်း မပြောရဲတော့ဘူးပေါ့၊ နင်က သီချင်းဆိုရင် ခုပဲပျက်စီးတော့မလိုလို ပေါ်ပြူလာ ဖြစ်လာရင် ကောင်မလေးတွေနဲ့ပဲ ရှုပ်ယှက်ခတ်လာတော့မလို ငါ ဘယ်တော့မှ မလုပ်မှာတွေနဲ့ ငါ့ကို စိုးရိမ်နေတာ၊ ငါ့အပေါ် ဒါတွေစိုးရိမ်ဖို့မလိုမှန်း ငါ အသိဆုံးပဲ၊ ငါ ဝါသနာအရ သီချင်းဆိုချင်ပေမဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေ ဘယ်တော့မှ မလုပ်မှာ ကိုယ့်ဟာကိုယ် သေချာနေတော့ နင့်ကို ပြောမနေတော့ဘဲ ဆိုဖြစ်လိုက်တယ်ဟာ ...

ငါ့အပြစ်က ဖုံးဖိထားတာပဲ ရှိပါတယ်၊ ငါ နင့်အတွက် ခုထိ ချစ်သူကောင်းတစ်ယောက်ပဲ ဖြစ်တယ်၊ ငါ နင့်အပေါ် သစ္စာလည်း ရှိတယ်"

"မဒေါ်လီ ဆိုတဲ့ မိန်းမတစ်ယောက်အကြောင်းကျတော့ ဘာဖြစ်လို့ ပြောမပြတာလဲ"





"ငါ့အတွက်မှ အရေးမပါတာ၊ သူ့ဟာသူ ငါ့ကိုကြိုက်ကြိုက်လေ၊ မဒေါ်လီဟာ သနားစရာကောင်းတဲ့ အားငယ်ငယ် စိတ်လွင့်လွင့် အထီးကျန်မိန်းမတစ်ယောက်ပဲ၊ ဒါပေမဲ့ ငါ သနားလို့ဆိုပြီးတော့တောင် ဘာအခွင့်အရေးမှ မပေးခဲ့ဘူး၊ ခပ်ရှောင်ရှောင်ပဲ နေခဲ့တယ်၊ ဒါကို နင် မယုံရင် အဲဒီ မဒေါ်လီ ဆိုတဲ့ နင့်မမီးကို ဖွင့်မေးကြည့်လို့ရတယ်"

"မမေးပါဘူး၊ ဒါကို ငါ သိသားပဲ"

"သိရင် ငါ့ကို ဘာလို့ စိတ်ဆိုးရတာလဲ၊ သူ့ဟာသူ ပန်းစည်းလာပေးပေး၊ ဘာလာပေးပေး၊ ဒီလိုပဲ ပရိသတ်ထဲက ပေးတာ လက်ခံထားလိုက်တာပဲ ရှိတယ်၊ လုံးဝစိတ်မဝင်စားဘူး၊ ပန်းစည်းကိုလည်း အဲဒီကအပြန်ကျ ကားထဲက နေ အပြင်ကို လွှင့်ပစ်လိုက်တာပဲ"

"နင် အဲ့လိုတော့ မပြောပါနဲ့"

"ဟင် ...၊ လွှင့်မပစ်လို့ ငါက အိမ်ထိ ဘာလုပ်ဖို့ သယ်လာရမလဲ၊ ဖေဖေရော အန်တီသက်ရောလည်း ငါသီချင်းဆိုတာကို သိတာမှ မဟုတ်တာ၊ ဖေဖေ တစ်ယောက်ပဲ သိတာ၊ မေမေကလည်း အားပေးတော့ ငါ ဖေဖေ့ကို ပြောရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေသည် ဂုဏ့်ကို စိတ်လည်းဆိုး။ ဘယ်ပေါ်မှာဖိပြီး နှစ်နှစ်နာနာ အပြစ်တင်ရမလဲလည်း စဉ်းစားမရ။ တကယ်တော့ ဂုဏ် သီချင်းဆိုမှာကို မဆိုခင်က သဘောတူမပေးနိုင်သော်လည်း ခုလို သီဆိုကာ အထိုက်အလျောက် လူသိတဲ့ အနေအထားဖြစ်နေတော့လည်း (ဂုဏ် အနေအေးကာ မရှုပ်မပွေတာလည်း အသိမို့) အကြီးအကျယ် ကန့်ကွက်ပြစ်တင်ဖို့ စိတ်ထဲ သိပ်မရှိတော့ပေ။

သူက အဲဒီကနေ ,ဝင်ငွေ သိပ်ကောင်းနေလိုက်တာအကောင့်တဲန့်လခကိုပင် အများကြီး ဖြတ်ကျော်ကာ အတော်စုမိဆောင်းမိ ရှိနေပြီတဲ့။ ဒါက သူ့အမေပြောပြတာ ဖြစ်သည်။ ငွေမက်မပဲ ခေါ်ခေါ် ဒီလို ဝင်ငွေကောင်းနေတာကို ကျပြန်တော့လည်းကြိုက်ပြန်သည်။

ကဲ ... အဆုံးသတ်မတော့ ငွေသည် စိတ်ဆိုးမဲ့သာဆိုးနေသည်။ ဘာကို ဘယ်လိုကြောင့် ဆိုးနေရတာမှန်း ကိုယ့်ကိုယ်ကိုယ်ပင် မသိတော့ပေ။ စိတ်ထဲ ဂုဏ့်ကို မကျေချမ်းပေမဲ့ခွင့်မလွှတ်နိုင်ဘဲ မရှိတာ အမှန်ပါ။

"ငွေ"





"တိတ်ဟာ ... တငွေငွေနဲ့ ခေါ်မနေနဲ့၊ ငါ ဦးနှောက်ခြောက်နေတယ်"

"နင်က ဘာကို ဦးနှောက်ခြောက်နေတာလဲ"

"ခုဆိုရင် မမီး ဘယ်လောက်တောင် သနားဖို့ကောင်းထားသလဲ၊ သူချစ်နေတဲ့ ကောင်ကလေးဟာ ငါ့ချစ်သူဆိုတာသိရင် မမီး တအားစိတ်ဆင်းရဲသွားတော့မှာပဲ"

"ဟာ ... ဒါတွေ ငါတို့နဲ့ မဆိုင်ဘူးလေ၊ အဲဒီအတွက်လည်း ငါ့မှာ ဘာအပြစ်မှ မရှိဘူး"

ငွေက ဂုဏ့်ကို မျက်စောင်းထိုးလိုက်ပါသည်။

"နင် ငါ့ကို ခွင့်လွှတ်မှာလားဟင် ငွေ"

"ခွင့်တော့ မလွှတ်ချင်ပါဘူး၊ ဒါပေမဲ့ ဘာကိုခွင့်မလွှတ်ရဘူးလဲလို့ စဉ်းစားလိုက်တော့ ခွင့်မလွှတ်နိုင်စရာက မယ်မယ်ရရ မရှိဘူး၊ ဒီတော့ ခွင့်လွှတ်ရတော့မှာပေါ့"

"ဒါများဟာ ... ဒီကြားထဲ နှစ်ရက် သုံးရက်ကြီးကို နင်ငါ့ကို နှိပ်စက်ထားတယ်"

"နင် ဒီလောက်တော့ ခံပေါ့၊ ငါ မသိအောင် ခိုးလုပ်ချင်တဲ့သူ၊ ဒီမှာ ဂုဏ် ... နင့်ကို ငါ ခွင့်လွှတ်မယ်၊ ဒါပေမဲ့ငါတို့ ခုကိစ္စမှာ မမီး အတွက်ပါ ထည့်ပြီးစဉ်းစားကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဆိုင်လဲ၊ မဆိုင်ဘူးလေ"

ငွေသည် စိတ်ရှုပ်သော မျက်နှာကလေးနှင့် ဂုဏ့်ကို စူပုပ်ပုပ် ကြည့်နေသည်။

"မမီးက ခုမှ နာလန်ထ,မလိုလိုလေး ရှိသေးတယ်၊ နင်နဲ့ ငါနဲ့ ပတ်သက်မှုကိုသာ သိလိုက်ရင်တော့ အိပ်ရာထဲ ပြန်ပုံလဲသွားမယ် ထင်တယ်၊ မမီးဟာ ဘယ်လိုစိတ်ဓာတ် ဘယ်လိုကျန်းမာရေးနဲ့လည်း ဆိုတာ နင်လည်း နင့်အမေ ဆိက သိသင့်သလောက် သိနေမှာပေါ့"

"သိတာက သိတာပဲလေ၊ ဒါပေမဲ့ ငါ ဘာတတ်နိုင်လို့လဲ၊ နင်ကော ဘာတတ်နိုင်လို့လဲ၊ သိပ်ကြီး ပုံပြင်ဆန်ဆန်၊ နင်က ရှောင်ပေးဟာမျိုးတို့ ဘာတို့ ဆိုရင်တော့ အဓိပ္ပာယ် လည်းမရှိ ကြောင်သွပ်သွပ်နဲ့နော်"

ငွေက ဂုဏ့်ကို မျက်စောင်းရှယ်ရင်း ...

"အေးပါဟဲ့၊ အဲလိုကြီးတော့လည်း အဓိပ္ပာယ်မရှိ လုပ်ပါ့မလား၊ နင်က နင့် မဒေါ်လီနဲ့ ငါ့မမီး တစ်ယော တည်းမှန်း ဘယ်တုန်းက စ,သိလဲ"

"နင် ပန်းစည်းလာပေးတဲ့နေ့ကပေါ့၊ နင် ငါ့ကို ဆ ဆိုတာ မသိသေးဘူး ဆိုတာလည်း ငါသိနေတော့ ဘာ





ဘယ်က ဘယ်လို စ,ပြောရမလဲ မသိဘဲ နင့်ကို ရှောင်နေ လိုက်တာပေါ့၊ အခုတော့ ငါလေ နင် ဘာပြောမလဲ မသိ သေးလို့ ဒီကြားထဲက ရက်တွေ ဆိုင်တွေမှာ သိချင်းတောင် သွားမဆိုဘူး"

ငွေသည် ဂုဏ်ရဲ့ ဆံပင်သိုတိုတိုလေးတွေကို ကြည့် နေမိသည်။ ငယ်ငယ်တုန်းကတော့ ဤဆံပင်သိုကလေးတွေဟာ ရှိနေတာဆိုပဲ။ ဒါကြောင့် ဆန်နီ တဲ့။ ခုလည်းပဲ ဂုဏ့် ဆံပင် တို့က အညိုတွေကြားထဲ အနီပင်လေးတွေ ဟိုတပြောက် ဒီတပြောက် ရောပေါက်နေတုန်းပင်။

သူငယ်ချင်း သုံးယောက်စဉ်တွင် ထပ်တိုးပေါင်းစပ်ကာ ပြတ်နိုးမှုနှင့်လည်း ချစ်ခဲ့ရတာပါ။ အဲသလို ငွေ ချစ်ရတဲ့ ကောင် ကလေးကို မမီးလည်းပဲ ချစ်ရှာသည်။ ငွေ မမီးကို ကိုယ်ချင်းစာ တွေးနေမိသည်။ ငွေ့မှာမှ မိဘအပြည့်အစုံနှင့် ဆွေမျိုးအသိုင်း အဝိုင်းနှင့်။ မမီး ခမျာမှာ တစ်ကိုယ်တည်း အထီးကျန် ရှာတဲ့သူ။ အိုးခင်းထွင့် ဆိုသူဟာလည်း ကောင်းသည်ပဲ ဖြစ်ပါစေ ဆိုးသည် ဖြစ်ပါစေ၊ မမီး မေတ္တာမသက်ဝင်တဲ့သူ။

စောစောပိုင်းက ငွေသည် မမီးနှင့် ဆန်နီ ဆိုတဲ့ ကောင်လေးအကြား နည်းနည်းပါးပါး ဝင်ရောက်လှုပ်ခတ်က



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချင်း အဆင်ပြေလိုပြေငြား ကူညီကြိုးစားကြည့်ရ ကောင်းမလား စိတ်ကူးယဉ်ခဲ့ပါသေးသည်။ မိန်းမတစ်ယောက်အဖြစ် မမီး ဘက်က ပွင့်ပွင့်ကြီး ဖွင့်ဟရှေ့တိုးရ ခက်ရှာသည်ဖြစ်၍ ဘောလူ ကြားလူ ရှိရင်များ ချောမောအဆင်ပြေသွားမလားရယ်လို့။ တကယ်စဉ်းစားကြည့်လေ၊ မမီးမှာ ဘယ်သူမှ မရှိရှာလေ။ ငွေတို့ ချစ်သူဖြစ်ခဲ့ကြတဲ့ သက်တမ်းလည်း မနည်းပြီမို့ ကိုယ်လည်း ဘာမှ တတ်နိုင်တာ မဟုတ်ဟု မဆိမဆိုင်သလို နေလိုက်ပြီး အချိန်တန် ဂုဏ်နှင့်ငွေ လက်ထပ်လိုက်ကြလျှင်လည်း ရသား၊ အနေသာကြီးပါပင်။ ဂုဏ်ကိုလည်း သူတစ်ပါးလက်ထဲ လက်လွှတိုးအပ် စွန့်လွှတ်နိုင်တဲ့ နှလုံးသားမျိုးက မရှိပြန်။

ဘယ်လို ဆက်နေသွားရမည်ကို စိတ်နှလုံး ရှုပ်ထွေးလှတော့သည်။





အစီရင်ခံစရာတွေ အများကြီးရှိလို့ဆိုတော့ ဦးဘိုမင်းထွဋ်က အံ့ဩနေပေသည်။

"မင်းကို အလုပ်ခန့်ကတည်းက တနင်္ဂနွေတွေ တွေ့ဆုံနေသမျှ ဘာအကြောင်းမှလဲ မထူး၊ အလကား ဖြစ်ဖြစ်နေတာ၊ ဒီနေ့ကတော့ ထူးခြားတဲ့ တနင်္ဂနွေ ဖြစ်ပြီပေါ့၊ ဟုတ်လား"

"ဟုတ်လောက်ပါတယ်"

ငွေသည် ဦးဘိုမင်းထွဋ်ကို သိပ်အတိုက်အခံ လုပ်ချင်စိတ် မရှိဘဲ သူ့ရဲ့ ရိုသလိုထင်ရသော စကားကိုပင် လျစ်လျူရှုထားလိုက်သည်။

"ငါလည်း တစ်ခုခု ထူးခြားတာတော့ မင်းဆီက ကြားရလိမ့်မယ်လို့ ယူဆပြီးသားပါ၊ မင်း ဘာမပြော ညာမပြောနဲ့ မီးမီးဆီ အလုပ်မသွားဘဲ လေးရက်တိတိ ခွင့်လည်းမတိုင် ပျောက်နေတယ်၊ မီးမီး ဆိုတာ ငါ့ဆီဖုန်းဆက်ပြီး တကျီကျီနဲ့၊ သူ မင်းအိမ် ဖုန်းဆက်လည်း မရှိဘူးပြော၊ ငါ မင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ် ဖုန်းဆက်လည်း မရှိဘူးပဲ ပြောပြီး မင်း ပျောက်နေတယ်လေ ...

အင်း ... မီးမီးက မင်းကို အတော်ခင်တွယ်ရှာတာကွ၊ အိမ်မှာမရှိဘူး ဆိုတော့ နေမကောင်း ဖြစ်တာလည်း မဟုတ်နိုင်၊ သူနဲ့လည်း ပြဿနာမရှိဘူးတဲ့၊ ငါးရက်မြောက်တဲ့နေ့ကျမှ မင်းအိမ် လိုက်ချလာမှပဲ မင်းကို ဘွားခနဲတွေ့တော့မှ စိတ်အေးပြီး ဝမ်းသာသွားတာဆိုတာ သိရတယ်လေ ...

တွေ့တော့လည်း ဘာဖြစ်လို့ မလာတာလဲ မေးတော့ မိသားစုကိစ္စလေးတစ်ခု အရေးကြီးလို့ ကိစ္စတွေ ရှုပ်နေလို့ပါဆိုတော့ ဘာမှ ဆက်မေးလို့ မရတော့ဘူးပေါ့၊ ဒီလိုနဲ့ပဲ နောက်ပိုင်းတော့ ဟန်မပျက် မင်း အလုပ်ပြန်ဆင်းနေပြန်ရော၊ မင်းမှာ မီးမီးနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အကြောင်းအရာတစ်ခုခုတော့ ရှိလောက်တယ်လို့ ငါ တွက်ထားတယ်"

ငွေက သက်ပြင်းလေးတစ်ချက် ချရင်း ဦးဘိုမင်းထွင့်ကို စူးစူးလေး ကြည့်လိုက်ပါသည်။ ကွေ့ပတ်သွယ်ဝိုက်မနေတော့ဘဲ ...

"မမီးမှာ ကောင်လေးတစ်ယောက် ရှိတယ်"





"ကောင်လေးတစ်ယောက် ! ..."

ဦးဘိုမင်းထွင့် မျက်နှာက ဖျတ်ခနဲ မည်းမှောင်သွားရာမှ ရုတ်တရက် ဖျော့တော့ကာ သွေးဆုတ်၍ အသက်ပျောက်သလို ဖြစ်သွားပါသည်။ တစ်ခုခုတော့ ရှိနေပြီဟု သူ မျှော်လင့်ရိပ်မိထားပြီးပါလျက် အတိအကျ ကြားလိုက်ရတဲ့ အခါမှာ ဤမျှထိ သူ ထိခိုက်သွားတာ တွေ့ရတော့ ငွေ စိတ်မကောင်းပေ။ ဦးဘိုမင်းထွင့်ကို သနား ကရုဏာသက်သော စိတ်ကောင်းလေးပင် ဝင်လာခဲ့ပါသည်။

"ဪ ... ဒီလိုကိစ္စတစ်ခု ရှိနေပြီ ဆိုတာ တကယ်ပေါ့၊ ဟုတ်လား"

အသံက အေးစက်၍ အက်ကွဲနေသည်။

"အဲဒါ ... ဆယ်နှစ်လောက် ရှိပါပြီ"

"ဆယ်နှစ် ! ..."

နောက်တစ်ကြိမ် ပျက်စီး သွေးဆုတ်သွားသော မျက်နှာကိုတော့ ဦးဘိုမင်းထွင့် ခမျာ ခပ်မြန်မြန် ပြန်လည်အဖတ်မဆည် မပြုပြင်နိုင်တော့ပါ။ ဇက်ကျိုးကျသွားတယ်လို့ပင် ဆိုနိုင်အောင် ထန်မာမြဲ သူ့နဂိုသဏ္ဌာန်ပျက်ကာ အရိုးထုတ်လိုက်သလို ပျော့ခွေပုံကျသွားတော့သည်မှာ ကုလားထိုင်ပေါ် ထိုင်ရက်မို့သာ တော်ပါသေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေသည် စိတ်မကောင်းလှစွာနှင့်ပင် ဆန်နီ ဆိုတဲ့ ကောင်လေးတစ်ယောက် အကြောင်းကို ဦးဘိုမင်းထွဋ်ကို ခပ်တိုတို နှင့် ညင်ညင်သာသာ ပြောပြနေမိပါသည်။ ခမီးရဲ့ တိတ်တဆိတ် ရင့်သန်ခဲ့တဲ့ စွဲလမ်းမှု ခံစားချက်တို့ကို လုံးစေ့ပတ်စေ့ ကြားနေရတဲ့ ဦးဘိုမင်းထွဋ် မျက်နှာသည် တစ်မိနစ်ထက် တစ်မိနစ် အိုမင်းရင့်ရော်လာသလိုပင်။

ပြောလိုသော အချက်အလက်တို့ စုံစေ့သလောက် ရှိလျှင် ငွေက စကားကို ရပ်နားလိုက်ပါသည်။

"ဒါတွေ အားလုံးကို ခုလို လုံးစေ့ပတ်စေ့ ဖွင့်ပြောဖြစ်ရခြင်း အကြောင်းရင်းကလည်း ရှိသေးတယ်"

စိုက်ကျနေသည့် ဦးဘိုမင်းထွဋ်ရဲ့ အရောင်ဖျော့မှိန်သော မျက်လုံးများက ငွေ့ကို နွေးထွေးလေးလံစွာ ငေးကြည့်လာသည်။

"အဲဒီ ဆန်နီ ဆိုတဲ့ မမီးရဲ့ ကောင်ကလေးဟာ ဘယ်သူလဲဆိုတော့ ကျွန်မရဲ့ချစ်သူ ဂုဏ်သာ ဆိုတဲ့သူ ဖြစ်နေတယ် ဦးဘိုမင်းထွဋ်"

ဦးဘိုမင်းထွဋ်ရဲ့ အံ့အားသင့်ခြင်းနှင့် ငွေက စကားကို အဆုံးသတ်လိုက်ပါသည်။ အတော်ကြာအောင် နှစ်ဦးသား တိတ်





ဆိတ်လျက် ရှိနေသည်။ ခေါ်တော်ကြီးကြာမှ ဦးဘိုမင်းထွဋ်က အရင် လှုပ်ရှားသက်ဝင်သည်၊

"ခြော် ... လက်စသတ်တော့ ဒီကိစ္စ မင်းပါးစပ်က ပွင့်အန်ထွက်လာတာ ဒါကြောင့်ကိုး၊ အရင်ကတော့ ငါ ဘယ်လောက်မေးမေး တစ်ခွန်းမှ မထွက်ဘူးလေ၊ ခုတော့ မင်းကို တိုက်ရိုက် လာထိခိုက်ပြီ ဆိုတော့မှ"

ငွေ့ မျက်နှာလေး နီမြန်းကာ ...

"အဲလိုတော့ မပြောပါနဲ့ ဦးဘိုမင်းထွဋ်၊ ကိုယ့်ကိုထိလို့ အထိနာပြီး ကျွန်မ ဖွင့်ပြောတာ မဟုတ်ဘူး၊ ဒီအတွက်လည်း ကျွန်မ မနာဘူး၊ မမီးကိုပဲ သနားတယ်၊ ဘယ်လိုဆက်နေသွားရမယ်တော့ မသိဘူး၊ နေမြဲတိုင်း နေသွားရင် မမီးဟာ ဂုဏ်ဆိုကို သွားမြဲသွားနေမှာပဲ၊ ဂုဏ် သိချင်းဆိုရာကို သူ ဘယ်လိုလိုက်လိုက် ဘာပေးပေး ကျွန်မကို မထိခိုက်ပါဘူး ဦးဘိုမင်းထွဋ်ရယ်၊ မမီးသာ တစ်ကြိမ်ထက် တစ်ကြိမ် ခံစားချက်တွေ ပိုလို့ရင့်သန် ခိုင်မြဲလာပြီး ရောဂါအဆောက်အဦ ပိုကြီးလာသလို ဖြစ်မှာမိုးမိတယ်"

ဦးဘိုမင်းထွဋ်က မေးစေ့ကို လက်နှစ်ဖက်လုံးနှင့် ခပ်ယိုင်ယိုင် ထောက်ကာ ငွေ့ကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမီးကို သနားမိတယ်၊ ဂျက်ကလည်း မမီး အပေါ် ဘယ်တော့မှ ယိုင်လာမှာ မဟုတ်ဘူး၊ မမီးကို ဂျက် စိတ်ယိုင်မယ်ဆိုရင် ယိုင်တာ ကြာပြီပေါ့၊ ခုအခြေအနေနဲ့ ကျွန်မက ဂျက့်ကို စွန့်လွှတ်လိုက်မယ် ဆိုတာမျိုးဆိုရင် အဓိပ္ပာယ်မရှိ၊ မိုက်ရူးရဲ၊ လူစွမ်းကောင်း စိတ်ကူးယဉ်ဆန်တာမျိုး ဖြစ်နေတယ်၊ စွန့်လွှတ်လို့လည်း မရပါဘူး၊ ဂျက်လည်း ဘယ်နည်းနဲ့မှ လက်သင့်မခံတာ သေချာနေတာ၊ သူလည်း သူ့နှလုံးသားနဲ့သူ လူတစ်ယောက်ပဲလေ၊ ဒါကြောင့်လေ ကျွန်မစိတ်ထဲ ဂျက်သာ မမီးကို ချစ်မိသွားရင် ကောင်းမှာပဲလို့တောင်မှ စိတ်ကူးပေါက်မိတယ်၊ အဲဒါ ကျွန်မ ပိုပြောတာ မဟုတ်ဘူး၊ ဂျက်သာ မမီးကို ချစ်မိရင် သူ့မှာ ရွေးချယ်ဖို့ နှစ်ယောက် ဖြစ်နေရင် မမီးအတွက်လည်း chance တစ်ဝက်ရှိတဲ့ သဘောပဲ၊ ကျွန်မကလည်း ရှောင်လိုက်လို့ရတယ်၊ အဓိပ္ပာယ်ရှိသေးတယ်၊ ကျွန်မ ဂျက့်ကို မချစ်လို့လည်း မဟုတ်ဘူး၊ ဂျက့်ကိုလည်း ကျွန်မ သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ အဖြစ်အပျက်အပေါ်မှာ ကျွန်မ စိတ်မကောင်းလို့"





"မင်းဟာ မီးမီး အပေါ် စစ်မှန်တဲ့မေတ္တာ ထားနိုင်တဲ့ မိတ်ဆွေစစ် တစ်ယောက်ပါပဲ၊ ဘာဖြစ်လို့ မင်း ဒီလောက် စေတနာထားနိုင်လဲတောင် အံ့သြမိတယ်"

"မမီးက နှလုံးထ,စ,လေ ...၊ ဒီတစ်ကြိမ် Heart attack သဘောမျိုး ထပ်လဲမှာလည်း သိပ်စိုးရိမ်တာပဲ၊ မပြောကောင်း မဆိုကောင်း ဒီကိစ္စကို ယူကျုံးမရ ခံစားပြီး မမီး သေသွားရင် ဘယ်လိုလုပ်မလဲ၊ လုံးဝမဖြစ်စေချင်ဘူး၊ ပြီးတော့ မမီးမှာ သူ့အပေါ် ပေးဆပ်တဲ့ပုံစံနဲ့ စေတနာထားတဲ့သူ ဘယ်မှာရှိရှာလို့လဲ၊ ဒါကြောင့် ကျွန်မ ထားမိတယ်"

ဦးဘိုခင်းထွဋ် မျက်နှာမှာ ဆွဲဆုတ်ခံရသလို တစ်စစီ ကွဲပျက်သွားရသကဲ့သို့ပင်၊

"မင်းက ငါ့ကို လုံးဝထည့်မတွက်ထားဘူးပေါ့"

"ကျွန်မ ဘာကို ထည့်တွက်ရမှာလဲ"

"မီးမီး အပေါ် ပေးဆပ်နိုင်သော ချစ်ခြင်းမေတ္တာနဲ့ စေတနာ အပြည့်ထားမဲ့သူ တစ်ယောက်လို့ မင်း လုံးဝထည့်မတွက် ထားဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုမင်းထွင့် အသံမှာ ဤတစ်ခါ အထိအနာဆုံး တုန်ခတ်၍ပင် နေသည်။ ငွေကလည်း အားနာပါးနာ မငိုဖြဲပေ။ အနည်းငယ် ငိုင်၍စဉ်းစားနေကြသည်။

"မီးမီးကို ငါ ကိုင်တွယ်တာတွေ တစ်ဖက်သတ် ဆန်ရင် ဆန်မယ်၊ ကြမ်းရင် ကြမ်းမယ်၊ သဘောတာ တစ်ခုက မင်းသိထားဖို့ပါ၊ မီးမီးကို ငါက သိပ်ကိုချစ်တဲ့ကောင်ပါ၊ သူ့ စိတ်ချမ်းသာစေချင်တဲ့ စေတနာအပြည့် ရှိတယ်၊ စေတနာကို ပေးဆပ်ခဲ့ပုံ မှားခဲ့ရင်တော့ ငါ့ညံ့ဖျင်းမှုပဲ၊ ဟုတ်ပါတယ် ... ငါဟာ တော်တော် ညံ့ဖျင်းခဲ့ပုံရတယ်၊ ငါ့ရဲ့နှလုံးသားထဲက ဒီလောက် တန်ခိုးအင်အားကြီးမား ပြင်းထန်တဲ့ အချစ်ကို မီးမီး တန်ဖိုးထားတတ်အောင် မထုတ်ပြတတ်ခဲ့ဘူး"

ဦးဘိုမင်းထွင့်ကို ကြည့်ရသည်မှာ ငိုချတော့မလား ထင်ရ၍ ငွေ ငြိမ်နေမိပါသည်။





## ၁၂

ငွေ ရုံးပြန်တက်ကတည်းက မမီးသည် ငွေ့ကို ဘာမှ အဖုံးအဖိ အကွယ်အကွက် မထားတော့ပေ။ ရုံးပြန်တက်ပြီး နောက်တစ်နေ့ ညနေမှာပင် ...

"ငွေ ဒီညနေ တို့နဲ့ ဆန်နီ့ ကော်ဖီဆိုင်ကို လိုက်ခဲ့ပါလား၊ ဟိုတစ်ခါ ပန်းသွားပေးတုန်းကလည်း ငွေ လူကြုံပေးထားခဲ့တယ် ဆိုတော့ ငွေ မတွေ့ဖူးသေးဘူး၊ နည်းနည်းအကဲ ခတ်ကြည့်စမ်းပါ"

ငွေသည် သက်ပြင်းနီးရှိုက်ကာ ...

"ကျွန်မ တွေ့ဖူးပါတယ် မမီး"

"ဟင် ... ဘယ်လို တွေ့ဖူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က အန်တီဒေါ်ခင်လေးနွယ်နဲ့ စကားပြောရင်းက မှ သူ့သား ဆန်နီ ဆိုတာဟာ နာမည်ရင်းက ဂုဏ်သာ ဆိုတာ သိရတယ်၊ ဂုဏ်သာနဲ့က အိမ်နီးနားချင်းလည်း ဟုတ်၊ ငယ်သူငယ်ချင်းလည်း ဟုတ်ပါတယ် ငယ်ငယ်တုန်းက ကျောင်းတုန်းကတည်းက သူငယ်ချင်းပါ"

မမီးက အတော်အံ့အားသင့်ကာ ပြုံးရယ်နေရင်း ...

"ဟုတ်လား၊ အတော်ပဲပေါ့၊ ငွေ့သူငယ်ချင်းဆိုရင် စကား ပြောရ ဆိုရရင်လည်း ပြေလည်တယ်၊ ကောင်းလိုက်တာ၊ ငွေ လိုက်ခဲ့နော်၊ လိုက်ခဲ့ရမယ် ... တို့အတွက်"

ငွေသည် မမီးကို ဘယ်လိုမှ ပြောမထွက်နိုင်ပေ။ ဂုဏ့်ကိုတောင်မှ မှာကြားနှုတ်ပိတ်ထားပါသည်။ မမီးနဲ့ မတော် တဆ စကားစမြည် ပြောဖြစ်တဲ့အခါ ကျွန်တော်ဟာ ခင်ငွေခက်ရဲ့ ချစ်သူပါ ဆိုတာမျိုး အငိုက်မိ အရှိက်ထိသွားအောင် မပြောလိုက်မိပါစေနဲ့ ဆိုတာပင်။ သူ့အဖေ ကိုယ်တိုင်ပင် စောင့်ထိန်းထားသည့် စည်းကမ်းဖြစ်၍ ဂုဏ်ကလည်း လိုက်နာရမည်ပင်။

ငွေသည် မမီးနှင့်အတူ ဂုဏ် သီချင်းဆိုတဲ့ ကော်ဖီဆိုင်ကလေးကို လိုက်ပါဖို့ လုံးဝစိတ်မပါတာ မှန်သော်လည်း ငြင်းစရာ အကြောင်းပြချက်ကောင်းကောင်း မရှိသည်ဖြစ်၍ လိုက်





ပါခဲ့ရပါသည်။ ခုဒါ့ရင် ဘယ်နှကြိမ်လောက်တောင် ရှိပါ့၊ သုံးကြိမ် ... လေးကြိမ်ပေါ့။

ငွေ ပါတဲ့အတွက် မမီးက အရဲကိုးကာ ဆန်နီရဲ့ သိဆိုလှည့် မဟုတ်တဲ့ အားလပ်ချိန်တို့မှာ လှမ်းခေါ်ယူကာ စကားစမြည် ပြောဆိုသည်။ မမီး တစ်ယောက်သာ သွက်သွက် လက်လက် စကားတွေ ပြောနေကာ ငွေနှင့်ဂုဏ်ကတော့ ဆွံ့တွံ့တွံ့ အ,ထတ။ ဂုဏ်က ပို၍ပင် တအားစိတ်ကညှိုးကျပ်ကာ နေသည်။

နှစ်ရက်မျှ ငွေနှင့်မမီး အတူလာပြီးလျှင်တော့ ဂုဏ်က ညကြီးမင်းကြီး အိမ်ကို ရောက်ချလာကာ ...

"ငွေ ... ဒီပုံစံကြီးက မဟုတ်သေးဘူးနော်၊ နင် ဘာတွေ လုပ်နေတာလဲ၊ ငါတို့ကိစ္စက သူ သိကိုသိရမဲ့ကိစ္စပဲ၊ သူ့ကို အသိမပေးဘဲ ဖုံးထားတာကြီးကမှ သူ သိသွားရင် ပိုဆိုးစရာ ဖြစ်မယ်၊ သူ့ကို လှည့်စားရသလိုကြီးပဲနော်၊ မဟုတ်သေးပါဘူးဟာ"

"ငါတို့ ပြောလိုက်ရင် သူ တစ်ခုခု ဖြစ်သွားမှာဟ"

"ဒါကိုတော့ မဖြစ်စေချင်တာ အမှန်ပဲလေ၊ ဒါပေမဲ့ ခုပုံစံကြီးကတော့ ဟုတ်ကို မဟုတ်သေးဘူး၊ လုံးဝအဓိပ္ပာယ်မရှိဘူး ငွေရာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဘာလုပ်ရမှန်း မသိဘူးလေ၊ သူက ငါ့ကို ဖွတ်ခေါ်ခေါ်နေတော့ မလိုက်လို့ကလည်း မရဘူး ဖြစ်နေတယ်"

"နင် မပါဘဲ ခါတိုင်းလို သူ့ချည်းပဲ လာခြတိုင်း လာတာက ကိစ္စမရှိဘူး၊ အဲဒါက ငါတို့နှစ်ယောက်နဲ့ ဘာမှမပတ်သက်ဘူး အနေသာကြီး၊ ခုလို သုံးယောက်ဆုံနေရပြီး ငါတို့ရဲ့ ပတ်သက်မှုကို မြှုပ်ထားပြီး နေရတာကြီးက ငါတို့နှစ်ယောက် ပေါင်းပြီး သူ့အပေါ် လှည့်စားရသလို ဖြစ်နေတယ်၊ လုံးဝ ငါတို့အတွက် မကောင်းဘူး"

ငွေလည်း စိတ်တွေ ရှုပ်ထွေးနေတာပင်။ ကိုယ့်ကိုယ်ကိုယ်လည်း လူစွမ်းကောင်းကြီးရယ်လို့လည်း မဟုတ်ပေ။ ဘာလုပ်ရမှန်းမသိတိုင်း ဒီတိုင်းမျောပါနေလိုက်မိတာမျိုးပင်။

"နင်တို့ရဲ့ ဦးဘိုမင်းထွန်း ကြီးကတော့ ဘာမှ မပြောဘူးလား"

"အေးဟ၊ ဦးဘိုမင်းထွန်း အဆက်အသွယ် မလုပ်တာတောင် ကြာပြီ၊ ငါ ဟိုတနင်္ဂနွေက သူ့ကို သွားတွေ့ပြီးကတည်းကပဲ၊ ခါတိုင်းဆိုရင် နေ့တိုင်း ရုံးကို ဖုန်းဆက်တာ၊ အခု မဆက်ဘူး"

"မဆက်တော့ မဒေါ်လီက ဘာမှမပြောဘူးလား"





"ဒီရက်မှာ သူ ကိုယ်တိုင် နင့်ဆီ အလာစိပ်နေတာ မဟုတ်လား၊ ဦးဘိုမင်းထွန်း လာရင် ဟိုမေး ဒီမေး ဟိုစစ် ဒီစစ်နဲ့ သူ့မှာ လိမ်ရညာရ ပုံးဖိရ ဖြစ်ရဦးမှာဆိုတော့ လူမလာ ဖုန်းမဆက်တာတောင် သူက ကြိုက်တိုက်တိုက်ဖြစ်နေမှာပေါ့"

"ဒီလူကြီး ဘာကြောင့် မလာတာ မဆက်တာလဲ"

"ငါလည်း မသိဘူး။ ငါ့စိတ်ထင်တော့ တနင်္ဂနွေနေ့က ငါ ပြောလိုက်တဲ့ စကားတွေအပေါ် သူ တော်တော်တော့ ခံစားသွားရတယ်၊ သူ တော်တော်ထိရှာတယ်၊ သူလည်း သူ့ဟာနဲ့သူ သနားစရာ လူတစ်ယောက်ပဲ၊ အဲဒီနေ့က သူ ဖြစ်နေတဲ့ မျက်နှာကို ခုထိတောင် မျက်စိထဲက မထွက်ဘူး၊ မြင်ယောင်နေတုန်းပဲ"

"ဘာတွေများ ကြိတ်ကြံစည်နေမလဲ မသိဘူး"

"သူလည်း ဘာလုပ်ရကောင်းမလဲ စိတ်ရှုပ်မှာပဲ၊ ငါတော့ စိတ်မကျေနပ်တော့ဘူး ဟဲ။ နင်အဖေနဲ့ပဲ တိုင်ပင်ကြည့်ပါဦး၊ ဘာလုပ်ကြရင် ကောင်းမယ်ဆိုတာကို"

"မေမေကလည်း နင့်အတိုင်းပဲပေါ့၊ သူ တစ်ခုခုဖြစ်သွားမှာလည်း ကြောက်တယ်၊ ကြာ ဘ မပါ ရဲဘူး ဖြစ်နေတယ်၊ ဒီတိုင်းကြီး နေနေလို့တော့ မဖြစ်ဘူးငွေ"



www.burmeseclassic.com

www.burmeseclassic.com



အဖြေတစ်ခုခု ထွက်မလာဘဲနှင့်သာ တိုင်ပင်ခြင်းက အဆုံးသတ်သွားရစမြဲ။

ထိုနေ့က ငွေ ရုံးသွားခါနီး ဖုန်းလာသည်။

"သမီးရေ … ဦးဘိုမင်းထွင့်တဲ့"

ငွေက အပြေးပင် ဖုန်းကိုင်လိုက်ပါသည်။

"ဟုတ်ကဲ့ ဦးဘိုမင်းထွင့်၊ ရှင့်ဆီက အဆက်အသွယ် ပြတ်နေလို့ ကျွန်မတောင် စိတ်ထဲတစ်မျိုးကြီး ဖြစ်နေတယ်"

"မီးမီးကကော ဘာပြောသေးလဲ"

ဦးဘိုမင်းထွင့် အသံက တိုးညင်နေသည်။

"မမီးကတော့ ထူးထူးခြားခြား ဘာမှတော့ မပြောဘူး၊ ဦးဘိုမင်းထွင့်က မမီးဆီ အိမ်ကိုလည်း မဆက်ဘူးလား"

"အင်း … မဆက်ဖြစ်ဘူး"

"မအားလို့လား"





မဟုတ်မှန်းသိရက် ငွေက မေးသည်။

"အားပါတယ်၊ မဆက်ပဲ ထားကြည့်တာပါ၊ အဲသလို နေကြည့်ရင် ဘယ်လိုအကျိုးဆက်များ တွေ့ရမလဲလို့လေ၊ ငါတွေ့ရတဲ့ အကျိုးဆက်ကတော့ မီးမီး အတွက် ဆိုးဆိုးဝါးဝါး မတွေ့ဘူး၊ ပိုတောင် ရွှင်လန်းတက်ကြွ အသက်ဝင်လာသလားလို့"

"ဦးဘိုမင်းထွင့် တွေ့နေလို့လားဟင်"

"တွေ့နေပါတယ်၊ နေ့တိုင်း သူ့ကို အိမ်နားကသော်လည်းကောင်း၊ ရုံးနားကသော်လည်းကောင်း၊ ကားနောက်က လိုက်ပြီးတော့သော်လည်းကောင်း အကဲခတ်နေပါတယ်၊ သူ့အတွက် ပိုပြီး စိတ်ချမ်းသာစရာ ဖြစ်နေသလားလို့ စိတ်က ဘင်မိတယ်၊ မင်းတို့နှစ်ယောက် အတူသွားနေကြတဲ့ ကော်ဖီဆိုင်တွေကိုလည်း ငါလည်း ရောက်ပါတယ်"

"ဟုတ်လား"

"မင်းရဲ့ စိတ်ကောင်းထားနိုင်မှုကိုလည်း ချီးကျူးပါတယ် ခင်ငွေခက်၊ ဒါပေမဲ့ တစ်ခုတော့ မှားခဲ့ချင်သေးတယ်"

"မှားခဲ့ချင်သေးတယ် ဆိုတာ ဘာအဓိပ္ပာယ်လဲရှင်"

"ဒီနေ့ မကြာခင် ငါ ခရီးသွားစရာရှိတယ်၊ စင်ကာပူ



www.burmeseclassic.com

www.burmeseclassic.com



"ကြာမှာမို့လားဟင်"

"မကြာလှပါဘူး၊ နှစ်ပတ်လောက် ကြာနိုင်တာပေါ့"

"မမီးကို နှုတ်ဆက်ပြီးပြီလားဟင်"

"နှုတ်မဆက်ရသေးပါဘူး"

"ဦးဘိုမင်းထွဋ် ဘာမှာခဲ့ချင်တာလဲဟင်"

"မင်း ... မီးမီး အပေါ် ငဲ့ညှာနေတာ စိတ်ကောင်း နှလုံးကောင်းနဲ့ မပြောရက် မဆိုရက် ရှိနေတာတွေ ငါနားလည်ပါတယ် ခင်ဌေးခက်၊ တစ်ခုပဲရှိတာက ကိုယ်က သူ့အတွက် သက်သာရာ သက်သာကြောင်းလုပ်တဲ့ ကိစ္စတစ်ခုဟာ ဆေးအတွက် ပိုလေးတာမျိုးလို ပိုဆိုးသွားစရာ မဖြစ်ပါစေနဲ့၊ အဲသလို ဖြစ်သွားမှာကိုပဲ ငါ စိုးရိမ်နေမိတယ်၊ ငါကိုယ်တိုင်ကတော့ ဒီအခြေအနေထဲမှာ ကြားထဲက ကြီးလိုးကန့်လန့် ဝင်ခံမနေချင်တော့ဘူး၊ မင်း သဘောပေါက်မှာပါ"

"ကျွန်မ သိပ်သဘောမပေါက်ဘူး"

"မင်း စွပ်စွဲထားတဲ့ ငါဟာ မီးမီးရဲ့ ကောင်းရေးကောင်းကြောင်း ပျော်ရွှင်စိတ်ချမ်းသာရာ အကြောင်းကို ဖြူစင်သန့်ရှင်းစွာ ပေးဆပ်ဖို့ စေတနာလုံလောက်တဲ့သူ တစ်ယောက် မဟုတ်ဘူးဆိုတဲ့ အမြင်ကို ငါ ငြင်းတယ်"





ဌေးသည် အင်မတန် စိတ်မကောင်းလှစွာ ...

"ကျွန်မ အဲဒီလို စွပ်စွဲတဲ့သဘော မဟုတ်ပါဘူး ဦးဘိုမင်းထွဋ်"

"ကိစ္စမရှိပါဘူးလေ၊ ငါ့စေတနာတွေကို ငါပြသခဲ့ပုံ မှားခဲ့သလို မင်းစေတနာတွေကိုလည်း မင်း ပြသပုံ မမှားစေချင်ဘူး၊ ဒါ ငါ့စေတနာ ငါ့ဆန္ဒပဲ"

ဌေး နှုတ်ဆိတ်နေမိခဲ့သည်။

"မင်းတို့အိမ် ကြေးမုံ ဟုတ်လား"

"ကျွန်မတို့ မြန်မာ့အလင်းပဲ ရတယ်၊ ရုံးမှာတော့ ကြေးမုံ ရတယ်"

"မီးမီးတို့ အိမ်လည်း ကြေးမုံပါပဲ"

"ကြေးမုံထဲမှာ ဘာပါလို့လဲ ဦးဘိုမင်းထွဋ်"

"ရုံးကို သတင်းစာရောက်ရင် ကြည့်ကြည့်လိုက်ပေါ့လေ၊ ခဏနေ ငါ လေဆိပ်ဆင်းတော့မှာ၊ နှစ်ပတ်ဆိုတာ မီးမီးကို စိတ်ချလက်ချ ထားရစ်ပြီး ခရီးသွားခဲ့ဖူးတာတွေထဲမှာ ရက်အရှည်ဆုံးပဲ၊ အရင်ကဆို နှစ်ရက် သုံးရက်ပဲ ခရီးသွားရဲခဲ့တယ်၊ ငါမရှိရင်ဆိုတဲ့ နောက်ကြောင်းကို ရင်မအေးလို့လေ၊ ခုတော့ လူတစ်ယောက်အပို့ နောက်ထပ်လူတစ်ယောက် မရှိရင် မဖြစ်ဘူးဆိုတဲ့ အဝင်အမြင် အယူအဆဟာ အပိုပါဆိုတာ ငါ သိပါပြီ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို မီးမီး အတွက် အထိုက်အလျောက် စိတ်ချ ပါတယ်၊ ဂရုစိုက်ပါ ခင်ငွေခက်၊ ဒါပဲ"

ဖုန်းချသွားသံကို ငွေသည် စိတ်အနှောင့်အယှက် မကင်းစွာ ကြားလိုက်ရပါသည်။ ဖုန်းကိုပင် ကြောင်ငေ ဆက်ကိုင် ထားနေမိသေးသည်။ စိတ်ထဲ၌ ထင့်ကာ ရှုပ်နေသည်။ မမီးထံ နှုတ်ဆက်ပြောကြားသွားမည့်ပုံ မပေါ်သည့် ဦးဘိုမင်းထွဋ်၏ စကား တွေကို နားရည်မလည်နိုင်ဘဲ ရုံးကိုသာ စိတ်ရှုပ်ရှုပ်နှင့် ထွက်ခဲ့ ရပါသည်။ ရုံးရောက်သည်နှင့် ရောက်နှင့်နေသော မမီးကို ...

"မမီး ... ဦးဘိုမင်းထွဋ် ဖုန်းဆက်လား"

"မဆက်ပါဘူး၊ ခုတလော ကိုဘိုကြီး စိတ်ဆောက်နေတာ ထင်တယ်၊ ဘာဖြစ်လို့လဲ ငွေ"

ငွေက ခဏငြိမ်နေပြီးမှ ဖုံးထားစရာ မလို၍ ...

"မနက်က ကျွန်မဆီ ဖုန်းဆက်တယ် မမီး၊ ခဏနေ သူ စင်ကာပူ သွားမှာတဲ့၊ ခုလောက်ရှိ လေဆိပ်ထောင် ဆင်း လောက်ပြီ"

မမီးသည် အံ့အားသင့်သွားသလို မျက်ခုံးပင့်သွားပါ သည်။

"တို့ကို ဘာဖြစ်လို့ မပြောဘူးလဲ"





"အဲဒါတော့ ကျွန်မလည်း မသိဘူး၊ နှစ်ပတ်လောက်ပဲ ကြာမယ် ထင်ပါတယ်တဲ့"

မမီးသည် အတန်ကြာ ငြိမ်နေကာ ...

"ဘိုကို တစ်ခုခု စိတ်ဆိုးနေတယ် ထင်တယ်နော်၊ ငွေ ဘာယ်လိုထင်လဲ"

ဖျာဖျာသလဲ မေးလျှင် ငွေက ဖြေရခက်လှကာ ...

"ကျွန်မ မထင်တတ်ဘူး"

မမီးက ချက်ချင်း ဟဲန်းဒ်ဖုန်းကောက်ကိုင်လိုက် ကာ ဦးဘိုမင်းထွဋ်၏ ဟဲန်းဒ်ဖုန်းကို ဆက်လိုက်သည်။ နှစ်ကြိမ် သုံးကြိမ် ထပ်ခေါ်ပြီးလျှင် ...

"ဖုန်းပိတ်ထားတယ်၊ သွားပြီထင်တယ်"

ချက်ချင်း မမီးက နောက်တစ်နေရာသို့ ထပ်ခေါ် လိုက်ပါသည်။

"ဟယ်လို ... တို့ မီးမီးပါ၊ မကြွင်လှလား၊ အန်တီရှိလား၊ ဟာင် ... ဟုတ်လား၊ တို့လည်း မသိပါလား၊ အင်း ... အင်း ...၊ ကိစ္စမရှိဘူး ... ဒါပဲနော်"

မမီးက ဖုန်းကို စားပွဲပေါ် ပစ်ချလိုက်သည်။ မျက် မှောင်တွန့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘို့ အမေကလည်း သူ့ဆိုင်အတွက် ပစ္စည်းဝယ်ဖို့ ဗန်ကောက် သွားတယ်တဲ့၊ လေး,ငါးရက် ရှိပြီတဲ့၊ ခါတိုင်းတို့ကို ဘာမှာမလဲ မေးပါတယ်၊ ခု သိတောင်မသိရဘူး၊ သူတို့ တို့ကို ဘာစိတ်ဆိုးနေကြလဲ မသိဘူးနော် ခင်ငွေခက်၊ ခါတိုင်း အခုင်က ဒီလိုမဟုတ်ပါဘူး၊ ကိုဘို ဘာပြောသွားသေးလဲ၊ တခြား ဘာထူးခြားတာ ပြောသေးလဲ"

"ဘာမှတော့ ... ဩော် ... ဟိုလေ ... သူဟာ မမီးကို စေတနာဖြူဖြူစင်စင်နဲ့ ပေးဆပ်တဲ့ မေတ္တာအပြည့်ရှိတဲ့ အကြောင်း၊ ကျွန်မက အရင်က သူ့ကို မမီး အပေါ် ချုပ်ကိုင်တယ်ဆိုတဲ့ အမြင်မျိုး ရှိတယ်မဟုတ်လား၊ သူဟာ မမီး အတွက်ပဲ ကြည့်တဲ့အကြောင်း၊ အဲဒီသဘောမျိုး စကားမျိုး ပြောပါတယ်၊ သူ မမီး အပေါ်မှာ စေတနာထား သလောက် စေတနာကို အပြမှား ..."

"ဟင် ... သူ ဒါတွေ ပြောတာ ဘာသဘောလဲဟင်၊ ဘာကြောင့်လဲ"

"ဒီရက်တွေ မမီးဆီ မရောက်ပေမဲ့ မမီးကို သူ လိုက်စောင့်ကြည့်နေတယ်တဲ့ မမီး၊ ကျွန်မတို့သွားတဲ့ ကော်ဖီဆိုင်တွေကိုလည်း သူ့ကားနောက်က ပါလာတယ်တဲ့"





မမီး မျက်နှာမှာ ကြက်စွပ်ပြုတ်ထဲက ကြက်သားဖတ်ကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားပါသည်။

"ပြီးတော့ ခမီးရဲ့၊ ဘာလဲတော့ မသိဘူး၊ ကျွန်မကိုကြေးမုံ ယူလားမေးတယ်၊ ကြေးမုံထဲ ဘာများထူးတာပါတာမို့လဲ မသိဘူး"

"ရှုံးကို သတင်းစာ မရောက်သေးဘူးလား"

"ခုပဲ အပြင်က မခင်လေးကို မေးခဲ့တယ်၊ မရောက်သေးဘူးတဲ့"

"မခင်လေးကိုခေါ်ပြီး အောက်မှာ ကြေးမုံသတင်းစာ သွားဝယ်ခိုင်းလိုက်ပါ ငွေ"

ငွေတို့ရုံးက ခါတိုင်းလည်း သတင်းစာ အရောက်နောက်ကျပါသည်။ မခင်လေး သတင်းစာသွားဝယ်နေချိန်၌ မမီးသည် မျက်မှောင်ကိုကုတ်ကာ ဖြူဖပ်ဖြူရော် မျက်နှာနှင့် မလှုပ်မယှက် ငြိမ်ကာနေသည်။ ငွေမှာ ကိုယ်တိုင်လည်း သိချင်စိတ်တဝင့်ဝင့်နှင့် မမီး အရိပ်အကဲ ကြည့်ကာ ကိုယ့်စားပွဲမှာ ငြိမ်နေမိသည်။ မခင်လေး သတင်းစာနှင့် ပြန်ဝင်လာလျှင်တော့ ငွေဘာပဲ ကာမန်းကတန်းသာ၍ သတင်းစာကို မမီးရှေ့ ဟိုလှန်ဒီလှန် ပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေ ရှာလိုက်၊ ကြည့်စမ်းပါ၊ ဘာတွေ့လဲ"

ငွေသည် မှုံကုတ်နှောက်ကာ သတင်းစာကို လှန်လှော သည်။ နိုင်ငံတော် သတင်းတွေ အစိုးရသတင်းတွေနှင့် မပတ်သက်နိုင်တာမို့ အချုပ်ပိုနှင့် နောက်ပိုင်းနားသာ လှန်သည်။ တစ်နေရာတွင်မတော့ ...

"စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းကို ဖျက်သိမ်းခြင်း"

ငွေ မျက်လုံးပြာပြာနှင့် နာမည်တွေ ကြည့်တော့ ...။ ငွေသည် မမီးရှေ့ကို သတင်းစာ ထိုးခ ပေးလိုက်ကာ ရင်ထဲ တဒုန်းဒုန်းနှင့် မမီး မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေရသည်။ မမီးရဲ့ သွေးဆုတ်တဲ့ မျက်နှာဟာ သွေးရောင်ပြန်တက်မလာ။ ဘယ်နှခါ ပြန်ဖတ်နေသည် မသိဘဲ သတင်းစာကနေလည်း မျက်လုံးကို မခွာတော့ချေ။ လှုပ်လည်းမလှုပ်။ မိနစ်အတော်ကြာတွင် တစ်ကိုယ်လုံး အေးစက်နေသည့် မမီးကို ဆေးရုံကားခေါ်၍ ဆေးရုံသို့ ပို့လိုက်ရတဲ့အထိ အခြေအနေက ဆိုးဝါးသွားခဲ့သည်။





၁၃

ဦးဘိုမင်းထွဋ်ကို ဘယ်လိုမှ ဆက်သွယ်မရ။ သူ့ရုံးကလူတွေထံမှာလည်း ဆက်သွယ်နိုင်တဲ့ဖုန်း မပေးခဲ့ဟုဆိုသည်။ ဦးဘိုမင်းထွဋ် အမေကိုလည်း ဆက်သွယ်မရ။ နှစ်ရက်လုံးလုံး မမီးကို အောက်ဆီဂျင်တွေပေး၊ ပိုက်ပေါင်းစုံဆက်ကာ အလူးအလဲ အသက်လုရသည်လို့ပင် ဆိုရတော့မည်။

ငွေ၊ ဂုဏ်နှင့် ဂုဏ့်မေမေတို့ သေချင်လုအောင် စိတ်ဆင်းရဲ ပူပန်သောင်ပြိုက်ခဲ့ကြရသည်။ မမီးကို ဦးဘိုမင်းထွဋ် မရှိခိုက် ပစ်လိုက်ရတဲ့ အဖြစ်မျိုး လုံးလုံးအဖြစ်မခံနိုင်လေရော...



www.burmeseclassic.com

www.burmeseclassic.com



ငွေ့မှာ အိမ်ပင်ပြန်မအိပ်နိုင်ခဲ့ပါ။ နှစ်ရက်လုံး ဆေးရုံမှာ နေ့ရော ညရော မမီး အောစောင့်ကြပ်ခဲ့သည်။ ငွေ့မှာ မအိပ်ရ၍ လူပါ ချုံးကျသွားရသည်။

ငွေ အိပ်ပျော်ခိုက် နလုံးခုန် စက်ရပ်သွားတာမျိုး ဖြစ်သွားမှာ ကြောက်လှသည်။

"ဦးဘိုမင်းထွဋ် ရုံးကိုဖုန်းပဲဆက်ဆက် ဘယ်လို ဆက်သွယ် ဆက်သွယ် မမီး အသည်းအသန် ဖြစ်နေတယ်၊ စိုးရိမ်ရတယ် ဆိုတာ ပထမဆုံး စကားတစ်ခွန်းအဖြစ် အကြောင်းကြားပေးပါ" ... ဆိုသည်ကို တစ်နေ့ သုံး,လေး,ငါးကြိမ် ရုံးကို ဖုန်းဆက်ပြောနေရသည်။ ရုံးကလူတွေကလည်း ကတိအထပ်ထပ် ပေးကာ သူတို့ပါ အထိတ်တလန့် ဖြစ်နေကြပါပြီ။

ဤတစ်ကြိမ် ဦးဘိုမင်းထွဋ် နိုင်ငံခြား ထွက်သွားရာမှာ ရုံးမှာလည်း ဘာမှ ရေရေရာရာ ဖြစ်ဖြစ်မြောက်မြောက် မမှာကြား မဆွေးနွေးခဲ့ပဲ မသွားခင် လေးငါးရက်ကတည်းက ဘယ်သူ့ကိုမှ ဘာမှ စကားစမြည် မပြောဆိုလှဘဲ အသက်မဝင်စွာ ငြိမ်သက်တိတ်ဆိတ်လှတယ် ဆိုတာကိုပဲ သိရပါသည်။

ဦးဘိုမင်းထွဋ်ရဲ့ စက္ကတရီ ဦးမင်းသိန်းသည်ပင်လျှင် ဒီတစ်ကြိမ် ဦးဘိုမင်းထွဋ် စင်ကာပူသွားရသည့် အလုပ်ကိစ္စ





အကြောင်းအရာကို မယ်မယ်ရရ မသိ။ အလုပ်ကိစ္စမှ ဟုတ်ရဲ့လားလို့ပင် သူက ထင်နေသည်။ သူ့ဆရာ တစ်ခုခု ဖြစ်နေတာကို သူလည်း သိပါသည်။ ဆေးရုံကိုလည်း တစ်နေ့တစ်ခေါက်လာ၍ လိုတာလုပ်ပေးဖို့ အသင့်ရှိပါသည်။

မမီးသည် ဘဝတိယမြောက်နေ့ကျမှ သတိလည်းလည် အသက်ရှူမှန်၊ နလုံးခုန်မှန်၍ စိုးရိမ်စရာ မရှိတော့တဲ့ အခြေအနေတစ်ခုကို ရောက်ရှိခဲ့ပါသည်။ မမီး သတိလည်လာပြီးတဲ့နောက်မှာ လိုအပ်သူ အသင့်ရှိစေဖို့ ငွေရော ဂုဏ်ရော ဒေါ်ခင်လေးနွယ်ပါ အနားမှာ ရှိနေကြပါသည်။

ငွေက နောက်နားလျှို၍ ရပ်ကာ ဂုဏ့်ကို ရှေ့နားတိုးတင်ထားသည်။ သတိလည်လည်ချင်း သူ့ရဲ့ဆန္ဒကို အရင်တွေ့ကာ အထိုက်အလျောက် စိတ်ချမ်းသာပါစေ။ မမီးသည် ဒေါ်ခင်လေးနွယ်ကိုရော ဂုဏ့်ကိုပါ မျက်လုံးနှင့်ပင် အသိအမှတ်ပြုကာ ငြိမ်နေသည်။ ငွေ ရှေ့တိုးလိုက်လျှင်တော့ ...

"ငွေ လာဦး"

ခပ်တိုးတိုး ခေါ်၍ ငွေ အပြေးအလွှား ရှေ့တိုးရပါသည်။ ငွေ့မျက်ဝန်းထဲ ဒူးစိုက်ကြည့်သော မမီး မျက်လုံးတို့၌ ရုတ်ခြည်း မျက်ရည်လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမီး ... ဘာလို့ချင်လဲ၊ မမီး မငိုရဘူး သိလား၊ မငိုရဘူးလေ၊ ဖြစ်ချင်တာ ငွေ့ကိုပြောပေါ့"

"ကိုဘို့ဆီ ဖုန်းမဆက်ဘူးလား"

"ဆက်သွယ်ဖို့ ကြိုးစားတုန်းပါ မမီး၊ ဆက်သွယ်လို့ရတာနဲ့ ဦးမင်းသိန်း ပြောပြလိုက်တာနဲ့ ဦးဘိုမင်းထွဋ် ပြန်လာမှာပါ"

"လာပါ့မလား ငွေ"

"လာမှာ ... လာမှာပေါ့ မမီးရဲ့၊ ဦးဘိုမင်းထွဋ် မရှိလည်း ငွေ ရှိတယ်၊ အန်တီ ရှိတယ်၊ ဟို ... ဆန်နီလည်း ရှိတယ်လေ၊ မမီးကို စောင့်ရှောက်ဖေးမ,မဲ့သူတွေ အပြည့်ရှိပါတယ်"

မမီးက ဖြည်းဖြည်းကလေး ခေါင်းကို ခါယမ်းလိုက်ပါသည်။

"ကိုဘို စိတ်နာသွားပြီ"

"မနာပါဘူး မမီး၊ ဦးဘိုမင်းထွဋ်လား မမီးကို စိတ်နာနိုင်မှာ၊ စိတ်နာတတ်မှာ"

"ကျေးဇူးတင်ပါတယ် ငွေရယ်။ အန်တီရော ဆန်နီရော သိပ်ကျေးဇူးတင်ပါတယ်၊ တို့ ကိုဘို့ကို တွေ့ချင်တယ်။ ကိုဘို မရှိရင် ..."





ငွေသည် မမီးကို ငေးစိုက်ကြည့်ရင်း ကြည်နူးလှိုက်လှဲမှုတစ်မျိုးနှင့် မျက်ရည်စိမ့်လည်လာသည်။ သြော် ... မမီး ... မမီး ...။

"သိပြီ မမီး ... မမီး ဘာလိုအပ်လဲ သိပြီ၊ မမီးမှာ မရှိရင်မဖြစ်တဲ့သူကို သိပြီ၊ မမီးသာ နေကောင်းအောင်နေ၊ သူလာရင် ဆို့မသွားအောင်၊ ပြီးတော့ မဆူအောင်လေ"

"အင်း ... ဟုတ်တယ် ငွေ၊ ကိုဘို့ကိုပဲ တို့မှာ တကယ်လိုအပ်တာ"

ငွေ့ ရင်ထဲ၌ ဘယ်လိုကျေနပ်မှန်းမသိ။ ပူဇွေးသိမ့်ဖိုကာ ဝမ်းသာဝမ်းနည်း ဖြစ်နေသည်။ အဲဒီတုန်းမှာပဲ ဆေးရုံခန်းထဲက ဖုန်းကလေး မြည်လာ၍ ဒေါ်ခင်လေးနွယ်က ပြေးကိုင်လိုက်ပါသည်။

"ဦးမင်းသိန်းတဲ့ ငွေ"

ငွေကဖုန်းကိုင်လိုက်လျှင် ...

"ဆရာ ဖုန်းဆက်ပါပြီ မခင်ငွေခက်၊ ဒေါ်မီးမီး အခြေအနေ အရင်ဆုံး ပြောပြလိုက်ပါတယ်၊ ဆရာ အခုပဲ ဒေါ်မီးမီး ဟဲန်းဒ်ဖုန်းကို ဆက်ပါလိမ့်မယ်၊ ဆရာလက်မှတ်အားဂျင့်စီစဉ်ပြီး ဒီညနေခေါက်နဲ့ပါအောင် လိုက်ခဲ့မယ်လို့ အကြောင်းကြားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာရှင်"

ငွေသည် မမီးရဲ့ ဟဲန်းဒ်ဖုန်းလေးကို ငွေ ကိုင်ထား ရာမှ မမီး ခေါင်းအုံးနံဘေး အသာလေး ချထားပေးလိုက်ပါသည်။ မီးပြာလေး လင်းလက်ကာ မြည်လာသော ဖုန်းခေါ်သံလေးဟာ မမီးအတွက် အသက်ကယ်ဆေး အသက်ရှည်ဆေး ဖြစ်မှာအမှန် ပါ။


လမင်းမိုမို

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com